
www.burmeseclassic.com

# လရောင်ကျော့ရင်

မင်းစဉ်းစားကြည့်



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အကြိမ် - ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
လရောင်ကျူးရင့်
မင်း စဉ်းစားကြည့်/ လရောင်ကျူးရင့်၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၄။
၃၂၈- စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) မင်း စဉ်းစားကြည့်



အခန်း(၁)

ငွေမှင်ရောင် မောင်းလက်နေသည့် 2.5 g mark II ကားလေးသည် မြဝတီခရီးစဉ်အတိုင်း တက်ကြွစွာ တရိပ်ရိပ် ပြေးနေ၏။

ကားထဲမှာတော့ မောင်းသူကလည်း မိန်းကလေးဖြစ်ကာ အဖော်အဖြစ် လိုက်ပါလာသူကလည်း မိန်းကလေးပဲ ဖြစ်၏။ ထို့ပြင် သုံးနှစ်ကျော် လေးနှစ်အရွယ် ကလေးငယ်လေးတစ်ယောက်နှင့် ..၊

"ဘာတွေ ဒီလောက် အရေးကြီးနေလို့လဲ ပိုက် ရယ် .. ကိုညီက နင့်ကို အရမ်းချစ်တာပါ .. နင်ကသာ ပြန်လာခဲ့ပါဆိုရင် သူ တန်းပြန်လာမှာပဲ ..၊ ဒီခရီးကြီးကို ကိုယ်တိုင် လိုက်လာစရာ မလိုပါဘူးဟာ.. နင့်အတွက် အန္တရာယ်များလို့ ပြောတာ .."

"ငါ့အမေ မွေးလာတည်းက ကားနဲ့ ဖက်မွေးလာတာပါ ယွန်းရယ်.. မန္တလေး ပြင်ဦးလွင် ဆိုရင် တစ်နေ့ နှစ်ခေါက်လောက် မကြာခဏ သွားနေခဲ့တာ .."

www.burmeseclassic.com



"ဒါပေမယ့် တောင်တက်လမ်းချင်း တူတာမှ မဟုတ်တာ .. ငါက လည်း ခရီးဆုံးတဲ့အထိ လိုက်နိုင်မှာ မဟုတ်ဘူး .. ဒါနဲ့ ပြောပါဦး ..၊ ကိုညီ က ဒေါသထွက်ခဲတဲ့သူပါ .. ဘာတွေဖြစ်ကုန်ကြတာလဲ .."

ကားက တရိပ်ရိပ် ပြေးနေသလောက် ပိုက် ရဲ့စိတ်တွေကလည်း ရှေ့ကို မိုင်များစွာ ပြေးနေတာပါ..၊

သူမရဲ့အချိန်တိုင်းဟာ မောင်ပဲ ဖြစ်နေကာ ..၊ ဒီတစ်ခါ မောင် ဘယ်လောက်ထိ စိတ်ဆိုးသွားခဲ့သလဲဆိုတာ သူမသာ အသိဆုံး ..။

"ပြောလေဟာ .. နင် ဘာတွေလုပ်မိလို့လဲ ..၊ တော်ရုံဆို သူ ခွင့် လွှတ်မှာပါ .."

"ခွင့်လွှတ်ခဲ့တာတွေ များတော့လည်း မလွှတ်နိုင်တော့ဘူးပေါ့ ဟာ .. အနာပေါ် အနာထပ်လာရင် ပိုနာတတ်ကြတာပဲ ..၊ ငါကိုက လွန်ခဲ့ပါတယ် .. နင် ငါ့အကြောင်း သိသားနဲ့ ယွန်း ရယ် .. တစ်ခုခု ဆိုရင် အစိုးရိမ်ပိုတတ်တာ .. မောင့်ကို သဝန်တိုစိတ်တွေပဲ ရှိခဲ့တာ.."

"ဟင်း ..."

ယွန်း သက်ပြင်းလေး ချသည်။

ကျောင်းမှာတည်းက တတွဲတွဲ နေလာခဲ့ကြတဲ့ သူငယ်ချင်းတွေမို့ ညီ နဲ့ ပိုက် တို့ရဲ့ ချစ်ခရီးလမ်းအကြောင်း သူမ သိပြီးသားပါ ..။

စပြီး ဆုံစည်းကြတည်းကိုက ပိုက် ရဲ့ဘက်က တစ်ဖက်သတ်ချစ် ခြင်းနဲ့ စခဲ့တာ ဖြစ်၏။

အသက်တူ ဂုဏ်ရည်တူပေမယ့် ပိုက် က ဘာအလုပ်မှ မလုပ်သေး ဘဲ မိဘဆီမှာ လက်ဝါးဖြန့်လိုက် .. ရှော့ပင်းန်ထွက်လိုက်နှင့် သူငယ် ချင်းတွေကို လက်တွဲ မဖြုတ်ချင်ခဲ့တဲ့သူ ..။

ညီ ကတော့ ကျောင်းတက်နေတုန်းကလည်း ပိုက် ကို သိပ်ဂရု





မစိုက် .. သင်တန်းတွေတက်ကြတဲ့အထိလည်း ခင်မင်ရင်းနှီးရုံထက် မပိုခဲ့ဘဲ လူကြီးချင်းသဘောတူလို့ လက်ထပ်ပေးဖို့ စီစဉ်တာကိုတောင် ငြင်းခဲ့သေးသည်တဲ့ ..။

ဒါတွေကို ပိုက် ကတော့ တော်တော်လေး အမှတ်တရရှိခဲ့တာဖြစ် ၏။

"သူ ငါ့ကို သည်းခံခွင့်လွှတ်နေတယ်ဆိုတာ ချစ်လို့ မဟုတ်ဘူး ယွန်း .. မချစ်လို့ ခွင့်လွှတ်နိုင်တာ ..၊ အခု ခွင့်မလွှတ်နိုင်ဘူးဆိုတာက လည်း ချစ်လို့ပဲ .."

ပိုက် စကားပြန်စတော့ ယွန်း က လှည့်ကြည့်၏။

"ခုချိန်ထိကို နင် သူ့ကို အကောင်းမမြင်နိုင်သေးဘဲနဲ့ ဟိုကိုလိုက် သွားပြီး ဘာလဲ .. ရန်ဆက်ဖြစ်ကြမှာလား .."

"ပိုက်ပိုက် .. သား ရေသောက်ချင်တယ် .."

"ဟင် .. အေး .. အေး .."

စကားဆက်မပြောဖြစ်တော့ဘဲ ပိုက် က ရေဘူးထုတ်ဖို့ ကားရပ် ပေးသည်။

ယွန်း က ကိုယ်တိုင် ရေဘူးဖွင့်၍ နောက်ခန်းက ကလေးကို သွားတိုက်ရင်း ...

"သားလေးက အိပ်ပါလား သားရဲ့ .. နောက်မှာ အကျယ်ကြီးပဲ ဥစ္စာ ..၊ ဘာလဲ .. အဲကွန်းလေ မရောက်ဘူးလား .."

"မဟုတ်ဘူး .. သား မအိပ်ချင်လို့ .."

"နေပါစေ ယွန်း ရယ် .. သူ အိပ်ချင်မှ အိပ်ပါစေ ..၊ ထူထူထောင် ထောင်လေး မြင်နေရတော့ ပိုကောင်းတာပေါ့ .. မဟုတ်ရင် ကလေး ပင်ပန်းပြီလားဆိုပြီး ငါ စိတ်ပူနေရမှာ .."



www.burmeseclassic.com

www.burmeseclassic.com



"မပင်ပန်းဘဲတော့ နေမလားဟယ် .. ခုမှ ခရီးက အစပဲ ရှိသေးတာ .."

ကလေးက ညှို့ဘက်က ညီမဝမ်းကွဲတစ်ယောက်ရဲ့ကလေး ဖြစ်သည်။

မိခင်က ဆုံးသွားကာ အဖေဖြစ်သူက နိုင်ငံခြားမှာ စီးပွားရှာနေသဖြင့် ပိုက် တို့ ခေါ်မွေးစားထားတာ ခြောက်လလောက်ရှိပြီ ဖြစ်သည်။

ထိုပြဿနာကလည်း ပိုက် ကလေးမယူချင်သေးတာကြောင့် စခဲ့တာ ဖြစ်၏။

ကားမောင်းနေရင်း ကိုယ့်ရဲ့အတိတ်ကို ပြန်တွေးမိသည်။

"နင်လည်း စိတ်ညစ်နေတဲ့သူဆိုတော့ အနားယူပါဦးလား ပိုက်ရယ် .. ငါ တစ်လှည့် မောင်းမယ်လေ .."

"နေပါစေဟာ .. အိပ်ချင်စိတ်လည်း မရှိပါဘူး .. ငါတို့အကြောင်းက တွေးလိုက်ရင် ရင်လေးစရာကြီး .. မောင်နဲ့ ငါ့ရဲ့အိမ်ထောင်ရေး ရေရှည် မြဲပါ့မလား မသိဘူး .."

"နင် မြဲချင်တယ်မို့လား .. ကိုယ့်ဘက်က လိုအပ်ချက် ဖြစ်နေတယ် ထင်ထားတာတွေကို ပြင်ပေါ့ ပိုက် ရယ် .. တကယ်က ကိုညီ ရှုပ်ပွေတာလည်း မဟုတ်ဘူး .. နင့်ကို မကြင်နာတာလည်း မရှိဘူး ..၊ လက်ထပ်ပြီးကြတော့လည်း နွေးနွေးထွေးထွေးပဲ .. မဟုတ်ဘူးလား.."

မပွေရှုပ်တာ .. ဥပေက္ခာမထားတာတွေက တကယ့် ကျေနပ်စရာ မဟုတ်ဘူးဆိုတာ ယွန်း ကတော့ သိမှာ မဟုတ်ပါ ..။

မိန်းကလေး ယောက်ျားလေး ဘယ်သူ့အပေါ်ဖြစ်ဖြစ် အလိုက်သိလွန်းတာ .. ကူညီချင်တာတွေ ..၊





တခြားနေရာမှာ သည်းခံတတ်ခဲ့ပြီး သူ့အလုပ်အပေါ် ပုတ်ခတ်ပြောမိတိုင်း တုံ့ပြန် ပေါက်ကွဲခဲ့တာတွေ .. အဲဒါတွေကို ဘယ်လို ပြောမလဲ ..၊

ပြီးတော့ သူ နေနိုင်ရက်တာတွေက ဘာမှမဟုတ်ခဲ့တဲ့အတိုင်း ကလေးယူရအောင်လို့ ပူဆာ၏။

"မောင့်ကိုမှ ပိုက် စိတ်မချသေးတာ .. ကလေး ဘယ်လိုလုပ်ယူရမလဲ"ဆိုတော့ အနာပေါ် တုတ်ကျသွားသလား မသိ ..၊

အတိတ်က အကြောင်းအရာတွေကို တွေးနေရင်း ကားသည် ဘားအံမြို့တွင်းကို ချဉ်းနင်း ဝင်ရောက်လာခဲ့သည်။

ပိုက် က တွေးလို့ ကောင်းနေတုန်း ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

ဘောလုံး အားကစားအသင်းမှာ တိုက်စစ်မှူး ...၊

သူ့နာမည်က စာဆိုညီ ဖြစ်ကာ ဂျေညီ လို့လည်း လူသိများလေသည်။

အကြောင်းရင်းက ကျောင်းမှာ ဖျော်ဖြေရေးပွဲတွေ ကျင်းပတိုင်း သူက ဒီဂျေ ဝင်လုပ်လိုက် .. သီချင်းဆိုလိုက် ...၊

နေရာတကာမှာ ထူးချွန်နေတာ မဟုတ်ပေမယ့် ဘယ်သူနဲ့မှ ရောနှောမသွားအောင် ချောမောပြေပြစ်သည့် သူ့စတိုင်လ်ကြောင့် သူ ကိုင်လိုက်သမျှ ခေါင်းစဉ်တစ်ခု ဖြစ်ခဲ့၏။

ဤသို့ ထင်ရှားနေတဲ့သူကို ပိုက် က တမ်းတမ်းစွဲခဲ့၏။

ဘောလုံးပွဲဆို သူပါတိုင်း ပိုက် မရောက်ခဲ့ဘူးဆိုတာ မရှိ ...၊

သူ ဒီဂျေလုပ်ပြီဆို လက်မှတ်အမျိုးမျိုး ဖန်တီးပြီး သီချင်းဆိုပေးဖို့ တောင်းဆိုခဲ့တာ သူမ..၊





"ဟေး .."

ချွေးစို့နေသည့်မျက်နှာနှင့် ညီ က လှည့်ကြည့်၏။

"မောသွားပြီလား .. ရော့ .."

"မမောပါဘူး .. အချိုရည်တွေလည်း မကြိုက်ဘူး .."

ကမ်းပေးနေသည့် အအေးဘူးက တစ်ဖက်က ကမ်းလင့် လက်ခံမယ့်သူ မရှိတော့ ပိုက် လက်ထဲမှာပဲ ငုတ်တုတ်မေ့၏။

"ညီ က မာနကြီးတာလား .."

"မဟုတ်ဘူးလေ .. တို့ တကယ် အချိုရည် မကြိုက်ဘူး .."

"မောလို့ အအေးသောက်လိုက်ရင် အမောပြေတာပဲ .."

"ရေပဲ ကြိုက်တာ .."

သူက ပူနွေးနေပြီဖြစ်သည့် ရေသန့်ဘူးကို ပြပြီး ပိုက် ရှေ့မှာပဲ ဖွင့်သောက်သည်။

"ကိုညီ ရေ .. ညနေ ဆက်ဆက်လာရမယ် နော် .."

"လာမယ် ထား .."

"အိုခေ .. အိုခေ .."

ပိုက် ကို ရှေ့မှာထားပြီး တခြားမိန်းကလေးငွတွေနဲ့ကျတော့ သူက ရင်းနှီး ရယ်မောလို့ ...၊

"အမလေး .. နင် ဒါပဲ သိသလား ပိုက် ရယ် .. စာဆိုညီ ဆိုတာ ဒီတစ်ညီပဲ ရှိတယ် ...၊ မိန်းကလေးတွေမှ သူ့ဘေးမှာ ပိုင်းနေတာပဲ.."

"ဒါပေမယ့် သူက မရှုပ်ပါဘူး .."

"ဘယ်သူက ရှုပ်တယ် ပြောနေလို့လဲ ...၊ ချစ်သူထားတယ်ဆိုတာ သက်ဆိုင်သူ ပေါ်သွားတာမျိုးတဲ့ .. သူက သူ့ကို တစ်ဦးတည်းယောက်က လွှမ်းမိုးသွားမှာ မခံနိုင်ဘူးတဲ့ ...၊ သက်ဆိုင်သူ မထားတော့ အဲဒီ သက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သူက သူ ဖြစ်မလား .. ငါဖြစ်မလားနဲ့ အမျိုးကြီးက မျှော်လင့်ပြီး အကုန်လုံး တန်းစီတိုးနေကြတာပေါ့ ..”

“ဟုတ်ပ .. အဲ့ဒါတွေကို သာယာနေတာ ..”

ပိုက် ရဲ့ဘေးမှာ ခင်ယွန်းယွန်း နဲ့ မေယုဝတီ ဆိုသော ရာဇဝင်ဆန်ဆန် နာမည်များပိုင်ရှင် သူငယ်ချင်းနှစ်ယောက် ရှိလေသည်။

သူမတို့ကတော့ ပိုက် ဘာလုပ်လုပ် သိကြသည်။ သူမ ဘယ်သွားသွား တကောက်ကောက် ပါကြ၏။

ထို့ကြောင့် အမြင်မတော်ဘူးဆိုရင်လည်း အားနာရမှန်း မသိ ..။

“နင် လိုက်ကြိုက်နေတာ အရမ်းသိသာနေတာကိုး .. ဟိုက မာန်တက်နေတာပေါ့ ..”

“ကိုယ်က ကြိုက်ပါတယ်ဆိုမှ ကြိုက်နေတာကို ကြိုက်မှန်း သိအောင် ပြရတာ ဘယ်သူကြိုက်ကြိုက် မကြိုက်ကြိုက် ..”

“အမလေး .. ကြိုက်ချင်းကို ထပ်နေတာပဲ ..၊ ဒါမျိုးကျ သွက်ပါ့”

“ငါက တကယ်ကြိုက်တာ ..”

“မုန့်ပေးကြိုက်ဖို့များ ကြိုးစားဦးမလို့လား ..”

“လောလောဆယ် အအေးဘူး သွားပေးတာတော့ ဟိုက အားနာပါးနာလေးတောင် မယူလိုက်ဘူး .. သတိလည်း ထားဦး ..”

“အေးလေ .. နောက်ဆုံးနှစ်ပဲ ရောက်နေပြီ ..”

“သူက ဒီနှစ်မှ ကျောင်းပြောင်းလာတာလေ .. သိကြတာ သိပ်မှ မကြာသေးတာ ..”

“နင်နဲ့လား ..၊ တင်မမထား တို့ .. မေရီချစ် တို့ဆို သူနဲ့ အိမ်နီးချင်းလို့ ကြားတာပဲ ..”

“အေးလေ .. ဒါတောင်မှ သူတို့ ရည်းစား ဖြစ်ကြလို့လား ..”





“ငါက အဲ့ဒါကို ပေါ်လွင်အောင်ပြောတာ မဟုတ်ဘူး ..၊ နင့်ထက် ရင်းနှီးပြီးသား ချောချောလှလှတွေ သူ့နားမှာ ရှိပြီးသားလို့ ထောက်ပြတာ ..၊ စိတ်လျှော့လိုက်တော့ ..”

“ငါက မလှလို့လား ..”

“တစ်ခါတလေကျတော့ ယောက်ျားလေးတွေရဲ့ မက်မောမှုက လှတာ မလှတာ အဓိကမဟုတ်ဘဲ ဖြစ်သွားကြတာတွေ ရှိတယ် ..”

ပြောပြနေရင်း ဝတီ က ပခုံးလေးတွန့် လက်ခါပြကာ ...

“သူတို့ ဘာကို ကြိုက်သွားကြလဲဆိုတာတောင် တွေးရခက်သွားတာတွေ ..”

“နင်က သိလှချေလား ..”

“သိတာပေါ့ .. ငါ့မှာ အစ်ကိုတွေမှ သုံးယောက်တောင် ..၊ သူတို့တွေလည်း ရုပ်ရည် သိပ်မဆိုးကြတော့ ချစ်သူ မရှားကြဘူးလေ .. တွဲခဲ့တာတော့ ချောချောလှလှလေးတွေပဲ ..၊ အိမ်ထောင်လည်း ပြုရော ဘာကြီးတွေမှန်းကို မသိဘူး .. ငါတို့ တစ်အိမ်လုံး ပါးစပ်အဟောင်းသားပဲ ..”

“ဟဲ့ .. သုံးယောက်စလုံးလား ..”

“အငယ်ဆုံးအစ်ကိုကတော့ အိမ်ထောင်မှ မကျသေးတာ .. ရှေ့က နှစ်ယောက်ကတော့ နှစ်ယောက်စလုံး ဒီတိုင်းပဲ ..၊ ရုပ်က ရှက်ကြမ်းရေကျို .. ကိုယ်လုံးလည်း သိပ်မလှဘဲနဲ့ ချစ်လိုက်ကြတာမှ သူတို့ ထားခဲ့တဲ့ ရည်းစားတွေနဲ့ တခြားစီ ..”

“အေးနော် .. ငါတို့လည်း မလိုက်ဖက်တဲ့စုံတွေတွေ တစ်ခါတလေ မြင်ဖူးကြတာပဲ ..၊ ယောက်ျားက ချောပြီး အမျိုးသမီးတွေပဲ ရုပ်ဆိုးတာ များတယ် .. ဒါပေမယ့် သူတို့ချင်းလည်း ကြင်နာနေကြတာပဲ ..၊ ခိုဘူး

www.burmeseclassic.com

www.burmeseclassic.com

ရောလား .. မယုံနိုင်စရာလား ..”

“အဲ့ဒါကို ဒီမိန်းမ သိစေချင်တာ ..”

သူမတို့နှစ်ယောက် အတိုင်အဖောက် ညီနေကြသည့်အပြီးမှ ပိုက် အတွက် ပြောတာတွေ ဖြစ်ကုန်သည်။

“ပွမနေစမ်းပါနဲ့ .. သူ့ကို ငါပဲ ရမှာ .. ငါနဲ့ဆိုရင် နေနဲ့လ ရွှေနဲ့မြ မို့လား ..”

ဖြေသံ မကြားခဲ့ပေ ..၊

ပိုက် က အပြုံးမပျက်ပါ။ ဘယ်မိန်းကလေးနဲ့မှ မတွဲဘူးဆိုတာကို စိတ်ဝင်စားသည်။

တည်ကြည်ချောမောသည့် သူ့မျက်နှာကို နေ့မြင်ညမြင် ရှိရရင်း အာရုံထဲက မဖျောက်နိုင် ..၊

ကျောင်းတွေပြီးသွားတော့ ဝတီ က နယ်ကကျောင်းသူမို့ ပြန်သွားခဲ့၏။

ထိုအခါ ယွန်း နဲ့ ပိုက် နှစ်ယောက်ပဲ တတွဲတွဲ ပြန်ဖြစ်ခဲ့၏။

သူ တက်သည့် သင်တန်းကိုပဲ ပိုက် က လိုက်တက်သည်။ သူ ကန်တင်းထိုင်တဲ့အချိန်ကို တမင်စောင့်ပြီး မလှမ်းမကမ်းမှာ ရှိနေနိုင်အောင် ကြိုးစားသည်။

ကြာလာတော့ မိန်းကလေးကို ယောကျ်ားလေးက ပိုးပန်းတာမျိုး လူသိ တော်တော်များလာခဲ့၏။

ပိုက် လှုပ်ရှားနေတာက ဘယ်သူ့နည်းလမ်း ..၊ ဘယ်သူ့အကြံပြုချက်နဲ့ မဟုတ်သလို တမင်ကြံစည်တာလည်း မဟုတ်ဘဲ စိတ်ထဲရှိတဲ့အတိုင်း ပွင့်လင်းလွတ်လပ်စွာ လုပ်နေတာ ဖြစ်သည်။

အများလူ အမြင်မှာတော့ အလွန်သိသာ၍ ရိုးစင်းယောင်းနွမ်းလွန်း





သောနည်းလမ်း ဖြစ်သလို ညီ ဘက်က သိပြီး မနှစ်သက်တာကို သိသာစေသော အကြည့်တွေ .. အပြောတွေလည်း ရှိလာခဲ့၏။

“လိုက်မထိုင်နဲ့တော့ ပိုက် ရယ် .. နင်ကလည်း သိတဲ့လူတွေက ပြုံးစိစိတွေ ဖြစ်ကုန်ကြပြီ ..”

“ဖြစ်ဖြစ်ပေါ့ .. လမ်းပေါ်မှာ လူတိုင်း သွားခွင့်ရှိတယ် .. ကန်တင်းမှာလည်း ဘယ်သူထိုင်ထိုင် ရတာပဲ ..၊ သူ့နားမှာ ငါ ရှိနေတတ်တာနဲ့ပဲ ဘာ အမြင်မတော်စရာ ရှိလို့လဲ .. နင် မလိုက်ချင် နေပေါ့ ..”

“ဒီလိုလည်း မဟုတ်ဘူးလေဟာ .. ကျောင်းတက်နေတုန်းကလို ငါတို့ အမြဲ အတူတူရှိနေကြတော့မှာမှ မဟုတ်တာ .. သင်တန်းချိန်လေးပဲ တွေ့ဖြစ်ကြတာလေ ..၊ နင် ငါမပါဘဲ ဒီတိုင်း သွားလာနေမှာတွေကို စိုးရိမ်လို့ ..”

“မစိုးရိမ်နဲ့ .. ငါ ဗေဒင်မေးပြီးပြီ ..၊ ငါ့ရဲ့အိမ်ထောင်ဖက် အကျိုးပေးနက အင်္ဂါ ပဲတဲ့ ..”

“အံမယ် .. ဒီနေ့သား တစ်မျိုးတည်းလား ..”

“ဟုတ်တယ် .. တချို့ဆိုရင် နေ့တွေ သုံးမျိုးလောက်တော့ ရွေးစရာ ရှိတတ်တာ နော် .. ငါ့ကျတော့ သူနဲ့ပဲ ..”

“တော်ပါဟာ .. အင်္ဂါနေ့သား ဟုတ်လား မဟုတ်လားလည်း မသေချာဘူး .. ဟုတ်တော့ရော တစ်နိုင်ငံလုံးမှာ အင်္ဂါသားတွေမှ အများကြီးပဲ ..”

“များပေမယ့် ငါက ဒီအင်္ဂါသားကိုပဲ ကြိုက်တာ .. ကြည့်နေပါ ယွန်း ရယ် .. ငါ သူ့ကို ရကို ရမှာ ..”

“အေးပါ .. တော်ကြာ မိန်းမက ကားတင်ပြေးရတဲ့ရာဇဝင် ဖြစ်သွားဦးမယ် ..”



www.burmeseclassic.com

www.burmeseclassic.com

စိတ်ထဲမှာတော့ နည်းနည်း ခံစားသွားရပေမယ့် ပိုက် ဂရုမစိုက်ခဲ့ပါ ..

သူနဲ့ နီးစပ်ဖို့ ယတြာတွေ လုပ် .. ဆုတွေ တောင်း ..။

"သူ ငါ့ကို နည်းနည်းတော့ ကြည့်လာတယ်မို့လား"

"ကြည့်မှာပေါ့ .. နင်က သူ့ရှေ့ကိုပဲ ရောက်ရောက်နေတာကိုး.."

ယတြာသွားချေတိုင်း ဘုရားကို လိုက်ရ .. ဟိုထောင့် ဒီထောင့် ဘယ်အရပ်မျက်နှာမှာ ဘာစွန့် ဘာပစ် စသဖြင့် နေရာတိုင်းမှာ တတန်းတန်း ပါနေရတော့ ယွန်း က တစ်ခါတစ်ခါ ရွဲ့ပြောတတ်သည်။

သူမတို့နှစ်ယောက်ကို နေရာတကာမှာ မြင်နေရတော့ ညီ တကယ်ကို သတိထားမိနေပါပြီ ..။

"ငါတို့ကိုပဲ ကြည့်နေတာ ညီ ..၊ ဟိုရှေ့စားပွဲက ညီ နဲ့ သိတဲ့ ကောင်မလေး .."

"မြင်သားပဲ .. ဘာဖြစ်လို့လဲ .."

"ငါတို့ကို စုံတွဲထင်နေလား မသိဘူး .. မောင်နှမမှန်း သိသွားအောင် မိတ်လေးဘာလေး ထဆက်ဖို့ စဉ်းစား ..၊ တော်ကြာ ငရဲတွေ အခုံတွေ ကြီးနေလိမ့်မယ် .."

"ကြီးပေ့စေ .. ငရဲထိ လိုက်သနားမနေနဲ့ .."

"ဘာလဲ .. နင်က စိတ်မဝင်စားလို့လား ..၊ ချာတိတ်မလေးက ချစ်စရာလေး .. နင့်ကို သဘောကျနေတာ သေချာတယ် .."

"စားစရာရှိတာ စားစမ်းပါ မကေး ရာ .. ဒီမှာ သွားစရာ ရှိသေးတယ် .."

"စားလို့ပြီးပြီ ညီ .. ဒါပေမယ့် မထနဲ့ဦး ..၊ မေးစရာ ရှိသေးတယ် .."





ကေး က စားပွဲပေါ်မှာ လက်ပိုက်လေး တင်လိုက်ပြီး မျက်နှာကို ရှေ့ပိုရောက်အောင် တိုးလိုက်၏။

"နင့်ကို သင်တန်းမှာ ငါ လာခေါ်တုန်းက သတင်းကြားထားတာ ရှိတယ် .. အဲဒါ ဒီကောင်မလေးမို့လား .."

"ဘာတွေ ကြားတာလဲ .."

"အရမ်းချစ်ဖို့ကောင်းတဲ့ ကောင်မလေးတစ်ယောက်က နင့်ကို.."

"ဘာမှမဟုတ်ဘူး .. လျှောက်ပြောနေကြတာ .."

"လျှောက်ပြောနေကြတာဆိုရင်လည်း အဲ့ဒါ ကျောင်းသားတွေပဲ ဖြစ်မှာပေါ့ .. အခု ငါက နင်တို့တီချယ် ပြောလို့ သိတာ .."

"ဘာ!..."

"နင်တို့ဆက်ရှင်မှာ သင်တဲ့ ပုလဲရောင် ဆိုတာ အဲ့ဒါ တီချယ်လုပ်နေပေမယ့် အသက် သိပ်မကြီးသေးဘူး .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"ငါက သူ့ကို ယောက်မတော်ချင်လို့ စလိုက်တာ .."

"မကေး .."

"သူကလည်း ပြောလို့ပါ ညီ ရယ် .. နင့်မှာ စုပုံချစ်နေကြတဲ့ အကြောင်းလေ ..၊ အဲဒီထဲမှာ ဒီချာတိတ်မလေးက ရှေ့ဆုံးကဆိုပဲ .. အင်း .. တော်တော် ချစ်ဖို့ကောင်းတာပဲ .."

ပြောရင်း မျက်လုံးလေး ထောင့်ကပ် ကြည့်မိပြန်သည်။

ဆံပင်တိုတို နားရွက်ကုတ်လေးနဲ့ ဖြူဖြူပြည့်ပြည့် မျက်နှာလေးက ချစ်စရာ ..၊

နောက်ဆံပင်တွေက ကုပ်ပေါ်မှာ ထိကပ်နေကာ ရှေ့ကျမှ နားအောက်လောက်ထိ ပစောက်ပုံ တက်သွားတာ ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဟိုက်လိုက်ထဲဖောက်ထားသည့် ရွှေအိုဆံပင်လေးတွေက ဆီးရောင်လိုလို ရှားရင့်လိုလို တုန်တုန်ခွဲ့ခွဲ့လေးတွေ လှုပ်ယမ်းသွားတိုင်း ကာလာတွေ ပြေးနေသည်။

မျက်နှာလေးမှာတော့ ကာလာ သိပ်မတင်ထားပါ ...။

ပန်းရင့်ရောင် နှုတ်ခမ်းသားလေးမှလွဲ၍ ပါးပြင် ညက်ညက်ဝင်းဝင်းလေးတွေက ဒီအတိုင်း နုမွတ်နေတာမျိုး ...၊

နက်ပြာရောင် ကမ်းပက်(ခ်)တီရှပ်သည် ပခုံးကျယ်လေးဖြစ်ကာ ဟိုက်ထားသည့်နေရာမှာ ကြိုးသေးသေးလေးတွေ ခပ်ရှုပ်ရှုပ် ပြန်ချည်ထားတော့ မရိုင်းပေ ...။

ပလက်တီနမ်ကြိုးပါးလေး တစ်ကုံးနှင့် လည်တိုင်လေးက ဖွေးနုနေ၏။

"ကြည့်တာနဲ့ အမျိုးကောင်းသမီးလေးမှန်း သိသာတယ် ...၊ ဒီမှာ ညီ .. ငါတို့မိန်းမသားချင်း နင်တို့ အကဲခတ်နိုင်တာမျိုး မဟုတ်ဘဲ ငါတို့ချင်း ကျွမ်းကျင်နေတာတွေ ရှိတယ် ...၊ ဥပမာ ဒီကောင်မလေးဆိုရင် .."

"ကောင်မလေးလို့ ပြောရအောင် နင်က ဘယ်လောက်တောင် အသက်ကြီးနေလို့လဲ .."

"အံမာ .. စာဆိုညီ .. ငါ နင့်ထက် သုံးနှစ်ကျော် ကြီးတယ်နော်.. နင့်တီချယ် ပုလဲရောင် နဲ့ ရွယ်တူပဲ ...၊ ဟွန်း .. ငယ်စဉ်တောင်ကျေးကလေးဘဝတည်းက နင်တွေ ငါတွေ ပြောပြီး မိုက်ရိုင်းခွင့် ပေးထားတာကို သိပ်ကြီးချင်မနေနဲ့ .."

ညီ က ခပ်မဲ့မဲ့ပြုံးရင်း အာလူးချောင်းကြော်ကို ပါးစပ်ထဲ ကောက်ထည့်သည်။ ပြီးတော့ မျက်လုံးက သူမလေးဆီ ရောက်သွား၏။





ခုတော့ သူမ ဘာတွေ အလုပ်ရှုပ်ပြီး ရေးခြစ်နေသည် မသိ ...၊ စာအုပ်ပိစိကွေးလေးကို ပြန်ဖွင့်ကြည့်လိုက် ရေးနေလိုက် ...။

ပြီးတော့ ဖျတ်ခနဲ အမော့မှာ သူ ကြည့်နေတာနှင့်ဆုံတော့ မျက်လုံးလေး အဝိုင်းသား ...၊

"အရမ်းရဲတင်းပြီး ဟော့ထ်ဖြစ်နေတဲ့ မျက်လုံးမျိုး မဟုတ်ဘူး..၊ ဝတ်စားပုံအရ ကလေးဆန်မှုတွေ ရှိနေသေးတယ် ...၊ အင်း .. ပြောရမယ်ဆိုရင် .."

"တော်ပြီ .. သွားမယ် .."

"နေပါဦး ညီ ရယ် .. နင်ကလည်း .."

ထဖို့ပြင်တိုင်း ကေး က ထလိုက်မလာဘဲ လက်ကာ တားဆီးနေကာ ...

"အန်တီသိန်း က နင့်ကို အိမ်ထောင်ချပေးဖို့ စဉ်းစားနေပြီ ...၊ ငါတို့ အခု ဒီရောက်နေတုန်း မာမီနဲ့ တိုင်ပင်မယ်တဲ့ ...၊ ငါက အဲဒါကြောင့် နင့်ကို သဘောကျတဲ့ မိန်းကလေးတွေထဲက အကဲခတ်ပေးနေတာ .."

"ဟ .. ကိုယ့်ကို သဘောကျတိုင်း ယူလိုက်လို့ ရမလား .."

"နင်က ဘယ်သူ့ကို သဘောကျတယ်ဆိုတာမှ မရှိတာ .."

"သဘောမကျဘူးဆိုတာ သဘောကျစရာ မတွေ့လို့ပေါ့ .."

"ဘာမှမဟုတ်ဘူး .. နင်က အားကစားတွေ လုပ် .. ဟိုအကူး ဒီအကူးတွေမှာ နေရာတကာ ခေါင်းဆောင်လိုက် .. ဝင်ပါလိုက် ...၊ ကိုယ့်ကို နိုက်နေတာတွေနဲ့ ရေလိုက်ငါးလိုက်နေရင်း မသိစိတ်က ပြည့်စုံပြီ ထင်နေတာ .."

"နင်က ငါ့ကို မိန်းကလေးတွေ ပေါများပြီး သာယာနေမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာလား ..”

“ဒါကတော့ ..”

“လူ့ကို နှာဘူးလိုလို .. ငပေါလိုလို ..”

“အပြောမခံချင်ရင်လည်း တစ်ယောက်ယောက်ကို ရွေးလိုက်လေ .. တော်ကြာ လူပါး ပုလင်းကွဲရတယ်ဆိုတဲ့ မကြားဖူးဘူးလား..၊ အန်တီသိန်း က သူ့သားလေးတစ်ယောက်တည်း ရှိတာကို မတော်တရော်တွေနဲ့ တွေ့သွားမှာ စိုးရိမ်နေတာ ..”

“အဲဒီတော့ နင်က ငါ့အမေမို့လို့လား ..”

“နင့်အမေ မဟုတ်ပေမယ့် ငါလည်း အမေပဲလေ .. ငါ့သားဆိုရင် အခု မူကြိုတောင် အပ်လို့ ရနေပြီ ..”

“နင်ရော .. နင့်ယောက်ျားနောက် လိုက်ပြီး ဆေးကုမလို့ဆို ..”

“အင်း .. ဒါပေမယ့် ကျောက်ကပ်မကောင်းတဲ့လူတိုင်း ဆေးကုလို့ပျောက်တယ်ဆိုတာ မှားပါတယ်ဟာ .. အလဲအလှယ်တွေလုပ်ဖို့ဆိုတာလည်း ကျောက်ကပ်အလှူရှင် ရှိဖို့က ဖာတ်လမ်းတွေထဲမှာလောက် မလွယ်ဘူးဟ ..”

အိမ်ထောင်ရေးကနေ ကျန်းမာရေးကို ရောက်သွားပေမယ့် ခဏပဲ ပြောနေပြီး ကေး က မျက်နှာလေး တည်ပစ်လိုက်၏။

“အကယ်၍ ငါ သေသွားခဲ့ရင်တောင် နင့်မိန်းမ သဘောကောင်းမှ ငါ့သားကို နင့်လက်ထဲ ထည့်ခဲ့လို့ ရမှာ ..”

“လျှောက်ပြောနေပြန်ပြီ .. ပေါက်တတ်ကရတွေ ..”

“တကယ်ပြောနေတာ ညီ .. နင့်အိမ်ထောင်ရေးကို စိတ်ဝင်စားပေးရတဲ့အကြောင်းရင်းက အဲဒါလည်း ပါတယ် ..၊ ငါ့ကိုယ်ငါ သိတယ် ..၊ ငါ က သက်တမ်းရှည်ရှည်နေရမှာ မဟုတ်ဘူး ..”





“အေး .. ဒါဆိုရင် နင့်ကလေးကိုပါ ထိန်းတတ်အောင် အသက်ကြီးကြီး လေဒီကြီးတွေပဲ ငါ ရှာတော့မယ် ..”

“ဖြစ်ရလေ ညီ ရယ် .. အသက်ကြီးတဲ့မိန်းမ ဖြစ်တာနဲ့ပဲ ကလေးချစ်တတ်မယ်တဲ့လား ..၊ ဒီမှာ.. ငါက ကလေးထိန်း ငှားချင်တာ မဟုတ်ဘူး .. ကလေးချစ်တတ်မယ့်သူကို လိုချင်တာ ..၊ အဲဒီကောင်မလေးဆို စိတ်ထားကောင်းမယ့်ပုံလေး .. ပြီးတော့ ကလေးစိတ်ရှိတဲ့လူကမှ ကလေးနဲ့ တည့်တာ ..”

“ဘာလဲ .. မတည့် အတူနေလား ..”

“ဟုတ်တယ် .. ရန်ဖြစ်လေ ချစ်လေပဲ ..၊ ကလေးဆိုတာ အဖော်မင်တဲ့ အမျိုးဟ ..၊ ဒါမှမဟုတ်ရင်လည်း ပုလဲ ကို နင် စိတ်ကူးကြည့်လိုက်ဟာ .. အသက် နည်းနည်း ပိုကြီးပေမယ့် ..”

“တော်ပါတော့ ..”

“တွေ့လား .. ဟိုကောင်မလေးကို ပြောနေတော့ .. နားထောင်လို့ကောင်းနေတယ် ..”

“နင့် ပုလဲရောင် ကို ကြည့်ပါဦး ..၊ ပုလဲ က ဖြစ်သေး .. လူကဖြူဖပ်ဖပ် .. အစတည်းက ကိုယ့်ကို ဆရာလုပ်ခဲ့ဖူးတဲ့ မိန်းမ ..”

“ဒါကတော့ ‘စီးတဲ့ရေ ဆည်တဲ့ကန်သင်း’လို့ တွက်ကြည့်ရင် ဒီလို မိန်းမမျိုးက ..”

“ရပြီ .. တော်ပြီ ထ ..၊ နင့်ကို ငါ့အတွက် ဘာဖူးစာဖက်မှ မရှာနိုင်းပါနဲ့လို့ မေမေ့ကို ပြောထားဖို့ သေချာသွားပြီ ..”

သူတို့နှစ်ယောက် ထသွားတော့ ကေး ကို ညီ က တံခါးဖွင့်ပေးပြီး သေချာပြန်ပိတ်ခဲ့ပြီးမှ ဟိုဘက်ကို ရောက်သွားတာ မြင်လျှင်...

“သူ ချစ်သူရသွားပြီ .. တွေ့လား ..”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်လောက်ပါဘူး .."

"မဟုတ်လောက်ပါဘူး .. ပြောတဲ့အသံက ရေစိုနေတဲ့ တာလ ဝတ်စကြီးကို နီးဖျားနဲ့ ရိုက်နေသလိုပါလား ..၊ ဘယ်လိုလဲ .. ဆွေးသွားတာလား .."

"မဆွေးပါဘူး .. ငါ သူတို့ စကားပြောတာကို သေချာ ထိုင်ကြည့်နေတာ ..၊ သူတို့ ငါ့အကြောင်းပဲ ပြောနေတာ ထင်တယ် .."

"အမလေး နော် .. လိုရာ ဆွဲတွေးတတ်တာတော့ နှစ်ယောက် မရှိဘူး .. တကယ် .."

ပိုက် က ရယ်ရင်း ဆံပင်လေးပဲ ဖိသပ်နေကာ ...

"သူငယ်ချင်းလား .. မောင်နှမလား တစ်ခုခု နေမှာပါ .. ဒီအမျိုးသမီး စကားပြောနေတဲ့ပုံက ဖြူစင်တာ သိသာပါတယ် ..၊ ရယ်တာ မော်တာ ကြည့်ပါလား .. ပြီးတော့ ယောကျ်ားလေးတစ်ယောက်ရှေ့မှာ စားသောက်နေတာ ရှက်ရွံ့ဟန် လုပ်နေတာမှ မဟုတ်ဘဲ .. အားပါးတရပဲ .. ရည်းစားတွေမှာ စားသောက်တာနဲ့ လုံးဝကို မတူတာ .."

"ဖြစ်စေချင်တာတွေ .. ဖြစ်စေချင်တာတွေ .."

"သြော် .. တကယ်ပါ ဆိုမှ .."

ပိုက် ကတော့ စိတ်ခတ်ကျတယ်ဆိုတာ မရှိပါ ..၊

ယွန်း မပါလည်း ပြိုင်ကားလေးနဲ့ လျှောက်လိမ့်နေရင်း ဘယ်ဖြစ်ဖြစ် သွားချင်ပြီဆို တစ်ယောက်တည်း ..။

ညီ ခက်ကတော့ ပြုံးပြနှုတ်ဆက်ရုံတောင် သိပ်ဝတ္တရားမကျေချင်တော့ဘဲ ပိုက် လမ်းပေါ်မှာ တကယ် ဒုက္ခရောက်နေတာတောင်မှ တကယ်မဟုတ်ဘူးထင်ပြီး ကွေ့ရှောင်သွားဖို့ ကြိုးစားခဲ့တဲ့အထိ ..၊

"ဟား .. ဟား .. ဟား ..."





လမ်းပေါ်မှာ ဒုက္ခရောက်နေတုန်း သူ့ကို မြင်လိုက်သဖြင့် ပိုက် ဝမ်းသာအားရ ခေါ်လိုက်မိသည်။

သူက လှမ်းကြည့်ပေမယ့် ဆိုင်ကယ်လ်ကို မရပ်ဘဲ ဆက်ထွက်သွားလျှင် ရယ်သံတွေ အားရဝမ်းသာ ထွက်လာကြ၏။

"မင်းကို သူ မကယ်နိုင်ဘူးဆိုတာ တွေ့ပြီလား .."

"ဟား .. ဟား .. ဟား .. ဟား .. နာမည်တစ်ခုခုကို ခေါ်ပြလိုက်တိုင်း ဒါက ကိုယ့်လူလို့ ထင်စရာရှိပေမယ့် ခုလိုဖြစ်ကုန်တော့ အရှက်ကွဲတာပေါ့ .."

"မင်းကလည်း နိုင်မယ်ထင်ရင်တော့ ဟီးရိုးဝင်လုပ်ချင် လုပ်မှာပေါ့ .. အလကား ကြောက်မို့လို့ .."

တစ်ယောက်တစ်မျိုး ပြောနေကြသည့်မျက်နှာတွေက ဆံပင်တွေက မသတီစရာတွေ ဖြစ်လာတော့ ညီ ကြောင့် ခံစားသွားရသည့်စိတ်က ထောင်းခနဲ ဆို .. ဘာကိုမှမမြင် ...။

"ကဲဟာ ..."

"အား!..."

ကိုယ့်ရှေ့မှာ ခြေချ၍ ပိုက်တွေ စတိုင်လ်တွေနဲ့ ရပ်နေသူသည် ပေါင်ကြားကိုအုပ်ရင်း အသံပြာအောင် အော်၏။

"ဟာ!... ကြည့်စမ်း .."

"မင်း!..."

လုပ်ချင်ရာ လုပ်ပစ်လိုက်ပြီးမှ ကိုယ့်ဘာသာ လန့်ဖျပ်ကာ ပိုက် ခြေဦးတည့်ရာ စွတ်ပြေးသည်။

နောက်မှာ နှစ်ယောက်ပြေးလိုက်လာတာကို သမင်လည်ပြန် လှည့်ကြည့်ကာ လမ်းခွဲလေးမှာ ဘယ်ကို ဆက်ပြေးရမှန်း မသိ ...။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ညို ဆိုင်ကယ်လ် ပြန်လှည့်လာတာကို မြင်လိုက်ရ၏။

ကားတစ်စီးစာ လမ်းလေးပေါ်မှာ မာရသွန်ပြေးလိုက်နေသည့် နှစ်ယောက်သည် နောက်ကနေ တည့်တည့်ဝင်တိုက်သည့် ဆိုင်ကယ်လ်ကို ရှောင်ရင်း အလဲလဲ အကွဲကွဲ ဖြစ်ကုန်ကြ၏။

ထိုအခါ မင်းသားတွေလို မထိုးမကြိတ်ရဘဲ ပိုက် ကို ဆိုင်ကယ်လ်ပေါ်တင်၍ အေးဆေး ကယ်တင်နိုင်ခဲ့လေသည်။

ဒါတောင် ပိုက် ကို ကွဲ့ရဲ့ ဝေဖန်လိုက်တာ ရစရာ မရှိ ..၊

"ဒီလိုနေရာကို လာတာ မင်းပုံစံကိုလည်း ပြန်ကြည့်ဦးလေ .."

အနီရဲရဲ ဇာအထူသည် ဒူးအထက်နားထိပဲ ရှိကာ အနီရောင် ရှူးဖိနပ်က နည်းနည်းနောနောအမြင့် မဟုတ် ..၊ ဒါကြီးနဲ့ ပြေးသွားလိုက်တာ လဲမျှား လဲလိုက်လျှင် ကြည့်ကောင်းဦးမည် ..။

"ဟိုဘက်မှာ ကားပျက်နေတာ တွေ့လိုက်လို့ ငါ ပြန်လှည့်လာတာ .."

"ရှင်ကရော ဒီလောက်တောင် လူကို ရက်စက်ရသလား ..၊ ဖြစ်ပျက်နေတဲ့အခြေအနေကို နည်းနည်းပါးပါးလေးတောင် အကဲမခတ်ဘူး .."

"ပြောလို့ ရမလား .. မင်း အကွက်ရွှေ့နေတာလည်း ဖြစ်နိုင်တာကို .."

"ဒါဆိုလည်း ထားလိုက်ပါလား ..၊ အဲဒီကားစုတ်ကိုရော ပိုက်ရဲ့ ကားလို့ ဘာဖြစ်လို့ ထင်တာလဲ .."

"အင်း .. အဲဒါလည်း ဖြစ်နိုင်လားလို့ ဆင်းကြည့်သေးတယ် ..၊ ကားထဲမှာ မင်း ကိုင်နေကျ ထီးကို မြင်လို့ .."

"ဒီက ကိုင်နေကျကို သူ သိနေတယ် ဟုတ်လား .."





"မမြင်ချင်မှ အဆုံးပဲဟာ .."

"ဒါပေမယ့် ပိုက် က ထီးမှ မဆောင်းတာ .."

"မေးခွန်းတွေ မေးပြီး အလစ်အငိုက်ဖမ်းဖို့ စိတ်မကူးနဲ့ ဆရာမ..ခင်ဗျားရဲ့ အသွားအလာတွေ နည်းနည်း ဆင်ခြင် .."

"ပိုက် က ဘာတွေလုပ်နေလို့လဲ .."

"လုပ်လား မလုပ်လား ခု ဖြစ်တာကို ကြည့် ..၊ မင်း ကင်းမောင်မောင် ရဲ့မွေးနေ့ သွားမလို့မို့လား .."

"ဟင် .. သူ သိတယ် .."

ပိုက် တကယ် အံ့သြသွားတာ ဖြစ်သည်။

ကင်းမောင်မောင် က တက္ကသိုလ်မှာတုန်းက သူ့နယ်ပယ်နဲ့သူ တော့ ပေါ်လွင်ခဲ့သူပါ ..။

ပိုက် ကိုလည်း ကြိုးစားခဲ့ဖူးသည်။ ပိုဆိုးတာက သူနဲ့ ပိုက် ခင်ခင်မင်မင်လည်း ရှိခဲ့သေးသည်။ ချစ်ပါ ကြိုက်ပါ ဖြစ်လာကာမှ ပိုက် က ခေါင်းခါခဲ့၏။

"ဆောရီးပဲ ကင်း .. ရှင်က ကင်းမောင်မောင် ဆိုတဲ့အတိုင်း တကယ့် ရုပ်ရှိ ရေလျှံပါ ..၊ ပိုက် ကို မဟုတ်ရင်လည်း တခြား ချစ်မယ့် မိန်းကလေးတွေ အများကြီးရှိမှာပဲ ..၊ ပိုက် ကတော့ ကိုယ်က အချစ်ဦးဖြစ်သလို ကိုယ့်ကို အချစ်ဦးဖြစ်မယ့်သူကိုပဲ အလိုရှိတာ" လို့ ..၊

ကိုယ်တိုင် ငြင်းခဲ့ပြီးမှ သူ နောက်ထပ်တွဲနေသည့်တစ်ယောက်ကို ပြန်ရှာပြီး ချဉ်းကပ်ရဖို့ ဖြစ်လာသည်။

ထိုသူမက အနည်းငယ်ချို့တဲ့သူမို့ သူမကိုချိန်းပြီး အတူတူသွားကြဖို့ စီစဉ်ဖြစ်လိုက်တော့ ပိုက် ဒီလိုလမ်းတွေထဲကို ရောက်လာခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုက် အကြာကြီး စဉ်းစားနေတာကို ဆိုင်ကယ်လ်မောင်းနေရင်း သူကလည်း စိတ်ရှည်လက်ရှည် တိတ်နေပေး၏။

ပြီးမှ လမ်းဘေးမှာ စက်သပ် ခြေထောက်ရပ်ကာ ...

"ကဲ .. ဆင်းတော့ .."

"ဟင် .. ဘာဖြစ်လို့ ဒီထိ တစ်ခါတည်း မောင်းလာရတာလဲ ...၊ ကားက ကျန်ခဲ့ပြီ .."

"လူမကျန်ခဲ့တာကို ကျေးဇူးတင် ...၊ မွေးနေ့ အချိန်မီသွားရဖို့ လုံးပမ်းရင်း လူလုံးပျောက်မှာတော့ ထည့်မတွက်ဘူး .."

သူချည်းပဲ ပြောနေတော့ ပိုက် စိတ်တိုသွားမိသည်။

"အဲဒီမွေးနေ့ကို အသည်းအသန်းသွားဖို့ ကြိုးစားနေတာ ဘာဖြစ်လို့လို့ ထင်လို့လဲ .."

ဆိုင်ကယ်လ်ကို ပြန်ခေါက်ကွေ့လိုက်ရင်း ညီ က ပခုံးတွန့်ကာ...

"ကင်းမောင်မောင် ဆီကို သွားချင်လွန်းလို့ နေမှာပေါ့ ...၊ ဟိုက မဖိတ်တော့ ဖိတ်ခံရတဲ့လူနဲ့ ကပ်လိုက်ဖို့ .."

"ဟုတ်တယ် ...၊ ဒါပေမယ့် ကင်းမောင်မောင် ဆီ သွားချင်တာ မဟုတ်ဘူး .. ရှင် အဲဒီကို ရောက်လာမှာကို သိလို့ .."

"အဲဒီတော့ ဘာဖြစ်လဲ .. ကိုယ့်ကောင်မလေးနဲ့ မိတ်ဆက်ပေးစေချင်လို့လား .."

သူ တမင်ပြောလိုက်တာလို့ စိတ်က ခံစားမိလိုက်ပေမယ့် ပူတော့ ပူလောင်သွားမိ၏။

ထို့ကြောင့် ...

"ဟုတ်တယ် .. ပိုက် အဲဒီက စောင့်နေမယ် ...၊ မိတ်ဆက်ပေး.."

ပိုက် တကယ်ကို မရောက်ရောက်အောင် သွားခဲ့သည်။





ကားတစ်စီးပျက်တော့ နောက်တစ်စီး ထပ်ယူပြီး နွေယုယ ဆိုသည့် မိန်းကလေးကို ပါအောင် ခေါ်ခဲ့သည်။

သူမက ကင်းမောင်မောင် ရဲ့မွေးနေ့ကိုတော့ စုပါဆလွန်းလေးနဲ့ မသွားချင်တာမို့ ပိုက် ရဲ့ကားနဲ့ပဲ လိုလိုလားလား ပါလာခဲ့၏။

"အခုကားက ပိုကောင်းသွားပြီ သိလား ...၊ စိတ်က အရင်လိုနေတာနဲ့ အိမ်မှာ အဆင်သင့်ရှိနေတဲ့ကားနဲ့ ယုယ ဆီကို လာတာ...၊ အဲဒီကားလေး လမ်းမှာပျက်သွားလို့ ဝပ်ရှော့ကို သွားဆွဲခိုင်းလိုက်ရတယ်...၊ အိမ်ကို တစ်ခေါက်ပြန်ရောက်သွားမှ ဦးဦး ပြန်လာတာနဲ့တိုးပြီး ဒီကား ပါလာတာလေ ...၊ ကံကောင်းတာလား ကံဆိုးတာလားတော့ မသိဘူး...၊ လူကို သေချင်စော်ကို နံသွားတာပဲ .."

"ဟုတ်လား .. ယုယ တို့ အိမ်နား နီးနေရင် ဖုန်းဆက်လိုက် .. ပြီးရော .."

"ဖုန်းမဆက်ချင်တော့တာနဲ့ အိမ်မေးပြီး ကိုယ့်ဘာသာ လာခေါ်မယ်လို့ ရွှေဉာဏ်တော် စူးမိတာပါ ဆို .. ခြေထောက်နဲ့ ဆင်းလျှောက်လာတာ .. ရပ်ကွက်ထဲတောင် မဝင်ရသေးဘူး .."

ပြန်ပြောပြတော့ ရယ်စရာ ဖြစ်သွားခဲ့သည်။

တကယ့်အဖြစ်က လူကို ဘဝပျက်ကိန်းကြုံခဲ့ရတာမို့ အသက်ရှူဖို့ မေ့လောက်အောင် ပြေးခဲ့ရတာ လူမသိလိုက် ...။

ညီ ပါဝင်ခဲ့တဲ့အကြောင်းကိုတော့ ပိုက် က ချန်လှပ်ထားခဲ့ပြီး သိပ်မရင်းနှီးသည့် ယုယ နှင့် စကားတွေပြောရင်း ရင်းနှီးဖို့ ကြိုးစားနေရသည်။

နွေယုယ ဆိုတာက သူတို့ပတ်ဝန်းကျင်မှာတော့ ပြည့်စုံသူဖြစ်ရင် ဖြစ်လိမ့်မည်။ တကွာစီ နှစ်စီး သုံးစီးထောင်၍ တစ်အိမ်လုံး စီးပွားရေးတ



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲဖြစ်ကာ အမေက ကျောင်းဆရာမ ဖြစ်သည်။

ကင်းမောင်မောင် ကို တော်တော် အထင်ကြီး မြတ်နိုးပုံလည်း ရှိကာ ...

"ကင်း နဲ့ ငါ့ကို သူငယ်ချင်းတွေကတောင် သိပ်မနာလိုကြဘူး သိလား .. ပြောရရင်တော့ဟာ ငါတို့ သူငယ်ချင်းငါးယောက် ရှိတယ်...၊ ငါကလွဲရင် တောဆိုလည်း တောမို့ အားလုံး လူချမ်းသာတွေချည်းပဲ...၊ ကင်း က သူတို့ကိုကျော်ပြီး ငါ့ကို စိတ်မကူးဘူးလို့ ထင်တာပေါ့နော်.."

"ဟုတ်လား .. သူငယ်ချင်းချင်းတွေပဲဟယ် .."

ပိုက် အံ့သြတာက ကိုယ့်သူငယ်ချင်းတွေဆို ဒီလိုမှ မဟုတ်ဘဲ...၊

ဒါပေမယ့် ပိုက် မှာလည်း ယုယ လို သူငယ်ချင်းတွေ လေးယောက် ငါးယောက်ရှိခဲ့တာ မဟုတ်တော့ လူများလို့ စကားများတယ်ပဲ ပြောရမလား ...၊

ဘာပဲဖြစ် ယုယ မျက်နှာလေးက မာန်အပြည့်နှင့် ပြုံးကြည်နေခဲ့၏။ မွေးနေ့ပွဲရောက်တော့ ပိုပြီး ကျေနပ်နေပုံ ဖြစ်သွားခဲ့သည်။

မွေးနေ့စားပွဲတွေ ပြင်ဆင်ထားပုံက အင်းယားလိတ်ခ်မြက်ခင်းပြင်မှာထက် ပိုလှနေသည်။ မိုးချုပ်စပေမယ့် မီးရောင်စုံတွေက လင်းလက်နေပြီ ဖြစ်၏။

"ပိုက် က ကင်းနဲ့ မေဂျာတူတယ်မို့လား .. ဘာဖြစ်လို့ မခင်ကြတာလဲ .."

"ခင်တယ် မခင်ဘူးလည်း မဟုတ်ပါဘူး .. ပြုံးပြရယ်ပြတော့ ရှိကြတာပေါ့၊ အခုက ဒီမွေးနေ့ကို တက်လာမယ့် တစ်ယောက်နဲ့ တွေ့ချင်တာနဲ့လေ ..၊ အဟွန်း .. မွေးနေ့ရှင်က မဖိတ်ဘဲ လာရတာ ကြောင်တော့ ကြောင်သား .."





"အို .. ဘာဖြစ်လို့ ကြောင်ရမလဲ ..၊ တို့ ခေါ်လာတဲ့ လူပဲဟာ.. ကင်း နဲ့ ပိုရင်းနှီးသွားအောင် မိတ်ဆက်ပေးဦးမယ် မပူနဲ့ .."

မပူနဲ့ဆိုကာမှ ပူရမှန်း သိလာသည်။

ကင်း နဲ့ တွေ့ရင် ကင်း ရဲ့ ဆက်ဆံရေးက မှင်သေသေ ရှိပါ့မလား ..၊ ကိုယ့်ရဲ့ လာရင်းကို မသိဘဲနဲ့ သူ မဖိတ်ဘဲ လာတယ်ဆိုပြီး အထင်မြင်သေးတာမျိုးက ကိစ္စမရှိ ..၊

ဒီပွဲကို ညီ ရောက်လာတာနှင့် သူ သဘောပေါက်သွားလိမ့်မည်။ ဒီလိုမဟုတ်ဘဲ ပတ်ိတုန်းက ရင်းနှီးခဲ့တာတွေကို ခနိုးခနဲ့တွေ လျှောက်ပြောနေရင် ဘယ်လိုလုပ်မလဲ ..။

တွေးမိတော့ ဒိန်းခနဲ ဆောင့်ခုန်သွားသည့်ရင်ဘတ်တစ်ခြမ်းက 'အဲဒါ မှတ်ထား' လို့ ပြောသွားသေးသလိုလို ..၊

ဒါပေမယ့် မဖြစ်လောက်ပါဘူးလို့ ဖြေတွေးရင်း သက်ပြင်းချမိ၏။

သူ ယုယ ကို ချစ်လို့ ရွေးချယ်ခဲ့တာပဲ ..၊ သူ့ချစ်သူ ရှေ့မှာ ဒါတွေ ပြောနေတော့ ဘာအမြတ်ရမှာမို့လဲ ..၊ ပြီးတော့ ကိုယ့်ပုံစံကို ပြန်ငုံ့ကြည့်မိသည်။

အိမ်ကို တစ်ခေါက်ပြန်ရောက်သွားတော့ ဒေါက်ဖိနပ် နဲ့တွဲတွဲဖြစ်သွားသဖြင့် ဆင်စွယ်ရောင် ခပ်လင်းလင်းလေး ပြန်လဲပြီး ဖိနပ်ပါ လဲစီးခဲ့သည်။

ထွက်လာကာစကလို အနီရဲရဲ ပြောင်ပြောင်လက်လက်ကြီး မဟုတ်တော့သဖြင့် နောက်ထပ် စိတ်သက်သာရာ ရသွားခဲ့၏။

"နင့်လူ မလာသေးဘူးလား .. ကင်း ရောက်လာရင် မိတ်ဆက်ပေးရအောင်လို့ .."



www.burmeseclassic.com

www.burmeseclassic.com



ယုယ က ခပ်ကြွားကြွားလေး ပြောရင်း ကိုယ့်လူကို မမျှော်ဘဲ ပိုက် မျှော်နေသည့်လူကို ဝိုင်းမျှော်၏။ ကင်းက ထွက်လာပြီဆိုတည်းက အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့် ထင်းနေသည်။

ယောက်ျားလေး သူငယ်ချင်းထက် မိန်းကလေးတွေ ပိုများနေကာ ယုယ ကို မမြင်တာလား .. မြင်ပေမယ့် ဒီဘက် မလာနိုင်သေးတာလား မသိ ..၊

ဒီကိုတော့ ရောက်မလာခဲ့ပေ ..၊

"ငါ စိတ်မရှည်တော့ဘူး .. သွားဆွဲထုတ်ခဲ့မယ် .."

"သူ့မိဘတွေလည်း ရှိတယ်မို့လား ယုယ ရယ် .. ခဏတော့ စောင့်လိုက်ပါဦး ..၊ ဒီမှာ စားစရာတွေ ပက်လက်ကြီးနဲ့ .."

"ယော့အေး .. ငါ့လိုမိန်းမကို သူ ဒီလိုပစ်ထားလို့ ဘယ်ရမလဲ.."

ယုယ ရဲ့မာနစကားကြောင့် ပိုက် မျက်လုံးပြူးသွားသည်။ သူမ သည် ခါးလောက်ရှည်သည့်ဆံပင်တွေကို လက်တစ်ဖက်နဲ့ လွှင့်ခနဲ ဖွာထွက်သွားအောင် ခါပစ်လိုက်ပြီး အပေါင်းအသင်းတွေနဲ့ နှုတ်ဆက် ရယ်မောနေသည့် ကင်းမောင်မောင် တို့ ရှိရာ ထသွား၏။

ပိုက် ဘာလုပ်ရမှန်း မသိတော့ပေ ..၊ ယုယ ရဲ့ ဒီလို မာန်မာနတွေ က ကင်းမောင်မောင် တစ်ခုခု စကားအမှား ပြောလိုက်လို့ သူမ ညာခဲ့မိ တာကို သိသွားရင် လွယ်ပါ့မလား ..၊

စိတ်တွေက ချမ်းသာရာရဖို့ တွေးမိလိုက် .. ပူပူလောင်လောင် ထဖြစ်လိုက်နှင့် သူမ ဒီနေရာမှ ညီ မလာခင် ခဏတော့ ရှောင်နေဖို့ စိတ်ကူးတွေလည်း ဖြစ်လာ၏။

သို့သော် ကင်းမောင်မောင် သည် ဒီဘက်ကို လှမ်းမြင်သွားခဲ့၏။ သူ့ဆီကို သွားနေသည့် ယုယ ရယ် .. ပိုက် ရယ်က မျဉ်းဖြောင့်ကျနေ





ကာ ကိုယ့်ကို မြင်သွားတာလား ..၊ ယုယ ကိုပဲ မြင်တာလား ..၊ သေချာ မသိနိုင်ခင် ပိုက် မျက်နှာလွှဲနေလိုက်မိသည်။

ဆိုးရွားသည့်အခြေအနေ တစ်ခုခု ဖြစ်တော့မည်ဆိုတာ ရင်ခုန်သံ တွေက သတိပေးလာကြသဖြင့် ပိုက် ထိုနေရာမှ ခွာဖို့ ချက်ချင်း ဆုံး ဖြတ်၏။ ဒါပေမယ့် ...

"ပိုက် .."

ဟင်!...

ပိုက် ဆတ်ခနဲ လှည့်ကြည့်မိကာ မျက်လုံးလေးတွေပါ ဝိုင်းနေ၏။ ကြည့်လိုက်တော့ ယုယ က ကင်း ရဲ့နောက်မှ တစ်လှမ်းချင်း လျှောက် လာနေလျက် ...

သွားပါပြီ ..၊ တကယ် အားလုံး သွားပြီ ..၊

အခြေအနေသည် ယုယ ကို ကျော်၍ ကင်းမောင်မောင် သူမဆီ ရောက်လာခဲ့သည်ဆိုတာ ရှင်းနေပြီမို့ ...

"ဆောရီးပါ ပိုက် ရယ် .. မင်း လာမယ်မှန်း သိရင် ကိုယ် ထွက် စောင့်နေမှာပေါ့ ..၊ ဘာဖြစ်လို့ ဒီမှာ တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေတာ လဲ ..၊ ကိုယ့်မှာ မင်းလောက် ရင်းနှီးတဲ့သူ မင်းပဲရှိတာ သိရဲ့သားနဲ့.."

"ဟုတ်လား .. ရှင်တို့က ဒီလိုလား .."

"ယုယ .. မဟုတ်ဘူး .."

ပိုက် မျက်နှာလေး ပျက်နေသလောက် ကင်းမောင်မောင် က အရွှတ်ဆန်ချင်သည့်မျက်နှာနှင့် တစ်ချက်မှ အပြုံးမပျက်ပေ ..။

ယုယ က ပိုမို ဆိုးရွားနေကာ ...

"ပိုက် .. နင်က .. နင်က .. ငါ့ကို အဲဒီလိုရိုးချင်လို့ တကူးတက လာကြိုးစားခဲ့တာပေါ့ .. ဟုတ်လား .."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ယုယ ရယ် .. ငါ .. ငါ .. နင့်ကို ပြောခဲ့သားပဲ..၊ ငါ့ကိစ္စက .."

"တော် .. တော် ..၊ ကဲဟာ .."

"ဟော့ .. မလုပ်နဲ့ .."

ယုယ တအားလွှဲရိုက်လိုက်သည့်လက်ကို တစ်စုံတစ်ယောက်က ဖမ်းဆွဲထားလိုက်၏။

ထိုသူကို အားလုံး တအံ့တသြ လှည့်ကြည့်ကြပေမယ့် ကင်းမောင်မောင် ကြည့်ပုံက ဘာမှမထူးခြားသလို ခပ်မှဲ့မှဲ့ လျှောင်ပြုံးနှင့် ...

"စာဆိုညီ .."

ညီ လို့ တရင်းတနှီးခေါ်နေကျ သူငယ်ချင်းက 'စာဆိုညီ' ဖြစ်သွား၏။ ထိုအခါ ကင်းမောင်မောင် နှုတ်ဖျားမှ ပိုပိုသာသာ ထွက်ကျလာခဲ့သော စောစောက ပိုက် ကို ကြို့ဆိုခြင်းတွေက ငြိုးချက်နှင့် ထိုးနှက်ခဲ့တာမှန်း ပေါ်လွင်ခဲ့၏။

ညီ့ကြောင့် ပိုက် ဒီကိုရောက်လာခဲ့မှန်း သိလိုက်သဖြင့် စိတ်တိုသွားခဲ့သည်။ ညီ ဒီနေရာထိ ရောက်လာပြီး ခုလို မင်းသားဝင်လုပ်တာကိုလည်း မကျေနပ် ..။

"ဘာဖြစ်လို့လဲ စာဆိုညီ .. သူတို့ချင်း ရှင်းနေကြတာ မှုမှုတတ ပဲ .."

"ဘာ မှုတတာလဲ ကင်း .."

ညီ က ယုယ လက်ကို တွန်းလွှတ်လိုက်ပြီး ပိုက် ရှေ့ကနေ ဝင်ရပ်လိုက်၏။

ဝိုင်းကြည့်နေကြသည့် လူငယ်တွေကြားထဲ ကင်း ရဲ့မိဘတွေ ရောက်လာကြကာ ...





"ဟဲ့ .. သားသားတို့ ဘာဖြစ်ကြတာလဲကွယ် .. ကိုယ့်သူငယ်ချင်း မွေးနေ့မှာ ဆင်ခြင်ပေးဖို့တော့ နားလည်ပါ ..၊ သားကို ခေါ်သွားကြစမ်း လူလေးတို့ .."

ညီ က ပိုက် လက်ကို ဆွဲ၍ နောက်တစ်လှမ်း ထပ်ဆုတ်သည်။ ကင်းမောင်မောင် က ရှေ့ကို တစ်လှမ်း ထပ်တိုး၍ ...

"မင်းတို့နှစ်ယောက် ငါ့ရှေ့မှာ ရှူးကြောင်မူးကြောင် လာပြီး ခြေမရှုပ်နဲ့ .."

မွေးနေ့က နှင်ထုတ်ခံလိုက်ရခြင်း ဖြစ်သည်။ ညီ မျက်နှာ နီရဲနေကာ ပိုက် မျက်နှာလေး ငုံ့နေ၏။

"ဘယ်သူ့ကြောင့် ဖြစ်တာလဲ .."

"သမီးက သား သူငယ်ချင်းလား .."

"ကိုယ်ထိလက်ရောက် ဖြစ်ရမယ့်နေရာလားကွယ် .. မင်း ဒီလောက်တောင် နားမလည်ဘူးလား .."

ကင်းမောင်မောင် ၏ မိဘနှစ်ပါးက ယုယ ကိုလည်း ချမ်းသာမပေးခဲ့ပေ ..၊ ပိုက် ကို ညီ က ဆွဲခေါ်ထုတ်သွားပေမယ့် ယုယ ဒီတိုင်း ထွက်သွားခဲ့ရသည်။

မွေးနေ့က ပြီးဆုံးခဲ့ပေမယ့် ညီ နဲ့ ပိုက် ရဲ့ဇာတ်လမ်းက ထိုညမှ စခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

"လူတွေ ဒီလောက် သိကုန်ကြပြီ ..၊ မင်း ဘာလုပ်မှာလဲ .."

"ပိုက် ကို အဲလောက် မအော်ပါနဲ့ .."

"ဟ .. မအော်ချင် မပြောချင်လို့ မင်းကို ငါ သတိပေးခဲ့တယ်..၊ မင်း နားထောင်သလား .."

"ဘာ သတိပေးတာလဲ .. မွေးနေ့ မသွားစေချင်ရင် မသွားရဘူးလို့ ပြောပါလား .."

"ဘာ!..."

နှစ်ယောက် ရန်ဖြစ်စရာရှားလို့ လမ်းဘေးမီးတိုင်အောက်မှာ ကား ရပ်ပြီး ဖြစ်ကြ၏။

ညီ က သူ့ကားကို ဦးဆောင်မောင်းသွားပြီး ဒီနေရာမှာ ပိတ်ရပ်လိုက်သဖြင့် ပိုက် လည်း သူ့လိုပဲ ကားရပ်ပြီး လမ်းဘေးမှာ ဆင်းလိုက်ရကာ ...





"ဟုတ်တယ်လေ .. ညီ ပဲ လူကို မပြောချင်သလိုလို မဆိုချင်သလို လိုနဲ့ .. ကျောင်းမှာတည်းက ပိုက် နဲ့ ညီ ခင်ခင်မင်မင် ဖြစ်နေသင့်တာ ကို .. ညီ ကြောင့် ..."

"ခင်ခင်မင်မင်ဖြစ်ရအောင် မင်းလုပ်ပုံတွေက ဘာမှမဖြစ်ခင်တည်း က တစ်ကျောင်းလုံး ဝက်ဝက်ကွဲအောင် အတင်းတုပ်နေကြတာလေ.."

"ပိုက် က ဘာလုပ်လို့လဲ .."

"ပိုက် .."

ညီ က ပိုက် ရဲ့ပခုံးလေးနှစ်ဖက်ကို ဖျတ်ခနဲ ဆွဲခါပစ်ကာ ...

"မင်း ဇရုတ်ကျတာလား ..၊ ငါ့ကို တကယ်ချစ်နေတာလား .."

"ဒီက ဖြေရင် ညီ က ပြန်ချစ်မှာမို့လို့လား .."

"ပြန်ချစ်မယ်လို့ ပြောတိုင်း မင်းကို ချစ်ချင်မှ ချစ်မှာပေါ့ ..၊ ငါ တပြောပြော မင်းက ကျေနပ်မှာလား .."

"ပြောကြည့် .."

"ပိုက် .. မင်းကွာ ..."

ဒေါသက ဘယ်ကစဖြစ်မှန်း မသိ ..၊ ဘယ်ကို ဦးတည်နေမှန်း မသိ ..၊ ညီ တကျွတ်ကျွတ် စုတ်သပ်ရင်း ပိုက် ရှေ့မှာ ယောက်ယက်ခတ် နေသည်။ ဧည့်ခံပွဲကနေ မောင်းထုတ်ခြင်းခံရသည့်ခဏမှာ သူမကြောင့် ဆိုသည့်အသိနှင့် ဝင်ပါမိတာ များပြီလို့ ထင်၏။

ဒါပေမယ့် သူမလက်ကို ဖြုတ်မချရက်ခဲ့ပေ ..၊ ဒုက္ခရောက်နေ သော့လည်း စိတ်ပူသွားမိတာ ကိုယ့်ကိုယ်ကိုယ်တောင် အံ့ဩမိသည်။

ဒီလောက်နဲ့တော့ ဒါကို အချစ်လို့ မခေါ်နိုင်ဘူး မဟုတ်လား ..။

"မင်း ဒီလောက် သတ္တိရှိနေရင် လက်ထပ်မယ် ..၊ ဘယ်လိုလဲ.. ငါက မင်းကို ချစ်တယ်လို့ မပြောဘဲ လက်ထပ်ယူမှာ နော် .."


www.burmeseclassic.com

www.burmeseclassic.com



ဒီတိုင်း မေးလိုက်တာတောင် ပိုက် က ခဏပဲ စဉ်းစားကာ ...

"ရတယ် .. ဦးဦး ဆီမှာ လာတောင်းလိုက် ..၊ ပိုက် က ညို့ ကို နိုးပြေးသွားတယ် အပြောမခံရရင် ပြီးတာပဲ .."

"မင်း .. ဘယ်လိုမိန်းကလေး ပိုက် .."

"ပိုက် က ရိုးရိုးပဲ ..၊ ညီ ကသာ မာနတွေ ကြီးပြနေတာ .."

"ငါ ပြလို့ရအောင် မင်း ငါ့နောက်ကို ဘာလို့လိုက်နေသလဲ ..၊ မာနကြီးပြနေတယ်ထင်ရင် မာနနဲ့ ပြန်နေပေါ့ .."

"မနေနိုင်ပါဘူး .. ပိုက် က မာနပြန်ထားတော့ ညီ က လာကြိုက်မှာမို့လို့လား .."

"ဒါဆို မင်းကို ပြန်မေးမယ် .. ပြောလွန်းတဲ့စကား ရင်ထဲက လာတာ မဟုတ်ဘူးတဲ့ ..၊ တစာစာ ပူဆာနေတတ်တာ ကလေးတွေပဲ ရှိတယ် .. ကလေးစိတ်ဆိုတာကိုရော ရှင်းပြရဦးမလား .."

"မပြပါနဲ့ .. ညီ က ပိုက် ရဲ့စကားကို ကလေးကလားစကား ဖြစ်အောင် ဖွဲ့ချဖို့ပဲ ဥပမာတွေ ပြနေတာ .. ဒီက ဘာပြန်ရှင်းတတ်မှာလဲ ..၊ တစ်ခုပဲ သိတယ် .. ပိုက် အဲဒီလိုမဟုတ်ဘူး ..၊ ညီ က ဂရုမစိုက်တာကို အရမ်းခံစားရတယ် .. အဲဒါကြောင့် ကိုယ့်ပုံစံ ဘာဖြစ်နေနေ ကိုယ် စိတ်ချမ်းသာသလို လုပ်မှာပဲ .."

ညီ သက်ပြင်းချသည်။ သူမကို ဒီထက်ဒုက္ခမရောက်စေချင်တော့ သည့်စိတ်က သူ ဘာလုပ်သင့်သလဲဆိုတာ နားလည်သွားခဲ့၏။

ပိုက် လည်း သိပါသည်။ ညီ သူမကို သံယောဇဉ်ထားခဲ့တာလေး တွေတော့ ရှိမှာပဲဆိုတာ ..၊





အခန်း (၄)

"ဒါဆို ကိုယ်လုပ်လိုက်တာ မင်းတို့ကောင်းစားဖို့ ဖြစ်သွားတာပေါ့ .."

"ဟုတ်တယ် .. ဒါက ပိုက် ရည်ရွယ်ခဲ့တာ မဟုတ်ဘူး ..၊ ယုယ အတွက် စိတ်မကောင်းပေမယ့် အဲဒီနေ့အတွက် ကျေးဇူးပဲ .."

ပြောပြီး ရယ်နေမိတာက ကိုယ့်ဘာသာ ကျေနပ်အားရနေမိတာ ဖြစ်သည်။ ညီ ဝင်လာတော့ မှုန်ကုတ်ကုတ်မျက်နှာနှင့် ...

"ဘယ်သူလဲ .."

စီးကရက်ကို ခွက်ထဲမှာ ဖိချေရင်း တစ်ဖက်က ကားသော့ကို စားပွဲပေါ် ပစ်ချလိုက်သည်။ ပိုက် က လှည့်ကြည့်၍ 'ခဏ'ဆိုပြီး လက်ဝါးလေး ကာပြကာ ...

"အင်း .. ချစ်တယ် .."

"တော်တော့ .."

www.burmeseclassic.com



ဟင်!...

ဖုန်းကို လှယူသွားပြီး ဝှပ်ခနဲ ချပစ်လိုက်သည်။

"ညီ ကလည်း .."

"ဘာ ညီ ကလည်းလဲ ..၊ ခင်ဗျား ပြောနေတာတွေ ကြားလို့ ကောင်းလား .."

"ဘာလို့မကောင်းရမှာလဲ..၊ ကိုယ့်ယောကျ်ားကို ချစ်တဲ့အကြောင်း ပြောနေတာ .."

"ပြောချင်ရင် ဒီမျက်နှာကို ကြည့်ပြော ..၊ ဖုန်းထဲမှာ ညီ ဆိုတဲ့ ကောင် မရှိဘူး .."

"ဘာလဲ .. သူများကို သဝန်တိုနေတာလား .."

ညီ က မျက်တောင်တွေ မရှည်သေမယ့် တိုစိစိစိပ်လေးတွေက နက်မှောင်နေ၏။ ထို့ကြောင့် မျက်ဝန်းတွေ လှပ်ရှားသမျှ ကြည့်လို့ ကောင်းသည်။

ဥပမာ .. ခုလို မျက်စောင်းထိုးသလို ငဲ့ကြည့်ပြီး တစ်ဖက်လှည့် သွားတာမျိုး ..၊ ကြည့်ကောင်းလို့ ကြည့်နေတုန်း ဟိုဘက်လှည့်သွား သဖြင့် ဗိုက် က နောက်ကနေ ခါးကို ဖက်ထားလိုက်ကာ ...

"ဦးစာဆိုညီ သဝန်တိုချင်ရင် ဒီဘက်လှည့်ပြီး တိုလို့ ရပါတယ်..၊ ခု လှည့်လိုက်ပါ .. ခု ..."

ကျောပေးရပ်နေရင်း ညီ ပြုံးလိုက်မိသည်။ လူမသိအောင် ပြုံးမိ သည်ထင်ပေမယ့် သူ့မျက်နှာကြီးရှေ့မှာ မှန်ရှိနေတာကို သတိမေ့သွား ခဲ့၏။

"တွေ့လား .. သဝန်တိုနေတာကို ဟိုဘက်လှည့် ကာကွယ်ပြီး ရှက်လို့ ရယ်နေပြီ .."





ဗိုက် က ပြောမှ သူ့ချိုင်းအောက်ကနေ မျက်နှာလေး လျှိုဝင်ပြီး မှန်ထဲကိုကြည့်ပြောနေသည့် မျက်နှာလေးကို တွေ့သွားသည်။

တကယ် ရှက်ရှက်နဲ့ ရယ်မိတာက ခုမှ ..၊

သူမလက်ကလေးတွေကို ခွာချပစ်ကာ မျက်နှာချင်းဆိုင် လှည့် ကြည့်မိရင်း ...

"မင်းကို ပညာပေးဖို့ စိတ်ကူးထားတာ .."

"ပေးလေ .."

"တွေ့လား .. အဲဒါတွေကြောင့် ဒီမှာ ကယောင်ချောက်ချားတွေ ဖြစ်ကုန်တာ .."

"ဘာဖြစ်လို့လဲ .."

"မချစ်ဘဲ လက်ထပ်မယ်ဆိုတာကို ခေါင်းညိတ်ဦးဆိုပြီးတော့လေ..၊ ဒီည မင်းကို လေစိမ်းတွေတိုက်ပြီး ကောင်းကောင်း နှိပ်စက်မလို့ .."

"ဟင် .. တကယ် အဲလို ကြံစည်ခဲ့တယ်ပေါ့ .."

"ဟုတ်တယ် .."

မေးလိုက်ကာ၊ ခပ်တည်တည်မျက်နှာ ဖြစ်သွားပြီး လှည့်ထွက် သွားသေးသည်။

"ဒါပေမယ့် ခု မဟုတ်တော့ဘူးမို့လား .."

"အစီအစဉ်တော့ မပြောင်းသေးဘူး .."

"ညီ နော် .."

"ဟာ!..."

အပြင်ကပြန်လာကာစ ရေချိုးမလို့ လည်စည်းဖြုတ်နေတာ မပြီး သေးဘဲ ဗိုက် က ရင်ဘတ်ကို တွန်းပစ်လိုက်သဖြင့် မွေ့ရာပေါ် နောက် ပြန် လဲကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းတာဆို လေစိမ်းဖြစ်ဖြစ် .. ဂျင်းစိမ်းဖြစ်ဖြစ် မရဘူး .. 'ချစ်တယ်လို့ မပြောဘူး'ပဲ ညီ ပြောခဲ့တာ ..၊ မချစ်ဘူးလို့ မပါဘူး .."

ပိုက် က သူ့ခြေထောက်နားမှာ ခြေဆောင့်လိုက် .. လက်ခါလိုက်နှင့် ပြောလို့ မပြီးနိုင် ..။

"ချစ်တယ်ဆိုတဲ့စကား မကြားရသေးရင် နေပေါ့ .. စိမ်းစိမ်းသက်သက်ကြီး နေနေလို့ မရဘူး ..၊ ညီ နဲ့ ဝေးဝေးကိုပဲ ပိုက် က မနေနိုင်တာ .. မျက်နှာကြီး တင်းနေရင် ပိုက် ဘယ်လိုနေရမှာလဲ .."

"လာ .. ဒီမှာ နေ .."

"အား .."

အမှတ်တမဲ့ လက်ကိုဆွဲချလိုက်သဖြင့် သူ့ရင်ဘတ်ပေါ် ထွေးခနဲပစ်ကျသွားကာ ပခုံးချိတ်လေးတစ်ဖက်နှင့် ညဝတ်အင်္ကျီက ထောက်ခနဲပြုတ်ထွက်သွား၏။

ဒါကျတော့ ပိုက် ပြူးပြူးပြဲပြဲ ပြန်ရုန်းထပြီး သေလုမြောပါး ပြန်တပ်၏။

ညီ က ဘေးကိုလိမ့်သွားပြီး တဟားဟား ရယ်သည်။

"ညီ နော် .. တအား ညစ်ပတ်တာပဲ .."

"မင်းပဲ နေစရာမရှိ ဖြစ်နေလို့လေ .."

"သွား .."

"မသွားနိုင်သေးဘူး .. ဒီမှာ လည်စည်းဖြုတ်ပေး .."

သူက ပက်လက်ကနေခိုင်းတော့ ပိုက် သူ့နား တိုးထိုင်လိုက်ကာ...

"ညီ အရက်သောက်လာတာတောင် မမူးဘူး နော် .."

သူ့ဆီက အရက်နံ့တော့ ရနေပေမယ့် ယိုင်နဲ့နဲ့ပုံလည်း မပေါက်..၊ စကားပြောတာလည်း အကောင်းမို့ ...





"ဒီအချိန်ထိ ပြန်မလာတော့လေ .. ညီ ပြန်လာရင် မူးလာမှာလား..၊ မူးလာရင် သွေးဆိုးတဲ့လူလား .. သဘောကောင်းတဲ့လူလား ..၊ ပိုက် အများကြီး လျှောက်တွေးနေတာ .."

"အဲဒါနဲ့ပဲ ဖုန်းထပြောရတာလား .."

"ကင်းမောင်မောင် လေ .."

"မင်းကို ဘယ်သူလဲ မေးနေတာ မဟုတ်ဘူး .. ဒီအချိန်ကြီး ဖုန်းခေါ်တာကိုက မကိုင်သင့်တဲ့ဖုန်းမှန်း မင်း သိပါလား .."

"သြော် .. ညီ ကလည်း မနက်က လက်မှတ်ထိုးတယ် ..၊ ဒီည ပွဲလုပ်တယ် .. နှစ်ပွဲလုံး မတက်နိုင်ကြတဲ့ မိတ်ဆွေသူငယ်ချင်းတွေလည်း ဆက်ကြတယ်လေ .."

"ခု ဆက်နေသေးလား .."

လည်စည်းဖြုတ်လိုက်ပြီး လက်ထဲမှာ ကိုင်ထားကာ ပိုက် အသံတိတ်သွားသည်။

ပြီးမှ ...

"ပိုက် က ရိုးရိုးသားသား ပြောတာ .."

"ဟိုကောင်က မင်းကို လိုက်ခဲ့တဲ့ကောင် .."

"အဲဒါ ညီ ဘယ်လိုလုပ် သိတာလဲ .."

"မင်းတို့ တွဲခဲ့လို့ သိတာပေါ့ .."

"ညီ အဲလို မပြောနဲ့နော် .. ပိုက် နဲ့သူ ဘာမှမဟုတ်ဘူး..၊ ရည်းစားစကား ပြောလာတာနဲ့ တန်းဖြတ်လိုက်တာ .."

"ပြောတော့မယ့်ကောင်ပဲဆိုတာ မင်း သိပါတယ်ကွာ .. ပြေးတာမှ ဖြတ်တာက ..."

"ညီ ကရော .. မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာ ညီ ကို

www.burmeseclassic.com



သဘောကျနေကြလို့လေ .. ဘာဖြစ်လို့ ကြည်သလို ကြိုက်သလိုနဲ့ အဝိုင်းခံနေတာလဲ ..၊ ပြော .."

"အံမာ ကွာ ..."

ညီ က ပက်လက်ကြီးကနေ ဖျတ်ခနဲ ငုတ်တုတ်ဖြစ်သွားကာ နာရီကိုလည်း လှမ်းကြည့်သည်။

"ပိုက် .. မင်းနဲ့ ငါ သန်းခေါင်ကျော်မှ ရန်ဖြစ်ရတော့မယ် .."

ပိုက် က မျက်စောင်းထိုးကာ ခုတင်ပေါ်ကနေ ခြေချလိုက်ပြီး...

"ဖြစ်ပေါ့ .. ညီ အဲဒီလိုပဲ စိတ်ကူးထားတာမို့လား .."

ငိုချင်လာတာမို့ သူ့ကို ကျောခိုင်းပြီး ထရပ်လိုက်မိသည်။ သို့သော် ညီ က ပိုက် ရဲ့လက်ဖဝါးလေးကို ပြန်ဆွဲချလိုက်ကာ ...

"ခု အစီအစဉ် ပြောင်းသွားပြီ .."

"ညီ နော် .."

"ဘာလဲ .."

"ရေလည်း မချိုးဘဲနဲ့ .. ကြည့်ပါလား .."

"ဒီအချိန် ရေချိုးလို့ မရတော့ဘူး .."

"ဒါဆိုလည်း အဝတ်အစား လဲဦးလေ .."

မွေ့ရာပေါ်မှာ ညီ မျက်နှာကို ပိုက် အသည်းအသန် [illegible] ကာ ...

"မျက်နှာသွားသစ်ကွာ .. အရက်စော် နံတယ် .."

"ဘာတွေ ရှောင်ထွက်ဖို့ ကြိုးစားနေတာလဲ ..၊ ပြောတော့ ဝေးဝေး နေနိုင်ဘူး ဆို .."

"ဟုတ်တယ်လေ .. ဒါပေမယ့် ..."

"ပြော .."





"ပိုက် ကို ချစ်တယ်လို့ မပြောဘဲနဲ့ .."

"မပြောဘဲနဲ့ လက်ထပ်မယ်လို့ မင်းပဲ သဘောတူခဲ့တာလေ .."

"ဒါပေမယ့် အစီအစဉ် ပြောင်းသွားပြီ .."

သူ့စကားအတိုင်း ပြန်ပြောလိုက်တော့ ညီ က ရယ်သည်။

"ပိုက် ကို ချစ်လားဟင် .."

"စဉ်းစားဦးမယ် .."

"ဒါဆိုလည်း စဉ်းစားပြီးမှ နမ်းပေါ့ ..၊ ဖယ်ပေး .."

"နမ်းတာကျတော့ စဉ်းစားဖို့ အစီအစဉ်ထဲမှာ မပါဘူး .."

"ကြည့်ပါလား .. ညစ်ပတ်တာ .."

မင်္ဂလာဦးညလေးက ပိုက် ထင်ထားတာထက် ပို၍ နွေးထွေးခဲ့သည်။ ထိုညမှာပဲ 'မင်းကို ကိုယ် ချစ်တယ်' ဆိုတဲ့စကား ပိုက် ရဲ့ နှုတ်ခမ်းလေးနားမှာ ကပ်ပြီး သူ ပြောခဲ့သည်။

သူချစ် ကိုယ်ချစ် မိဘချစ်မို့ သူနဲ့ ပိုက် ရဲ့ အိမ်ထောင်ရေးက စံပြ ဗိမာန်ကြီးလို့တောင် ထင်ခဲ့မိ၏။

ဒါပေမယ့် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ဗျာ!.. ဘယ်လို .. ဦးမျိုး .."

"... ... ... ..."

"ဟာ .. မလိုသေးပါဘူး .. ကားက နိုင်တီနိုင်းမော်ဒယ် ဆိုပေမယ့် အကောင်းကြီး ရှိသေးတာ .."

"... ... ... ..."

"ဦးမျိုး .. အဲ့ဒါ ..."

ကျွတ်ခနဲ စုတ်သပ်မိရင်တော့ ဖုန်းထဲကတစ်ဆင့် ဦးနေမျိုး ယံကို မိတ်ဆက်သွားမှာ ဖြစ်သည်။

ဒါပေမယ့် ကြားနေရတာကလည်း ဘယ်လိုမှ ထောက်ခံ ဝမ်းသာ ပေးနိုင်မည့်ကိစ္စ မဟုတ်ရာ ...။

"ဟုတ်ကဲ့ .. လာခဲ့ပါ့မယ် .."

သူ ဖုန်းချပြီး နာရီကြည့်တော့ ဆယ်နာရီ ထိုးတော့မည်။





"သားရေ .. သမီးက သားကို မန္တလေးချင်တော့လို့တဲ့ .. သား နီးရင် ဒဂုံစင်တာကို လိုက်ခဲ့ဖို့ ပြောသွားတယ် .."

သူ သိလိုက်သည်။ ညတုန်းက ရုပ်ရှင်ကြည့်ချင်တယ်ပြောပြီး သူနဲ့ အဆင်မပြေ ဖြစ်နေခဲ့တာ ...။

"ဘာသွားလုပ်မှာတဲ့လဲ မေမေရာ .. ဘာဖြစ်လို့ လွှတ်လိုက်ရတာလဲ .."

"ဪ .. သားသမီးက ခွင့်တောင်းပြီးမှ သွားတတ်တဲ့အကျင့်လေး ရှိတာကို မေမေတို့က စစ်လားဆေးလားနဲ့ ချုပ်ချယ် တားဆီးနေရင် နောက်ဆို မသိအောင် ထွက်တော့မှာပေါ့ .."

"ဒါဆို ပြောသွားမယ်ဆို ပြီးရောလား .."

ညို့ မျက်နှာ ရှုပွပွကိုကြည့်၍ ဒေါ်သိန်းသိန်းမြင့် က ရယ်ကာ—

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ...၊ သားမိန်းမနဲ့ မေမေတို့က ခုမှ ရင်းနှီးကြတာလေ .. သားက ချစ်လှချေရဲ့ .. ကြိုက်လှချေရဲ့ဆိုလို့ မေမေတို့က တောင်းပေးရတာ ...၊ သိပ်မရင်းနှီးသေးဘဲ နားလည်မှုတွေ လွဲကုန်ကြရင် ဘယ်ကောင်းမလဲ .. နောက်ပြီး ပိုက် က အရမ်းချစ်စရာ ကောင်းတဲ့ ကောင်မလေး ...၊ သူ့မှာ မိဘမရှိတော့လို့ ထင်တယ် .. မေမေတို့ကို သူ့မိဘတွေအတိုင်းပဲ .."

အဲဒီကောင်မလေး အရမ်း ပလီတတ်တာ အကြောင်းမသိသေးလို့ ...။

"ခုမှ ဘယ်နှစ်ရက်မှ မရှိသေးဘူး .. အိမ်မှာ သိပ်မကပ်တဲ့ မင်း အဖေနဲ့လည်း ရင်းနှီးသွားတာပဲ ...၊ ကိုမောင် ကဆို သမီးလေးတစ် ယောက် ရလိုက်သလိုပဲတဲ့ .. အိမ်မှာ စိုပြည်နေလို့တဲ့ ...၊ သားက ကိုယ် ချစ်တာကို ရှာပေမယ့် အရွေးမမှားဘူးတဲ့ .."

www.burmeseclassic.com

ကိုယ့်ကို ဘယ်တုန်းကမှ အကောင်းမပြောခဲ့သည့် ဖေဖေ့ကို ညီ အုံလည်း အံ့သြမိသည်။ ပြီးတော့ မျက်နှာရှေ့မှာ မရှိသည်မို့ စိတ်ရှိ လက်ရှိ မဲ့လိုက်မိကာ ...

"တစ်သက်လုံး မိန်းမရမှပဲ ချီးမွမ်းခံရတော့တဲ့အဖြစ် .."

"ဖအေကို တွေ့လား .."

"မတွေ့ဘူးလေ.. မတွေ့တုန်းမို့ အတင်းပြောနေတာ..၊ ကျွန်တော့်ကို ဘယ်တုန်းကများ အကောင်းပြောခဲ့လို့လဲ .."

"ဒါကတော့ သားကို သူက တစ်ဦးတည်းသောသားလေး ဆိုပြီး သူ အားထားရတဲ့ယောကျ်ားလေးမျိုး ဖြစ်စေချင်နေတာကိုး .. သားက ကစားလိုက် .. အပြင်သွားလိုက်နဲ့ .."

"ကျောင်းပြီးသွားပေမယ့် .."

"ကဲပါ တော်ပါပြီ .. မေမေကလည်း ကျောင်းပြီးကာစတုန်းက နားပါစေလို့ ပြောပါတယ် ..၊ ဒါပေမယ့် ခုတော့ ကြာပြီလေ .. သားက ခုချိန်ထိ မပြီးပြတ်သေးတာတွေကို ပါဝင်ဆောင်ရွက်လို့ အဆုံးမသတ်တော့ဘူးလား .."

ကိုယ့်ဘက်လှည့်လာတာနှင့် ညီ အပြင်ထွက်ဖို့ ခြေလှမ်းပြင်၏။

"ကျွန်တော် စီးပွားရေးလုပ်ချင်လာရင်လည်း ဖေဖေ့စီးပွားရေးတွေမှာ တစ်ဖက်တစ်လမ်းက ကူဖို့တော့ ဖြစ်လာမှာ မဟုတ်ဘူး .."

"ဘာဖြစ်လို့လဲ သား .. ခုခေတ်က ကွန်စထရပ်ရှင်ခေတ်ပါ ..၊ နိုင်ငံတိုးတက်ဖို့ .. စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့ဖို့ .. ဘာအတွက်ဖြစ်ဖြစ် အဆောက်အဦးဆိုတာ လိုတာပဲ..၊ အိုင်တီပညာရှင်တွေလည်း နေပူမိုးရွာထဲမှာ ဆိုင်လုပ်နေလို့ ရတာမှ မဟုတ်ဘဲ .. မိဘစီးပွားရေးလုပ်ငန်းကို အထင်မကြီးတတ်တာလည်း မကောင်းဘူး နော် သား .."





"အဲလိုမဟုတ်ဘူး မေမေ .. ဖေဖေရော ဦးနေမျိုး ရော ကုမ္ပဏီလုပ်ငန်းတွေမှာ အောင်မြင်နေကြတာပဲ .."

"သားက မအောင်မြင်ချင်ဘူးလား .."

"ကျွန်တော်က အောင်မြင်ဖို့ ကြိုးစားတာထက် ကိုယ်စိတ်ဝင်စားတာကို လုပ်နေရင်း တိုးတက်မှု ရှာချင်တာ .."

သားက ဘာကို စိတ်ဝင်စားတာလဲလို့ မမေးခင် သူ ကားပေါ်ရောက်၏။

"ပြောလို့ မပြီးသေးတာတွေပဲ ပြောဖို့ရှိတော့တယ် ..၊ ဘာမှ မမှာဘူး .."

သူ လစ်ပြေးမှန်း သိနေသည့်မျက်နှာနှင့် ဒေါ်သိန်းသိန်းမြင့် က ချစ်စနိုး မျက်စောင်းရွယ်သည်။

"သမီးကို သွားဆူမနေနဲ့ နော် .. ဒါနဲ့ ဒဂုံစင်တာမှာ စောင့်နေမယ်ဆိုတော့ ဈေးဝယ်ဖို့များ ရှိနေလားပဲ ..၊ မေမေ့ဆီက ပိုက်ဆံမတောင်းဘူးနော် .. သားမှာ ပါရဲ့လား .."

"ရတယ် .."

မပါဘူးလို့ ပြောလိုက်ရင် ပေးတော့မှာသိနေသဖြင့် ဒီတိုင်းပဲ ပြောပြီး ထွက်လာခဲ့သည်။ သူ ဟိုကိုရောက်တော့ ပိုက် ကို မတွေ့တော့ပေ။

ဖုန်းခေါ်လိုက်တော့ ရုံထဲမှာ ..၊

"ကျွတ်!..."

ဘယ်သူတွေနဲ့ချိန်းပြီး ရုပ်ရှင်ကြည့်တာလဲ ..၊

စိတ်တိုသွားကာ ရုံထဲ တန်းဝင်ခဲ့မိသည်။

လက်မှတ်တစ်စောင် အဆုံးခံပြီး လိုက်ဝင်သွားတာက ရုပ်ရှင်ကြည့်ဖို့ မဟုတ် ..၊



www.burmeseclassic.com

www.burmeseclassic.com

"ပိုက် .."

"ဟင်…ညီ .."

သူမက မော့ကြည့်ပြီး ဝမ်းသာသွားပေမယ့် ဘေးမှာ သူမနဲ့ ရာတိတ်တစ်ယောက်နဲ့ စကားတွေ ပြောနေကြတာ မြင်လိုက်တည်းက ညီ မျက်နှာက တင်းပြီးသား …၊

ထို့ကြောင့် ပိုက် ရဲ့လက်လေးကို ဆွဲကာ အပြင်ကို ခေါ်ထုတ်လာခဲ့သည်။ အသာတကြည့်တော့ ပါလာပေမယ့် ပိုက် မျက်လုံးလေး ဝိုင်းလျက် …

"ညီ ဘာဖြစ်လာတာလဲ ဟင် .."

"လာတည်းက မင်းကို ပြောချင်တာတွေ စုဆောင်းလာတာ …၊ ဒီရောက်တော့ အမောဆို့သွားတာနဲ့ ဖနောင့်နဲ့ပေါက်ဖို့ အစီအစဉ်သစ်တစ်ခု ထပ်တိုးလာတာ .."

"ဒါဆို အခု ဖနောင့်နဲ့ ပေါက်တော့မလား .."

သူမက ပြန်ရွဲ့သည်။

မျက်နှာလေးက ဒေါသတွေ ကြီးမားနေပုံတော့ မရှိပေ …၊ ဒါပေမယ့် တည်တည်လေး ဖြစ်နေကာ …

"ဒီက ဖုန်းဆက်တော့လည်း မကိုင်ဘူး .. ညတည်းက ပြောထားတာကို မိုးလင်းတော့လည်း မထဘူး .."

"မထရင်တောင် နှိုးပြီး ခင်ဗျားကို ရုပ်ရှင်သွားခွင့် ပြုမပြု မေးပါလား .."

"ပြုမှာပဲ ထင်လို့ပေါ့ .."

"ခု မပြုဘူး .. ပြန်မယ် .."

"ပြန်မယ်လေ .. အပြင်ခေါ်ထုတ်လာပြီးမှတော့ ပြန်ရမှာပေါ့.."





အကြီးအကျယ် အချင်းများရတာမျိုးတော့ မဖြစ်ခဲ့ဘဲ သူမ ပြန်ပါလာသည်။

"ဗိုက်ဆာတယ် .. ဒိုးနပ် စားမယ် .."

"မကြိုက်ဘူး .. ကြက်ဆီထမင်း သွားစားမယ် .."

"ကြက်ဆီထမင်းက ဒီမှာ မကောင်းဘူး .."

"ဒါလည်း သိတာပဲလား .."

"သိတာပေါ့ .. ပိုက် တို့က ရောက်တဲ့နေရာမှာ မုန့်ဝင်စားတာ…၊ ဘယ်ဆိုင်မှာ ဘာကောင်းတယ်ဆိုတာ သိတယ် .."

သူမနဲ့ ပြိုင်ပြောရတိုင်း ကိုယ်ပဲ အလျှော့ပေးရကာ ဒိုးနပ်ဆိုင်ထဲ ရောက်ခဲ့၏။

တစ်ခါတစ်ခါကျတော့လည်း ကိုယ့်အဖြစ်ကို တရားကျမိသလိုလိုပါ …။

အဖြစ်သည်းနေတုန်းကလည်း ပိုက် ဆိုတဲ့ ကောင်မလေးက ညီ ဆိုတဲ့ကောင်ကို တမ်းတမ်းစွဲတဲ့ …၊ တမ်းတမ်းမစွဲဘူးလို့ ထင်ရတဲ့ ကောင်ကပဲ သူမကို ချက်ချင်းကြီး လက်ထပ်ဖို့ တောင်းယူခဲ့မိသည်။ ဒါ ဘာကြောင့်လဲဆိုတာ ခုချိန်ထိ သူ့ကိုယ်သူ မသိ …၊

ဒီကောင် ကောင်မလေးကို အမြဲတမ်း သဟောက်သဟာမ်းနဲ့ ဆိုသည့်စကား ညက ဖေဖေ ရေရွတ်နေသေးသည်။ ဘယ်တုန်းက ပိုက်ကို သူ အနိုင်ရခဲ့ဖူးလို့လဲ …၊

"ညီ .."

"ဟင် .. ဘာလဲ .."

"အုန်းသီးနဲ့ စားမလား .."

"မစားချင်ပါဘူး .. အချဉ်တစ်ခုခုပဲ သောက်မယ် .."


www.burmeseclassic.com

www.burmeseclassic.com

"အအေးဆိုရင် စောင့်နေရဦးမှာ .. ဒါတောင်မှ တန်းစီနေရသေးတယ် .. ရော့ပါ .. စားကြည့် ကောင်းတယ် ..၊ ဒီမှာ ကော်ဖီအေး .. အတူတူ သောက်မယ် .."

သူမကပဲ စီစဉ်ပြီး စားစရာတွေ ချပြီးမှ ထိုင်၏။ စံကားဝါရောင်စပို့ရှပ် ခါးရှည်လက်ရှည်လေးနှင့် အဝါရောင် နားကွင်းဝိုင်းလေးက တလှုပ်လှုပ် ..၊

ဆံပင်တစ်ဖက်ကို နားနောက်မှာ ညှပ်ထားသဖြင့် ပါးရိုးလေးပေါ်မှာ တစ်ခြမ်းစောင်းလေး ပြုဆင်းနေသော ဆံနွယ်လေးတွေက နွဲ့နွဲ့လက်လက်လေးတွေ ..၊

နှုတ်ခမ်းနီဆိုးတိုင်း ပန်းရောင် အနုအဖျော့လေးတွေ ဖြစ်ကာ သူမရဲ့ နုထွေးထူပြည့်သည့် နှုတ်ခမ်းသားလေးတွေက အမြဲတမ်း စိုအိနေတတ်၏။

တစိမ့်စိမ့် ကြည့်လေ ချစ်စရာကောင်းလေ ..၊

သူမလေးကို လက်ထပ်ပြီးမှ ချစ်ခဲ့တာ မဟုတ်ပေ ..၊ ချစ်လို့လက်ထပ်ခဲ့ခြင်းဆိုတာကလည်း ကြာလာလေ သေချာလေ ..၊

ဒါပေမယ့် တမ်းတမ်းစွဲ ချစ်နေပါသည့်ဆိုသော သူမကတော့ သူ့လို ဟုတ်ရဲ့လား ..၊

"ဘာကြည့်နေတာလဲ ညီ .. စားလေ .."

"မင်း ဒီကို တစ်ယောက်တည်း လာတာလား .. ဟို ချာတိတ်က .."

"ဟင် .. ဘယ်ချာတိတ်လဲ .."

"ရုံထဲမှာ မင်းအဘေးက တစ်ယောက် .."

"သြော် ..."





သြော် .. ဆိုပြီး ပျာပျာသလဲ ပြန်ရှင်းပြတာလည်း မဟုတ် ..၊ အေးဆေး ပြန်ပြောမယ်ဆိုလည်း ပြောပေါ့ ..။

ဒါပေမယ့် ဒိုးနပ်တစ်ခြမ်းလုံး မျိုချပြီးမှ ...

"ကော်ဖီ သောက်လေ .."

"မင်းကို မေးနေတာ ငါက .."

"သြော် .. ဖြေပါ့မယ် .. အရေးမပါတာကို ညီ ကလည်း .. ဒီမှာလည် နင်နေပြီ .. ကော်ဖီသောက်ချင်လို့ .."

"ရော့ .. သောက် .."

ညီ စိတ်မရှည်စွာ တွန်းပို့လိုက်တော့ ပိုက် က သူ့ရှေ့ကို ပြန်တွန်းပို့က ...

"ညီ အရင်သောက်လိုက်ပါဦး .. ဦးဦးဖျားဖျားကြီး မသောက်ချင်ပါဘူး .."

သူ သောက်လိုက်မှ သူမက ယူသောက်သည်။ ပြီးတော့ ပြုံးစိစိ ရုက်နှာလေးနှင့် ...

"ပိုက် လေ ဟိုတုန်းက ဘယ်လိုဖြစ်လဲ သိလား .. ညီ အအေး သောက်နေပြီဆို သားကနေ လှမ်းကြည့်ပြီး ညီ ရှေ့မှာ ထိုင်သောက်ချင်တယ် ..၊ ပြီးတော့ ညီ နှုတ်ခမ်းမှာ တပ်ထားတဲ့ ပိုက်တံလေးကို ဆွဲလုပြီး စုပ်ချင်တာ .."

"ပိုက် .."

"ဟင် .."

"တိုးတိုး ပြောစမ်း .."

"တိုးတိုး ပြောနေတာပဲ .. ညီ ကလည်း ဗီလင်အောက်လိုက်တာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .. ဟိုချာတိတ်အကြောင်း မဖြေနိုင်လို့ လှီးလွှဲပြောနေတာလား .."

"အဲဒီတစ်ယောက်ကို ပြောရဦးမယ် သိလား.. သူ့အားက ကောင်မလေးက သူ့ထက် နှစ်နှစ်ကြီးတယ် .. ပြီးတော့ သူ့ကိုလည်း တော်တော်ချစ်ပုံပေါက်တယ် သိလား ညီ .. ခေါ်တာကလည်း 'မောင်'တဲ့ .."

"သူက သူ့ရည်းစားကို ဟိုဘက်က ထားပြီး ဒီဘက်က မင်းနဲ့ပေါ့ .."

"သူ့ရည်းစား မဟုတ်ပါဘူး ညီ ရယ် .. သူတို့က လင်မယားပါ..၊ မင်္ဂလာဆောင် မဆောင်ရသေးဘူး .. မိဘက သဘောမတူလို့ မခေါ်ဘူးလေ ..၊ သူတို့က အရင်ထိုင်နေကြတာကို ပိုက် က ဒီဘက်ကထိုင်တော့ အဲဒီလိုပုံစံ ဖြစ်သွားတာပေါ့ .."

ပိုက် ဆိုသည့် မိန်းကလေးကို ဘယ်လိုမိန်းကလေးပါလို့ ပြောဖို့ကို မတတ်တော့ပါ ..။

ဒီမှာ အလေးအနက်ကြီး တွေးပြီး အကြီးကြီး မေးနေတာကို ဘာမှမဟုတ်ရင်လည်း မဟုတ်ဘူး ချက်ချင်းဖြေလိုက်ရင် ပြီးပြီ ..၊

'ရွှေသမင် ဘယ်ကထွက်မလဲ' ဆိုပြီး အမိဖမ်းဖို့ ခါးတောင်းကျိုက်ပြင်ဆင်ထားသူလို သူပဲ ငပေါ ..၊

လူကို ဂရုမစိုက်တာလား ..၊

ဘာကိုမှ ဂရုမစိုက်တာလား ..။

"မောင် လို့ ခေါ်လိုက်တာလေးက ချစ်ဖို့ကောင်းတယ် သိလား ညီ .. အဲဒါကို ပိုက် က နောက်လိုက်တော့ ဘာပြန်ပြောလဲ သိလား ..၊ သူ့ယောက်ျားကို အရမ်းချစ်လို့ ခေါ်တာတဲ့.. ပြီးတော့ သူ့ထက် အသက်နှစ်နှစ်ငယ်လို့ တဲ့ .."





"အဲဒါ ဘာဖြစ်လဲ .."

"ပိုက် က ညီ ကို မောင်လို့ ခေါ်ချင်တာ .."

"အဲဒါ မမေးလိုက်ဘူးလား .. ဘယ်ရုံးမှာ လျှောက်လွှာတင်ရလဲလို့ ..၊ တံဆိပ်ခေါင်း ဘယ်နှစ်လုံးပါရလဲ အပြီးအစီး .."

"ဟား .. ဟား .. ဟား .. ညီ ကလည်း .."

"တွေ့လား .. မိန်းကလေးဖြစ်ပြီး ကျယ်ကျယ်လောင်လောင်ကြီး ရယ်ရလား .."

"ကျယ်တော့ ကျယ်တယ် .. ကျယ်ကျယ်လောင်လောင်ကြီး ပြောရလောက်အောင်တော့ မလောင်ပါဘူး ညီ ရယ် .. အဲဒါ ပိုက် ရဲ့ ပုံမှန်နှုန်းပဲ .."

"မှတ်ထားရဦးမယ် .."

"ရော့ .. သောက်ဦး .."

ကော်ဖီကို သူ့ရှေ့ ပြန်ပို့ပြန်တာ ...

"ပိုက် က ခေါ်ရင် ညီ က ပြန်ထူးမှာလား ဟင် .. ဟိုလေ .. မောင် ဆိုတာ ကိုယ့်ထက် အသက်ငယ်တဲ့သူကိုမှ ခေါ်ရတာဆိုတော့ ညီ က ပိုက် ကို ဆိုရင် သိပ်ကဲ့ရဲ့ချင်တာ .."

"ပိုက် .."

"ဟင် .."

"ကိုယ် မင်းကို ဒီ့ထက်အရေးကြီးတာ ပြောဖို့ရှိတယ် ..၊ အဲဒါကြောင့် ဒီကိုလိုက်လာတည်းက ရုပ်ရှင် မကြည့်ရဘူးလို့ ပြောဖို့ပဲ .."

"ဘာပြောမှာလဲ .."

"ကြိုပြောပြတာ .. မင်းကို ဟိုချာတိတ်ကြောင့် ခေါ်ထုတ်လာတာ မဟုတ်ဘူးဆိုတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ညီ ရယ် .. ဘာကြောင့်ဖြစ်ဖြစ် ပိုက် က ညီ ကို ဘယ်တော့မှ စိတ်မဆိုးဘူး .."

"မဆိုးပေမယ့် ကိုယ်က သဝန်ကြောင်တတ်တဲ့ကောင် ဖြစ်သွားမှာပေါ့ကွ .."

"ဖြစ်သွားတော့ ဘာဖြစ်လဲ ..၊ ပိုက် ကို ချစ်လို့ မဟုတ်ဘူးလား..၊ ကဲ .. ပြောမယ်ဆိုတာ ပြောပါ ..၊ ဘာလဲ .."

"ဦးမျိုး ကို မင်း ကားလဲဖို့ ပူဆာတယ်ဆို .."

"ဟုတ်တယ် .. အဲဒါ ဒီနေ့ အကြောင်းပြန်မယ်လို့ ပြောတာ .. ဘာတဲ့လဲ ..၊ ဦးဦး ဖုန်းဆက်တယ်မို့လား ဟင် .."

ကစားစရာရတော့မယ့် ကလေးလို ပိုက် က လက်ဖဝါးလေး ဖျောက်ခနဲ တီး၏။

"မင်း ဟိုတုန်းကလို အဖျိုလည်း မဟုတ်တော့ဘူး ..၊ ဘာဖြစ်လို့ ခုချိန်ထိ လူကြီးတွေဆီမှာ လက်ဝါးဖြန့်နေရတာလဲ .."

"ဘယ်မှာ လက်ဝါးဖြန့်လို့လဲ ညီ ရယ် .. ကားလဲတာကလည်း ထုတ်ပြီးမှ ပြန်ဝယ်တာ ..၊ စိုက်ရတဲ့ငွေလေးပဲ ရှိတာကို .."

"စိုက်ရတဲ့ငွေကို ပြောနေတာပဲ .. ကားတန်းကြေးက ဝယ်ရတဲ့ ပေါ်မှာပဲ ရှိတာ .. ရောင်းထုတ်တဲ့အကန့်မှာ အမြိုက်ပဲ .."

"ဒီလောက်မဟုတ်ပါဘူး ညီ ရယ် .. ဦးဦး က မေးမြန်း စုံစမ်းပြီးလို့ အကြောင်းပြန်တာပေါ့ .."

"စုံစမ်းတော့ ဘာတဲ့လဲ .. မင်းက ကားသစ်ရဖို့ပဲ မြင်တာ ..၊ ရောင်းရဝယ်ရတဲ့နေရာမှာ ဘယ်လောက် ရှုပ်တဲ့ မြတ်တဲ့ကိစ္စတွေ အစအဆုံး မေးမြန်းကြည့်တာများ ရှိခဲ့ဖူးသလား .."

ပိုက် နှုတ်ခမ်းလေး စူသွားသည်။





"မင့်ကား ဘယ်လောက်ကောင်းကောင်း ပြန်ထုတ်ရင် တွမ်တီ(သ်)ပါစန့်ပဲ ရမယ် .. ဒီ့ထက် မမြောက်ဘူး ..၊ ပြီးတော့ မင်း ပြန်ဝယ်မှာ ပြိုင်ကား .. ပြိုင်ကားတွေချည်း ရောင်စုံ လဲစီးချင်နေတာ မင်းကို ငါ သဘောကို မပေါက်ဘူး .."

"ပြိုင်ကားတွေချည်း မဟုတ်ပါဘူး .. ပိုက် မှာ ပြိုင်ကား အနီနဲ့ အပြာလေး နှစ်စီးပဲ ရှိတာကို .."

"ဘာလဲ .. ပိုင်းငိုပေးရမလား .."

"ပြောပြတာ .."

နောက်ထပ် သူ့အတွက် ဖေးထားသည့် ဒိုးနပ်ကို တစ်ခြမ်းဖဲ့ယူပြီး စားတော်မူပြန်ကာ ...

"ညီ မစားဘူးဆိုလို့ နော် .."

လို့ ပြောလိုက်သေးသည်။ ပြီးတော့မှ ...

"ဟိုတစ်ခါ ညီ တွေ့တဲ့ လမ်းကြိုလမ်းကြားမှာ ပျက်နေတဲ့ကားကြီးလေ.. အဲဒါကြီးကို လဲနိုင်းတာ ..၊ အစုတ်ကြီးကို .."

"ဒီလောက်မော်ဒယ်လ်နဲ့က စုတ်တဲ့စာရင်း ဝင်နေပြီလား ..၊ စုတ်နေရင်လည်း မင်းမှာ ပြိုင်ကားတွေ ရှိနေတာပဲကွ .."

"ပြိုင်ကားဆိုတာ တစ်ခါမောင်းရင် တစ်ခါ သိသာတယ် ညီ ရဲ့ .."

"သြော် .. သြော် ..."

"တစ်ခါ မြင်လိုက်ရင် ရဲခနဲ .."

"အင်း .."

"နောက်တစ်ခါ မြင်တော့ ပြာခနဲ ဆိုပြီး .."

"ဘယ်သူက ပြောတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ ပြောကြတာပေါ့ .."

"အဲဒီတော့ ခင်ဗျားက ပြိုင်ကားတွေ ရောင်စုံထားပြီး စီးချင်တယ်ပေါ့ .."

"ရောင်စုံ မဟုတ်ရင်တောင်မှ အနည်းဆုံး .."

"ပိုက် .."

"အာ .. လန့်လိုက်တာ .. သူ့ကျတော့ မကျယ်တာ ကျနေတာပဲ..၊ သူများတွေတောင် လှည့်ကြည့်ကုန်ပြီ .."

"အေး .. ဘယ်သူတွေ ကြည့်မကြည့်တော့ မသိဘူး .. မင်းကို ငါ အရုပ်တစ်ရုပ်လို ကိုင်မြှောက်လိုက် ထိပ်ခေါက်လိုက်နဲ့ လုပ်ချင်နေပြီ .."

"ဟင် .."

ပိုက် က ခေါင်းလေး ပြန်အုပ်ထားလိုက်ပြီး လှူကို ပြုံးပြုံကြည့်သည်။

"အဲလောက်တောင် ဟုတ်လား .. ပိုက် ဘာမှားလို့လဲ .."

"မင်း လိုချင်တိုင်း အိမ်ကို ပြန်ပူဆာနေတာ ငါက ဘယ်သွားနေရမလဲ .. ပြော .."

"သွားချင်တာ သွားနေလေ ...ဦးဦး ကို ဝိုင်းပူဆာပေးပါ.. လိုက်ခဲ့ပေးပါလို့ ညို့ ကို ပိုက် က ပြောဖူးလို့လား .."

"ကျွတ်!..."

ဒေါသသည် သူမကို မဟုတ်တော့ဘဲ ကိုယ့်ရင်ဘတ်ကိုထုဖို့ ဖြစ်လာ၏။

"မင်းဘဝကို ငါ တာဝန်ယူပြီးပြီ .. မင်းရဲ့ အစစအရာရာကို ငါ့ကို ပြောရမှာ .."





"ညို့ မှာ ပိုက်ဆံရှိလို့လား .. ဘဏ်မှာ ညို့ မုန့်ဖိုး ဘယ်လောက်ရှိသလဲဆိုတာ ပိုက် က သိနေတဲ့ဟာ .. ဘယ်လိုလုပ် ပြောရမှာလဲ .."

ပြောချင်တဲ့ လိုရင်းက ဒါမဟုတ် ...၊

သူမကို ပြောနေရတာ လိုရင်းကို မရောက်နိုင်တော့ပါ ...၊

တမင်တကာ မလိမ်ပိုးမလိမ္မာရုပ်လေးနဲ့ ကပ်သပ်ပြောနေတာလား ...၊ စကားဆုံးအောင် နားထောင်တဲ့အကျင့် မရှိတာလား ...။

"ရော့လေ .. ကော်ဖီတွေ ပူကုန်တော့မယ် .."

"သောက် .. မင်းပဲ အရေးကြီးတာ ...၊ စားသောက်ပြီးမှ ပြောမယ်.."

"ဒါဆို ခဏလေး စောင့် .."

တကယ်ကို စားလိုက်သောက်လိုက်နဲ့ အလုပ်ရှုပ်နေတာ နှုတ်ခမ်းလေးကို စုလုံးနေတော့သည်။

ဖြစ်နေမိသမျှ ဒေါသတွေက ချက်ချင်း ပြောခွင့်မရသေးသည့် ရန်ဖြစ်စရာစကားတို့ အင်အားပျော့သွားသည်နှင့် ရောထွေးပြိုကျ၏။

ထိုအခါ 'ပြောတော့ ရပြီ ..' လို့ သူမက အဆင်သင့် ပြင်လိုက်သေမယ့် ...

"မင်း တော်တော်ကို ပြောရခက်တာပဲ ပိုက် ရယ် .."

သူ့လေသံတို့သည် ကိုယ်ပဲ ငိုချင်းချရတော့မည့်အဖြစ်မျိုး တိုးနေသလိုလို ...၊

ဒါမှမဟုတ် 'သေစမ်း ..' ဆိုပြီး ပစ်ချလိုက်မှ ကျည်မထွက်သည့် သေနတ်ကြောင့် ရှုးကြောင်မူးကြောင် ဖြစ်သွားသူလိုလား ...၊

စောစောက မောင်းမဲ တင်းမာမှုများနှင့် တခြားစီ ...၊

"အများကြီး ရှင်းပြချင်ပေမယ့် မင်း ပြန်မေးလိုက်တိုင်း ငါဲ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သလိုလို ကြောင်သလိုလို ဖြစ်ရတယ် ..၊ အဲဒီတော့ အိမ်ထောင်သည် ဖြစ်နေကာမှ မင်းအိမ်ကို ပြန်ပြီး လိုအပ်သမျှ မပူဆာပါနဲ့ ..''

''ပိုက် မှာ အဲလောက် တတ်နိုင်တဲ့ပိုက်ဆံမှ မရှိတာ .. ညို မှာလည်း မရှိဘူးလေ ..၊ ဒါဆို မေမေသိန်း ဆီမှာ ပြောရမှာလား .. ကဲ..''

သူ ဘာမှ ပြန်မပြောနိုင် ..၊

''ဒီလောက် အများကြီးကို ယောက္ခမဆီမှာ ပူဆာရင် မေမေသိန်း က ပိုက် ကို စိတ်ပျက်သွားမှာပေါ့ ညို ရဲ့ ..''

''ဒါဆိုလည်း မင်း လိုချင်တာတွေကို နောက်တစ်နှစ်လောက်ထိ မျိုသိပ်ထားလိုက်ပါလား ..၊ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမှုတွေ ရကုန်ကြရင် ပြောရခက်တာတွေလည်း နည်းသွားတာပေါ့ ..''

''အမလေး .. တစ်လတောင် ထပ်မစောင့်နိုင်တာကို တစ်နှစ်စောင့်ရမယ် ဟုတ်လား.. ပိုက် လိုချင်တာဆို ဦးဦး က ဘယ်တုန်းကမှ သည်းခံပါဦး .. စောင့်ပါဦးဆိုတာ မရှိဘူး ..''

''အဲဒါ အပျိုတုန်းကလေ .. အခု ကိုယ် ရှိနေပြီ ..၊ မင်းဦးလေးက ကိုယ့်ကို အထင်သေးမှာ မင်း တွေးမိရဲ့လား ..''

''မသေးပါဘူး ညို ရယ် .. ဦးဦးကဖြင့် ညို က သမီးကို ကြင်နာရဲ့လားပဲ မေးတာ ..၊ ပိုက် နဲ့ ဦး က တူဝရီးလည်း ဟုတ် .. မောင်နှမလို ညီအစ်မလိုမျိုး ရင်းနှီးတယ်ဆိုလည်း ဟုတ်တာပဲ ..၊ ညို ကို စပြီး ချစ်မိပြီဆိုတည်းက ပိုက် မျက်နှာမသာမယာရှိတိုင်း ဦးဦး က မေးတယ် ..၊ မေးတော့ ဦးဦး က ပြောပြတယ် ..''

''အဲဒီတော့ ..''

''ညို ကို ပိုက် က ချစ်ခဲ့ရတာတွေ ဦးဦး သိတယ် ..''

''ဘာကွ!...''





''ညို လာတောင်းယူခဲ့တာကလည်း ပိုက် က ..''

''ပိုက် ..''

''ဟင် ..''

စားပွဲပေါ် တင်ထားသည့်လက်ကို ခပ်ဖိဖိ ဆုပ်ကိုင်လိုက်သဖြင့် ပိုက် လန့်သွားသည့်မျက်နှာလေး ဖြစ်သွားသည်။

ညို က မျက်ခုံးထူထူတို့ကို ကုတ်ချီထားလျက် စိုက်ကြည့်ကာ...

''မင်း အဲဒါတွေ တစ်ယောက်ယောက်ကို ပြောပြရတာ ပျော်လား ..''

''တခြားလူတွေကို ပြောတာမှ မဟုတ်ဘဲ .. ကိုယ် ရင်းနှီးချစ်ခင်တဲ့လူတွေကို ပြောပြတာ .. ပျော်တာထက်တောင် ပိုသေးတယ် ..၊ ညို အကြောင်း ပြောနေရရင် ကြည်နူးပြီး တခြား ဘာကိုမှ စိတ်မဝင်စားတော့တဲ့ ဖီလင်မျိုး ..၊ ပြီးတော့ ညို ကို ပိုက် ပိုပိုပြီး ချစ်လာသလိုပဲ ..၊ အဲဒီမျိုး ညို ကတော့ နားလည်ချင်မှ လည်မှာပါ ..''

''ဒါပေါ့ .. မင်းကမှ ချစ်တတ်သူကြီးကိုး ..''

''ဟုတ်တယ် .. ဟိုအရင် ညို ပြောဖူးတာကိုတောင် ဦးဦးကို မေးကြည့်သေးတယ် ..၊ ပြောလွန်းတဲ့စကားက ရင်ထဲကလာတာ မဟုတ်ဘူး ဆိုတာလေ ..''

''အဲဒီတော့ ဘာတဲ့လဲ ..''

''ပြောနေရတာကို ကျေနပ်နေတတ်တဲ့လူ ရှိသလို မျိုသိပ်ထားရတာကိုပဲ တန်ဖိုးထားခြင်းတစ်ခုလို ခံယူတဲ့လူတွေလည်း ရှိတယ်တဲ့ ..၊ ခံယူကြပုံချင်း ကွာခြားပေမယ့် အချစ်ရဲ့တန်ဖိုးက အတူတူပဲတဲ့ ..''

''အဲဒီလူနှစ်ယောက် အတူတူ ပေါင်းမိကြရင် ဘယ်လိုနေမလဲဆိုတာရော မမေးကြည့်ဘူးလား ..''



www.burmeseclassic.com

www.burmeseclassic.com



"မမေးပါဘူး .. ချစ်နေကြရင် ပြီးတာပဲ .."

"မင်းနဲ့ ငါ အခု အဆင်မပြေတာတွေပဲ ပြောမိတာကရော .."

"ဒါကလည်း ညီ နဲ့ ပိုက် ဘယ်သူကမှ ပိုချစ်တာ မဟုတ်လို့ပဲလေ..၊ ဂုဏ်ရည်တူရင် တွန်းကန်ကြတာပဲ .. ပိုက် တို့ရဲ့ အိမ်ထောင်ရေးက အံဝင်ဂွင်ကျ ဖြစ်ချင်မှဖြစ်မယ် .. ဒါပေမယ့် .."

"ဖြစ်တယ် .. ဘာဖြစ်လို့ အံဝင်ဂွင်ကျ မဖြစ်ရမှာလဲ ..၊ လိုအပ်တာကို မင်းဘက်က ပြင်ဖို့ပဲ .."

"ပိုက် က ပြင်ရမယ် .."

"ဟုတ်တယ် .. အပျိုတုန်းကလို မသုံးစွဲရဘူး .. သွားတာလာတာ ဆင်ခြင်ရမယ် ..၊ အရင်လို စိတ်နောက်ကိုယ်ပါ လုပ်ချင်တာရှိရင် ကိုယ်သဘောတူမှ ဖြစ်မယ်ဆိုတာ ထည့်တွေး .."

"ညီ .."

"ပြောချင်တာ ဒါပဲ ..၊ လာ .. သွားမယ် .."

ပိုက် ဒီတိုင်းချထားသည့် ပိုက်ဆံအိတ်ကို သူပဲ ကောက်ယူကာ သူမ လွယ်ထားသည့် အဖြူရောင်ဘေးအိတ်လေးထဲ ထည့်ပေးလိုက်သည်။

"ဘယ်ကို အရေးကြီးနေလို့လဲ ..၊ စားပြီးလည်း ဒီမှာပဲ စကားထိုင်ပြောလို့ ရတာပဲဟာ .."

"မပြောချင်ဘူး .. ဒိုးနပ်ဆိုင်ထဲက ရတဲ့ မုန့်နံ့တွေကို မခံနိုင်ဆုံးပဲ .."

"တချို့ အံဝင်ဂွင်ကျ မဖြစ်တာတွေက အဲဒါမျိုး ထင်တယ် ..၊ ပိုက် ဆိုရင် ဒီရေ့က ဖြတ်လျှောက်မိတာနဲ့ ဗိုက်က ဆာလာတော့တာပဲ .."





"မင်းက မဖြစ်ဖို့တွေပဲ ချပြနေလို့ ဖြစ်မှာပါ .."

"ညီ နေဦးလေ .. လက်ကို လွှတ်ဦး ..၊ ဒီမှာ .."

စကားမဆက်လိုက်နိုင်မီ ပိုက် ရဲ့ မျက်လုံးတွေက တစ်နေရာရောက်သွား၏။ ကျောင်းမှာတုန်းက ညီ ကို လာခေါ်တာ မကြာခဏ မြင်ဖူးခဲ့သည့် နှစ်ယောက် ..၊

သူမတို့က ညီ ကို မြင်ကာ နှုတ်ဆက်မလို့ ပါးစပ်တွေ ပြင်နေကြကာ ညီ က မမြင်သေးပေ ..၊ ပိုက် က မြင်နေတာကိုလည်း သူမတို့က သတိမထားမိဘဲ လွယ်ထားသည့်အိတ်တွေကို ပခုံးပေါ် ပြန်ဆွဲချိတ်ရင်း အပြေးတစ်ပိုင်း လျှောက်လာကြ၏။

ကြည့်စမ်း ..၊ ဒီမှာ သူများလင်မယား လက်ချင်းချိတ်ထားတာကို မမြင်ဘူးလား ..၊

ပိုက် ဒေါသထွက်သွားကာ ညီ လက်မောင်းတစ်ဖက်ကို ဆွဲဖက်ထားလိုက်သည်။ ညီ က ပိုက် ကို ပြန်ငုံ့ကြည့်လိုက်လျှင် သူမတို့က အနားရောက်လာပြီမို့ ...

"ညီ .."

"ဟော .. ထား တို့ပါလား .."

"ဟုတ်ပ .. တို့တွေကို မမြင်နိုင်လောက်အောင် ပြောင်းလဲသွားတာနော် .. တကယ်ပဲ .."

"ပြောင်းလဲဆို ပျိုရာကနေ အိုသွားရှာပြီလေ .. မြင်တဲ့အတိုင်း.."

ပိုက် က ညီ လက်မောင်းကို ရင်ဘတ်ပေါ် တင်လာတဲ့အထိ ပူးကပ် ဖက်ပြလိုက်သည်။ ညီ အားတို့အားနာတွေ ဖြစ်ကုန်ကာ နားထင်ကို လက်ညှိုးနဲ့ ကုတ်မိရင်း ...

"မဟုတ်ဘူး ထား ရဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

ပိုက် က 'ဘာ ..'ခနဲ ထဖြစ်တော့ လန့်သလို ဖြစ်သွားကာ ...

"မဟုတ်ဘူးလေ .. မဟုတ်ဘူးဆိုတာ ဟုတ်တယ်လို့ ပြောမလို့ပါ .."

ထား တို့ မျက်နှာတွေ မဲ့တော့မလို ဖြစ်သွားကြသည်။

"ဒါပေမယ့် လူသာ ပြောင်းလဲတာပါ .. စိတ်က မပြောင်းပါဘူး..၊ ဆော်ဒါကဏ္ဍတွေက ဒီတိုင်းပဲ .."

ပိုက် မျက်နှာပျက်သွားတာကို ကြည့်၍ ထား ဆိုသည့် တစ်ယောက်က ကျေနပ်စွာ ပြုံးသည်။

"အဲလို လုပ်စမ်းပါ ညီ ရယ် .. ဘယ်လိုကဏ္ဍနဲ့ဖြစ်ဖြစ် မမေ့ဘူးဆိုရင် ကျေနပ်ပါတယ် ..၊ ဟုတ်တယ်မို့လား မေ .."

မေ က ဆတ်ခနဲ ခေါင်းညိတ်၏။

"ဟုတ်ပ .. ခုနကပဲ ဂျင်းနီပင်နီ ဝယ်နေတုန်း ထား က ညီ ကို သတိရနေသေးတယ် ..၊ ညီ ပါလာတုန်းကဆိုရင် ရှော့ပင်နဲ့ဖြစ်ဖြစ် .. ဂျင်းနီပဲဝယ်ဝယ် အရောင်တွေ ဆိုက်ဒ်တွေ .."

"ဟာ .. မေ .. အဲလို မဟုတ်ဘူးလေ .."

"ပြောပြတာပါ .. အဖော်ပါနေရင် ရွေးရဖယ်ရ သက်သာတာပဲ ဟာ .. သွားနေ လာနေကျ အတူတူကို တစ်ယောက်ပဲသွားရင် အရမ်းသိသာတာ .."

ပြောပုံက ညီ က သူမတို့နဲ့ အမြဲတမ်း အတူတူ ရှော့ပင်ထွက်နေကျလိုလို ..၊ ကိုယ့်လူကို ပြန်ကြည့်လိုက်တော့ ပြုံးတူးပြတဲပုံစံနှင့် ငြင်းတော့မလို .. ခေါင်းညိတ်မှာလိုလို .. အားလုံးရှေ့ကနေပဲ ထွက်ပြေးတော့မှာလား ..။





"တောက်!..."

ပိုက် ဒီလောက်ထိတော့ သည်းမခံနိုင် ..၊ ညီ့ လက်ကို ဆောင့်လွှတ်ပစ်လိုက်သည်။

"ပိုက် .."

"ခစ် .. ခစ် .. ခစ် ..."

"လိုက်ချော့လိုက်ဦး .. တော်ကြာ စက်လှေကားက မဆင်းဘဲ အောက်ကို ဒိုက်ဗင်ထိုးချသွားလိမ့်မယ် .."

ပြောချလိုက်တာ နားထဲမှာ သံရည်ပူတွေ စီးဝင်သွားသလို ..၊

"ပိုက် .."

"ဖယ်စမ်းပါ .."

"ပိုက် ကလဲကွာ .. တမင် နောက်နေကြတာကို .."

ပခုံးတွေလှုပ်အောင် ရယ်ကြရင်း ထား တို့က ထွက်သွားကြပါပြီ..။ ပိုက် အသားတုန်အောင်ဖြစ်ရသည့် ဒေါသက ဒါ ပထမဆုံးထင်သည်။

ဘယ်လိုမှ မခံစားနိုင်သည့်အဆုံးမှာ မျက်ရည်တွေပါ ကျ၏။

"ရှင်ကြီးကို မုန်းတယ် .. သိလား .."

ထိုနေ့က အိမ်ကို မှင်သေသေနဲ့ ပြန်ဝင်ခဲ့ပေမယ့် တံခါးပိတ်ထားလိုက်သည်။

"သမီးရေ .. သမီးတို့ ရေမိုးချိုးပြီး ဆင်းခဲ့ကြတော့ .. ဒီည ဖေကြီး နောက်ကျမယ်တဲ့ ..၊ မေမေတို့ပဲ ထမင်းစားလိုက်ရအောင် .."

ဦးဦးလွင် က သူ့ အလုပ်လုပ်လို့ မဖြောင့်အောင် အိမ်သားတွေ ထမင်းမစားဘဲ စောင့်မနေဖို့ အစတည်းက စည်းကမ်းတစ်ခုလို သတ်မှတ်ထားခဲ့တာ ဖြစ်သည်။

ထို့ပြင် ဒေါ်သိန်းသိန်းမြင့် အချိန်တိုင်း တက်ကြွနေတာကလည်း



www.burmeseclassic.com

www.burmeseclassic.com



သူမက သမီးလိုချင်လွန်းလို့ ဒီသားကို မွေးပြီးတည်းက နောက်ထပ် ကလေးရဖို့ အရွှးအမူး မျှော်လင့်ခဲ့ဖူးပေမယ့် မရ ..၊

ဒီနေ့ ချွေးမချောချောလေး ရလိုက်ခြင်းဟာ သူမ၏ဟိုတစ်ချိန်က မျှော်လင့်တောင့်တခဲ့သမျှ ပြည့်ဝလာခဲ့ခြင်းလို့ သတ်မှတ်ထားသည်မို့...

"ဟဲ့ .. သား .. ဩော် .. ဆင်းလာတော့လည်း ဒီတိုင်းပါပဲလား..၊ သမီးရော .."

"မသိဘူး .. တံခါးပိတ်ထားတယ် .."

"ဒါကြောင့် သားက အကျႌမလဲရတာလား ..၊ ဘာလဲ .. အပြင်မှာ စကားများလာကြတာလား .. ပြောစမ်း .."

"ဘာမှမဖြစ်ဘူး .."

သူ့ဘာသာ ပြောနေတာ လူကိုကျတော့ ဘာတစ်ခွန်းမှ ပြောခွင့် မပေးဘဲနဲ့ ...

"ဩော်.. ခက်တော့တာပါပဲ .. ဒီကလေးတွေကတော့ ..၊ မကြည် ရေ .. ဟင်းချိုတွေ မခပ်နဲ့ဦးဟဲ့ .."

ဒေါ်သိန်းသိန်းမြင့် အပေါ်ထပ်ကို တက်လာခဲ့မိသည်။ ဒါပေမယ့် အိပ်ခန်းထဲမှာ ပိုက် က မရှိ ..၊

"သမီး ရေချိုးနေတာလား .."

"ဟုတ် .."

ပြန်ဖြေသံက ကောင်းကောင်းမွန်မွန်မို့ သက်ပြင်းချမိကာ ...

"အေး .. အေး .. ပြီးရင် ဆင်းခဲ့တော့ သမီး ..၊ မေမေ ထမင်းစားဖို့ စောင့်နေမယ် နော် .."

အမှတ်တမဲ့ ပြန်ထွက်လာခဲ့တာ ပြန်ဖြေလိုက်သလား .. မဖြေဘူး လားတောင် သတိမထားမိခဲ့ ..၊





ဒါပေမယ့် သူမက ဆင်းမလာခဲ့ပေ ..၊ သားကို ကြည့်တော့လည်း မျက်နှာက ပုပ်သိုး နီမြန်းနေလျက် ...

"မျက်နှာ မကောင်းပါလား ..၊ နေမကောင်းဘူးလား .."

ဦးဦးလွင် ပြန်လာတော့လည်း ဒေါ်သိန်းသိန်းမြင့် သေချာ မဖြေနိုင် ပေ ..။

"ကျွန်မက နေကောင်းပါတယ် .. ရှင့်သားနဲ့ သမီးတော့ ကျွန်မ မပြောတတ်ဘူး .."

ပြဿနာသည် ဒီညမှာပဲ ပြီးသွားခဲ့တာ မဟုတ် ..၊

"သားရေ .."

အခန်းတံခါးခေါက်မလို့ လက်တင်လိုက်တာနှင့် တခြားအခန်း ကနေ ထွက်လာသည့် ညီ ကို မြင်လိုက်သဖြင့် ဒေါ်သိန်းသိန်းမြင့် ပါးစပ် အဟောင်းသား ဖြစ်လျက် ...

"သားက .."

ညီ လည်း အိပ်မှုန်စုံမွှားမျက်နှာကို ဖုံးဖိမရတော့မှန်း သိလိုက်ကာ ခပ်ငုံ့ငုံ့ ဖြစ်သွားပြီးမှ ပြန်မော့၍ ...

"ဟုတ်တယ် ..၊ ကျွန်တော် ဒီမှာ အိပ်တာ .."

"ဘုရားရေ .. ဘာ!... ဘာဖြစ်ကြတာတုံး ..၊ ခုမှ အိမ်ထောင်ကျ တာ ဆယ်ရက် မပြည့်သေးဘူး .."

ခွဲအိပ်ကြတာ သုံးရက်ရှိပြီဆိုတာတော့ ပြန်မပြောဖို့ ဆုံးဖြတ်ထား ကာ ...

"ညညဆို စကားများနေရလို့ .."

"ညညဆို စကားများတယ် ..၊ အံ့ရော .."

ညီ က နောက်ထပ်မေးခွန်းကို မဖြေချင်သဖြင့် ရှောင်ထွက်သွားဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြင်လျှင် ...

"နေပါဦး ..၊ ညညဆို စကားများတယ်ဆိုတော့ ခွဲအိပ်နေကြတာ ဘယ်နှစ်ရက် ရှိပြီလဲ .."

"မဟုတ်ပါဘူး .."

ဟိုလိုလို ဒီလိုလို ဖြေရင်း ရှောင်ထွက်လာခဲ့သည်။ ညီ ထွက်သွားတာနှင့် နောက်ထပ် အခန်းထဲက ထွက်လာသည့် ပိုက် က ဒေါ်သိန်းသိန်းမြင့် နှင့် မျက်နှာချင်းဆိုင် ဖြစ်သွားပြန်သည်။

"မေမေသိန်း .."

"မေမေလို့ပဲ ခေါ်ပါ သမီးရယ် .. သမီးမှာလည်း မေမေ မရှိတော့ဘူး ..၊ မေမေကလည်း သမီးလေးလို့ သဘောထားခဲ့တာ .."

မြင်မြင်ချင်း စကားက လိုရင်းကို မသွားနိုင်သေးဘဲ လိုအပ်ချက်ရှိတာလေးကို ပြောမိပြန်၏။

"သမီးတို့ စကားများကြတာ ဘာကိစ္စများလဲ သမီးရယ် .. ဟင်.. ဒီနေ့ထိတောင် မခေါ်ကြဘူးဆိုတော့ .."

"ဟို ..."

ပိုက် ကတော့ ကလေးဆန်သူလေးမို့ မေးလိုက်တာနှင့် ပြောပြချင်ပုံလေး တန်းပေါက်သွားသည်။ ထို့ကြောင့် ...

"ခွဲအိပ်ကြတာလည်း သုံးလေးည ရှိပြီဆို .."

"သုံးညတည်းပါ .."

ကြည့်ပါဦး ..၊ နည်းနည်း အစ်ထုတ်လိုက်တာနဲ့ ပေါ်ပါပြီ ..။

"ဘာတွေဖြစ်ကြလို့လဲ သမီး .. ဟင် .. မေမေ့ကို ပြောစမ်း .."

"သူ့ကို ကြိုက်နေကြတဲ့ အမျိုးသမီးတွေလေ .."

"ဟင်!..."





ကိုယ့်သား အဲဒီလို ပေါ်ပြူလာဖြစ်နေတာတွေကြောင့် အိမ်ထောင်မြန်မြန်ပြုစေချင်ခဲ့တာပါ ..။

"ဟုတ်လား ..၊ ဘာတွေ ဖြစ်ကြသလဲ ပြောပါဦး .."

ပိုက် မျက်နှာလေး ချက်ချင်း နီရဲလာတာကို ကြည့်ကာ ပြဿနာ မသေးဘူးဆိုတာ အကဲခတ်လိုက်မိသည်။

"မမကြီး ဆရာ ခေါ်နေတယ် .."

"လာပြီ မကြည် ရေ .."

ဒေါ်သိန်းသိန်းမြင့် ဒီမှာလည်း သိချင်တာ မသိရသေး ..၊ ခေါ်လည်း ခေါ်နေပြီမို့ တစ်ဖက်ကို လက်လျှော့၍ ဆင်းသွားရလေသည်။

ပိုက် အောက်ထပ်ကို အပြေးတစ်ပိုင်း လိုက်ဆင်းကာ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး အပေါ်ပြန်တက်သည်။

မအိပ်ကြဘူးဆိုတည်းက နှစ်ယောက်အိပ်ခန်းထဲမှာ ဘယ်သူမှ မအိပ်ကြတော့ဘဲ လွတ်သည့်အခန်းတွေထဲမှာ ကိုယ့်အစီအစဉ်နဲ့ကိုယ် အိပ်နေကြတာ ဖြစ်သည်။

ထို့ကြောင့် မျက်နှာသစ်ပြီးဆို အပြင်မှာ မဆုံမိအောင် ရှောင်ရ ..၊ ဘရေ့ဖတ်(စ်)ကို အရင် ဦးဆောင်စားပြီး အခန်းထဲ ပြန်အောင်းနေရ..၊ နှစ်ယောက်တည်းနှင့် ခြေချင်းလိမ်နေကြသည်။

"ဒေါ်ကြီးကြည် .. ပိုက် ကို ကြက်အူချောင်းနဲ့ ပေါင်မုန့် လိပ်ပြီး ကျော်ပေးစမ်းပါ .."

"ဟင်!... ဘယ် .. ဘယ်လို .."

"ဩော် .. ကြက်ဥခေါက်ထားတဲ့ အရည်ထဲကို ပေါင်မုန့် နှစ်လိုက်.. ကြက်အူချောင်းကို အရှည်လိုက်ခြမ်းပြီး .. ဖယ် .. ဖယ် .. ဗိုက် ဘာသာပဲ လုပ်တော့မယ် .."



www.burmeseclassic.com

www.burmeseclassic.com



ညီ ဆင်းမလာခင် ဖြစ်သလို စားသောက်လိုက်ရသည့် မနက်တွေ နှစ်နပ် သုံးနပ် ရှိပြီမို့ ဒီနေ့တော့ မနေနိုင်တော့ပေ ..။

"အေးပါ သမီးရယ် .. ဒေါ်ကြီး မှတ်ထားပါ့မယ် ..၊ သမီး စားချင်တာလေးတွေကို တစ်ခါတော့ လုပ်ပြထား ..၊ နောက်တစ်ခါ အဲဒီ လက်ရာအတိုင်း ဒေါ်ကြီး လုပ်ပေးမယ် .."

"ဟုတ်ကဲ့ပါ .. ရပါတယ် ဒေါ်ကြီးရဲ့ ..၊ ပိုက် ကလည်း ကိုယ်စားချင်တာဆို စိတ်ဝင်စားတတ်တော့ အပြင်မှာ ဝယ်စားသမျှ သရေစာတွေ တော်တော်များများ လုပ်တတ်တယ် ..၊ ထမင်းဟင်းကျတော့ သိပ်မချက်တတ်ဘူး!"

"ဟုတ်လား .. မီးဖိုချောင် ဝင်ကြတာက မိန်းကလေးတိုင်းရဲ့ မွေးရာပါ ပါရမီပါ သမီးရယ် .. သေချာ ကြပ်မတ် သင်ပြနေဖို့ မလိုဘူး ..၊ ကိုယ်တိုင် စိတ်ဝင်စားလာတဲ့အခါ ဒီလိုပဲ .. ဟိုမေး ဒီမေး ဝင်လုပ်ကြည့်ရင်းနဲ့ အဆင်ပြေသွားတာ .."

ကိုယ်ကလွဲရင် အားလုံးနဲ့တော့ ချောလို့ပါလား ..၊

နောက်ကနေ လက်ပိုက်ကြည့်ရင်း ညီ က နှုတ်ခမ်းမဲ့သည်။ ဒဂုံစင်တာက ပြဿနာ ပါလာပြီးတည်းက သူမက ရေချိုးခန်းထဲဝင်ပြီး ဒရင်းဘက်ဒ် ခင်းအိပ်သည်။

ဒါကြောင့် သူကလည်း အခန်းပြောင်းအိပ်လိုက်သည်။ စိတ်တိုနေကြတုန်း ကိုယ်ထင်ရာ ကိုယ်လုပ်ကြပြီးရင် တော်ပြီ မဟုတ်ဘူးလား..၊

သူမက နောက်ညကျတော့ ဘေးခန်းကို ပြောင်းအိပ်၏။ မနက်ဘရေ့ဖတ်(စ်)စားတိုင်း သူ ဘယ်လိုမှ အမီလိုက်ထလို့ မရပေ ..။

ကျန်သည့်အချိန်တွေမှာလည်း ဘယ်မှာမှ မျက်နှာချင်းမဆိုင်ဖြစ်အောင် နေလည်း နေနိုင်ပါပေ့ ..၊





တွေးရင်း စိတ်တိုလာမိကာ ...

"ပိုက်ဆာတယ် .. ဒေါ်ကြီး ဘာလုပ်နေတာလဲ .."

"ဟော!..."

ဒေါ်ကြည် သာ မှုန်ခဲ ပိုက် အလန့်တကြား လှည့်ကြည့်သည်။ ညီ က မမြင်ချင်ယောင်ဆောင်၍ စားပွဲမှာ ထိုင်ချလိုက်ပြီး ...

"အဲဒါ ဘာကြော်နေတာလဲ .."

"ဟို .. ပေါင်မုန့်ကြက်ဥချောင်း ကြော် .."

"အဲဒါ စားချင်တယ် .."

"သား .."

"ပေးလိုက် ဒေါ်ကြီးကြည် .. ပန်းကန်ပြား ယူခဲ့ပေး .."

ပိုက်ဆာတယ်ဆိုတော့လည်း မကျေနပ်နေတာက သပ်သပ် ..၊ စေတနာက ရှေ့ကရောက်၏။

"မကြည် ရေ .. မနေ့က အလှူခံစာအိတ်လေး ဘယ်မှာထားလိုက်လဲ .."

"ရှင် .. ဟိုလေ ..."

ဒေါ်သိန်းသိန်းမြင့် မေးသံကြောင့် မီးဖိုပေါ်က ပေါင်မုန့်ကို စောင့်နေရင်း ဒေါ်ကြည် ဗျာများသွား၏။

ထိုအခါ သူ့ကို တည်ခင်းကျွေးမွေးဖို့အလုပ်က ကိုယ့်တာဝန် ကျခဲ့လျက် ...

"မင်း မစားဘူးလား .."

ပန်းကန်လာချသည့်လက်လေးကို ညီ က ဆွဲထားလိုက်ကာ စူပုပ်ပုပ် မျက်နှာလေးကို မော့ကြည့်၏။ ခါးစည်းလေးနှင့် ကြည်ပြာရောင် ညဝတ်ဂါဝန်ပွပွလေးကိုတောင် မလဲနိုင်ပါလား ..၊



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ လွဲဖို့ ဖယ်ဖို့ မီးဖိုချောင်ထဲ ပြေးဝင်ပြီး မြန်မြန်စား .. မြန်မြန် လစ်ထွက်ဖို့ ..၊

"ပင်ပန်းနေပြီ .. လာ .. အတူတူ စားမယ် .."

"မစားချင်ပါဘူး ..၊ ထမင်းကြော် စားမလို့ .."

"ဒါ မင်း စားဖို့ ကြော်နေတာ မဟုတ်ဘူးလား .."

ဆွဲထားသည့်လက်ကို လိမ်ဖယ်ရုန်းနေရင်း ပိုက် က ခေါင်းခါသည်။

"အဲဒါ ရှင့်အတွက် ဒေါ်ကြီးကြည် ကြော်နေတာ .."

"ကိုယ် ဘယ်တော့မှ ပေါင်မုန့်ကြော် မစားဘူး .."

"မစားချင်လည်း ခု ဒါပဲ စားလိုက်တော့ ..၊ ဖယ်ပါ .. မျက်နှာ မသစ်ရသေးဘူး .."

"ဘာ!..."

ပိုက် က လက်ကို ဖျတ်ခနဲ ဆောင့်ရုန်းကာ ...

"ဟုတ်တယ် .. ရှုံ့ရင် မစားနဲ့ .."

သူမ လှည့်ထွက်သွားတော့ ကိုယ့်ဘာသာ မကျေမနပ် ကျန်ရစ်၏။ သူမ ဒီလောက် အသန့်အပြန့်ကြိုက်တတ်တာ မျက်နှာမသစ်ရသေးဘဲ မီးဖိုချောင်ထဲ ဝင်နေမလား ..။

တော်တော် အသည်းမာတဲ့ မိန်းမ ..။





အခန်း (၆)

"ဘာ!... တစ်ပတ် ဟုတ်လား .."

"ဟုတ်ကောင်း ဒါတော့ မင်း လွန်တာ ..၊ ကိုယ့်မိန်းမပဲကွ.. မရရအောင် ချော့ရမှာပေါ့ .."

"ချော့ဖို့ကို အခွင့်အရေး မပေးတာ .."

"ချော့ဖို့ အခွင့်အရေးပေးတယ်ဆိုတာ ရှိသလား ..၊ လိုချင်တဲ့သူ က ရှာရမှာလေ .. မင်းကွာ .. ကိုယ့်ကို ဒီလောက်ချစ်တဲ့ မိန်းမကို များ .."

"မင်းတို့ ထင်နေတာကိုး .."

"အားလုံး မြင်ပါတယ်ကွာ .. ကြိုက်မရှက် ငိုက်မရှက် ဖြစ်နေ တာကို .."

ဒီလိုပြောလာကြတိုင်း သူ မရှင်းတတ်ပေ ..၊ ပိုက် က ချစ်တယ် ချည်းပဲ ပြောနေကြပေမယ့် ခံစားနေရတာတော့ သူချည်းပါပဲလား ..။



www.burmeseclassic.com

www.burmeseclassic.com



မယ်မင်းကြီးမလေးကို မြင်လိုက်ရရင် မေမေနဲ့ ရယ်မောနေတာ.. မေမေ့ကို အလုပ်ကိစ္စတွေ ဝိုင်းကူနေတာ .. ပြီးတော့ စားသောက်နေပြီ ဆို တစ်ဝတစ်ပြဲ ..၊

သူ့မှာ ဘယ်အိပ်ခန်းထဲမှာမှ မထိုင်နိုင်ဘဲ ညညဆိုလည်း အိမ်မှာ ထိုင်နေလို့ကောင်းသည့်နေရာမှန်သမျှ ဖင်ပူမှ ရွေ့ဖြစ်သည်။

စားသောက်နေချိန်တိုင်း သူမနဲ့ ဆုံဖြစ်မလားလို့ အဝင်ချောင်း.. အထွက်ချောင်းနှင့် ဘယ်မှာ ကောင်းကောင်း မျိုကျခဲ့လို့လဲ ..၊

"နေပါဦး .. မင်းကို ဒီလောက်စိတ်တိုသွားရအောင် ဘယ်အလုံးနဲ့ ထိချက်ပြင်းသွားတာလဲ .."

"ဟော့ကောင် .."

"စကားလုံးကို မေးတာ .."

သူ ထား တို့ ပြောသွားတာတွေကို ပြန်ပြောပြရင်း ...

"ထား တို့ကလည်း လွန်တယ်ကွာ .. ဆင် ကျီစားရာ ဆိတ် မခံနိုင် .."

"ဟော့ကောင် ညီ .. အဲဒါ ကျီစားတာ မဟုတ်ဘူးကွ .. သေချာတွေးကြည့်တော့ မိန်းမချင်း ဖိုက်ကြတာ ..၊ မင်းကိုက .."

"ဟုတ်တယ် .. ဟုတ်တယ် .. ထား က သိပ်ပါးစပ်ရဲတာ..၊ သူ့ကို တစ်ခုလပ်လို့ သူများပြောနေကြတာ ဟုတ်သလားတောင် မသိဘူး..၊ ရယ်ပြနေတိုင်း နောက်တယ် မထင်နဲ့ .. ခံရတဲ့လူက သကြီးမုန့်လုံးထဲက ရေတ်သီး ကိုက်မိသလိုပဲ .. ထသတ်လည်း မရ ..၊ ရယ်လည်း မရယ်နိုင် .."

သူငယ်ချင်းတွေ တစ်ခါတလေ ဆုံမိပါတယ် ...၊ ပြိုင်ပွဲအကြောင်း သိပ်မပြောလိုက်ရဘဲ သူမအကြောင်းနဲ့ပဲ ပြီးခဲ့၏။





ဒီကြားထဲ ကားကြည့်မယ်ဆိုပြီး ဦးနေမျိုး က ဟိုခေါ် ဒီခေါ် ..၊ ပြီးတော့ ...

"မင်းရော အခု ဘာလုပ်ဖို့ စိတ်ကူးရှိသလဲ" တဲ့ ...။

"ခုတော့ လယ်ယာ ပြန်စားရေးပဲ .."

သူ ရယ်ပြီးပြောတော့ ဦးနေမျိုး ကလည်း ရယ်သည်။ ပြီးတော့ ဘာမှမမေးတော့ပေ ..၊ သို့သော် ကားရှာတော့လည်း ကားမို့လို့ ..၊

နောက်နေ့တွေမှာ ဖုန်းဆက်ခေါ်ပြီး ကုမ္ပဏီကို ခေါ်သွားလိုက်..၊ ဒင်နာတွေ ပို့နိုင်းလိုက်နှင့် ...

"အားနာပါတယ်ကွာ .. ဦးက လူစိမ်းဆိုရင် လူယုံမွေးဖို့ မပြောနဲ့ ဒရိုင်ဘာတောင် မထားတတ်ဘူး ..၊ အဲဒါ တခြား ဘာညာသံသယတွေ ရှိလို့ မဟုတ်ဘူး နော်.. ဘာမဆို ကိုယ်တိုင်လုပ်ရတာကိုပဲ ကျေနပ်လို့.."

ဒါကတော့ မှန်နေတာမို့ ငါ့ကိုပဲ ခေါ်ခိုင်းနေတာ ရိုးရဲ့လား ဆိုသည့်အတွေးက ပြန်ပျောက်သွားသည်။

"အိမ်မှာ အကူခေါ်ရတာ လူကောင်းသူကောင်းက ရခဲတယ်ကွ.. ဦးက အလုပ်သမားခေါ်ရင် သူ့လုပ်အားရော .. သူ့ဆီက စေတနာပါ လိုချင်တဲ့သူ ..၊ ဘယ်အလုပ်ပဲ လုပ်လုပ် ကိုယ်က ခိုင်းတာဖြစ်စေ .. ကိုယ်က လုပ်ပေးတာဖြစ်စေပေါ့ စေတနာပါမှ တိုးတက်တာ .."

သွားရင်းလာရင်း စကားတွေများတတ်တာလည်း ရှိကာ ငြီးငွေ့သွားလောက်အောင် အပ်ကြောင်းထပ်အောင် ပြောနေတာမျိုးလည်း မဟုတ် ..၊

"ဒါပေမယ့် ငွေရှာဖို့ ရောက်လာတဲ့လူမှာ စေတနာပါဖို့ကတော့ ရာခိုင်နှုန်းတောင် မသေချာဘူးမို့လား .. မျှော်လင့်နေရင် အလွဲဖြစ်မှာပေါ့ ..၊ ဒါကြောင့် သူများကိုလည်း မခိုင်းချင်ဘူး .. ခိုင်းတိုင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုင်းကျခဲ့တာ မရှိဘူး .. ဥပမာကွာ ဒရိုင်ဘာတောင်မှ လစ်ရင် လစ်သလို နိုးဂုက် လှုပ်ရှားတာတွေ .."

ဦးနေမျိုး ရဲ့ သေချာမှုကလည်း ကိုယ့်ကိုယ်ကိုယ် နှိပ်စက်ကလူ ပြုစေသော သေချာမှုမျိုး ဖြစ်သည်မို့ သူပါ မသက်သာခဲ့ပေ ..၊ ဒါတောင် ပြောသေးသည်။

"မင်းသာ စီးပွားရေးတွေကို စိတ်ဝင်စားလာခဲ့ရင် အရမ်းတော် မယ့်လက္ခဏာပဲ ညီ ..၊ မင်း အမြင်စူးတယ်ကွ .. မဆိုးဘူး" တဲ့ ..။

မစူးချင်လို့လည်း မရ ..၊

သူ ခေါ်သမျှ လိုက်နေရတာတွေမှာ ဒါလေး ကြည့်ထားပေး ဆို တာက တစ်မျိုး ..၊ ဘယ်သူလာရင် ဘာလုပ်ထားဖို့ ခိုင်းထားလိုက်ပါ ဆိုတာလည်း ရှိသေးသည်။

ဒါလေး တစ်ချက်စစ်ပေးစမ်းပါ ညီ ရယ်.. ဦး ခေါင်းတွေ ချာချာ လည်နေပြီဆိုတာတွေက မရှား ..၊ ကိုယ့်မိဘကျတော့ ခိုင်းရင် လုပ်ချင်မှ လုပ်လို့ ရသည်။ တစ်ခါကျတော့ မကောင်းတတ်တာတွ ရှိလာခဲ့ သည်။ ဦးနေမျိုး ကို မလွန်ဆန်ချင်တာကတော့ ပိုက် ရဲ့ ဦးလေးအရင်း ကြီးမို့ ကိုယ့်ရဲ့ယောက္ခမဆိုလည်း ဟုတ်သည်မို့ ...

"ပိုက် ရှိလား မေမေ .."

"မရှိဘူး သား .. ခုနကလေးပဲ အပြင်ထွက်သွားတယ် .."

ရင်ထဲမှာ အောင့်သွားသည်။ ကိုယ်ကတော့ သူ့ဦးလေးရဲ့ အမှတ် ကောင်းနဲ့ အောင်မြင်ရေး စာမေးပွဲမှာ မကျရှုံးဖို့ အလိုလိုက် အကြိုက် ဆောင်နေရသည်။

သူမကတော့ ဘာလဲ ..၊

"တောက်!..."





ဖုန်း ချက်ချင်းခေါ်လိုက်တော့ သူငယ်ချင်းမွေးနေ့မို့လို့ 'နန်း သီတာ' မှာ စားသောက်နေသည်တဲ့ ..၊

"ဘယ်အချိန် ပြီးမှာလဲ .."

"ဘာလုပ်မလို့လဲ .. ပြီးရင်လည်း သွားစရာရှိသေးတယ် .. မေမေ့ ကို ပြောခဲ့တာပဲဟာ ..၊ ဒီကိုလာတော့လည်း ဖေကြီးကားနဲ့ လိုက်ခဲ့ တာ .."

"သိကြားမင်း ပို့တဲ့ နတ်ရထားနဲ့ဖြစ်ဖြစ် .. နောက် နာရီဝက်ကြာ ရင် လာခေါ်မယ် .. ဒါပဲ .."

သူ့လိုပဲ ပိုက် ကလည်း ပြောချင်တာ မပြောလိုက်ရဘဲ ဖုန်းချခံ လိုက်ရတာကို ဒေါကန်နေကာ ...

"သူ့စိတ်ချည်းပဲ .. မပြောလိုက်ချင်ဘူး .."

"စိတ်ဆိုလည်း စိတ်ပါစေတော့ ပိုက် ရယ် .. လက်ထပ်ကြတာ ဖြင့် ရက်ပိုင်းပဲ ရှိသေးတယ် ..၊ မခေါ်ကြတာ တစ်လလောက်ရှိပြီ ဆိုတော့ .. နင့်ဟာက .."

"အေးလေဟာ .."

"သူကလည်း မာနနဲ့ပဲ ယွန်း .. သူက စပြီး အခန်းခွဲအိပ်တာ.."

"နင်က စတာ ဆို .."

"ငါက အခန်းခွဲတာ မဟုတ်ဘူး .."

"ဘာဖြစ်ဖြစ်ဟာ နင်ပဲ တစ်ပိုင်းသေအောင် ချစ်ခဲ့ပြီးတော့ .."

"နှစ်ပိုင်းစလုံး သေအောင်ပဲ ချစ်ချစ် ဒါတော့ သည်းမခံနိုင်ဘူး .. သူ ငါ့အပေါ် ကြိုက်သလို မိုလ်ကျ ဘယ်လိုနိုင်နိုင်ပေါ့ ..၊ အခု [illegible] တွေ ရှေ့မှာ ငါ့ကို သူငယ်နှပ်စားလို အရှက်ခွဲခဲ့တာ .."

"နင်ကလည်း ပိုက် ရယ် .."



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး မပြောနဲ့ ဝတီ .. သူက ငါ့ကို မာနပြိုင်လိုက်တော့ ငါ ပိုပြီး စိတ်တိုတယ် ..၊ ပြီးတော့ စိတ်နာသွားတယ် .. ငါ့ကို ကျေနပ်လောက်အောင် သူ ဘာမှ ရှင်းမပြနိုင်တာကိုက .."

"ဟဲ့ .. တချို့က အဲဒါမျိုး ရှုပ်ရှုပ်ပွေပွေတွေကို မရှင်းတတ်ဘူးဟ.. ပြီးတော့ စကားတတ်တဲ့လူရှေ့မှာ ကိုယ့်မှာ အမှန်တရားရှိပေမယ့် နိုင်အောင် ပြိုင်မပြောတတ်ကြတာတွေလည်း ရှိတယ် ..၊ သူ့ခမျာ နင့်ကို ရှင်းပြမရတာနဲ့ နင့်ဦးလေးကို သွားကပ်ပေါင်းနေတာလားမှ မသိတာ.."

"အေးလေ .. သူ့အမေကိုတောင် ဘာမှ ပိုင်းမကူဘဲနဲ့ နင့်ဦးလေးနဲ့ တတွဲတွဲ ဆို .."

"တွဲချင်လို့ တွဲတာ မဟုတ်ဘူး .. ဦးဦး က ဖွတ်ခေါ် .. ဖွတ်ခိုင်းလုပ်နေတာ ..၊ ဦးဦး အကြောင်း ငါ သိတယ် .. အဲဒါ မတိုက်တွန်းဘဲနဲ့ ညင်သာစွာ စည်းရုံးတဲ့နည်းပဲ ..၊ သူ့ကို အလုပ်တစ်ခုခု လုပ်စေချင်နေလို့ ဖြစ်မှာပေါ့ .."

"ဘာပဲဖြစ်ဖြစ် နင့်ကျတော့ သူ့မိဘတွေရှေ့မှာ သူတို့ရဲ့သားကို မခေါ်မပြောဘဲ နေတာ ပေါ်တင်ကြီးလေ .."

"သူလည်း ပေါ်တင်နေလေ .. ငါ ဘယ်လိုနေနေ မေမေတို့က ငါ့ကို မငြိုငြင်ဘူး ..၊ ဘယ်ငြိုငြင်မလဲ .. မေမေတို့ကို ငါ [illegible]ချင်းနဲ့ ပေါင်းတာ ..၊ သူသာ ဦးဦး နားမှာ နေရပေမယ့် စိတ်ကတခြား လူက တခြား .."

"သူများစိတ်ကိုတောင် သူက လှမ်းသိနေသေးတယ် .."

"သိတယ် .. ဒီထက်တောင် သိသေးတယ် ..၊ ငါ အရမ်းဝမ်းနည်းတယ် သိလား .. သူ့ကောင်မတွေနဲ့ ယှဉ်လိုက်မှ ငါ့အဆင့်အတန်းကို ငါ နားလည်သွားတာ .."





"ဟဲ့ .. ဟဲ့ .. ဩော် .. ဟိုက လာခေါ်မယ်လို့ ဆက်ထားကာမှ.."

ယွန်း တို့ နှစ်ယောက်စလုံး ထလိုက်ခေါ်ကြပေမယ့် ပိုက် က ဖွတ်ပြန်သွားသည်။ လမ်းကျမှ ဖုန်းပြန်ဆက်၏။

"ဝတီ ခဏလာတုန်း ဆုံရတာကို ငါ ထွက်ခဲ့မိတာ ဆောရီးပါဟာ .. မပြန်သေးခင် တစ်နေရာမှာ ဆုံကြဦးမယ်နော် .. ဟိုလူ မလာခင် ပြန်ချင်တာနဲ့လေ .."

သူတို့မှာ စားသောက်ပွဲလေးတောင် ပြီးစီးအောင် မကျင်းပလိုက်ရပါ။ မရှေးမနှောင်းမှာပဲ ညီ ရောက်လာခဲ့ကာ ပိုက် ပြန်သွားပြီးမှန်း သိတော့ ခြေကုန်လက်ပမ်းကျသွားသည့် မျက်နှာကြီးနှင့် ...

"ကျွန်မတို့လည်း တားပါတယ် ကိုညီ ရယ် .. သူ ငိုပြီး အတင်း ထွက်သွားတာ .."

"ဘာ!... ငိုတယ် ဟုတ်လား .."

"ဟုတ်တယ် .. ကျွန်မတို့လည်း ကိုညီ တို့ ဒီနေ့ထိ မတည့်ကြသေးတာကို ခုမှ သိရတာ ..၊ ဒါတောင် ဝတီ က သူ့မွေးနေ့ကို ရန်ကုန်ရောက်လာတုန်း လုပ်မယ်ဆိုပြီး ဆယ်ရက်စောပြီး လုပ်နေကြတာရယ်.."

"ခက်တယ်ဗျာ .. တော်တော်ကိုဆိုးတဲ့ ကောင်မလေး .."

ငိုသွားသည်ဆိုတော့ ဒေါသ၏အရှိန်က တစ်ဝက်ပြေပြီးသား ဖြစ်၏။ ဘာလို့ ငိုတာမှန်းလည်း သိချင်မိသည်။

ပြဿနာဖြစ်ခဲ့တာက ကြာပြီပဲ ..၊

သူကတော့ ဦးနေမျိုး နဲ့ အဆင်ပြေနေရင်လည်း တစ်မျိုးကောင်းတာပဲဆိုပြီး သူမကို ချော့ခွင့်မသာတဲ့အတူတူ အပြင်ကိုချည်း ကြည့်နေမိတာပါ ..။

ဒါကို မေမေတို့ကလည်း သဘောတွေ ကျနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးလုပ်ငန်း တစ်ခုခုနဲ့ ထိတွေ့နေသည်ဆိုတော့ ဘယ်လုပ်ငန်းဖြစ်ဖြစ် ကြည်ဖြူကြသည်။

ထို့ပြင် ညားကာစ လင်မယားချင်း လနဲ့ရှိပြီး ရန်ဖြစ်ကြတယ်ဆိုတာ ရှိဖူးလို့လား ..၊ ဒီနေ့ထိ ပိုက် နဲ့ သူ မခေါ်ကြတာကို မသိကြတာလည်း ဖြစ်နိုင်၏။

သူ့မှာတော့ ချော့ဖို့ကြိုးစားတိုင်း ဘုဘောက်တွေပဲ ပြောရ ..၊ နှင်လွှတ်ခံရနှင့် တစ်ရက်မှ အဆင်မပြေ ..။

တစ်ခါတစ်ခါကျတော့လည်း 'ငါ ဘယ်လောက်တောင် မှားခဲ့လို့လဲ'ဆိုသည့် အတွေးနှင့် မာနက ခေါင်းထောင်ချင်၏။ ဒါဆိုရင် ...

"မင်းကိုက လွန်တာ" လို့ သူငယ်ချင်းတွေ ပြောသလို ဒီနေ့ထိ လင်မယားချင်း ပြတ်စဲနေကြတာ သူ တကယ်လွန်တာလား ..၊

'မဖြေနိုင်' ..၊





အခန်း (၇)

"ဟတ်ချိုး .."

"ဟော .. နှစ်ခါ ရှိပြီ .."

ဦးညီလွင် က မောက်စ်ပေါ် တင်ထားသည့်လက်ကို ပြန်ရုပ်ပြီး ပိုက် ကို ကြည့်သည်။

ပိုက် က လက်ကိုင်ပဝါလေးနဲ့ နှာခေါင်းပွတ်နေရင်း ရယ်ပြ၏။

"သမီး နေကောင်းရဲ့လား .."

"ကောင်းတယ် ဖေကြီး .. တစ်ခါတစ်ခါ ဒီလိုပဲ ..၊ ဘာမှ မဖြစ်ဘူး ရတယ် .."

ပြောနေရင်း ဟတ်ချိုး ထပ်ဖြစ်တော့ ဒေါ်သိန်းသိန်းမြင့် က ဆေးယူလာပေးသည်။

"ရော့ သမီး .. ဒီကိုဂျင်နီလေးတော့ သောက်ထားလိုက်ဦး ..၊ ခဏနေလို့မှ မသက်သာရင် ဆရာဝန်ဆီ ဖုန်းဆက်ရမယ် .."



www.burmeseclassic.com

www.burmeseclassic.com



“အင်း .. မင်းပဲ ထွက်လာတာပဲ ..၊ ဘယ်မှာလဲ ညီ က ..”

“ရှင့်သားက ဒင်နာသွားတယ်လေ .. ကိုနေမျိုး က နေမကောင်းလို့တဲ့ .. သူ့ကိုယ်စား သွားပေးပါဆိုလို့ တဲ့ ..”

“ဟုတ်လား ..”

ဦးညီလွင် က ပိုက် မျက်နှာလေးကို ကြည့်ကာ ...

“ငါ့သမီးက မျက်နှာလေးသာ ကလေးဆန်ဆန်လေး ဖြစ်နေတာ အရည်အချင်းက မသေးဘူးကွ ..”

“ဟုတ်ပ ..”

“ရှင်!...”

နောက်ထပ် နှာမချေအောင် နှာခေါင်းကို ဖိပွတ်ရင်း အလုပ်ရှုပ်နေသဖြင့် ပိုက် သေချာ မသိလိုက် ...။

“သမီးယောကျ်ားက ခုမှ စီးပွားရေးတွေ ဘာတွေ စိတ်ဝင်စားလို့လေ ..၊ ဖေကြီးတို့အနေနဲ့ကတော့ သူ့စိတ်သန်ရာကို အားပေးဖို့ အခွင့်သင့်ပဲ .. တစ်ခုတော့ ရှိတာပေါ့ ..၊ စိတ်သန်တာက စီးပွားရေးမဟုတ်ဘဲ ဝါသနာတွေ ဘာညာတွေဆိုရင်တော့ စဉ်းစားရမယ် ..”

“သမီးရဲ့ဦးလေးနဲ့ အဆင်ပြေနေတာဆိုတော့ ပိုကောင်းပါတယ်..၊ ကိုနေမျိုး ကလည်း တော်တဲ့လူပဲ .. သမီးတို့က ရန်သာဖြစ်နေကြတာ ကိုယ့်တာဝန် ကိုယ်ကျေပွန်ကြတယ်ဆိုတော့ စိတ်ပူတဲ့ကြားက ရင်အေးရတာပေါ့ကွယ် ..”

‘အဲဒါ မဟုတ်ဘူး မေမေ .. မေမေ့သား ပိုက် ကို အောက်ကျို့ခယရမှာ စိုးလို့ လမ်းထွင်ပြီး ရှောင်နေတာ ..’

စိတ်ထဲကပြောရင်း မျက်နှာလေးကတော့ ပြေပြေပြစ်ပြစ်ပဲ လုပ်ထားရသည်။





ဦးညီလွင် ပရင့်ထုတ်ထားသမျှ ဒီဇိုင်းကြမ်းတွေကို အတွင်းဒီကရေးရှင်းနဲ့ တိုက်ပုံစံ တွဲ၍ သေချာမှတ်ပေးနေရင်း ခေါင်းကိုက်နေတာတွေ လျော့ပါးလာတာကို သတိထားမိ၏။

“သက်သာရဲ့လား သမီး .. နှာခေါင်းကတော့ တရှုံ့ရှုံ့နဲ့ ရှိသေးတယ် ..”

“သက်သာနေပြီ မေမေ .. ပျောက်သွားပြီ ..”

တကယ်တမ်း ပျောက်သွားအောင် နောက်ထပ် ဆေးတစ်လုံးထပ်ယူပြီး ကိုယ့်ဘာသာ သောက်ချပစ်လိုက်သည်။ ဘယ်သူမှတော့ မသိလိုက် ..၊

“အကိုက်အခဲပျောက်ဆေးတွေက နည်းနည်း ထိုင်းမှိုင်းတတ်တယ် ..၊ သမီး သွားအိပ်တော့လေ ..”

ဒါတောင် ပိုက် ဆေးထပ်သောက်ထားတာကို ဦးညီလွင် မသိသေး ..၊

“ရပါတယ် ဖေကြီးကလည်း ..”

အမှန်မှာ ညီ ပြန်မလာသေးလို့ အခန်းထဲ ဝင်မနေချင်တာ ဖြစ်သည်။ သူ အပြင်ထွက်နေတဲ့ ညတွေဆို ပိုက် ဘယ်လိုမှ အိပ်မပျော်ခဲ့ပေ ..။

ဘယ်သွားတာလဲ ဖုန်းဆက်မေးချင်စိတ်တွေ .. နောက်က လိုက်ကြည့်ချင်လာတဲ့စိတ်တွေ သောကများစွာ ပွားများနေရသည့်စိတ်ဟာ ကိုယ့်ဦးလေးကိုတောင် မကျေနပ်ချင် ..၊

ဒီလူ လမ်းများအောင် တမင် လမ်းစပေးနေတာ ..၊

မနေ့က ဖုန်းဆက်ပြီး ဒီတိုင်းပြောချလိုက်တော့ ဦးဦး ရယ်လိုက်တာ လူကို ကလေးလိုလို .. ဟာသလိုလို ..၊

www.burmeseclassic.com

www.burmeseclassic.com



"သမီး နောက်ကျမှ ဦးဦးကို ကျေးဇူးတွေ တင်လာလိမ့်မယ် ...၊ အဲဒါ ညည်းအတွက် နားလည်ရဲ့လား .." တဲ့ ...၊

မလည်ပါဘူး ...၊

"သမီးရေ .. သမီးဖေကြီးကို ကူညီမှာဆိုလည်း ကူ .. နားချင်ရင်လည်း ဝင်နားတော့ နော် .. ဒီပုံစံဆို သားက အိမ်ပြန်နောက်ကျမယ် ထင်တယ် .."

ထွက်သွားတဲ့လူကလည်း ဖုန်းမဆက် .. ဒီကလူကြီးတွေကလည်း ဟိုဘက်ကလူကြီးကို အားနာနေရတော့ ဖုန်းတဂွမ်ဂွမ် ဆက်ဖို့ မသင့်တော်ဘူးထင်ပြီး ဒီတိုင်း ထိုင်မျှော်ကြ၏။

သူကိုက နေနိုင်လွန်းတာ ...၊ အိမ်ပြန်နောက်ကျမယ်ဆိုရင် ပိုက်တစ်ယောက်လုံး ရှိနေတာကို ဖုန်းဆက်ပါလား ...၊

ကိုယ့်ကို တိုက်ရိုက် မဟုတ်ရင်တောင် ပြန်မယ့်အချိန်လေးဖြစ်ဖြစ် .. ဒါမှမဟုတ် သွားတဲ့နေရာလောက်တော့ တစ်ယောက်ယောက်ကို လှမ်းပြောလို့ ရတာပဲ ...၊

ထိုညက ဘယ်လိုအဖြစ်တွေကြောင့်မှန်း မသိဘဲ မျက်တောင်တွေ စဉ်းလာခဲ့သည်။

အကြောင်းအမျိုးမျိုးပြပြီး ထိုင်ရာမထ လုပ်နေခဲ့ရင်း စားပွဲပေါ် မျက်နှာတင်ရင်း အိပ်ပျော်သွားခဲ့၏။

စိတ်သည် ငယ်ငယ်တုန်းကလို လျှောစီးနေခဲ့သလား ...၊ တစ်ယောက်နဲ့တစ်ယောက် ကျောကုန်းပိုးတမ်း ကစားနေခဲ့သည်လား ...၊

သက်သောင့်သက်သာနှင့် သာယာနေသည်။

ပြီးတော့ သူမ ပြေးနေသလိုနှင့် အပြေးလွန်ပြီး ခြေထောက်တွေပါ လွတ်ကုန်သည် ထင်၏။





လူက မြောက်ကြွ လွင့်ပါသွားခဲ့ရင်း အမြင့်ရောက်မှ ပြန်ပြုတ်ကျလျှင် ...

"အား!..."

ရင်ထဲမှာ အေးခနဲ ဖြစ်သွားသည်။ ထို့ပြင် တစ်ကိုယ်လုံးသည် မွေ့ရာပေါ် ပစ်စလက်ခတ် ကျသွား၏။

"ညီ .."

မွေ့ရာပေါ်ကနေ လူးလဲထရင်း ကိုယ်ရောက်နေရာကို ပြူးပြဲကြည့်မိသည်။

ဒါ သူမ အိပ်ခန်းလည်း မဟုတ် ...၊ နှစ်ယောက်အိပ်ခန်းလည်း မဟုတ်ဘဲ ...

"ဘာဖြစ်လို့ သူများကို ရှင့်အခန်းထဲ ခေါ်လာတာလဲ .."

ညီ က အင်္ကျီကြယ်သီးတွေ ဖြုတ်ရင်း မှန်ရှေ့မှာ ရပ်နေရာကနေ ဈာတ်ခနဲ လှည့်လာ၏။

"ညှော်ခန်းမှာ ကုလားသေ ကုလားမော အိပ်နေတော့ အိပ်စရာနေရာ မရှိဘူးလားလို့ ခင်ဗျားကို ပွေ့ခေါ်လာရတာ ...၊ ပြီးတော့ ..."

"ဟွန်း .."

ပိုက် ခုတင်ပေါ်ကနေ ဆတ်ခနဲ ဆင်းရပ်လိုက်ကာ ...

"ဖေကြီးကို အလုပ်ကူလုပ်ပေးရင်း အိပ်ပျော်သွားတာ ...၊ ဘာလုပ်နေတယ် ထင်လို့လဲ .."

"ဘယ်သူက မေးနေလို့လဲ .."

"ရှင်ကြီး ပါးစပ်အရသာခံ ပြောနေလို့ ပြောပြတာ .."

"နေဦး .."

"ဖယ်ပေး နော် .. ဒီတစ်ခါ တကယ် မအော်ဘူး မကောင်နဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ပြောလို့ မပြီးသေးဘူးလေ .. မင်းကို မွေ့ခေါ်လာရင်းနဲ့ စိတ်တွေ ဖောက်ပြန်လာလို့ အခု ..."

"ရှင် နော် .."

အရက်နံ့က နှာခေါင်းထဲ ဝင်လာသည်။ ထို့ကြောင့် မျက်နှာကို စိုးရိမ်စိတ်နှင့် သေချာ မော့ကြည့်မိသည်။

ညီ က ရှေ့ကို တိုးကပ်လာကာ ...

"ဟွန်း .. ကိုယ် အနားကပ်လာတာနဲ့ အော်မယ် ဟစ်မယ် ဖြစ်လွန်းလို့ ဒီတစ်ခါ ဆုံးဖြတ်ထားတယ် ...၊ အသံ လုံးဝ မထွက်နိုင်အောင် ချုပ်ပြီး မင်းကို ..."

"ညီ .. ညီ နော် .. မရဘူး .. ရှင့်ကို .. အား!..."

ပိုက် သူနဲ့အတူ မွေ့ရာပေါ် ရောထွေး ပါသွားခဲ့ပြီး ...၊

သူ ချော့မလားလို့ မျှော်နေမိကာမှ ...၊





အခန်း (၈)

"ပိုက် .."

"ဖယ် နော် .. ရှင့်ကို ကျေအေးလိုက်ပြီ မထင်နဲ့ .."

"ပိုက် ကကွာ .. ဒီလောက်ထိ မောင် တောင်းပန်နေတာကို.."

"ဘယ်မှာ မောင် လဲ .. ရုပ်ကြမ်းကြီးနဲ့ လာခွဲ့မနေနဲ့ ...၊ ဟွန်း..."

"ဟား .. ဟား .. ဟား ..."

"ရှင် ဘယ်လိုဖြစ်နေတာလဲ ...၊ ဖယ်ပေး .. သွား .."

"မောင်လို့ ခေါ်မလို့ ဆို .. ခု ကိုယ်က မောင် ဖြစ်နေပြီ..၊ လှည်း.. ဒီဘက်ကို .."

"ဟင့်အင်း .."

လူကို မချော့ချင်လို့ အနိုင်ကျင့်ပြီးတော့ စကားရောဖောလျှော လာလုပ်တာ ...၊

ကိုယ့်အတွေးနဲ့ကိုယ် ဘယ်လိုမှ ကျေနပ်လို့ မရနိုင်ဘဲ မျက်ရည် ပါ ဝေလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... ငိုနေတာလား .. ပိုက် ကလည်းကွာ .. မောင်က ချစ်လို့ စတာပါ .."

ဘယ်ကိုင်ကိုင် ပုတ်ချ ထုနက်ပစ်ကာ မွေ့ရာခြေရင်းမှာ ငုတ်တုတ်ထိုင်၍ လက်ပေါ်မှာ မျက်နှာအပ်၍ ငို၏။

"ပိုက် .."

ညီ က အတင်းမွေ့ဖက်ကာ မျက်နှာလေးကို မော့ယူဖို့ကြိုးစား၏။

"မောင် ဘာပြောမိလို့လဲ .. မောင်က ကိုယ့်မိန်းမကိုတောင် ချစ်ခွင့် မရှိတော့ဘူးလား ..၊ ပြောပါဦး .. မောင့်ကို စိတ်ဆိုးသွားတာလား.."

"ဟုတ်တယ် .. ရှင် ပိုက် ကို မူးမူးရူးရူးနဲ့ လာပြီး .."

"ဟာကွာ .."

"ညှော်ခန်းမှာ အလွယ်လေး မွေ့ခေါ်လာလို့ ရတာနဲ့ ...."

"မဟုတ်ရပါဘူး ပိုက် ရာ .. ကိုယ့်မိန်းမကို ဒီလောက် ချစ်နေတာ .. ဘယ်ကအလွယ်တကူတွေ ပါလာတာလဲ ..၊ ကလေးလေး ကျနေတာပဲ .."

"ဟင့်အင်း .. အဲဒီလိုမျိုး လူကို ကလေးလိုလို မွေးလိုလို ပြောတာလည်း မကြိုက်ဘူး ..၊ ပိုက် ကို ညီ အဖက်မတန်ဘူး ထင်လို့ မချော့ချင်တာ .."

"မောင် လိုက်ချော့နေတာ မင်းမှ အနားကပ်မခံဘဲ .."

"ချော့တာမှ မဟုတ်တာ ..၊ ပိုက် ကို ညီ မြင်တာနဲ့ အတင်းဆွဲ အတင်းပဲ နမ်းချင်တာ .."

"ဟား .. ဟား .. ဟား .."

"မရယ်နဲ့ နော် .. ခုတင်ပေါ်က တွန်းချပစ်လိုက်မယ် ..၊ မယုံဘူး မမှတ်နဲ့ .."





"မင်းက အရမ်းချစ်ဖို့ကောင်းတာပဲ ပိုက် ရယ် .."

"ညီ နော် .."

"တကယ်ပြောတာ .. မင်းမျက်နှာလေးကို မြင်တာနဲ့ ရင်တွေခုန်လာတာကိုး နမ်းမိတာပေါ့ .. အဲဒါ ချစ်လို့ .."

"မဟုတ်ဘူး .. ညီ ကို ဒီက အတင်းလိုက်ချစ်ခဲ့တာ ..၊ ညီ အဲ့ဒါကြောင့် ..."

"ပိုက် တော်တော့ ..၊ မင်း ..."

"လူကို မအော်နဲ့ .."

ညဉ့်နက်နက်မှာ နှစ်ယောက်ရဲ့အသံတွေ စူးခနဲ ကျယ်သွားလိုက်.. ပြန်တိုးသွားလိုက်နှင့် ... *

"မင်းကို ကိုယ် အရမ်းတန်ဖိုးထားခဲ့တာ ..၊ ဘယ်မိန်းမကိုမှ ချစ်ကြည့်ဖို့တောင် စိတ်မကူးခဲ့ဘူးဘဲနဲ့ မင်းကို လက်ထပ်ဖို့ထိ မြတ်နိုးခဲ့တာ .."

ပိုက် က မျက်ရည်စိုသော ပါးပြင်လက်လက်လေးတွေနဲ့ သူ့ကို ကြည့်သည်။ ရှိုက်သံတို့ တစ်ချက်တစ်ချက် ရှိနေဆဲနှင့် ...

"သူများတွေနဲ့ ယှဉ်လိုက်တဲ့အခါ ပိုက် ကို ဂရုမစိုက်တာ အရမ်း ခံစားရတယ် ..၊ အဲဒီအတွက် ဘယ်လိုမှ ကျေနပ်ပေးလို့ မရဘူး... ပိုက်က သူများအထင်မြင်သေးစရာတွေ လုပ်ခဲ့တဲ့သူမို့လို့ ပိုပြီး ခံစားရတယ်"

"မင်းကို အများတကာထဲကနေ နှိုင်းယှဉ်ရွေးထုတ်ခဲ့တာမှ မဟုတ်ဘဲ ပိုက် ရယ် .. ဘာဖြစ်လို့ အဲဒါတွေ လိုက်ကြည့်နေတာလဲ ..၊ မင်းနဲ့ ဘယ်သူနဲ့မှ ကိုယ် မလဲနိုင်ဘူး ..၊ တူလည်း မတူဘူး .."

"ရှင် ဟိုမိန်းမတွေ သူများကို ဖွဲ့ရွဲ့ လျှောင်ပြောင်နေကြတာကို ဘာမှ ဝင်ပြောဖော် မရဘဲနဲ့ ရှင့်ကြောင့် ပိုက် အရှက်ကွဲခဲ့တာ .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက မောင့်ကို မျက်စိတ်မှိတ်ပြပြီး စတာပါလို့ တစ်ယောက်က အချက်ပြနေတယ် ..၊ ပေါ်တင်ကြီးလိမ်ပြီး မထင်မှတ်တဲ့ စကားတွေ ပြောသွားတာ.. ကိုယ် ချက်ချင်း ဘာပြောရမှန်းမသိ ဖြစ်သွားတာ ဝန်ခံပါတယ် ..၊ သူတို့ ပြောတာတွေလည်း .."

"ဘောင်းဘီဝယ်တာတွေထိ ရှင်က ..."

"အဲဒီ ရှင်ကြီးကို တော်ပါတော့ကွာ .. နားထဲမှာ ခါးနေတာပဲ..၊ မင်း ပြောတော့ မောင့်ကိုဆို ဘယ်တော့မှ စိတ်မဆိုးဘူး ဆို .."

"လာပြန်ပြီ ..၊ အဲ့ဒါ ပတ်ဝန်းကျင် ပြုသမျှပါ နုပါ့မယ်လို့ ပိုက်က အာမခံထားခဲ့တာလား ပြောပါဦး ..၊ ရှင့်ကို သူတို့က ဒီလောက်ထိ လွှမ်းမိုး ပိုင်ဆိုင်ခဲ့ကြတာ .."

"လုံးဝ မဟုတ်တာတွေပါ .. တစ်ခုမှကို မဟုတ်ဘူး ..၊ ဒီလောက်တော့ မင်း တွေးမိမှာပဲလို့ မောင် ထင်ခဲ့တာ .."

"ဘာ!..."

"ဟုတ်တယ်လေ .. မောင် ဘယ်လိုနေထိုင်ခဲ့တဲ့လူဆိုတာ မင်း မြင်နေတာပဲ .."

"မြင်တယ်လေ .. ရှင့်ဘေးမှာ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာ အချိန်ပြည့်ပဲ .."

"ပိုက် .."

"ပြောပါ .. မဟုတ်ဘူးဆိုရင် မဟုတ်တာကို ရှင် ပြောလေ .."

ပိုက် မျက်ရည်တွေ ထပ်ဝေ့လာတော့ တင်းသွားသည့်မျက်နှာက ပြန်ပြေကျကာ သူမ မျက်နှာလေးကို မော့ယူလိုက်မိ၏။

"မောင် ဘယ်လိုမိန်းမနဲ့မှ ရှော့ပင် အတူထွက်တဲ့အထိ တရင်းတနှီး မတွဲခဲ့ဘူး ..၊ မိန်းမအသုံးအဆောင်တွေ လက်ဆောင်တွေ ဘာညာ





ဝယ်ဖို့ရှိရင်လည်း ညီမဝမ်းကွဲတွေထဲက တစ်ယောက်ယောက်ကို အကူအညီတောင်းရတာ ..၊ အဲဒါကိုရော ယုံလား .."

"အဲဒါတွေ ဟိုမိန်းမတွေ ရှေ့မှာတုန်းက ပြောပါလား .."

"မိန်းကလေးတွေကို အရှက်ရစေမယ့်စကားမျိုး တမင်တကာ ပြောပြီး ဂုဏ်ဖော်တာမျိုးတော့ ယောက်ျားကောင်းတွေ လုပ်မှာ မဟုတ်ဘူး ပိုက် ..၊ မောင်က ဘယ်လိုယောက်ျားမျိုး ဖြစ်မလဲ မသိဘူး ..၊ အဲ့ဒါမျိုး လုံးဝ မပြောမှာတော့ သေချာတယ် .."

သူ ပြောမည့်စကားကို ထစ်ငေါ့ တုံ့ဆိုင်းနေပြီးမှ ...

"တော်ပြီကွာ .. ပြောနေရင်း သူများတကာကို မှိုချိုးမျှစ်ချိုး ပြောရဖို့တွေ ဖြစ်လာပြီ ..၊ အဲ့ဒါတွေ ထားလိုက်ပါတော့ .."

"ပိုက် မကျေနပ်သေးဘူး .."

"ဒါဆို မောင့်ကို ဘာလုပ်စေချင်သေးလဲ ပြော .."

"မသိဘူး .. မောင် မညာမှန်း သိပေမယ့် ပိုက် ကို မချစ်ဘူးလို့ ခံစားနေရတုန်းပဲ .."

ညီ က ပိုက် ရဲ့မျက်နှာလေးကို စူးစိုက်ကြည့်နေရင်း ပါးပြင်လေးတွေကို တယုတယ ပွတ်သပ်ပေးသည်။ ပြီးတော့ မြတ်နိုးစွာ နမ်း၍...

"နောက်ဆို မင်း မောင့်ကြောင့် မငိုစေရဘူးကွာ .. လုံးဝ ကတိပေးတယ် ..၊ ဥပမာ ဒီလိုကိစ္စမျိုးနဲ့ပတ်သက်ပြီး မောင့်မိန်းမ စိတ်မဆင်းရဲစေရဘူး .."

နှုတ်ခမ်းလေးကို နမ်းမလို့ ငုံ့လိုက်တော့ ပိုက် က သူ့မျက်နှာကို တွန်းထားကာ ...

"မောင် အရက်သောက်လာခဲ့တာလား .."

"ဟုတ်တယ် .. ဦးမျိုး ကတော့ မှာလိုက်ပါတယ် ..၊ အသောက်



www.burmeseclassic.com

www.burmeseclassic.com



အစားတွေ ပါလိမ့်မယ် .. ကိုယ် မကြိုက်တတ်ရင့် ပြောပြီး ငြင်းလိုက်တဲ့ ..၊ လူရင်းတွေချည်းပဲ .. ပြဿနာမရှိဘူး တဲ့ ..၊ မောင်က စိတ်နည်းနည်းညစ်နေတာနဲ့ သောက်လိုက်မိတာ ..၊ ဒါပေမယ့် တကယ် နှစ်ငုံသုံးငုံပဲ .."

"ဘယ်လောက် နှစ်ငုံ သုံးငုံလဲ .. မသောက်ဖူးတဲ့ အရှိုင်းဆိုရင် သိသာတယ်တဲ့ ..၊ မောင်က မမူးဘူးဆိုတော့ သောက်ဖူးတယ်ပေါ့ .."

"အင်း .. နည်းနည်းပါးပါး မကင်းရာမကင်းကြောင်း လုပ်ကြည့်ဖူးတယ် ..၊ မြို့နယ်အားကစားပွဲတွေ ဘာတွေ ထွက်တဲ့အခါ .. ပြီးတော့ သူငယ်ချင်းမိတ်ဆွေတွေရဲ့ ဘာပွဲညာပွဲတွေမှာ လိုက်ဆို လိုက်တီးရင်းနဲ့ .."

"မောင် .."

"ဟင် .. ဘာလဲ .."

"မောင် နိုက်ကလပ်တွေ ဘာတွေ တက်တယ်ပေါ့ .."

"တက်ဖူးတယ် .."

"ကြည့်စမ်း ..၊ မောင် မလုပ်ဘူးတာ ဘာရှိသေးလို့လဲ .."

ညီ က ရယ်ကာ ပိုက် ရဲ့ ပခုံးလေးကို ဆွဲဖက်ထားလိုက်သည်။

"ရှိတာပေါ့ .. မိန်းမ တစ်ခါမှ မယူဖူးခဲ့ဘူး .."

"မောင် နော် .."

"ဟုတ်တယ် .. ရိုးရိုးသားသား ဝန်ခံနေတာကို ဒေါကန်မနေနဲ့ .. နိုက်ကလပ် တက်ဖူးပေမယ့် ဘယ်ကောင်မလေးနဲ့မှ လုံးဝ တွဲမကခဲ့ဘူး ..၊ အေးဆေး သွားထိုင်ပြီး ယေးလားဝါးလားတွေနဲ့ပဲ ပြန်လာတာ.."

"မယုံဘူး .."

"တကယ်ပြောတာ .. နိုက်ကလပ်တိုင်းပဲ တစ်ပုံစံတည်း မဟုတ်





ဘူး၊ မယုံရင် မောင်နဲ့ လိုက်ကြည့်ပါလား .. ပျော်ပျော်ပါးပါး သောက်စား ကခုန်ပြီး ပြန်လာကြတာတွေ ..၊ သူများတွေ တွဲကြ ကကြတာ ထိုင်ကြည့်ပြီး လာပေးတဲ့ အရက်ဖန်ခွက်လေး ရှေ့ချပြီး ..."

"ပြီးတာတွေ ပြီးတော့ ဘာဖြစ်သေးလဲ .."

"ပြန်လာတာလေ .."

"ဒီရုပ်ကြီးနဲ့လား ..၊ ဟွန်း .. ကျောင်းသွား လမ်းသွားတာတောင် သူ့ဘေးမှာ တစ်ခါမှ နေရာလွတ်တာ မတွေ့ဘဲနဲ့ .."

"မနာလို မဖြစ်ရဘူးလေ .. ဒါက ကိုယ့်ကုသိုလ်နဲ့ ကိုယ် .."

"မောင်နော် .. စပ်ဖြဲဖြဲနဲ့ မျက်နှာကြီးက .. ဖယ်ပေး .."

ပိုက် တစ်ဖက်လှည့်ပစ်တော့ ညီ က သူ့မလက်မောင်းတွေပါ ချုပ်၍ ဖက်ထားလိုက်ကာ ...

"ဘယ်မိန်းကလေးတွေ ဘယ်လောက်လှနေနေ မောင့်နောက်ကို တကောက်ကောက် လိုက်နေခဲ့တဲ့ ပိုက် ဆိုတဲ့ ကောင်မလေးလောက် ဘယ်သူမှ ချစ်ဖို့ မကောင်းဘူး .."

"တွေ့လား .. မောင့်စကားထဲမှာ ပါလာပြီ ..၊ ပိုက် က အဲဒီလို မိန်းကလေး ဆိုပြီး ..."

"လျှောက်ပြောမနေနဲ့ နော် .. မောင်က မင်းကို အဲဒီလို အရှက်သိက္ခာနည်းတဲ့ မိန်းကလေးလို့ မြင်ခဲ့တာ မဟုတ်ဘူး..၊ ရှက်ရမှန်း မသိအောင် တကောက်ကောက် လိုက်ချောင်းကြည့်နေတဲ့ ကြောင်တောင်တောင် ဖြူဖြူစင်စင် ကောင်မလေး ဆိုပြီး .."

"မဟုတ်ဘဲနဲ့ .."

"တကယ်ပြောတာ .. ကိုယ့်နောက်ကို လိုက်ရင်းနဲ့ တခြားကောင်တွေနဲ့ ပါသွားမှာ စိုးရိမ်လာတော့ မင်းကို ပြန်ကြည့်နေတာနဲ့ ဘယ်

www.burmeseclassic.com



လောက်ဒုက္ခများနေလဲ .. သိလား .."

ပိုက် မျက်နှာလေး ပြုံးယောင်သမ်းလာသည်။ မီးရောင်အောက်မှာ မျက်လွှာချ၍ ရှက်သွေးဖြာနေသည့် မျက်နှာလေးသည် ပန်းနုရောင် ပါးမို့လေးတွေထက်မှာ မျက်တောင်ဖျားတို့၏အရိပ်တို့ စွန်းထင်းနေလျက် ...

"ချစ်ဖို့ ကောင်းလိုက်တာကွာ .."

"ဟာ .. ဖယ်ပါ .."

"ဆယ့်ကိုးရက်တောင် ရှိပြီ .. မောင့်ကို ရက်ရက်စက်စက် ပစ်ထားခဲ့တာ .."

"အဲဒါ ဘာဖြစ်လဲ .."

"အဲဒီညတွေကို မောင် ဘယ်လို ကျော်ဖြတ်နေရသလဲ သိလား...၊ ခင်ဗျားကတော့ အစားမပျက် အအိပ်မပျက် .."

"စားခါနီးလည်း သတိရတာပဲ.. အိပ်ခါနီးလည်း မောင့်အကြောင်း တွေးပြီး ညတိုင်း ငိုရတာပဲ .."

"ဪတော့ရော .."

"စိတ်တိုလာတာနဲ့ အိပ်ပျော်အောင် အိပ်ပစ်လိုက်တာ .."

"ဩော်.. ပျော်အောင်အိပ်လို့ရတဲ့နည်း ရှိတာကိုး .. ဗဟုသုတဖြစ်အောင် ပြောပြစမ်းပါ .."

သူ ဖက်ထားတဲ့လက်မောင်းကို ပြန်ကိုင်ထားပြီး ပိုက် က ရယ်သည်။

"မုန်းစရာတွေ တွေးပစ်လိုက်တာပေါ့ ...၊ ဒေါသတွေ ထွက်လာတော့ .."

"အိပ်ပျော်သွားရောလား .."





"အင်း .."

"မဟုတ်သေးပါဘူးကွာ.. ဒေါသထွက်လာတာ အိပ်ချင်စိတ် ဖြစ်သွားတယ်လို့ မကြားဖူးပါဘူး .."

"လူကို ပြောင်သလို လှောင်သလိုနဲ့ .. မောင် နော် .. သူများကို ကဲ့ရဲ့ဖို့တော့ တွေးနေပြီး .. မောင် အဲဒီလောက် မနေနိုင်အောင် လွမ်းနေရင် ပိုက် ကို လာချော့ပါလား .."

"လုပ်ပြီ .."

"ဘာအကြောင်းပဲပြုပြု မောင် နေနိုင်လို့ နေတာ .. အဲ့ဒါကိုလည်း မုန်းတယ်.. ပိုက် တို့ မိန်းကလေးတွေ ဘယ်လိုဆန္ဒပဲရှိရှိ မျိုသိပ် ချုပ်ထိန်းနေရတဲ့ဘက်က .."

"ဟင် .. ဟုတ်လား .."

ညီ မျက်နှာ ချက်ချင်း ပြုံးပြုံးပြုံးပြုံး ထဖြစ်သွားကာ ...

"ဘယ်လိုဆန္ဒတွေ ရှိခဲ့တာလဲ ...၊ ခု ပြောလေ .. အားမနာနဲ့နော်...၊ မောင်ကဆို မောင်က အရမ်း စာနာတတ်တာ .."

"ကြည့်ပါလား .. ညစ်ဦး .. အဲဒါ ညစ်ဦး .."

"ဟား .. ဟား .. ဟား ..."

ညီ က ပိုက် ရဲ့ကိုယ်လေးကို ဖက်ထားရင်း ခေါင်းအုံးပေါ် အတူလှဲချလိုက်သည်။

"ပိုက် ကို ဘာလို့ ဒီအခန်းထဲ ခေါ်လာတာလဲ .."

"ဒီအခန်းထဲမှာ မင်းကို မောင် အလူးအလိမ့် လွမ်းနေရတာလေ.. အဲဒါကို တန်အောင် ပြန်ယူမယ် .."

"ဘာ!..."

"ဩော် .. ဒီတစ်ညတော့ အတူအိပ်မယ်လေကွာ.. အလွမ်းပြေ"



www.burmeseclassic.com

www.burmeseclassic.com



"မောင် .."

"ဟင် .."

"မောင့်ကို ပိုက် အရမ်းချစ်တာပဲ .."

"နောက်ထပ် မောင့်ကို ဒီလို မနှိပ်စက်ဘူးဆိုရင် ကျေနပ်တယ်.."

ပိုက် က ညီ ရင်ခွင်ထဲ တိုးဝင်ကာ ကျောပြင်ကို သိုင်းဖက်ထားလိုက်ရင်း ...

"မောင်လည်း ပိုက် နဲ့ ရန်ဖြစ်နေတာပဲ .. ကျေရာကျေကြောင်း ပြောတာက မာကျောကျောနဲ့ .."

"ထွက်လာတဲ့စကားသံကို နားမထောင်နဲ့ .. ရင်ထဲက မကြားရတဲ့ အသံတိုးတိုးကို နားစွင့်ကြည့် ..၊ လာ .. ဒီမှာ ကပ် .."

"ကပ်ထားတာပဲဟာ .. မောင် နော် .."

"ကပ်ပြီး ရင်ခုန်သံကို နားထောင်တာမှ မဟုတ်ဘဲ .. မောင့်ရင်ဘတ်ကို နိုးနမ်းနေတာ .."

"သွား .."

သူ သိနေတော့ ပိုက် ရှက်သွားမိသည်။

သူ့ဆီက အကြင်နာတွေ လိုချင်လွန်းလို့ မောင့်လိုပဲ သူမ ရူးသွပ်ခဲ့ရတာတွေလေ ..၊

ဖေဒွန် ဇာတ်ကြောတွေကို စုံနေတာပဲ ဆိုတာ ..၊





အခန်း (၉)

သူနဲ့ ပိုက် တို့ရဲ့ အပေးအယူ နားလည်မှုတွေက ရာသက်ပန် အတွက် အချက်အလက် မပြည့်စုံခဲ့တာကြောင့်လား မသိ ..၊

အဆင်ပြေခြင်းနှင့်အတူ ရခဲ့တဲ့ သာယာစိုပြည်မှုဟာ သိပ်မကြာလိုက်ပေ ..။

ပိုက် ကိုယ့်ကိုယ်ကိုယ် မှားသည် မထင်ခဲ့တာကို ညီ က အကြီးအကျယ် တားဆီး ဖောင်းပွခဲ့ပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်ပြုမိပြီလို့ ထင်ခဲ့တာတွေကျတော့ ညီ က ခွင့်လွှတ်နေပြန်သည်။

"မဟုတ်ပါဘူးဆိုမှ ပိုက် ရာ .. မင်းယောက်ျားက အားကစားသမားလေ ..၊ ပြိုင်တယ် နိုင်တယ်ဆိုရင် အားပေးကြတဲ့လူတွေထဲမှာ ယောက်ျားလေးရော မိန်းကလေးရော ပါတာပေါ့ကွ .."

"မောင့်ကို အားကစားလုပ်တာတွေ မကြိုက်ဘူးလို့ ပိုက် တို့ အားလုံးက ပြောနေကြတာ.."



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကရော အကြီးအကျယ် ဘာတွေများ လုပ်ခွင့် ရလို့လဲ..၊ မင်းက မိန်းမဖြစ်ပြီး မောင့်ဘက်က တစ်ခါမှ မပါဘဲ အတို့အထောင်တွေ လုပ်နေတော့ .."

"မောင် နော် .."

"ပြောပြတာ .. တို့တို့ထောင်ထောင် မောင်က ခွင့်လွှတ်ပါတယ်"

"ခွင့်လွှတ်မှာပေါ့ .. ဒီမှာ နားပူခံပြီး ဟိုဘက်မှာ မျက်စိပသာဒ ဖြစ်နေတာကိုး .."

"ဟော့ .. ဟော့ .. မတည့်အောင် မပြောနဲ့နော် .."

"ပြောမှာပဲ .. ဒီတစ်ခါ မောင် ဘောလုံးသွားကန်တိုင်း လိုက်မယ်.. ထရိန်နင်ပဲ ဖြစ်ဖြစ် .. ကွင်းစပ်မှာ ထိုင်ရုံလေးဖြစ်ဖြစ် .. အပျော်တမ်းဘာညာ အားလုံး လိုက်မှာပဲ .."

"လိုက်ကြည့်ပါလား ..၊ မင်း ..."

"လိုက်မှာပဲလေ ..၊ လိုက်တော့ မောင် ဘာလုပ်မှာလဲ .."

"မလိုက်ပါနဲ့လို့ တောင်းပန်မှာပေါ့ .."

ညီ က ပိုက် ကို ကလေးချော့သလို ချော့သည်။

"မင်း လိုက်လာရင် ဘောလုံးပွဲကို မကြည့်ကြဘဲ မင်းကိုပဲ ဝိုင်းကြည့်နေလိမ့်မယ် ..၊ မင်းကြောင့် မောင် သေချာပေါက် ရှုံး .. မလိုက်နဲ့နော် .."

"မောင် နော် .. ပိုက် က ပုခက်ထဲက ခုမှ ဆင်းလာတာ မဟုတ်ဘူး ..၊ ဒီလိုပြောလိုက်တိုင်း ပိုက် က ဘဝင်ခွေ့ပြီး ကျန်နေခဲ့မယ် ထင်လို့လား .. မလိုက်စေချင်ရင် မောင် မသွားဘဲ နေ .."

"ဒီတစ်ပွဲတော့ ပြီးဆုံးအောင် ကစားမယ်ကွာ .. နော် .. ဦးမျိုးဆီ မောင် သွားနေတဲ့ပုံစံနဲ့ပဲ ပါးစပ်လေး ခဏပိတ်ပေးထား .. လိုက်





လည်း မလာနဲ့ .. မောင် မင်းကို ဆုချမယ် .."

"ဘာ ဆုလဲ .. ပိုက် လိုချင်တဲ့ဆုဆိုရင် မောင် ပိုက် နားက ဘယ်မှ မသွားဖို့ပဲ .."

သူ ဘယ်လိုပြောပြော ပိုက် ကလည်း နာခံ ခေါင်းညိတ်လိုက်တယ်ဆိုတာ မရှိ ..၊ သူ ထွက်သွားတာနဲ့ နောက်က လိုက်သည်။

တစ်ခါတလေ ပွဲပြီးလို့ ဖိုမသတ္တဝါတွေနဲ့ ရောသော ရယ်မောနေချိန်မှာ လက်ချင်း သွားချိတ်လိုက်သည်။

"ပြန်ရအောင် .."

"ဟင်!... ပိုက် .."

"မောင့်ကို မေမေ ခူနေတယ် .. အဲဒါ မောင် ကြိုသိအောင် လိုက်လာပြောတာ .."

ရှေ့ဆက်မည့် ညီ ခြေလှမ်းတွေ သူငယ်ချင်းအုပ်စုတွေထဲက ပြန်လည် နုတ်ထွက်ခဲ့ရ၏။

ပြန်ရောက်တာနဲ့ ဘယ်လိုပဲ ဒေါကန်နေနေ ပိုက် က လုပ်ချင်ရာ လုပ်ပြီးပြီဆို သူ ရယ်ပြုံးလာအောင် မရမက ချော့တတ်တဲ့နေရာမှာ လည်း ဝိတ်ပါပဲ ..။

တစ်ခါတလေ မေမေတို့နဲ့ တိုင်ပြောပြီး နည်းနည်းလေးတော့ မီးညှိပေးလိုက်၏။ ဦးညီလွင် က ဒါတွေကို မကြိုက်ဆုံးမို့ ညီ နဲ့ ပြဿနာတွေ တက်ကြသည်။

ဒေါ်သိန်းသိန်းမြင့် က ကြားထဲက ဖျန်ဖြေရသည့်သူ ..၊

"ပိုက် နော် .. မင်းကို ငါ သေချာ တောင်းပန်ထားတာ .."

"ဘာလဲ .. မောင့်ကို မရမက မေးနေလို့ ပြောပြလိုက်တာလေ.. ပိုက် မှ မညာချင်တာ .."



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် .. မေမေက မင်းကို ကျေးရူးတင်လို့တဲ့ .."

"မောင်ကတော့ မုန်းနေတယ်မို့လား .."

"ထားစရာတောင် မရှိဘူး .."

"ဘာတွေလဲ .."

"မင်းကို ချစ်တာတွေ .."

မျက်နှာကြီး နီနီတင်းတင်းကြီးနဲ့ပြောတော့ ပိုက် က မျက်နှာငယ်လေး လုပ်ထားကာ ...

"မောင် နော် .. မောင့်မျက်နှာကြီးကို နည်းနည်း ပြန်လျှော့ .."

"ဘာ!..."

"လူကို တစ်နေကုန် စကားမပြောဘဲ နေတာ ..၊ ဒီက မောင့် တစ်မျက်နှာနဲ့ နေရတဲ့သူ .."

ရေခဲသေတ္တာရှေ့မှာ အအေးဘူး ထုတ်ယူနေသည့် ညီ က ဖျတ်ခနဲ လှည့်ကြည့်သည်။

"ဘာကြည့်တာလဲ .."

"မျက်နှာ တော်တော်ငယ်နေသလားလို့ ကြည့်တာ ..၊ ဟွန်း .."

မဲ့ရွဲ့ပြီး ရေခဲသေတ္တာကို ဆောင့်ပိတ်သည်။ ပိုက် က သူသွားလေရာ တကောက်ကောက် လိုက်သည်။ ဖုန်းကိုင်ဖို့ ညီ လက်လှမ်းလိုက်တာနှင့် ပိုက် က ဆတ်ခနဲ ကောက်ယူပေးသည်။

စီးကရက်ကိုင်ပြီဆို မီးခြစ်လေး ယူပေး၍ ...

"မောင်က ပိုက် ကို မခေါ်သေးဘူးလား .."

"မခေါ်သေးဘူး .. လိုရင်ခေါ်မယ်"တဲ့ ..၊ ပြောချလိုက်ပုံက ..၊ ထို့ပြင် ...

တကာယ်ကို မျက်နှာတည်တည်ကြီးနှင့် တစ်ဖက်လှည့်သွား၏။





ဦးညီလွင် ဆုံးမထားသည့်ဒဏ်ရာ ပါးရိုးတစ်ဖက်မှာ ခုချိန်ထိ အညိုရောင် အကွက်လိုက်ကြီး ရှိနေတာကြောင့် ညီ ဘယ်လောက် ဒေါကန်နေနေ ပိုက် တတန်းတန်း လိုက်နေတာ တစ်နေကုန်ပင် ..။

"မောင် .."

"ဘာလဲ ကွာ .."

ဖုန်းပြောနေတာကို လှဲပစ်လိုက်ပြီး လှည့်အော်သည်။ ပြီးမှ ပြန် တပ်၍ ...

"ငါ နောက် သုံးရက်လောက်ထိ နေဦးမယ်ကွာ .. အပြင်ထွက်လို့ မရသေးလို့ .."

"... ... ... ..."

"ဟုတ်တယ် .. တစ်ချက်ဆို ဆိုသလောက်ပဲ .. ခုထိ အရောင်မကျ သေးဘူး .."

"... ... ... ..."

"အဲဒီအပြစ်ကြောင့်တော့ မဟုတ်ပါဘူး .. ငါ စိတ်တိုပြီး ပိုက် ကို လှည့်အော်မိလို့ .."

"... ... ... ..."

"သူလား .."

ပြောနေရင်း အနားပဲ ရပ်နေသည့် ပိုက် ကို မျက်လုံးလှန်ကြည့် သည်။ ပြီးမှ ...

"ရှိသားပဲ .. ပျော်နေမှာပေါ့ ..၊ အဲဒီလို ဖြစ်စေချင်တာကို .."

ကိုယ့်ကို ပြောမှန်း သိလိုက်တာနှင့် ပိုက် မျက်ရည်တွေ ပိုးပေါက်ပေါက် ကျလာတော့သည်။

လူကို မိန်းမရှုပ်လိုလို ဘာလိုလို ပြောတာလည်း သူမ မေ့နိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သွားစမ်း .. ဖယ်စမ်းနဲ့ မောင်းထုတ်နေတာကိုလည်း သည်းခံနိုင်သည်။

ဒီလောက်ထိ ရက်ရက်စက်စက် ပြောရက်လိုက်တာ ..၊

"ဘာဖြစ်လို့ ငိုရတာလဲ ..၊ အဲဒါ ပျော်ပျော်ကြီး နေရမှာကို .."

ပိုက် သူ့ကို ဘာမှမပြောတော့ပါ ..၊

မျက်ရည်သုတ်၍ ကိုယ့်ရှိက်သံကို ထိန်းရင်း အခန်းပြင် ထွက်လာခဲ့သည်။

သူမ ဝင့်လည်သည်လို့ပဲ ထားလိုက်နိုင်ပေမယ့် မောင်က မခေါ်သည့်အဖြစ်ကို သူမ မောင့်လို မနေနိုင် ..၊

"သမီးရေ .. ထမင်းစားရအောင် လာ .."

"မစားသေးဘူး မေမေ .."

ပိုက် ငိုထားတာကို သိသွားသဖြင့် ဒေါ်သိန်းသိန်းမြင့် က အနားကပ်လာကာ ...

"သမီးဖေကြီးက သူ ဆူပြီးရင် စိတ်ကောက်နေတာ မကြိုက်ဘူး..၊ ပြီးတော့ ဆူမိ ရိုက်မိပြီးရင်လည်း သူလည်း မချော့ဘူး .. မေမေ သွားချော့တာလည်း မကြိုက်ဘူး .. သားကလည်း စိတ်မကောက်တတ်ပါဘူး ..၊ သူ ဆာရင် ထွက်လာလိမ့်မယ် .. လာ .. မေမေတို့ ထမင်းစားရအောင် .."

ပိုက် က ဘယ်လိုမှ လက်မခံ ..။

"မေမေရယ် .. ပိုက် က မောင့်မိန်းမပဲဟာ .. မေမေမှ မဟုတ်တာ .. ပြီးတော့ ပိုက် ကြောင့် မောင် ဒီလို အထိုးခံရတာ .."

မျက်ရည်တွေ ထပ်ကျလာတော့ ထိုမျက်ရည်တွေကို သုတ်ပေးရင်း ဒေါ်သိန်းသိန်းမြင့် သက်ပြင်းချသည်။





သား ဒီလိုပဲ သူ့အဖေ မသိအောင် ခိုးထွက်တာတွေ ..၊ ဒါတွေကိုပဲ မသိအောင် ကစားနေတာ .. သွားလာနေတာ .. သူမ အားလုံး သိသည်။

သိပေမယ့် မသိသလိုနေခဲ့တော့ သားအဖ ဘာပြဿနာမှ မတက်ခဲ့ပေ ..၊ ပိုက် က ပြန်တိုင်ပြောလို့ ညက သားအဖ ပြဿနာတက်ကြရသည်။

ဒါကိုသိပေမယ့် ဒေါ်သိန်းသိန်းမြင့် ပိုက် ကို မငြိုငြင်မိပါ ..။ ဟိုတုန်းက ဘယ်လိုပဲနေခဲ့နေခဲ့ မိန်းမရပြီးမှတော့ သားဘက်က ပြင်ဆင်သင့်တာပဲ ..။

ပိုက် ဘက်ကလည်း မိဘနဲ့အတူနေကြတော့ လင်မယားချင်း စိတ်မကျေနပ်တာရှိလို့ မိဘကို ပြန်တိုင်ပြောတာ အပြစ်မဟုတ်ပေမယ့် တို့သည်ထောင်သည်ထင်ပြီး လှည့်မဲတာကသာ သားဘက်က လွန်တာပါ ..။

ထို့ပြင် ပိုက် က ကလေးဆန်ဆန် ချစ်စဖွယ် ကောင်မလေး ..၊

မျက်နှာလေးကို ချစ်စနိုးကြည့်၍ ပြုံးရင်း လှည့်ထွက်လာခဲ့မိသည်။

ဘာပဲဖြစ်ဖြစ် ကလေးတွေ တစ်ယောက်နဲ့တစ်ယောက် ကြင်နာဖို့ပဲ လိုတာပါ ..။

ည ဆယ်နာရီထိုးတော့ ပိုက် ဗိုက်ထဲက မြည်သံတွေ ကြမ်းတမ်းလာသဖြင့် ပန်းသီးတစ်စိတ် စားလိုက်ပြီး ရေသောက်သည်။

ညီ ကို ရှာတော့ ဝရန်တာမှာ ဂီတာ ထိုင်တီးနေ၏။

"မောင် .. ထမင်းမစားတော့ဘူးလား ဟင် .."

"မစားဘူး .."

"ဒါဆို ပိုက် အိပ်တော့မယ် .."



www.burmeseclassic.com

www.burmeseclassic.com

သူမ ပြန်ဝင်လာတော့ ညီ ဂီတာတီးရင်း လှည့်ကြည့်သည်။

ခဏကြာတော့ တီးလက်စသီချင်းကို ရပ်ပစ်လိုက်ပြီး ငိုင်နေမိ၏။

သူမ ဒီပုံတွေလုပ်တာ တစ်ခါတည်း နှစ်ခါတည်း မဟုတ်တော့သည်မို့ တမင် ပညာပေးနေခဲ့တာ ဖြစ်သည်။

ဒါပေမယ့် ကိုယ့်ရှေ့မှာ ငိုနေတာကို မချော့မိအောင် နေရတဲ့ဒုက္ခက ပိုဆိုးနေ၏။

ပြီးတော့ ကိုယ့်ဒဏ်ရာကို လိုက်တကြည့်ကြည့်နှင့် ချော့နေရှာတာကို ဥပေက္ခာထားနေရတာ သေချင်စော် နံနေပြီ ...။

"မေမေ .."

သူ မီးဖိုခန်းဘက် ထွက်လာတော့ မေမေ ထွက်လာတာ မြင်လိုက်လျှင် ...

"အထဲမှာ ပိုက် ရှိလား .."

"မရှိဘူး သား .. သားကို ထမင်းစားခေါ်မယ်ဆိုပြီး တက်သွားတည်းက ဆင်းမလာဘူး .. ဘာမှလည်း စားတာ မတွေ့ဘူး .."

"မနက်တည်းကလား .."

"နေ့လယ်တည်းက ထင်တယ် .. အိုဗာတင်းတစ်ခွက်တော့ သောက်တာ တွေ့တယ် ...၊ သား မျက်နှာက အရောင် နည်းနည်း ကျန်သေးတယ် .. မေမေ ကြပ်ပူထိုးပေးရမလား .."

"နေပါစေ .."

ဒဏ်ရာအကြောင်း ပြောလိုက်မှ မျက်နှာပုပ်ချသွားသည့် ပုံစံကြောင့် ဒေါ်သိန်းသိန်းမြင့် ပင့်သက်ရှိုက်မိ၏။

"သမီးလေး သနားပါတယ် သားရယ် .. အဲဒီဒဏ်ရာကို ပြုစုပေးချင်လို့ ရေနွေးဇလုံလေးပြင်ရင်း အေးသွားလို့ သွန်ပစ်လိုက် .. ပြန်ထည့်





ပြီး သားကို လိုက်ရှာလိုက်နဲ့ ...၊ မင်း တစ်ခါမှ စကားကောင်းမပြောဘူးနော်လား .."

ညီ က ဘာမှ ပြန်မဖြေ ...၊

"ယောက်ျားဖြစ်ပြီး စိတ်ကောက်တယ် ဆိုတာ .."

"ကျွန်တော် စိတ်ကောက်တာ မဟုတ်ဘူး မေမေ ...၊ စိတ်တိုနေတာ .."

"တိုတတ်တာကိုလည်း ကိုယ့်ဘာသာ နားလည်တတ်အောင် ကြိုးစားနိုင်ရမှာပဲလေ .. သူ့ကိုချည်း အပြစ်မြင်နေမယ့်အစား ကိုယ့်လုပ်ရပ် မှန်သလား မှားသလားဆိုတာလည်း ထည့်တွေးဦး .."

ကိုယ့်သားမျက်နှာပေါ်က ဒဏ်ရာထက် ပိုက် မျက်နှာပေါ်က ဆောက်ကြောင်းလေးတွေ စိုစွတ်နေတာကိုပဲ မေမေ စိတ်မကောင်းဖြစ်နေပုံ ပေါ်သည်။

သူ ပြန်လှည့်လာတော့ ပိုက် က မွေ့ရာပေါ်မှာ တစောင်းလေးလှဲရင်း အိပ်ပျော်နေ၏။

အပြာနုရောင် ညဝတ်ဘောင်းဘီရှည်၊ အင်္ကျီလက်ရှည်ပွပွလေးနှင့် လက်ပိုက်လေး စောင်းအိပ်နေတော့ ငိုက်ကျနေသည့် ပါးပေါ်မှာ ဆံဝင်တွေက ဖုံးကွယ်လျက် ...

သူမရဲ့ဘေးမှာ ဝင်ထိုင်လိုက်ရင်း ဆံစတို့ကို အသာလေးဖယ်ထိုက်မိသည်။ ဝင်းနုမွန်ညက်နေသော မျက်နှာလေးသည် ဘယ်လို ဆုတောင်းတွေကောင်းခဲ့လို့ ဒီလို ချစ်စရာကောင်းနေတာလဲ ...၊

နှာတံကော့ကော့ .. နှုတ်ခမ်းပြည့်ပြည့်လေးတွေက တစောင်းလေးနေတော့ ပိုလှနေသည်။ ပြီးတော့ မျက်ရည်တို့ စိုလူးရင်း ခြောက်သွေ့နေသော မျက်တောင်ကော့တို့က စုတွဲတွဲလေးတွေနှင့် ...


www.burmeseclassic.com

www.burmeseclassic.com



"ဟေး"

"... ... ... ..."

"ပိုက် .."

ပါးလေးကို လက်ခုံနဲ့ ပုတ်လိုက်တာ မနိုး ..၊

ထို့ကြောင့် နှာတံချွန်ချွန်လေးကို ခပ်ဖွဖွ ဆွဲလိမ်၍ ....

"ဒီတစ်ခါ မနိုးရင်တော့ မင်း တွေ့မယ် .."

"အား!..."

ပိုက် မျက်နှာလေး ခါပစ်ရင်း နိုးလာ၏။

"ဟင် .. မောင် .."

လှဲနေရာကနေ ကမန်းကတန်း ထထိုင်လိုက်ကာ ....

"မောင် ထမင်းဆာနေပြီလား ဟင် .."

"မဆာပါဘူး .. လောလောဆယ် ဆာနေတဲ့ကလေးကို ကျွေးရမှာ .."

"ပိုက် က ..."

"ဘာမှ မစားရသေးဘူးမို့လား .. သွားစားမယ် .."

"မောင်ကရော .."

"ကိုယ် မစားဘဲနေရင် မင်း မစားတော့ဘူးလား .."

ပိုက် မျက်နှာလေး ညှိုးသွားကာ ...

"မစားချင်လို့ အိပ်နေတာပဲဟာ .."

ညီ က ပိုက် မျက်နှာလေးကို ငုံ့မိုးကြည့်နေရင်း ရင်ခွင်ထဲမှာ ဆွဲဖက်ထားလိုက်သည်။

"တကယ်နှိပ်စက်တယ် သိလား ..၊ မင်း ..."

"ပိုက် က ..."





"ဟုတ်တယ် .. မင်း ဟိုအရင်နှိပ်စက်ခဲ့သလို ပြန်လုပ်မယ်ဆိုပြီး ဒီက ဒေါသတွေကို တစ်ဆုံးထိ မောင်းတင်ထားတာ .."

"ပိုက် က ရက်စက်တာမှ မဟုတ်တာ.. မောင်က မချော့လို့ ငိုနေခဲ့ရတာ .. မောင့်ကျတော့ ပိုက် က အတင်းလိုက်ချော့နေတာတောင် ဂရုမစိုက်ဘူး .."

"အဲ့ဒါ နောက်တစ်နေ့တောင် ကူးလို့လား .. ခင်ဗျား နှိပ်စက်တုန်းက ဆယ့်ကိုးရက် .."

"အခု မောင်က မကျေနိုင်ဘူးပေါ့ ဟုတ်လား .."

"အဲဒီလို နေချင်တာ .. နေလို့ မရလို့ .."

ပိုက် က ရယ်လိုက်ပြီး ညီ ခါးကို ပြန်ဖက်ထားကာ ...

"နေလို့ မရအောင် ပိုက် က ချစ်နေလို့ပါ မောင်ရဲ့.. အဲ့ဒါ စိတ်ချင်းဆက်တာလို့ ခေါ်တယ် ..၊ ဆွဲအားကောင်းတဲ့ဘက်ကို မောင် ပါလာတာပေါ့ .."

သူ ရယ်လိုက်မိသည်။ ပြီးတော့ ပိုက် ရဲ့ပါးပြင်လေးကို နမ်းလိုက်မိကာ ...

"တော်တော် စကားတတ် .."

"ချစ်လို့ပါဆို .."

နေ့တွေညတွေ ကုန်သွားပေမယ့် ရန်ဖြစ်လိုက် ပြန်တည့်လိုက် သံသရာက ဝဋ္ဋရားကျေနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၀)

"ဘယ်က ပြန်လာတာလဲ .."

"ဆရာမ အိမ်ကပါ .."

"ဘာ ဆရာမလဲ .."

"ဗေဒင်ဆရာမလေ .. ဒေါ်သန္တာခင့် .."

ပိုက် အင်္ကျီဝင်လဲနေတော့ မွေ့ရာပေါ်မှာ ဖုန်းနဲ့ လှဲနေရင်း သူ အစောင့်လိုက်သည်။ ဒါပေမယ့် ပြန်ထွက်လာတော့လည်း သူ ပြော ခွင့်မရလိုက်ဘဲ ...

"မောင်ကရော ဘာလုပ်နေတာလဲ .."

"ချက်တင်ထိုးနေတာ .."

"မောင် နော် .."

"ဘာလဲ မောင့်နော် ဆိုတာ .."

"မောင် အွန်လိုင်းပေါ်မှာ တက်ပြီး .."





"အဲဒါက မင်းပါ .. ကိုယ်က သတင်းကြည့်ရုံပဲ .."

ညီ တစ်ခုခုကို စိတ်ဆိုးနေပြီဆို သိသာသည်။ မောင်တွေ ဘာတွေ ကနေ 'ကိုယ် .. ငါ" ဖြစ်လာတာမျိုး ...၊

"နေပါဦး .. မင်း အဲဒီ ဗေဒင်ဆရာမဆီ တစ်ရက်ခြား .. နေ့တိုင်း ဘာ သွားသွား လုပ်တာလဲ .."

"ဗေဒင်ဆရာမနဲ့က ဟိုးအရင်တည်းက ခင်နေတာပါ .. သူ မလေးကိုထွက်သွားမှ အဆက်အသွယ် ပြတ်သွားတာ .."

"ဪ .. နိုင်ငံခြားပြန် ဗေဒင်ပါရဂူပဲ မှတ်ထားရမယ် .."

"သူက ဝါသနာကြီးတာပါ မောင်ရယ် .. ဗိသုကာပညာရှင်ပါ ..၊ ဦးဦးနဲ့လည်း ခင်တယ် .."

"ဒါနဲ့တောင် သူ့သားက တခြားတစ်ယောက်နဲ့ ညားသွားသေး တယ် နော် .."

"ဟင်!... ညီ ဘာပြောလိုက်တာလဲ .."

ဖုန်းပေါ်မှာ စိုက်နစ်ထားသည့်မျက်လုံးတွေက သူမဆီကို ရွေ့လျား လာတော့ ချဉ်တူးတူး ...၊

"မင်းနဲ့ ဟိုတစ်ခါတုန်းက ရုပ်ရှင်ရုံထဲမှာ အတူဆုံခဲ့ကြတယ်ဆို တဲ့ စုံတွဲလေ .."

ပိုက် မျက်ခုံးတန်းလေးတွေ တွန့်သွားသည်။

"အဲဒီတစ်ယောက်ကို ဆရာမသားလို့ မောင့်ကို ပိုက် မပြောခဲ့ ဘဲနဲ့ .."

"မင်း မပြောဘဲနဲ့ ကိုယ်က သိခွင့် မရှိဘူးလား .."

"မဟုတ်ပါဘူး ...၊ မောင့်ပုံစံက ပိုက် ကို မယုံကြည်သလိုကြီး.."

"ဟုတ်လား .. မင်း အဲလို ခံစားနေရသလား .."

www.burmeseclassic.com

www.burmeseclassic.com



မေးတဲ့ပုံက ရယ်ကျဲကျဲ မချိုမချဉ် ...၊

ထိုအချိန်ကျမှစ၍ ပိုက် မှာ ဗေဒင်မေးရခြင်း အကြောင်းတွေလည်း အမျိုးမျိုး ပေါ်လာသလို ဆရာမရဲ့သားကလည်း ဖနီးဖြစ်သူ ရုတ်တရက် ဆုံးသွားခဲ့ရာ ပိုက် ရဲ့ခြေလှမ်းတိုင်းက ပြောစရာ ဖြစ်လာတော့သည်။

ထို့ပြင် ...

"မင်း လမ်းထွက်တာ များနေတယ်နော် ပိုက် .. မောင် သိတာရော မသိတာတွေရော .."

"ညက အိပ်မက်တွေ မကောင်းလို့ မောင် .. အိပ်မက်ထဲမှာ ပိုက် က နွားလှည်းကြီးစီးပြီး တောင်တက်ခရီးကို ခက်ခက်ခဲခဲ သွားနေတာ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"အိပ်မက်ထဲမှာ နွားလှည်း မြင်ရရင် အလိမ်ခံရတတ်တယ် .. ပိုက် က ကိုယ်တိုင်စီးနေတာ ဆိုတော့ ..."

"မင်းကိုယ်တိုင်က သူများကို လိမ်တော့မှာ ဖြစ်မယ် .."

"မောင် နော် .."

"ဟုတ်တယ်လေ .. မင်းပဲ ငရုတ်သီးတွေ မြင်ရရင် ပူလောင်ရတတ်တယ် ...၊ ရေနောက်တွေထဲ လျှောက်သွားနေရရင် စိတ်နောက်ရတယ်၊ မြွေမြင်ရင် ငွေဝင်တယ် ...၊ မြွေကိုက်တာ ခွေးကိုက်တာဆိုရင် ကံနိမ့်လို့ ...၊ တော်တော်ကို စုံစုံစေ့စေ့ နဲ့စပ် သိကျွမ်းနေတာ .. အိပ်မက်အတိတ်စိမ်းဆိုပြီး စာအုပ်ထုတ်ပါလား .. အဆင်ပြေနိုင်တယ် .."

"ဒါကတော့ မသိရင် မေးမယ် .. မေးပြီးတော့ မှတ်ထားတယ်...၊ မောင်လည်း အခု ပိုက် ပြောတာတွေ မှတ်ထားလို့ တော်တော် သိနေပြီ





မို့လား .. လူကို ခနဲ့ဖို့ ရွဲ့ဖို့ တမင်မှတ်ထားတာဖြစ်ဖြစ် .. မှတ်တော့ မှတ်မိနေပြီ .. ဟုတ်တယ်မှုလား .."

"မဟုတ်ဘူး .. ကြားရလွန်းလို့ ဖွဲနေတာ .."

လင်မယား စကားကောင်း မပြောဖြစ်ဘဲ ညအိပ်ရာဝင်တဲ့အထိ ဘုနဲ့သောက် တစ်ဖက်စွန်းစီမှာ မိုးလင်းခဲ့ရတာတွေလည်း ရှိလာခဲ့၏။

ပိုက် ရင်ထဲမှာလည်း 'သူကတောင်မှ ကင်းကင်းနေနိုင်သေးတာ နေပေါ့' ဆိုပြီး ကိုယ့်မျက်ရည်ကို ကြိတ်သုတ်၍ ပျော်အောင်အိပ်သည်။

ညီ ကလည်း ဘယ်လိုမှ အိပ်မပျော်နိုင်လေ ဒေါသထွက်လေ ...၊

သူမက တော်ရုံ စိတ်ဆိုးတာလောက်ကို ကောက်ကွေးနေတတ်တာလည်း မရှိ ...၊ သူ စိတ်ဆိုးနေမှန်း သိရင်လည်း ကျော့က ဖက်၊ ရင်က ဖက်နှင့် လူကို ဘယ်လိုမှ ကြာရှည်စိတ်မဆိုးနိုင်အောင် တတ်နိုင်တဲ့သူ ...၊

ခုကျမှ အေးဆေးအိပ်နေလိုက်တာ လှည့်တောင်မကြည့်...၊ ထိုအခါ ဟိုလူပြော ဒီလူပြော စကားတွေကို သတိရလာခဲ့သည်။

"မိန်းမတွေက အရမ်းချစ်မှန်းသိရင် မာန်တက်တယ်ကွ .. ပြီးတော့ အပြင်မှာ အထင်ပိုကြီးစရာ ယောကျ်ား မြင်နေရင်လည်း ကိုယ့်ယောကျ်ားကို ကြံဖန် ရန်လုပ်နေတော့တာပဲ" တဲ့ ...။

ခုတစ်လော သူမ တစ်ခွန်းမှမခံဘဲ ပက်ခနဲ ပက်ခနဲ ရန်တွေ့တာတွေက ထိုစကားတွေ မှန်ကြောင်း ပြနေတာလား ...၊

လင်မယားချင်း တစ်ယောက်တစ်မျိုးစီ တွေးရင်း မျက်နှာချင်း ဆိုင်မိတိုင်း မတည့် ...၊

"သမီး ဒီမှာ ဘာလုပ်နေတာလဲ ...၊ သား အပေါ်တက်သွားတယ်မို့လား ...၊ သွားလေ .. အေးဆေး သွားနားတော့ .."

www.burmeseclassic.com



"မနားချင်ပါဘူး မေမေရယ် .. မေမေ့အတွက် သနပ်ခါးဘူးထဲမှာ သနပ်ခါးကုန်နေပြီကြားလို့ ဒေါ်ကြီးကြည် ကို တမင် မသွေးခိုင်းတာ..၊ မေမေ လိမ်းဖို့ ပိုက် ကိုယ်တိုင် သွေးပေးချင်လို့ .."

"သြော် .. သမီးရယ် .. သမီးလက်တွေ ကြာရှည် ဘယ်ခံနိုင်မှာလဲ ..၊ ထားခဲ့ပါကွယ် .. နေ့လယ်တုန်းက သမီး ဘုရားမှာ ယတြာသွားချေတာလား .."

သနပ်ခါးသွေးနေသည့်ဘေးမှာ ဒေါ်သိန်းသိန်းမြင့် က ခုံဆွဲထိုင်လိုက်သည်။ ပိုက် က ကျုံ့ကျုံ့လေးထိုင်၍ သနပ်ခါးသွေးနေရင်း ခေါင်းညိတ်သည်။

"မျက်နှာချင်းဆိုင်အိမ်မှာ နာရေးဖြစ်ရင် ရက်လည်ပြီးတာနဲ့ ကိုယ့်အိမ်ကိုလည်း သန့်စင်ရတယ်တဲ့ .. မဟုတ်ရင် အိမ်နာတယ် တဲ့ .."

"ဟုတ်လား .. အင်း .. မေမေလည်း ကြားဖူးသလိုပဲ ..၊ သေချာတော့ မသိဘူး .."

"ဟုတ်တယ် မေမေရဲ့ .. ဗုဒ္ဓဘာသာတရားအရ အိုနာသေဘေးဆိုတာ ရှုမှတ်စရာတော့ မှန်တယ် ..၊ ဒါပေမယ့် အတိတ်နိမိတ်ဆိုတာ ရှိတယ် .. အခါသမယနဲ့ပတ်သက်တဲ့ အကျိုးအပြစ်တွေ ရှိတယ် ..၊ အများကြီးပဲ သိလား.. မြင်ခြင်းမကောင်းတာတွေ .. ကြားခြင်းမကောင်းတာတွေ .. ခတ်ကူး ခတ်တူ ထပ်ပွားယူ ဆိုတာတွေရော ..."

"အင်း .. အင်း .. သမီးက တော်တော် ဗဟုသုတရှိတာပဲ .."

"ဗဟုသုတ မဟုတ်ဘူး .. ဗေဒင်တစ်ခုကိုပဲ အရမ်းသိနေတာ.."

သူများ စကားပြောနေတာကို ဘယ်တုန်းက ရောက်လာမှန်း မသိဘဲ တန်းခနဲ ပြောချလိုက်ကာ ညို မျက်နှာက ရန်ဖြစ်ဖို့ အဆင်သင့် ရှိနေလျက် ...





"မယုံရင် မေမေ မေးကြည့်ပါလား .. အိပ်မက်အတိတ်တွေလည်း မသိတာ မရှိဘူး .."

"ကိုယ် ဝါသနာပါလို့ လေ့လာထားတာ ဘာဖြစ်လို့လဲ ..၊ မောင်က ပိုက် ကို ဒါချည်းပဲ လိုက်ရစ်နေတာ .."

"အံမာ .. ကိုယ်က မင်းကို ဟုတ်လား .."

ဒေါ်သိန်းသိန်းမြင့် ကိုယ့်ရှေ့မှာ ရန်ဖြစ်လာမှပဲ သားသမီးတွေရဲ့ အခြေအနေကို တွက်မိသွားတော့သည်။

ညို ကလည်း အလျှော့မပေးချင်သလို ပိုက် ကလည်း ထစ်ခနဲရှိ 'မေမေ'ဆိုပြီး ကိုယ့်ကိုပဲ တိုင်တည် ပြောနေသဖြင့် သားက တစ်ဖက်.. ချွေးမက တစ်ဖက် ..၊

ခင်ပွန်းသည်ကို ပြန်ပြောပြတော့ 'အဲဒါ မင့်သား ရန်ဖြစ်ဖို့ အချိန်တွေ ပိုနေလို့ပဲ ..၊ ဘာမှမှ မလုပ်ချင်တာ'လို့ ပြောလေသည်။ ပိုက် ကျတော့လည်း မုန့်ဖိုးလိုပြီဆို ယောက္ခမဆီက တောင်းရတာ မတင့်တယ်သလိုကြီး ခံစားရကာ ဦးလေးဆီကပဲ တောင်းသုံးသည်။

ဦးနေမျိုး က ကြည်ဖြူပေမယ့် ညို က သိတော့ ဒေါကန်၏။

"အလိုလိုကမှ မင့်ဦးလေး ဟိုခေါ်ဒီခေါ်တွေထဲကနေ ကိုယ်က လှည့်ပတ် ကျွေးရောင်နေတာ .. မိန်းမက သူ့ဆီမှာ လက်ဝါးသွားဖြန့်နေတယ် ..၊ အဲဒါ ကောင်းလား .."

"ကောင်းပါတယ် မောင်ရဲ့ .. ဦးဦးကဖြင့် တစ်ခွန်းလေးတောင် မဟာဘူး.. သူများက နောက်တာတောင်မှ ဦးဦးက ပြန်ပြောသေးတယ် ကျွန်တော့်သမီး အိမ်ထောင်ကျသွားပြီးမှ ကျွန်တော့်ကို စိမ်းကားသွားတာပဲ ဝမ်းသာလှပြီတဲ့ ..၊ ကျွန်တော် ရှာဖွေပိုင်ဆိုင်သမျှတွေက သူ့အတွက်ပဲတဲ့ ..၊ သူမှ မဖြုန်းရင် ဖြုန်းမယ့်သူ မရှိတော့ဘူးတဲ့ .."



www.burmeseclassic.com

www.burmeseclassic.com

"လုပ်မနေနဲ့ ဦးမျိုး က စကားပြော သိပ်တည်တယ် .. အကင်းလည်း ပါးတယ် ..၊ သူ ငါ့ကို အလုပ်လုပ်ချင်အောင် သိမ်းသွင်းခဲ့တာတွေ ငါ သိနေမှန်း သိတာနဲ့ ငါ့ကို လုံးဝ မခေါ်တော့ဘူး ..၊ သဘောကတော့ ဘာကောင်းသလဲ မမေးနဲ့ .. ဘယ်မှာတွေ့တွေ့ 'လူလေး' ဆိုတာချည်းပဲ .."

"သဘောကောင်းတာလည်း အပြစ်ပဲလား မောင် .. မောင့်ကို မောင်က ကြည်ဖြူဖြူ မကြည်ဖြူဖြူ အပြုံးမပျက်တာကိုပဲ အဲ့ဒါ အပြစ်ဖြစ်နေတာလား .."

"ပြောပြတာ.. ဆိုးတာကောင်းတာတွေ သူ့ရင်ထဲမှာ ရှိတယ် ..၊ မသိတာ မဟုတ်ဘူး .. စိတ်မဆိုးတတ်တာလည်း မဟုတ်ဘူး ..၊ မင်းလက်ဝါး သွားဖြန့်နေတာ မင်းယောကျ်ား အသုံးမကျလို့ဆိုတဲ့ အမြင်သူ့မှာ ..."

"မဟုတ်တာ မောင်ရယ် .. ဘယ်လောက် ဟန်ဆောင်ကောင်းတဲ့လူ ဖြစ်ဖြစ် အကြည့်တွေ .. စကားတွေမှာ ဓာတ်ပြတာပဲ ..၊ ဦးဦး မှာ မောင့်ကို ကဲ့ရဲ့ရှုတ်ချချင်တဲ့ပုံစံ ဘာမှကို မရှိတာ ပိုက် ပြောရဲတယ်.."

တကယ်က ညီ ကိုယ်တိုင် ဦးနေမျိုး ကို ခင်ပါသည်၊ လေးလည်းလေးစားသည် ..၊ လူတစ်ယောက်ကို အပြုံးတစ်ချက်မှ မပျက်ဘဲ အကဲခတ်နိုင်သည် ..၊ စည်းရုံးနိုင်သည်။

မနာခံတာကိုလည်း ချစ်စဖွယ်အပြုံးတို့ဖြင့် တစ်ဖက်သား အနေမခက်အောင် နားလည်မှုတွေ ပေးနေတတ်တဲ့သူ ..၊

ဒါပေမယ့် ကိုယ့်ကိုမြင်တိုင်း အသုံးမကျတဲ့လူဆိုတဲ့ အကြည့်ရူးရူးတွေနဲ့ ရှိနေတတ်သည့် ဖေဖေ့ကိုတော့ ရင်ခံမိသည်။

သူ့စိတ်ကူးက ဝါသနာပါတာတွေပဲ လုပ်နေချင်တာ မဟုတ်ပါ..။





အရင်ဆုံး ဆန္ဒရှိတာကို အရင်လုပ်မည် ..၊ လုပ်သင့်တာတွေကနောက်မှာ သူ့အလိုလို စိတ်ကူးသစ်တွေ .. အကြံဉာဏ်သစ်တွေနဲ့ ဘဝကို ဦးဆောင်ပြီး ချီတက်မယ့်ကိစ္စ ..၊

သားသမီးတိုင်းပဲ မိဘလုပ်ငန်းကို လုပ်ကိုင်တတ်မှ လူရည်ချွန်လား ..၊ မိဘရိုးရာ အစဉ်အလာ စီးပွားရေးတွေကမှ တကယ့်စီးပွားလား ..၊

သူလိုချင်တာက ကိုယ့်ရည်ရွယ်ချက်ကို လုပ်ခွင့် ..၊

ထို့ကြောင့် သူ့ပုံစံက မိဘကို အရွဲ့တိုက်နေသလို ဖြစ်နေတာလည်း ကိုယ့်ဘာသာ သိသည်။ သူ့ဒေါသတွေက ပိုက် ဘာလုပ်လုပ် အပြစ်မြင်နေဖို့အတွက် ဖိအားတွေ ဖြစ်သွားခဲ့၏။

"မွေးနေ့ကို မသွားဘဲ နေလိုက်လို့ ရတယ် မောင် .. ဒါပေမယ့်..."

"ဘာက မရတာလဲ .."

"လက်ဆောင်လေးတော့ ပို့ပေးချင်တယ် .. သစ်သစ် က သင်တန်းမှာ ခဏပဲ ခင်လိုက်တာဆိုပေမယ့် သူ အညာကိုပြန်သွားတုန်းကဆို ဟိုကနေ ပိုက် ကို လက်ဆောင်တွေ တင်ပို့ပေးတယ် ..၊ ညဘက် မွေးနေ့ဆုတောင်းတွေ လှမ်းပို့တာရောပဲ .."

"အဲဒီလက်ဆောင် ဘာပေးချင်တာလဲ ..၊ လက်ဝတ်လက်စား တစ်ခုခု ပေးလိုက် .. မင်းကို မောင် ပြောနေတာ ဒီနေ့ အပြင် လုံးဝ မထွက်ရဘူး ..၊ ဒါပဲ .."

"မောင် ခုတစ်လော ပိုက် ကို အရမ်းအနိုင်ကျင့်တာပဲ သိလား.."

"ကျင့်ချင်လို့ .."

"မောင် နော် .."

"ဘာလဲ .."


www.burmeseclassic.com

www.burmeseclassic.com



"မောင် အပြင်ထွက်နေတုန်းက ပိုက် ဘာမှ ပြဿနာမရှာဘူး.."

"မဟုတ်တာကွာ .. သေချာလည်း စဉ်းစားပါဦး ..၊ ဒီကောင် မင်းကြောင့် လမ်းတစ်ဝက်ကနေ ပြန်လှည့်ခဲ့ရတာတွေ .. ပြီးတော့ ဒီ မျက်နှာကြီးမှာ လက်သီးစာ မိခဲ့တာတွေ .."

"အဲဒါက ..."

"တော်ပါတော့ .. ခင်ဗျားမှာ ပြန်လည်ချေပဖို့တွေ အမြဲတမ်း အဆင်သင့်ရှိနေတာ သိတယ် ..၊ ပြီးခဲ့တာတွေ မပြောနဲ့ .. အခု ကိုယ် အိမ်ကပ်နေပြီ .. မင်းလည်း ဘယ်မှမထွက်ရဘူး .."

ပိုက် ပြင်ဆင်ထားပြီးမှ ဆလင်းဘက်ခ်လေး ပြန်ဖြုတ်ချသည်။ ပြီးတော့ ဘေးမှာ ဆောင့်ခနဲ ထိုင်၏။

"ဟာ!..."

"ဟိုဘက် တိုး .."

"ဘာလုပ်ဖို့လဲ .."

"အိပ်မယ် .."

"နေ့ခင်းဘက် မအိပ်ရဘူး .. ခေါင်းအုံတတ်တယ် .."

"အိပ်မှာပဲ .. ဖယ်မပေးလည်း နေပေါ့ .."

မွေ့ရာကို တစ်ပတ်ပတ်ပြီး ဟိုဘက်မှာ သွားလှဲသည်။

ထိုအခါ သေချာ ပက်လက်လှဲပြီး နေရာယူလိုက်ကာမှ မျက်နှာပေါ်ကို အင်္ဂလိပ် အဘိဓာန်စာအုပ်ကြီး ဖွေဝဲပြန်၍ ရင်ဘတ်ပေါ် တင် လိုက်ကာ ...

"ဒီမှာ နည်းနည်းလောက် ပြောပေးစမ်းပါ .."

"ဘာရယ် .."

သူက ဖုန်းကိုင်ထားလျက် မအားမလပ်ပုံစံနှင့် ...





"နီတျာရဲမလေးတွေ ချစ်စရာလေး.. ကိုယ့်ကို အီစီကလီတွေ လာ မေးနေတာ .."

"သြော် .. သြော် ..."

"မင်းက မောင့်ထက် စပီကင် ကျွမ်းပါတယ် ..၊ မသိတာလေး နည်းနည်းပါးပါး အဲဒီမှာ ရှာကြံ ဖြည့်စွက်ပြီး ပြောပေးစမ်းပါ .."

"မကျွမ်းဘူး .. ပြောလည်း မပေးနိုင်ဘူး ..၊ မောင် နော် .. ဖုန်း တစ်လုံးကိုင်ပြီး ကမ္ဘာပတ်နေတယ် ဟုတ်လား .."

"မင်းက အရင်ပတ်တာပါ .. ခုမှ မောင်က အမီလိုက်နေရတာ.."

"ဟွန်း .."

"လုပ်စမ်းပါကွာ .. ဒီမှာ မောင့်ကို နှိုက်နှိုက်ချွတ်ချွတ်တွေ မေးနေ တယ်ကွ .."

"အံမာ .."

ပိုက် လှဲနေရာကနေ စာအုပ်ကို တွန်းချကာ ဝေါက်ခနဲ ထထိုင် သည်။ ညီ က ဖြစ်လာမယ့်ရန်ကို ကြိုတင်ကာကွယ်တာမျိုး ဖုန်းကိုင် သည့်လက်ကို တစ်ဖက်လွှဲပို့ရင်း သဘောတွေစွတ်ကျနေသည့် မျက်နှာ ကြီးနှင့် ...

"ဟား .. ဟား .. ဟား .. ကိုယ့်ကို ပုံတွေ ပို့နေပြီ ..၊ ကိုယ်မြေတော နောက်ကျလို့ စိတ်မရှည်တော့ဘူး ထင်တယ် ..၊ တကယ်လန်းတယ် ကွာ .. အရပ်က ခြောက်ပေနှစ် တဲ့ .."

"ပေး .. အဲဒါ .."

အတင်းခုန်ထကာ ဖုန်းကို လုယူပစ်လိုက်သည်။ ကြည့်လိုက်တော့ ညီ အလကားနောက်နေတာ မဟုတ်မှန်း သိလိုက်ရ၏။

"ကြည့်စမ်း .. အရှက်မရှိ .."



www.burmeseclassic.com

www.burmeseclassic.com



မလုံမခြုံ ဝတ်ထားသည့် ကိုယ်လုံးအလှက မီးရောင် ခပ်ဝါဝါ အောက်မှာ ရိုက်ထားတာမို့ ရေဆေးငါးကြီးလို ဖွံ့ထွား ဝင်းနှစ်နေ၏။

ကျောကပုံ ..၊ ရင်ကပုံ ..၊ ခြေသလုံးက အစ ..၊

"ဒါ သူတို့ဆီမှာလည်း ဖော်ချွတ်မိန်းမမျိုး ဖြစ်မှာပေါ့ ..၊ သွားကြီး တဖြဲဖြဲနဲ့ ရှင်ကြီးက .."

'တွေ့မယ်'လို့ နောက်ဆုံးပြောလိုက်သည့်စကားမှာ ညီ က ပြုံးပြုံး ထလာကာ ဖုန်းကို ပြန်လုသည်။

"မိန်းမက လိမ္မာတယ် ..၊ မောင့်ကို ပြန်ပေး ..."

"ဘာလို့ ပေးရမှာလဲ ..၊ သိသွားအောင် ပြောရမယ် .."

"မလုပ်ပါနဲ့ကွာ .. အပျော်တွေ့ကြတာဥစ္စာ ..၊ အပြင်မှာ တကယ် မှ မဟုတ်တာ .."

"မရဘူး ..၊ ရှင်ကြီး သွားအဖြီးသားနဲ့ .."

"ပိုက် .. ဟေ့ .."

ပိုက် က ဖုန်းကိုင်ပြီး ခုတင်ပေါ်က ဆင်းပြေးဖို့ ပြင်လျှင် ညီ က နောက်ကနေ ခါးကို ဆွဲမွေ့ပစ်လိုက်၏။ နှစ်ယောက်စလုံး မွေ့ရာ ပေါ် လုံးထွေးသွားတာတောင် ပိုက် က ဖုန်းကို လုံးဝ လက်လွှတ်မခံ ..။

ညီ ကလည်း အတင်းပြန်လုသဖြင့် ဖုန်းက ရှောခနဲ လွင့်ထွက်သွား သည်။ ပြီးတော့ စားပွဲခြေထောက်နှင့် ဒေါက်ခနဲ ပစ်ရိုက်၏။

"ဟာကွာ .. သွားပါပြီ .."

ညီ နှမြောတသစွာ ညည်းညူရင်း ကိုယ့်နဖူး ကိုယ်ရိုက်၏။ ပိုက် က နေရာမှ ကျူးထလိုက်ရင်း ...

"မသွားသေးဘူး .. အချိန်မီသေးတယ် ..၊ ဘာမှလည်း မလုပ်ရ သေးဘူး .. ပြန်ကောက်လိုက် .."





ငိုသံပါလေးနှင့် ပြောကာ မွေ့ရာပေါ်က ဆင်းသည်။

"ပိုက် .."

"ဟင့်အင်း .. ဖယ် .. လွှတ် ..."

ညီ က အတင်း ပြန်ဖက်ထားပြီး တဟားဟား ရယ်၏။

"နောက်နေတာပါကွာ .. မောင် တကယ်မရိုးသားရင် မင်းကို ပြောမနေဘဲ ထိုင်ကြည့်နေမှာပေါ့ .."

"လျှောက်ပြောမနေနဲ့ .. ရှင် ခုပဲ ဝမ်းပမ်းတနည်း ရေရွတ်နေ တာ ..၊ ပိုက် သိပါတယ် .. မောင် ပိုက် ကို ရိုးသွားပြီမို့လား ..၊ အပြင်မှာ ဆန်းဆန်းပြားပြားတွေ မြင်နေရလို့ ပိုက် ကို အချိန်ပြည့် ရန်ရှာနေတာ ပိုက် သိတယ် .."

"ဘာတွေ ပြောနေတာလဲကွ .. ရိုးသွားပြီလို့ ဘယ်သူပြောတာလဲ..၊ ရိုးဖို့ နေနေသာသာ ချစ်လို့တောင် မဝလို့ မင်းကို ဘယ်မှမသွားအောင် ပြဿနာရှာနေတာ .."

"မဟုတ်ဘူး .."

"ဟုတ်တယ် .."

"မဟုတ်ဘဲနဲ့ နော် .."

"ဟုတ်ပါတယ်ဆိုကွာ.. မောင် သက်သေပြမယ်..၊ ဒီဘက်လှည့်.."

"မသိဘူး .. သွား .."

ပိုက် နဲ့ မောင် ရန်တွေ ဖြစ်နေရသလောက် ချစ်ကြတာလည်း အရူးအမူးပါ ..။

ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် ပြိုင်ဆိုင်ပြောကြပြီဆို ဘယ်သူကမှ အလျှော့မပေးချင် ..။

"ငါ မပါတဲ့ပွဲကို မင်းက ဘာလို့ သွားကြည့်တာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မောင် ပါတဲ့ပွဲတွေမှာ လိုက်ကြည့်ပေးဖို့ အဖော်ခေါ်နေကျ ဆိုတော့ သူတို့ကြည့်ချင်တဲ့ပွဲကိုလည်း ပိုက် က လိုက်ရတာပေါ့ .."

"မဟုတ်ဘူးလို့ ငါ့စိတ်က ခံစားမိနေတယ် .."

"မတတ်နိုင်ဘူး .. မောင့်ကို ဒါပဲ ရှင်းပြစရာရှိတယ် ..၊ တစ်ခု ပြောဖို့ ရှိသေးတာက ပိုက် ကို အဲဒီအားကစားကွင်းထဲ မရောက်စေချင်ရင် မောင်လည်း ဘာမှ သွားမကစားနဲ့ .."

"ဘာလို့ မကစားရမှာလဲ ..၊ မင်းကသာ ငါ့စကားအတိုင်း နာခံရမှာ .."

"မောင်သွားရင် လိုက်မှာပဲ ..၊ အဲဒီတစ်ခုကို ဆန့်ကျင်ဖို့ ဆုံးဖြတ်ပြီးသား .."

သူက ဆုံးဖြတ်ထားသည်ဆိုတော့ ကိုယ်ကပဲ လျှော့ရဖို့ဖြစ်လာခဲ့၏။ ညီ ခြေလှမ်းကျဲခဲ့တာတွေကို ပြန်ရုပ်သိမ်းဖို့ ဖြစ်လာတာ ဖေဖေ့ကြောင့် မဟုတ်ဘဲ သူမနဲ့သာ သက်ဆိုင်လေသည်။

နောက်ထပ်အကြောင်းရင်းတစ်ခုက ကင်းမောင်မောင် သည်လည်း နာမည်ကျော် တိုက်စစ်မှူးတစ်ယောက် ဖြစ်လာခဲ့ရာ ...

"ငါ ဘောလုံး မကန်တော့ဘူး .."

သူ့ငယ်ချင်းတွေကို သတင်းပုန်းပေးလိုက်ရသည်အထိ သူ့ဘက်က ပြင်ဆင်ခဲ့ရ၏။ ပိုက် က မသိဘဲ သူ့ခြေရိုဝ်ကိုကြည့်ရင်း ရင်မောနေခဲ့စဉ် ကွယ်ရာမှာ ညီ က မဲ့ရွဲ့နေကာ ...

"တွေ့မယ် .. မင်းနဲ့ ငါ .."

သူ တမင်ရွဲ့ပြီး နေ့ရောညပါ အပြင်မထွက်ဘဲနေတော့ ပိုက်လည်း အိမ်တွင်းပုန်းမလေး ဖြစ်နေခဲ့၏။ ယွန်း က ဖုန်းခေါ်တော့လည်း တစ်ခါ ညီ က ကိုင်လိုက်ပြီး အိပ်နေတယ် ပြောသည်။





နေ့လယ်ပိုင်း ပြန်ခေါ်တော့ ပိုက် က မျက်နှာငယ်လေးနှင့် ...

"မောင် .."

"ဘာလဲ ..၊ အပြင်ကို မသွားရဘူး .."

"မောင်ကလည်း .. မောင်လည်း လိုက်ခဲ့လေ .. ယွန်း က ဈေးစပ်တော့မှာတဲ့ ..၊ အဲဒါ သူ့ဈေးစပ်ပွဲအတွက် ဝယ်ဖို့ ခြမ်းဖို့ .."

"သူ့ကောင်ကို ခေါ်သွားလို့ ရတယ် .."

"သူတို့ချင်းက မရင်းနှီးကြဘူးလေ ..၊ ခုမှ ဈေးစပ်မှာကို ဘယ်လိုလုပ် အတူတူ သွားချင်မှာလဲ .."

"အပိုတွေကွာ .. နောက်ဆို မင်းကို ရှုပ်တယ်တောင် ထင်ဦးမှာ..၊ လုပ်မနေနဲ့ .."

ပိုက် မျက်နှာလေး မသာမယာနှင့် ဖုန်းပြန်ဆက်နေတာကို ကြည့်၍ ညီ သဘောတွေ ကျနေ၏။

ကိုယ့်ဘက်က သူမအတွက် အကြီးကြီး စွန့်လွှတ်ခဲ့ပြီးပြီ ..၊ အလကားတော့ ဘယ်ရမလဲ ..၊ မျှမျှတတပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

တစ်နေ့လည်း မဟုတ် .. နှစ်နေ့လည်း မဟုတ် ..၊

အိမ်တွင်းပုန်းနေရတဲ့ ဒုက္ခကြီးက စိတ်ပျက်ဖွယ် ဖြစ်လာသဖြင့် ပိုက် မျက်နှာလေး မဲ့လာခဲ့ရင်း ...

"မောင် ဦးဦးဆီက ဖုန်းလာတယ် .."

"ဘာလဲ .. ကျွန်မယောက်ျားကို အလုပ်လုပ်ဖို့ ခေါ်ပါဦးလို့ မင်း ပြောလိုက်လို့လား .."

"မဟုတ်ပါဘူး မောင်ရယ် .. ရော့ .. ရော့ပါ .."

ပိုက် တကယ် ဘာမှပြောမထားခဲ့မိပါ ..၊

ဒါပေမယ့် ဦးဦး ဖုန်းဆက်တော့ မောင် အပြင်ထွက်တော့မှာပဲ ဆိုပြီး ဝမ်းသာအားရ ဖြစ်သွားခဲ့တာ အမှန် ..၊





"ကျွန်တော် သိပ်နေမကောင်းလို့ ဦးမျိုး .. ပြီးတော့ ပိုက် က လည်း ထွက်တော့တစ်မျိုး ၊ အိမ်ထဲမှာနေတော့တစ်မျိုးနဲ့ ဘာလုပ်ရမှန်းကို မသိတော့ဘူး ..၊ အဲဒါကြောင့် ဘယ်မှမသွားဘဲ နေလိုက်ဦးမယ် .."

ကြည့်စမ်း ..၊

ပိုက် မျက်လုံးအဝိုင်းသားနှင့် ကြည့်နေမိသည်။

ဦးဦးက ဘာတွေပြောနေသည် မသိ ..၊ ညို့ မျက်နှာက တဟဲဟဲနှင့် ..။

ဘာတွေ ဘဝင်ခွေ့နေသည် မသိ ..၊

"မောင် ဘာတွေ လျှောက်ပြောနေတာလဲ ဦးဦး ကို .."

"အမှန်တိုင်း ပြောလိုက်တာလေ .. ဦးမျိုး က တစ်ထွာပြရင် တစ်လံလောက် မြင်တယ် ..၊ အဲဒါကြောင့် နောက်ထပ်မခေါ်အောင် ပြောပေးလိုက်တာ .."

"မောင်က ပိုက် ကို ရှဲ့ပြီး အပြင်မထွက်ဘဲ နေသလိုလိုနဲ့ ကိုယ့်ဘာသာ ပျင်းတာကိုများ .."

"ရှဲ့တာဖြစ်ဖြစ် .. ပျင်းတာဖြစ်ဖြစ် မင်းကို အပြင်မထွက်နိုင်းဖို့ အတွက် ငါ မင်းအနားမှာ ရှိနေဖို့ လိုတယ် .."

"ပိုက် က ဘယ်လောက်တောင် အပြင်ထွက်နေလို့လဲ .."

"ယောက်ျားက တုတ်ကိုင် ထိုင်စောင့်နေရတဲ့အထိပဲ .."

"မောင် နော် .."

"ဟာ!... ဟော့ ..."

ပိုက် က ရင်ဘတ်ကို လက်သီးဆုပ်နဲ့ ထုပြေးထုကာ အသောင်းဝင် တိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ညီ နံရံပေါ် အင့်ခနဲ ပစ်ကျသွားကာ ...

"မင်းက လက်ပါတယ် ဟုတ်လား .."

"မောင် ဘာလို့ မဟုတ်တာတွေ လျှောက်ပြောလဲ .."

"ပြောမယ် .. မဟုတ်တာတွေ လုပ်ဖို့လည်း ရှိသေးတယ် .."

လင်မယား စကားများတိုင်း ထုမယ် နှက်မယ်တွေ ဖြစ်ကြသည်။ ပြီးတော့လည်း ဘာမှမဟုတ် ..။

ဘာမှမဟုတ်ရခြင်း အကြောင်းကလည်း ပိုက် က မျက်ရည်ကျရင်တောင် ခဏပဲဖြစ်ကာ သူမရဲ့စကားအတိုင်း သူမ သည်းမခံနိုင်သည့် အဖြစ်မျိုးကလွဲလျှင် ညီ့ အပေါ် ဘယ်လိုအကြောင်းကြောင့်ဖြစ်ဖြစ် ကြာကြာ စိတ်မဆိုးနိုင်ခဲ့ကြခြင်းသာ ..၊

ထို့အတူ သူမဘက်က လွှန်လွှန်ကျူးကျူး ပြောလာသမျှကိုလည်း ညီ့ ခများ လက်သီးဆုပ်ရင်း ပါးမှာ ကပ်ကြိမ်းရင်းနှင့် ...

"အား .. ပျင်းလိုက်တာကွာ .."

ညီ ဝရန်တာထွက်ပြီး ဒရင်းဘတ်ဒ်တစ်လုံးနှင့် စာအုပ်တစ်အုပ် ရင်ဘတ်ပေါ်တင်ရင်း စီးကရက် လက်ကြားညှပ်ပြီး ငြိမ်နေစဉ် ...

"ဘယ်လိုပျင်းရမှန်းတောင် မသိတော့ဘူး .."

ပိုက် က ပျင်းခြင်းများစွာကို ကြွေးကြော်ပြီး အနားရောက်လာ၏။

ဝတ်ထားတာကလည်း ရှပ်အင်္ကျီ ကြောင်ကြောင်ကျားကျား ပွပွ.. ဒူးကျဘောင်းဘီ အကျပ်လေးနှင့် ...

ထို့ပြင် ဆံပင်စုလေး အနည်းငယ်စီကို ချို့စောင်းတစ်ဖက်တစ်ချက်မှာ ခေါင်းစည်းကွင်းလှလှလေးတွေနှင့် စည်းထားသေးသည်။

ရဲရဲတောက် နှုတ်ခမ်းနီကိုဆိုး၍ မျက်တောင်ဖျားတွေမှာ မတ်စ်





ကာရာတွေ ထူပျစ်နေအောင် တင်ထား၏။ ပြီးတော့ မျက်ရစ်တွေ ဆော်ထားတာ ကာလာစုံ ..၊

"ဘယ်လိုဖြစ်လာတာလဲ မျက်နှာက .."

"မလှဘူးလား .."

"ဟွန်း .."

ရှုံ့မဲ့ပြီး ဟိုဘက်လှည့်သွားသည့် ညီ့ မျက်နှာကို မေးဖျားကနေကိုင်ပြီး ဒီဘက် ပြန်ဆွဲလှည့်ကာ ပိုက် က ဘေးမှာ ဒူးထောက်ထိုင်လိုက်၏။

"မောင် .."

"ဘာလဲ .."

"မပျင်းဘူးလား ဟင် .. ပိုက် လိုမျိုး အပျင်းပြေအောင် ဒါတွေ လုပ်မလား .."

မျက်နှာကို ရှေ့တိုးပြီး လက်နဲ့ပိုက်ပြတော့ ညီ ဒေါကန်သွား၏။

"ပိုက် .."

"ဘာလဲ မောင်ကလည်း .. မှန်ရှေ့မှာ အချိန်ဖြုန်းရတာ အပျင်းပြေတယ် ..၊ တကယ်ပြောတာ .."

"မင်း နော် .. ငါ ထိုးမိတော့မယ် .."

ပါးမှာ လက်သီးဆုပ်ကြီးနဲ့ကပ်တော့ ပိုက် မျက်နှာလေး နောက်လန်သွားကာ ...

"ပိုက် က အကောင်းပြောတာကို .."

ရှုံ့မဲ့မဲ့လေးနှင့် ထပ်ပြီး အထွန့်တက်သည်။

"လင်မယားချင်းပဲ ဘာဖြစ်လဲ ..၊ မောင် အရှမ်းကို ရှာသွားမှာ လာပါ အခန်းထဲ သွားရအောင် .."


www.burmeseclassic.com

www.burmeseclassic.com



"ပိုက် .. မင်းကို ငါ မထိုးရဲဘူး ထင်နေလို့လား .."

"မထင်ပါဘူး .."

ပိုက် က ပြောလေ ကဲလေ ...၊

သူ့လက်သီးကို အသာလေး ဖယ်ချပစ်ကာ ...

"ပိုက် က ထိုးချင်စရာတွေ ပြောတာမှ မဟုတ်တာ ...၊ ပျင်းလို့ မောင့်ကို .."

"ဒီလောက်ပျင်းနေရင် ဒီဝရန်တာပေါ်က ကျွမ်းထိုးချလိုက် .."

"မောင်ကလည်း .."

ပိုက် က သူ့ဘေးမှာ ပွတ်ကပ်ထိုင်ပြီး လက်မောင်းကို ဖက်တွယ် မှီနေရင်း ...

"အဲ .. အကြံရပြီ .."

ဆတ်ခနဲ ခေါင်းထောင်၍ ...

"မောင်နဲ့ ပိုက် အပျင်းချင်း ပြိုင်ရအောင် .."

"ဘာ!..."

"ပိုပျင်းတဲ့လူက အနိုင် ...၊ မပျင်းတဲ့လူက အရှုံး .. ဘယ်လိုလဲ.."

ညို့ မျက်နှာ ရယ်ချင်ပက်ကျိ ဖြစ်သွားကာ တည်လည်းတည်ထား ရသဖြင့် ဘယ်လိုပုံ ဖြစ်နေမည်တော့ မသိ ...၊

"သေချာပါတယ် .. မောင်ပဲ နိုင်မှာ .."

ကြည့်စမ်း ...၊

ညို့ ရဲ့ မချိုမချဉ်မျက်နှာကြီး ရုတ်ခနဲ တည်သွားသည်။

"မောင်က အားပါးတရကြီး ပျင်းနေတာ .. ပိုက် ကသာ ညည်း ညည်းညူညူ လုပ်နေတာဆိုတော့ .. ဒီနည်းလည်း မကောင်းသေးပါ ဘူး .."





"ဟုတ်တယ် .. မကောင်းသေးဘူး ...၊ မင်းပဲ ရှုံးမှာ .."

"ဟင်!..."

ညို က နေရာမှ ထရပ်လိုက်ကာ ...

"မင်းက ပျင်းလို့ မနေတတ်တဲ့သူမို့လား .. မပျင်းအောင် ကူညီရ မှာပေါ့"

"မောင် နော် .. အား ..."

မောင့်လက်ပေါ်မှာ ပိုက် အရုပ်လေးတစ်ရုပ်လို ပါသွားခဲ့သည်။

ဒါက အပျင်းပြေစရာလည်း မဟုတ် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"လာပါ မောင်ရယ် .. ဒါက ဗေဒင်ခန်းလည်း မဟုတ်ပါဘူး ...၊ ဆရာမနဲ့ဆုံတုန်း ပိုက် တို့ ဝင်မေးရအောင် .. မောင့်ကို အားလုံးနဲ့လည်း မိတ်ဆက်ပေးချင်လို့ .."

ဒီဆရာမရဲ့မွေးနေ့ဆိုတာ မပြောဘဲ 'မွေးနေ့ပွဲ'လို့ပဲ အသိပေးပြီး ညီ ကို ပိုက် က ခေါ်လာခဲ့၏။ ရောက်ပြီဆိုမှ သိတော့ ညီလည်း ဘာမှမတတ်နိုင် ...၊ မရယ်မပြုံးချင်ဘဲ ပြေပြေပြစ်ပြစ်ရှိအောင်တော့ ကိုယ့်မျက်နှာကို ပြင်ဆင်နေရသည်။

တိုက်နဲ့ ခြံအကျယ်က အနေတော်ပဲဖြစ်ကာ ခင်ပွန်းဖြစ်သူက အထူးကုဆရာဝန်ကြီးမို့ ခြံအဝင်ဝ တစ်ဖက်ခြမ်းလုံးက ဆေးကုခန်း ဖွင့်ထား၏။

ဧည့်ခံပွဲက ခြံထဲမှာမို့ အပြင်ဆေးခန်းကိုရော တိုက်ကြီးကိုပါ သေချာ မြင်နေရသည်။





ထို့ပြင် ဒေါ်သန္တာခင် က ဖော်ရွေသည့်မျက်နှာအပြင် ချောချောခန့်ခန့်ပဲ ရှိနေသဖြင့် နည်းနည်းတော့ အံ့သြမိသည်။

ဗေဒင်ဝါသနာပါသည်ဆိုလို့ ခပ်ရင့်ရင့် ရှေးဆန်ဆန်ပုံစံ အမျိုးသမီးကြီးလို့ ထင်ခဲ့ပေမယ့် မြင်ရတော့ တစ်မျိုး ...။

"သမီးက အရမ်းချစ်တဲ့အကြောင်းတွေ ပြောလွန်းလို့ လူ မမြင်ဖူးပေမယ့် စိတ်နဲ့ မှန်းတွက်ကြည့်တာတော့ ရင်းနှီးနေပါပြီ ...၊ ညီ က လူချောပဲ .. သမီးနဲ့ အရမ်းလိုက်တယ် .."

"ပိုက် ကျွန်တော့်ကို မိတ်ဆက်ပေးဦးလေ .. ဟိုအရင်တစ်ခါ ရုပ်ရှင်ရုံထဲမှာ လာခေါ်သွားတဲ့ အစ်ကို မို့လား .."

ကိုယ့်ရှေ့မှာ ပြုံးနေသည့်မျက်နှာနှင့်ရောက်လာတော့ ညီ မျက်နှာ ပူသွားသည်။ ဒါပေမယ့် ကိုယ့်ကို စိုက်ကြည့်ပြီး ပြုံးရယ်ပုံက သိပ်တော့ အဆင်မပြေသလို ခံစားမိ၏။

ယောကျ်ားချင်းမို့ နားလည်တာတစ်ခုက သူ ထင်တဲ့အတိုင်း ထို မျက်ဝန်းတွေထဲမှာ မရိုးသားမှုကို ရှာတွေ့မိခဲ့ခြင်းပင် ...။

မွေးနေ့ပွဲကို ပြီးခါနီးမှ ရောက်အောင်သွား၍ ဧည့်ခန်းကနေ နောက်ထပ် စာကြည့်ခန်းထဲကို ရောက်သွားခဲ့ကြသည်။

တကယ်က ဟောခန်းသပ်သပ် ဖွဲ့စည်းထားတာ ဖြစ်သည်။

ဆရာမက ဘုရားရှိခိုးလိုက်ပြီးမှ သူ့မွေးနေ့မှာ ဟောပေးရတာမို့ ထူးခြားတာတွေ ဘာတွေ ပြောနေသေး၏။

ညီ ရင်ထဲမှာ ထူးခြားနေတာကတော့ မြန်မြန် ပြန်လိုခြင်းပင် ...။

"ညီ နဲ့ သမီးတို့ရဲ့ အိမ်ထောင်ရေးမှာ ကွဲကိန်းကွာကိန်း မြင်နေတယ် နော် .."

"ရှင်!..."



www.burmeseclassic.com

www.burmeseclassic.com



ညီ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ပိုက် မျက်လုံးပြူးသွားကာ ညီ မျက်နှာကို စိုးရိမ်စိတ်နှင့် လှည့်ကြည့်လိုက်မိသည်။

ဗေဒင်ဟောကိန်းက ထိတ်လန့်စရာ ဖြစ်နေတာထက် လောလော ဆယ် ညီ ဒေါသတွေ မဆင်မခြင် ထွက်ကျလာမှာ စိုး၏။

"မသွယ်မဝိုက်ဘဲ ပြောလိုက်တာက ကိုယ့်အချင်းချင်းတွေ မို့လို့ပါ ..၊ စိတ်အနှောင့်အယှက် ဖြစ်သွားအောင် အလိုက်ကမ်းဆိုးမသိ ပြောတာ မဟုတ်ဘူး..."

"သြော် .. ရ .. ရပါတယ် ဆရာမ ရယ် .. ကြိုသိထားတော့ ကာကွယ်လို့ ရတာပေါ့ .."

"မင်းက ဘယ်လို ကာကွယ်မှာလဲ .."

"ဟင်!..."

"ပြီးတော့ ဒါကြီး သိထားပြီး မင်းက အေးဆေး မေ့မေ့ပျောက်ပျောက် နေနိုင်မှာလား .."

"ဒါက ယတြာ ရှိပါတယ်ကွယ် .."

"ကျွန်တော်ကတော့ အဲဒါတွေ ဝါသနာမပါဘူး .. ဗေဒင်မေးတာ ရော ယတြာတွေရောပဲ .."

ဆရာမက သည်းခံရှာပါသည်။

ဒါပေမယ့် ညီ ကလည်း လင်မယားကွဲမည် ဟောတည်းက ဒေါသထွက်နေတာမို့ ဘယ်လိုမှ ရှေ့ဆက် အပြောမခံဘဲ ပိုက် ရဲ့လက်ကို ဆွဲ၍ ထပြန်ခဲ့သည်။

"မောင် ဘာဖြစ်လို့ ဒီလောက် ရိုင်းရတာလဲ .."

"ရိုင်းတယ် ..၊ သူ မယဉ်ကျေးလို့ ကိုယ် ရိုင်းတာ .."

"သူက မောင့်ကို သည်းခံဖို့ ကြိုးစားနေတာ .."





"သည်းခံဖို့ ကြိုးစားနေတာလား .. ယတြာပေးပြီး ကျေးဇူးတင်ခ ငွေတောင်းမလို့လား .."

"အဲဒီလို ငွေမက်ရအောင် သူက အသပြာဆရာမှ မဟုတ်တာ.."

"ဒီမှာ .. ဝါသနာပါတဲ့လူလည်း ဝမ်းရေးအတွက် ဝါသနာကို ရင်းရတာပဲ ..၊ ပါရမီရှင်တွေလည်း အဲဒီပါရမီနဲ့ ငွေရှာကြတယ် ..၊ အသပြာဆရာ မဟုတ်ဘူး .. ဟုတ်တယ် .. မင်းက ဘာမို့လို့ ပြောနိုင်နေတာလဲ .."

"မောင်ကိုက .."

"ဟုတ်တယ် .. ဒေါသထွက်တယ် ..၊ လင်မယားကွဲမယ် ပြောတာကို ဒီဆရာမ ပြောတာကျမှ မင်း နားဝင်ချိုနေပေမယ့် ငါကတော့ မချိုဘူး .."

"မဟုတ်ဘူးလေ .. ဒီစကားကို ဘယ်သူက နားဝင်ချိုနေမှာလဲ..၊ ဒါပေမယ့် ယဉ်ကျေးမှုအရ သူများစကားကို ဒီလို ရိုင်းရိုင်းစိုင်းစိုင်းပြောပြီး ထထွက်လာခဲ့တာ မောင် လွန်တယ် .."

"ယဉ်ကျေးမှုအရ ချစ်ခင်နေတဲ့လင်မယားကို သူ ဒီလိုစကားမျိုး ပြောသင့် မပြောသင့် အရင် စဉ်းစားရမှာ .."

"ပိုက် က မောင့်ကိုခေါ်ခဲ့မယ် ဟောပေးပါဆိုလို့ သူ ဟောပေးတာ .."

"အဲဒီတော့ ငါ တကယ်စိတ်ဆိုးသင့်တာ မင်းပေါ့ .."

"မောင်ရယ် .. ကျွတ်!..."

"ဟဲ့ .. ဘယ်လိုဖြစ်ကြတာလဲ ..၊ အိမ်ပေါ်ကို တန်းတက်သွားပြီး စကားသံတွေ ထွက်နေပါတယ် အောက်မေ့တာ ..၊ ဘာဖြစ်လာကြတာလဲ ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



ရန်ပွဲသည် ရှေ့ဆက်ပေါက်ကွဲကြဖို့ တာစူနေရင်း ဒေါ်သိန်းသိန်းမြင့် ရောက်လာတော့မှ ရပ်တန့်ပြီးဆုံးခဲ့၏။ ဒီတစ်ခါ ဘယ်လို အမုန်းငြိုးတွေနဲ့မှန်း မသိဘဲ ညို မျက်နှာကလည်း အချိန်ပြည့်တင်းနေကာ ပိုက် ကလည်း ဂရုမစိုက် ...။ ဒါပေမယ့် ...

"မင်း ဘယ်က ပြန်လာတာလဲ .."

"လမ်းထိပ်က ဘုရားဖြူလေးကိုပါ .."

"သိတယ်၊ ဘာသွားလုပ်တာလဲလို့ မေးနေတာ"

"ပုတီးသွားစိပ်တာ .."

"ဘယ်မှာလဲ ပုတီး .."

"မောင် ဘာဖြစ်နေတာလဲ .."

ပိုက် ပြန်အော်တတ်နေပြီဖြစ်ကာ စကားများတိုင်း အော်ရင်းငိုရင်းနဲ့ပဲ ပိုက် အရှုံးပေးခဲ့ရသည်။ ဟိုမသွားရဲ .. ဒီမသွားဝံ့ ဖြစ်လာခဲ့ရင်း အိမ်မှာ အတူတူနေကြတော့လည်း ချက်နှာချင်း မဆိုင်ဖြစ်ကြ ...၊

"ဘာယတြာမှ မချေနဲ့ .. မင်းနဲ့ ငါ တကယ်ကွဲသွားပြီဆိုရင်တောင် ဒီဗေဒင် မှန်လိုက်တာလို့ ငါ ပြောမှာမဟုတ်ဘူး ...၊ အဲဒီတော့ မင်း လုပ်နေသမျှ အပိုပဲ .."

ညို က လူကြီးတွေ ရှေ့မှာတောင် ချမ်းသာမပေးတော့ဘဲ တင်းတင်းကျပ်ကျပ် တားဆီးမှုတွေ လုပ်လာခဲ့၏။

"ဘယ်လိုဖြစ်တာလဲ သားရယ် .. သမီးက အိမ်ထောင်ရေး ပျက်ပြားမှာ စိုးလို့ .."

"မဟုတ်ဘူး မေမေ .. ဘာမှ မသိရင် ဘာမှ မဖြစ်ဘူး ...၊ ဒီ အိမ်ထောင်ရေး ပျက်ဖို့ မပျက်ဖို့ကလည်း ဗေဒင်ဆရာမလက်ထဲမှာ ရှိတာ မဟုတ်ဘူး ...၊ အဓိကက သူနဲ့ ကျွန်တော် နားလည်မှုရှိနေဖို့ဲ.."





"သားရယ် .. ချစ်ကြတဲ့လူတွေ မပြောနဲ့ ...၊ မချစ်ဘဲနဲ့ လက်ထပ်ခဲ့ကြတဲ့လူတွေတောင်မှ အိမ်ထောင်ပျက်ကြမှာကိုတော့ ကြောက်ကြတာပဲ ...၊ ဒါပေမယ့် ကွဲတာပြတ်တာတွေ မရှိကြလို့လား .. အဲဒီလူတွေကရော သူတို့အိမ်ထောင်ရေး မြဲမြဲ အဆင်ပြေအောင် မကြိုးစားခဲ့ဘူးလို့ သား ထင်သလား .."

မိဘကိုတော့ တခေါက်ကန်း ဇွတ်တိုးပြီး မပြောချင်တာမို့ ဒေါ်သိန်းသိန်းမြင့် ပါလာပြီဆို ညို အသံတိတ်သွားတတ်ပါ၏။ ထိုပြင်...

ဦးညီလွင် က ကြိမ်းမောင်းလိုက် .. မျက်လုံးချင်းဆုံတိုင်း အပြစ်တင်လိုသည့်အကြည့်တွေ လွှတ်ခဲ့လိုက်နှင့် ...၊

"ကျွန်တော်တို့ အိမ်ခွဲနေချင်တယ် မေမေ .."

"ဟင်!... ဘာယ်လို .."

ညို က မျက်နှာ ခပ်လွှဲလွှဲထားပေမယ့် မရှုံ့မတွန့် ထပ်၍ ...

"ကျွန်တော် အိမ်ခွဲနေချင်တယ် .."

"ဘယ်လိုဖြစ်ရတာလဲ သားရယ် .. ဒီ နှစ်ထပ်ခွဲတိုက်ကြီးမှာ သားတို့ရော နောက်ထပ် မြေးတွေ မြစ်တွေ တိုးပွားလာတဲ့အထိ ဘောလုံးကန်လို့တောင် ရပါတယ် ...၊ အခန်းတွေ နေရာလွတ်တွေနဲ့ တိုက်ကြီးကြီးသလောက် ဘယ်ကိုကြည့်ကြည့် ရှင်းလင်းအေးချမ်းနေအောင် ပြင်ဆင်ထားတာပါ .."

ပျက်ယွင်းသွားသည့် ဒေါ်သိန်းသိန်းမြင့် မျက်နှာက ငိုချလိုက်တော့ မလိုပါ ...။

"မေမေ့မှာ သားရော သမီးရော ရလို့ နေ့နေ့ညည စိတ်ကူးယဉ်ပြီး ပျော်လိုက်ရတာ .. သားက ဘာဖြစ်လို့လဲဟင် ...၊ ဒါ သမီးနဲ့ဆန္ဒ မဟုတ်ဘူးဆိုတာ မေမေ သိတယ် .. မေမေတို့ ဘာဖြစ်ကြတာလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



ချွေးမက သမီးနဲ့တူပြီး ကိုယ့်သားက သမက် ဖြစ်နေရတာလဲ ..”

လင်မယား ဘာဖြစ်ဖြစ် မိဘတွေသိပြီး ပြေးပြေးလာတတ်တာကို သူ မကြိုက်ပေ ..။ လင်မယားချင်း ဘာတွေပြောပြော ဘယ်လိုဆိုဆို မိဘတွေနဲ့ကျတော့ ဘာမှ ပြောလို့မရ ..၊ တားဆီးမနိုင် ..။

သူ စိတ်ညစ်ခဲ့ရတာတွေ ဒါတွေပဲ ဖြစ်သည်။

“မေမေ သိပါတယ် ..”

“မေမေ့ကို ပြောသွားတာပါ ..”

“မေမေကိုယ်တိုင် ဒရိုင်ဘာနဲ့ ထည့်လွှတ်လိုက်တာ ..”

စသဖြင့်သော မေမေ့ကို ကာဗာယူခြင်းများစွာဖြင့် ပိုက် က လုပ်ချင်တာကို ဇွတ်လုပ်တတ်နေပြီ ..၊ ပိုက် ကို သူကပဲ ကြာလေ ချစ်လေ ဖြစ်လာခဲ့သည်လား မသိ ..၊

သူမ ဘယ်သွားသွား မကြိုက် ..၊ ဘယ်ယောကျ်ား လှမ်းကြည့်လိုက်တာကိုမှ သဘောမကျနိုင် ..၊ ပိုဆိုးတာက သူမလေးကလည်း ကြာလာလေ ပိုလှလေ ..၊

ချစ်လို့ သဝန်တိုနေမှန်းလည်း မသိ ..၊ ဒေါသကြီးတတ်လာတာ သဝန်တိုစိတ်တွေများလား ဆိုတာလည်း သူမကတော့ သိမှာ မဟုတ်ပေ ..၊

ဘာဖြစ်ဖြစ် သူကလည်း ကိုယ်ချစ်နေတာကို ဒီလိုနည်းနဲ့တော့ ဝပ်စင်း ခယပြမှာ မဟုတ်တာ သေချာပြီးသား ..၊

“မင်းက မိဘလက်အောက်မှာ မနေချင်ရအောင် ပညာတွေ ဘယ်လောက်တတ်နေလို့လဲ စာဆိုညီ ..”

တကယ်သွားဖြစ်ဖို့က မေမေနဲ့ ပိုက် တို့ကြောင့် မသေချာ မရေရာရှိနေခဲ့ရင်း မေမေ့စကားလုံးတွေက ပြာဖုံးနေသည့်မီးကျီးခဲကို ယပ်ခပ်





ပေးလိုက်သလိုပင် ..၊

“မခံချင်စရာ ပြောတာကို မခံနိုင်ဘူးဆိုရင် ဒီလိုပြောတာ မခံရအောင် ကြိုးစားရတယ် ..၊ ဝမရှိဘဲ ဝိလုပ်လို့ မရဘူး .. လုံးကြီးတင်မရှိဘဲ ဆန်ခတ်ပြနိုင်တယ်ဆိုရင် အဲဒါ အရူးပဲ ..”

ပြောသည့်စကားတွေက လက်နက်ကြီးတစ်ခုနဲ့ ပစ်ခတ်လိုက်တာထက် ပြင်းထန်နေ၏။

“အလုပ်လုပ်ဖို့ တိုက်တွန်းနေတော့ မင်း ဂရုမစိုက်ဘူး ..၊ မိဘက ငွေရှိတယ် .. အရှိန်အဝါရှိတယ် .. မင်းမှာ အတောင်တပ်ပြီးသားတောင်မှ အပျံသင်ဖို့ကို ပျင်းရိနောက်တွန့်ခဲ့တာ ..၊ ဒီအရိပ်အောက်က ခွဲထွက်ပြီး ဘာလုပ်စားမှာလဲ ..”

အတောင်တပ်ပြီးသားဆိုတာကို မာနစိတ်နဲ့ ခွာချပစ်ခဲ့သည်။ ပိုက်ကို လက်ဆွဲထွက်လာခဲ့တော့ မေမေ ငိုနေခဲ့လျက် ဦးနေမျိုး ကိုယ်တိုင် ရောက်ချလာသည်။

“ဦးမျိုး ဆီက ချေးတဲ့သဘောနဲ့ ငွေယူပါ ..၊ မာနတွေနဲ့ လုပ်ငန်းတစ်ခု ထူထောင်ဖို့ မဖြစ်နိုင်ဘူး ညီ ..၊ မင်းမှာ မာနတွေ ဘယ်လောက်ရှိရှိ ငွေရှိမှ အရောင်ထွက်မှာ .. စိန်တောင်ကြီး မိုးလောက်မြင့်ပါစေ အလင်းရောင်မကျဘဲ အရောင်မလက်နိုင်သလိုပေါ့ ..၊ မင်းကို ဦးမျိုး နှိမ်ချပြောတာ မဟုတ်ဘူး .. ရှေ့ဆုံးရောက်ချင်တဲ့လူက နောက်ကို ခြေတစ်ဖက် ဆုတ်ပြီး ကန်အား ပြုထားရတယ် ..”

ဥပမာတွေ အမျိုးမျိုး ပေးနေလည်း သူ ခေါင်းခါသည်။ သူငယ်ချင်းဆီက ငွေဆွဲပြီး ဘဏ်မှာ သူ့အတွက် လက်ကျန်မှန့်ဖိုးထဲက အကုန်ထုတ်၍ မြေကွက်ကြီးတစ်ကွက်ကို တစ်ဝက်ပေး တစ်ဝက်ချန်နဲ့ ဝယ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကပြင်းထန်နေပြီမို့ ဘာကိုမှ စိုးရိမ်စိတ်မဖြစ်ဘဲ လိုသလောက် ငွေဆွဲစနစ်ဖြင့် ထင်တိုင်းကြဲသည်။ မြေကွက်ကျယ်ကြီးကို သံဆန်ခါပတ်၍ ခြံခတ်ကာ ကော်ဖီရှော့ပ်နှင့် ကာရာအိုကေ နှစ်ခန်းတွဲကို ကာရာအိုကေမှာ အအေးခန်းလေးနဲ့ သေသေသပ်သပ် လုပ်ထား၏။

ပြီးတော့ ကျောက်ခက်ပင်အုပ်အုပ်လေးတွေ အကွက်ချ ထည့်၍ မြက်ခင်းစိမ်းစိမ်းတို့နှင့် တစ်ခြံလုံး မျက်စိအေးအောင် ဆင်၏။

စားသောက်ဆိုင်တော့ စားသောက်ဆိုင်ပဲဖြစ်ကာ ကော်ဖီနဲ့မုန့်မျိုးစုံကစ၍ တဖြည်းဖြည်း တိုးချဲ့ရ၏။ သူလုပ်ကိုင်နေတာကို မြင်ပြီး အားကျလာကာမှ သူငယ်ချင်းတွေက အင်တိုက်အားတိုက် ဝိုင်းကူကြ၏။

နောက်ကျမှ တခြားစားစရာတွေ ထပ်တိုးကာ စားဖိုမှူးတွေ၊ မုန့်လုပ်ဆရာတွေ ထပ်ခေါ်ရသည်။ ဒါတွေကို ပိုက် ဘာတစ်ခုမှ မသိခဲ့ပေ။

ပန်းခြံလည်း မဟုတ်..၊ စားသောက်ဆိုင်သက်သက်လည်း မဟုတ်ဘဲ အေးဆေးထိုင်၍ စိတ်အပန်းဖြေစရာ နေရာတစ်ခုအဖြစ် လူသိများလာခဲ့တဲ့အထိ ပိုက် ကို အသိမပေးဘဲ ထားခဲ့၏။

ဘာဖြစ်လို့လဲဆိုလျှင် အလုပ်က အောင်မြင်ခဲ့ပေမယ့် သူ့ကိုယ်ပိုင်ငွေနဲ့ ထူထောင်ထားတာ မဟုတ်သည်မို့ ကိုယ့်လုပ်ငန်းလို့ မပြောနိုင်ပေ ..။ ဒါကို ဦးဆုံးသိခဲ့တာက ဦးနေမျိုး ပဲ ဖြစ်၏။

"မင်း အရမ်းတော်တယ် ညီ .. တကယ့်ကို ရုပ်ထံဘာရိန်းပဲ ..၊ ပလန် မခင်းဘူး .. စီးပွားရေးသမားလည်း မဟုတ်ဘူး၊ ခုတွေး .. ခု လုပ်ပြလိုက်တာ အိုင်ဒီယာ မြင့်တယ် ..၊ တစ်ခုတော့ အန္တရာယ်ကြီးတယ်ကွ.."

ထိုတစ်ခုဆိုတာ အကြီးကြီးဖြစ်မှာမှန်း ညီ က တွက်ပြီးသားပါ..၊ ထင်သည့်အတိုင်းပင် ...





"ရှေ့ကားတွေကို ကျော်တက်ခဲ့တယ် .. မင်းမှာ အထိအခိုက်မရှိဘဲ ရှေ့ရောက်လာတယ် ..၊ ဒါပေမယ့် မင်း မောင်းနေတဲ့ကားမှာ ဘရိတ်လွတ်နေတယ် .."

ပြောလိုက်တာက တစ်ဆုံး ..၊

"ဆိုတော့ .. မင်းနဲ့ မင်းရဲ့ကား အန္တရာယ်ကင်းစွာ မရပ်တန့်နိုင်မချင်း ဒါမှမဟုတ် အန္တရာယ်ကင်းကင်းနဲ့ ဒီကားရပ်သွားအောင်..."

မင်း ဘယ်လိုလုပ်မလဲ ဆိုတာထိ ဦးနေမျိုး က ဆက်မပြောဘဲ မျက်လုံးတွေနဲ့ မေးသည်။

"ကျွန်တော် လုပ်နေတာ အဲဒီဥပမာမျိုးနဲ့ ပြောရလောက်အောင် ဖြစ်နေလို့လား .."

"မင်း မကြောက်တတ်တာကို ငါ သိပါတယ် ..၊ မင်း လုပ်ကွက်ကလည်း မှန်တယ် .. ဒီခေတ်မှာ အပန်းဖြေ စားတော်ဆက်ဆိုတာလည်း သူ့နှုန်းနဲ့သူ ဈေးကွက်ကောင်းပြေးနေတဲ့ လုပ်ငန်းမျိုးပဲ ..၊ ငါဆိုလိုတာက သေးဒုက္ခကြုံတဲ့အခါ လေ့နံရံမှာ မင်းကိုယ်တိုင်က တန်းလန်းကြီးဖြစ်နေရင် မင်းရဲ့မလှမ်းမကမ်းမှာ အသက်ကယ်လှေ ရှိနေရင်လည်း မင်း ယူနိုင်မှာ မဟုတ်တော့ဘူး .."

ညီ မျက်မှောင်ကုတ်သွားသည်။

"အလုပ်လုပ်နေပေမယ့် မင်း ပိုင်တာ တစ်ခုမှ မရှိဘူး ညီ .. အဆိုးဆုံးက သစ်ခိုင်မခိုင် ဝါးကောင်းမကောင်း မစူးစမ်းနိုင်ဘဲ ဆွဲလွဲတည်ဆောက်ခဲ့တဲ့ မင်းရဲ့ဖောင်ပေါ်က သစ်လုံးအိမ် .."

"မိဘဆွေမျိုးဆီက ယူတော့ရော ဒါကို တန်ရာတန်ကြေး ပြန်ပေးရတာပဲ ဦးမျိုး ..၊ ကျွန်တော် နားမလည်နိုင်ဘူး .."

"ကျောပူပဲ ခံမယ် .. နားမလည်နိုင်ဘူး ဆိုတာမျိုးလား .. အဲဒါတွေ



www.burmeseclassic.com

www.burmeseclassic.com

က စကားလုံးနဲ့ မာနကြီးပြတာတွေ .. လက်တွေ့ရှိတယ်ဆိုတာ ငါ လက်မခံဘူး ..၊ ဘာဖြစ်လို့လဲဆိုတော့ အပူဒဏ်ကို အမြဲခံနေနိုင်တဲ့ ကျောပြင် မရှိဘူးကွ .. အရိပ်ကို လိုအပ်လာတဲ့အခါ အဲဒီအရိပ်အောက်မှာ မြေပါး ကင်းပါးရှိနေလည်း ပြေးခိုကြတာပဲ ..၊ နားပူတာလောက်ကို စာမဖွဲ့နဲ့ .."

"ကျွန်တော်ကတော့ မိုက်တယ်ပြောပြော အရိပ်ကို လိုအပ်လာတဲ့ အထိ ကျောပူခံကြည့်ချင်တယ် .."

ဦးနေမျိုး က ရယ်သည်။

"မင်း ဒီတိုင်းပြောမယ်ဆိုတာ ငါ သိပါတယ် .. လူအမျိုးမျိုးထဲမှာ ခေါင်းမာတဲ့လူက ပြောရခက်ဆုံးပဲ ..၊ မာနတွေ အဆိပ်တက်နေတဲ့ အခါ ပိုဆိုးတယ် .. ဒါပေမယ့် အဲဒီလိုလူတွေမှာ ဘာမှ အထင်ကြီးစရာ မရှိဘူး ညီ .."

ပြောချလိုက်တော့ ကဲ့ရဲ့စကားကို တစ်တစ်ခွခွ ..၊

"အဲ့ဒါက ကိုယ်မှားမှန်း သိနေလည်း ဝန်မခံချင်တဲ့လူတွေပဲ ..၊ လူမိုက်တွေ ကောင်းစားတာပေါ့ကွာ .. ရိုင်းရိုင်းပြောရရင် မြွောက်ပေးရင် ကွေးအောင် ကတာမျိုးဆိုတော့ .."

"ဦးမျိုး နဲ့ ကျွန်တော် ခံယူပုံချင်း ကွဲပြားနေလို့ပါ .."

"ဘယ်တူမလဲ .. မင်းက ငါမှ မဟုတ်တာ ..၊ မင်း လုပ်ကြည့်လိုက် ညီ .. ကျောပူပဲ ခံကြည့်မယ်ဆိုတာ ဆက်ခံကြည့်လိုက်ပါ ..၊ စေတနာ မေတ္တာ အရင်းခံနဲ့ တည်ဆောက်သင့်တဲ့ မင်းရဲ့ဗိမာန်ကို ဘာစေတနာမှ မပါဘဲ ကြောင့်ကြစိတ်အမျိုးမျိုးနဲ့ မလွှဲမရှောင်သာ ချေးငှားကြတဲ့ အရင်းနှီးနဲ့ တူထောင်ထားတာ ..၊ မင်း အောင်မြင်လာရင် ဒီစေတနာတွေ ဘယ်လို အရောင်ပြောင်းလာမလဲ .."





ဦးနေမျိုး က ကိုယ်တိုင်လာပြောပြီး ပြန်ဖို့အတွက်လည်း သူ့ ဆုံးဖြတ်ချက်နဲ့သူ ထရပ်၏။

"မင်း အမြင့်ကိုရောက်မှ အသာလေး ပုတ်ချပစ်လိမ့်မယ် .."

ဒီတိုင်း တပ်အပ်ပြော၏။

"လူ့သဘာဝဆိုတာ စိတ်ရင်ကောင်းပါတယ်ဆိုတဲ့ လူတွေတောင်မှ ကိုယ့်ထက်နိမ့်ကျနေရင် သနားကြင်နာတတ်ပေမယ့် ကိုယ့်ထက်သာရင် မနာလို ဖြစ်လာတတ်တယ် ..၊ မင်းရဲ့အောင်မြင်မှုတွေ မြင့်တက်လာရင် ပြုတ်မကျအောင် မင်း ကြိုးစားပေတော့ .."

သူ ကြားဖူးခဲ့သမျှ ဦးနေမျိုး ၏စကားသံမှာ ဒေါသ မောဟ မပါခဲ့သလောက်ပါ ..၊ ခုတော့ နားလည်ရခက်သော စကားတွေကို ကြားနေခဲ့ရ၏။

"လူတစ်ယောက်တည်းမှာတောင် ကျောသားရင်သား ဆိုတာ ရှိတယ် ..၊ တကယ့် စေတနာမေတ္တာတွေကို ဘယ်လိုနေရာက ရတတ်တယ်ဆိုတာ မင်း နားလည်လာရင် ငါ့စကားတွေကို ပိုနားလည်လာလိမ့်မယ်" တဲ့ ..။

လောလောဆယ်မှာတော့ သူ ခေါင်းတွေ ရှုပ်ထွေးကျန်ရစ်ခဲ့၏။

သူများငွေတွေနဲ့ ရင်းနှီးထူထောင်ခဲ့တာ ဘာဖြစ်သွားနိုင်လို့လဲ..။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

တိုက်ခန်းကျဉ်းကျဉ်းထဲမှာ ပိုက် က ညီ ထားသလို နေတာပါပဲ...၊ ဒါပေမယ့် ကိုယ့်ယောက်ျားဖြစ်နေပြီး ဘာတွေလုပ်နေမှန်းလည်း မသိ...၊

သူ့ မျက်နှာသိုလာတာ ဘာကြောင့်လဲ ...၊ ပြုံးပြုံးရွှင်ရွှင်ဖြစ်နေရင် ဘာကြောင့် စသဖြင့်သော မသိရခြင်းများစွာကြောင့် စိတ်ထဲမှာ နိုးလိုး ခုလုတော့ ဖြစ်လာခဲ့၏။

"မင်းကို မောင် ပြောပြီးသားနော် ပိုက် .. ဘယ်သူ့ဆီကမှ ပိုက်ဆံ ယူမသုံးရဘူး .."

"မသုံးဘူး မောင် .. ပိုက် ဒီလောက်လည်း အသုံးအဖြုန်း ဝါသနာ မကြီးဘူး .. ဒါပေမယ့် မောင် ဘာတွေလုပ်နေမှန်း မသိရတာ တော်တော် ဆိုးတယ် .."

"အသိပေးလိုက်ရင် မင်းလည်း မောင့်ကို သူများနည်းတူ ပြောဦး မှာပဲ .. အဲဒီတော့ ခု မပြောနိုင်သေးဘူး ...၊ မောင် ပြောပြနိုင်တဲ့နေ့က မင်း ဘာမှမပြောနိုင်အောင် ပြီးပြည့်စုံနေတဲ့နေ့ .."





"မောင့်ကို ဘယ်သူတွေ ဘာတွေပြောကြလို့လဲ ...၊ ပိုက် က သူများ လား မောင်ရယ် .. မောင်နဲ့ ပိုက် ထက် ရင်းနှီးတဲ့လူ ရှိသေးလို့လား...၊ အေးအတူ ပူအမျှပါ .. မောင် လုပ်နေတာကို ပိုက် သိချင်တယ် .."

"မလိုအပ်သေးလို့ပေါ့ကွာ .. မင်းယောက်ျား နိုးဆိုး လုယက်နေ တာ မဟုတ်ဘူး .. အဲ့ဒါ မှတ်ထား .."

မှတ်သားစရာပါပဲ ...၊

ပိုက် ဘာမှ ပြောခွင့်မရှိသလို အပြင်ထွက်လို့လည်း မရ ...၊ ထွက် လို့ရတဲ့အခါကျတော့ တက္ကစီနဲ့ ...၊

တစ်ခါတလေ 'ကားတွေ ချောင်တယ်ကွ .. နှစ်မှတ်တိုင်လောက် ပဲ ဘတ်စ်ကားစီးရအောင်' ဆိုပြီး ပိုက် ကို လက်ဆွဲ၍ ကားပေါ် ပြေး တက်သေးသည်။

တစ်ခါမှာ ပိုက် နဲ့ မောင် ဘတ်စ်ကားပေါ် သေချာတက်ပြီး နေရာ ယူပြီးမှ လမ်းပေါ် ပြန်ငုံ့ကြည့်လိုက်တော့ ဖေဖေ့ကို တွေ့ .. ဦးဦးကားနဲ့ ဆို ...၊

ဖေဖေကတော့ ပိုက် တို့ကို မမြင်တာလား ...၊ ကြိုတင်ပြီး မျက်နှာ လွှဲထားတာလား မသိပေမယ့် ဦးဦးကတော့ ပိုက် ကိုပဲ ကားထဲကနေ စူးစိုက်ကြည့်နေခဲ့တာ ဖြစ်သည်။

စိတ်ကို ဘယ်လိုပဲ တင်းထားထား ပြည့်စုံခြင်းနဲ့ ချို့တဲ့ခြင်းကို ခွဲခြား ခံစားမိလာ၏။ ဒါပေမယ့် မောင် ပင်ပန်းနေတာ သိနေသဖြင့် ပိုက် မပြောရက်ပါ ...။

"မောင်က တစ်နေကုန် သွားလာနေပြီး ပိုက် က တစ်ယောက် တည်း နေရတာ မောင် .."

"မောင် မင်းအတွက် ကြိုးစားနေတာ .."



www.burmeseclassic.com

www.burmeseclassic.com

"ပိုက် သိပါတယ် .. အဲဒါကြောင့် ပိုက် ကိုလည်း ကြိုးစားခွင့်ပေးပါ ..၊ ပိုက် အလုပ်လုပ်ချင်တယ် .."

"ဘာပြောတယ် ပိုက် .."

ဘာမှကို ဆက်မပြောဖြစ်ခဲ့ပါ ..၊ ထမင်းစားနေရင်း ဇွန်း ခက်ရင်းတွေ ချပစ်ပြီး ချက်ချက်ထသွားတာ လုံးဝ ပြန်မစားတော့ပေ ..၊ ဒီစကားကို ပြန်မဆက်ရဲတော့သည့်အပြင် နောက်ထပ်လည်း မပြောဝံ့တော့ ..။

"သမီးရေ .."

"ဟင်!... မေမေ .."

မောင် မရှိတုန်း မေမေ ရောက်လာတာ မြင်လိုက်သဖြင့် လှိုက်ခနဲဝမ်းသာသွားကာ စိုးရိမ်စိတ်က တစ်ဆက်တည်း ဖြစ်၏။

"ဟိုနေ့က ကုန်တိုက်မှာ လှမ်းမြင်လိုက်တည်းက သမီးကို မေမေနားလည်ပါတယ် ..၊ သားကိုလည်း နားလည်ပါ သမီးရယ် .. သူကမေမေတို့ ကိုနေမျိုး တို့နဲ့ သမီးကို မဆက်သွယ်စေချင်တာ မဟုတ်ပါဘူး .. အကူအညီယူမှာ စိုးနေတာ .."

"ပိုက် သိပါတယ် မေမေရယ် .. ခုလည်း မေမေ လာသွားတယ်ဆိုရင် ..."

"မေမေ ဘာမှပေးမသွားဘူး .. သားကို သတင်းလာပေးတာပါ..၊ သူ့အစ်မ ကေးကေး တစ်ယောက် ဆေးကုရင်းနဲ့ပဲ ဆုံးသွားရှာပြီ .."

"ဟင်!..."

ကေးကေး ကို သူမ မမြင်ဖူးပါ ..၊ သူမတို့ မင်္ဂလာပွဲတုန်းက ကျန်းမာရေးကြောင့် မလာဖြစ်သော ကေးကေး ဆိုတာကိုသာ မောင်နဲ့ ဖုန်းတွေ ပြောနေတုန်းက အသံကြားဖူးခဲ့သည်။

ပြီးတော့ မောင်ကလည်း ပြောပြသည်။ 'မင်းလိုက်ကြည့်နေတုန်း





က မောင်နဲ့ အတူတူသွားလာနေခဲ့တဲ့ တစ်ယောက်လေ .. သူက မောင့်ထက် အသက်ကြီးတယ် .. အစ်မဝမ်းကွဲ ..၊ ကေးကေး တဲ့' ..။

သူမနဲ့ ဖုန်းဆက်ပြီးတော့ ဒီတိုင်း မောင်က ပြောပြ၏။ ခုတော့ သူမ ဆုံးသွားခဲ့ပြီ ..။

"ငယ်ငယ်ပဲ ရှိသေးတာနော် .. သနားပါတယ် .."

"ကျောက်ကပ်ရောဂါလေ .. အခု သူ့ကလေးလေး ကျန်ခဲ့တယ်ကွယ် .. ယောကျ်ားဘက်က ဆွေမျိုးတွေကလည်း ဘားအံ တောပိုင်းမှာလေ..၊ တချို့ကျတော့ ဘန်ကောက်မှာ .. ကလေးကို သူ့ဆွေမျိုးတွေကိုပေးခဲ့ချင်ပုံ မပေါ်ဘူး .. ဟိုကလည်း မသိကြသေးခင် သူ့မောင်ကိုမွေးစားပေးဖို့ ပြောပေးပါတဲ့ .."

"သူ မှာသွားတယ် .. ဟုတ်လား .."

"ဟုတ်တယ် သမီးရယ် .. အဲဒါ သားကို သမီးပဲ ပြောကြည့်ပါဦး ..၊ သမီးကရော ဒီကလေးကို ..."

"အို.. ပိုက် က လိုချင်ပါတယ်.. ခုတောင် အဖော်မရှိလို့ အရမ်းပျင်းနေတာ .. မောင်လည်း မွေးစားမှာပါ..၊ သူ့အစ်မကို သူ ချစ်တာပဲဟာ.."

ဒေါ်သိန်းသိန်းမြင့် ကတော့ ဝမ်းသာအားတက်သွားပုံ မရှိပေ ..။

"ပြောလို့တော့ မရဘူး သမီး .. သားရဲ့စိတ်က တစ်မျိုးရယ် .."

မေမေ ပြောသွားပေမယ့် ပိုက် က ဒီလိုမထင်ခဲ့ပေ ..၊ သူတို့မောင်နှမ စကားတွေ ပြောနေကြတုန်းကတော့ ချောနေတာပဲမို့ ...

"သူ့မှာ အဖေရှိတယ်.. အဘိုးအဘွား ဦးလေး အဒေါ်တွေမှ နိုင်ငံခြားမှာရော .. ပြည်တွင်းမှာရောကွာ .. ဘာလုပ်ဖို့လဲ ..၊ သူများ သားသမီးကို .."

တကယ်ပြောကြည့်လိုက်တာနှင့် ညီ က ခါးခါးသီးသီး ငြင်း၏။

www.burmeseclassic.com



"သူများသားသမီးကို မွေးစားဖို့ ဘယ်တုန်းကမှ စိတ်ကူးမကြည့်ခဲ့ဖူးဘူး .."

"မောင်ကလည်း ခုဟာက မောင့်အစ်မက မောင့်လက်ထဲကို ပေးခဲ့ချင်တာလေ .. သူ့ဆန္ဒအတိုင်း ..."

"သူ့ဆန္ဒအတိုင်းက ဘာလဲ ..၊ သူက သေသွားပြီးပြီ .. ဘာမှ မသိတော့ဘူး .. ကိုယ်က အဲဒီ ဘာမှမသိတော့တဲ့လူရဲ့ ဆန္ဒကြီးကို ဖြည့်ဆည်းဖို့ ကိုယ့်ဆန္ဒမရှိတာကြီးကို သေတစ်ပန် သက်တစ်ဆုံး ထမ်းရွက်သွားရမလား .."

"မောင်ကလည်းလေ ..."

"ဘာလဲ ပိုက်.. မင်းက အဲဒီကလေးကို မွေးစားချင်နေတာလား.."

"ပိုက် က ကလေးကို သနားတာ မောင် ...၊ ကေးကေး ဆိုတဲ့ မောင့်အစ်မကိုတောင် ပိုက် သေချာသိတာ မဟုတ်ဘူး .. ပြီးတော့ မေမေကိုယ်တိုင်က မကေး ရဲ့ဆန္ဒအတိုင်း ..."

"မကေး ရဲ့ဆန္ဒ ဘယ်လိုရှိရှိ ကလေးမှာ အဖေရှိသေးတယ် ...၊ သူ့အဖေ ကျေနပ်မှ ဖြစ်မှာ .. သေတဲ့လူက ခုမှသေသွားတယ် ...၊ ဘာဖြစ်လို့ မဆိုင်တဲ့လူတွေက ဝေပုံချနေတာလဲ ...၊ ကိုယ်တို့က မွေးစားပါရစေ ဆိုရင်တောင် သူ့အဖေက ခွင့်ပြုမယ် ထင်လို့လား .."

"သူ့အဖေနဲ့ ထားခဲ့ဖို့ မပြောတည်းက သူ့ယောကျ်ားအကြောင်း သူ သိလို့ပေါ့ .. ခုနေ ကလေးကို မပေးနိုင်ပါဘူးပြောလည်း အဲဒါ ရင်ထဲမှာ တကယ်မခွဲနိုင်တာ ဟုတ်ချင်မှ ဟုတ်မှာ .."

"သေချာတယ် .. မင်း ဒီကလေးကို လိုချင်နေပြီ .."

"ပိုက် မှာလည်း အဖော်မရှိဘူးလေ ...၊ မောင်က အပြင်မှာချည်းပဲ နေပြီးတော့ ..."





"ယောကျ်ားဆိုတာ အပြင်ထွက် ရှာရတာပဲ ..၊ အိမ်တွင်းပုန်းနေတဲ့ ယောကျ်ား မင်း လိုချင်လို့လား .."

"မောင်ကတော့ ပုန်းရင်လည်း ပုန်းနေပြန်ရော .. ထွက်တော့လည်း ဆွဲမနိုင်ဘူး ..၊ ရှာမှရှားတဲ့ ယောကျ်ားမျိုးပါ .."

အဆင်မပြေတာတွေ ပြောနေမိကြရင်း ရယ်မိပြန်သည်။

သူ့မျက်နှာ ကြည်ကြည်သာသာ မြင်ရတာနှင့် ပိုက် က ကိုယ့်ဆန္ဒလေးကို ပြောပြဖို့ စိတ်ကူးကာ ...

"မောင် .."

"ဟင် .. ပြော .."

"ပိုက် ကို မေမေတို့နဲ့ ပြန်ထားမလားဟင် .."

"မထားပါဘူး .."

"မောင်ကလည်း မေမေတို့လည်း သနားပါတယ် ..၊ ပိုက် လည်းလေ ဦးဦးက ဦးလေးမို့လို့ပဲလား .. အပြင်မှာချည်း နေလာခဲ့တော့ သိပ်မထူးဆန်းတာလား မသိဘူး .. ဦးဦးနဲ့ ခွဲထွက်လာခဲ့တုန်းက ဒီလောက် မဖြစ်ခဲ့ဘူး .."

"ခု ဘာဖြစ်နေပြီလဲ .."

"မေမေတို့ကို အရမ်းလွမ်းတာပဲ .. မေမေ့ကို ပိုပြီး သတိရတယ်...၊ သတိရတိုင်းပဲ မျက်ရည်ကျမိတယ် သိလား ...၊ မေမေက မောင့်မေမေ ဆိုပေမယ့် ပိုက် က ကိုယ့်အမေလို ချစ်ခဲ့မိတာ .."

ပြောတော့လည်း ညီ မျက်နှာမကောင်းပါ ...၊ သူလည်း မေမေ့ကိုတော့ သတိရပါသည် ...၊ ဖေဖေ့ကိုလည်း မချစ်လို့ မဟုတ် ...။

ဒါပေမယ့် အမြဲတမ်းလိုလို မကြည်လင်တဲ့ မျက်နှာ ...၊ ရှင်းသီးတဲ့ စကားတွေ ကြားနေ မြင်ရတာကို မလိုချင် ...၊



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ ပိုက် မောင့်စကားကို နားထောင်ပါ့မယ် .. ရန်မဖြစ်မိအောင်လည်း ကြိုးစားမယ် .."

"တော်ပါတော့ကွာ .. မင်း အဖော်မဲ့တယ်ထင်ရင် အဲဒီကလေးကို မောင် မွေးစားမယ် .. သူ့အဖေက မပေးဘူးဆိုရင်တောင် အတိုင်းအတာကာလတစ်ခုလောက်ထိ စောင့်ရှောက်ခွင့် ပြောမယ် ..၊ မောင့်ရည်ရွယ်ချက်တွေ မပြီးဆုံး မအောင်မြင်မချင်း အိမ်ကိုပြန်နေဖို့ မပြောနဲ့ .."

မောင် တကယ့်ခံစားချက်တွေနဲ့ ပြောနေမှန်း သိတော့ ပိုက် ဘာမှမပြောလိုတော့ပေ ..၊ ဒါပေမယ့် ...

"မောင့်ရည်ရွယ်ချက်တွေက ဘာတွေလဲဆိုတာ ဘာဖြစ်လို့ ပိုက်က သိခွင့်မရှိတာလဲ..၊ မောင် ပြောသလို ခိုးဝှက်လုယက်နေတာ မဟုတ်ရင်လည်း ပိုက် ကို ပြောပြပေါ့ .. လင်နဲ့မယား ဆိုတာ .."

"တော်ပါတော့ ပိုက် ရာ .. မင်းကို မောင် မချစ်လို့ .. လျှို့ဝှက်ချင်လို့ အဲဒါမျိုးလည်း တွေးမနေနဲ့ ..၊ ဖေဖေနဲ့ မောင့်ကြားမှာ ရှော့ခ်အကြီးကြီး ရှိနေတာ မင်း သိပါတယ် .. မောင် ကြိုးစားနေတာ အဲဒီခံစားချက်တွေနဲ့ပဲ .. နောက်ထပ်ပြီး ဒါတွေပဲမေးပြီး နားမပူစမ်းပါနဲ့.."

"ဒါ နားပူတာလား မောင် .. ပိုက် က မောင် သွားလေရာ တကောက်ကောက်လိုက်မှာပါ..၊ အဲဒါကြောင့် ကိုယ့်ယောကျ်ား ဘယ်လိုလူဆိုတာ ပိုက် က နားအလည်ဆုံး ဖြစ်ချင်တာ .."

"မင်းကို သိပ်ချစ်တဲ့ယောကျ်ားလို့ ယုံကြည်ထားရင် ရပြီ .."

ညီ က ဘာမှမပြောဘဲ ဘယ်အချိန် ဘာမေးမေး ခေါင်းခါ၏။

ကလေးလေးကို ခေါ်လာတော့လည်း ကေး ကို ချစ်ခင်ခဲ့သည့်စိတ်နှင့် ကလေးကို သူ ချစ်ပုံရသည်။ ဒါပေမယ့် ကလေးကို ချစ်ခင် ယုယနေတိုင်း ပိုက် ကို နားပူတာက ကလေးယူဖို့ ..၊





"မောင်တို့ ကလေးယူရအောင်ကွာ .. သူများကလေးကြီးကို မွေးပိုက်ယုယနေရတာ ကြောင်သလိုကြီးပဲ .."

"ကိုယ့်တူလေးညစ္စာ ဘာကြောင်ရမှာလဲ မောင်ရယ်.. ခုမှ တစ်နှစ်ကျော်ပဲ ရှိသေးတာ ..၊ ပိုက် ကလေး မလိုချင်သေးပါဘူး .."

"ဒါဆို မင်း ကလေးမရအောင် တားဆီးထားတာပေါ့ .."

"မောင်ကလည်း .. အဲဒါက ဒီလို .."

"မလုပ်နဲ့တော့ကွာ .. အဲဒါမျိုးတွေက တကယ် လိုချင်ပြီဆိုရင် ဒုက္ခပေးတတ်တယ် ..၊ ဒီလောက်ဆို ကလေးယူမယ်ဆိုရင်လည်း မစောတော့ပါဘူး .."

သူ အတင်းပူဆာလာမှာ စိုးသည်မို့ ပိုက် က အကြောင်းပြချက်ရှာသည်။

တကယ်တမ်း သူမ ပေါ့ပါးစွာ ဆွဲပြောလိုက်မိသည့် အကြောင်းအရာဟာ နောင်အခါမှာ ပြဿနာအကြီးအကျယ်တက်ဖို့ ပြင်ဆင်ပြီးသား ဖြစ်သွားခဲ့မှန်းလည်း မသိခဲ့ပေ ..၊

အနာဂတ်မဆိုထားနှင့် မနက်ဖြန် ကိုယ့်ထံလာမည့် ကံအကြောင်းတရားကိုတောင်မှ ဆိုးမလား .. ကောင်းမလား မသိနိုင်ခဲ့သည်မို့ ..၊



www.burmeseclassic.com

## အခန်း (၁၄)

"သူ့မုန့်ဖိုးတွေ ဒီလောက် ရှိပါ့မလားကွယ် .. မင်း စဉ်းစားကြည့်ပါလား ..၊ အန်တီတို့က ကိုယ့်သားသမီး ဂုဏ်သိက္ခာကိုသာ မငဲ့ရင် ဒါက ခိုးရာပါပစ္စည်းလို့ပဲ ..၊ အိမ်ကငွေကို ခိုးပြီး မင်းကို အရင်းအနှီး ထုတ်ပေးထားတာ .."

"ဦးကတော့ မင်းကို ကတိဖျက်ရတော့မယ် ထင်တယ် .. ထုတ်ချေးထားတဲ့ငွေကို နှစ်လလောက်စောပြီး ဦးကို ပြန်ဆပ်ပါ ..၊ ဦးမှာလည်း အိမ်တွင်းရေး ရှုပ်ထွေးမှုလေးတွေ ဖြစ်လာလို့ပါ .."

"ဒီမြေကွက်ကို အန်ကယ်လ်တို့က ရောင်းထားပြီးသား .. ဒါပေမယ့် ဦးမြင့်နိုင် က ငွေအကျေ မပေးသေးဘဲ မင်းကို တစ်ဆင့် တစ်ဝက်ပေးနဲ့ ပြန်ရောင်းသွားတယ် .. ဒါ လူယုံသတ်တာပဲ ..၊ မင်းကတော့ ကြားညပ်ပြီ စာဆိုညီ .. ကျုပ်တို့ကလည်း ဒီလိုအလိမ်ခံရလောက်အောင် မညံ့ဘူးဆိုတာ ပြရမှာဖြစ်တဲ့အတွက် ဒီကိစ္စကို အစအဆုံး လိုက်တော့မှာ .."



www.burmeseclassic.com



ပြဿနာတွေက တစ်ပတ်မခြား ရောက်လာခဲ့သည်။ ပြီးတော့ နေ့စဉ် တစ်မျိုးပြီး တစ်မျိုး ..၊

ညီ သွေးကြောင်တဲ့သူ မဟုတ်ပါ ..၊ ဒါပေမယ့် ပြောခဲ့တဲ့အတိုင်း တွက်တိဖြစ်လာတာမို့ ဦးနေမျိုး ကို သတိရမိသည်။

ပြေးကြည့်ပြီး ပြောတာထက် မှန်နေသည်။ ဦးနေမျိုး တကယ်ဆော်တာလား..၊ ဒီလိုတော်ဖို့အတွက် တမင်များ လုပ်ချလိုက်တာလား..၊

သူ ဒီလိုတွေးမိခဲ့တဲ့အထိ ပြောသွားခဲ့သလို အားလုံး ဖြစ်လာခဲ့၏။ ဒါပေမယ့် ဦးနေမျိုး အဲဒီလိုမဟုတ်နိုင်မှန်းလည်း သူ နားလည်နေသည်။

သူ တကယ်ပဲ မိဘစေတနာကို စော်ကားခဲ့လို့ ဒီတိုင်းဖြစ်လာတာလား..၊ ဒါဆို မာန်မာနနဲ့ ကြိုးစားခြင်းတွေ အောင်မြင်မှုတွေရဲ့အဓိပ္ပာယ်က ဘာလဲ ..၊

စိမ်းမြသာယာနေသည့် ဥယျာဉ်ငယ်လေးနဲ့ စားသောက်ဆိုင်ကို အဝေးက ထိုင်ကြည့်ရင်း ရင်ထဲမှာ တနုံ့နုံ့ ဖြစ်လာခဲ့၏။

"လူ့သဘာဝက ကိုယ့်ထက်နိမ့်ပါးနေရင် သနားတတ်တယ် ..၊ ကိုယ့်ထက်သာရင် မနာလိုကြဘူး .."

"မင်း အောင်မြင်လာရင် ဒီစေတနာတွေ ဘယ်လိုအရောင်ပြောင်းလာကြမလဲ .."

တစ်ယောက်တည်း ထိုင်နေရင်း အံကြိတ်နေမိသည်။ မေးရိုးနှစ်ဖက်မှာ တင်းခနဲ လှုပ်ခတ်နေလျက် သူ့မျက်ဝန်းတွေမှာ နာကျင်မှုတွေကြောင့် ရှုးရဲနေကြ၏။

ဒီလူတွေ အချင်းချင်း လက်တို့ပြီးမှ ရောက်လာကြတာလား ..၊ ဒါမှမဟုတ် သူ့ရဲ့ကံမကောင်းခြင်းကြောင့် ဒီလူတွေအားလုံးမှာ အဆင်မပြေမှုတွေ တစ်ပြိုင်တည်း ထဖြစ်ကုန်တာလား ..၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရာဟာ ဘာကြောင့်ဖြစ်လာခဲ့မှန်း တွေးလေ ဝေးလေ ..၊

ထိုရှုပ်ထွေးမှုများနှင့် စိတ်တို့သည် ဘယ်သူ စကားကောင်း လာပြောလို့မှလည်း ကောင်းမွန်စွာ လက်ခံနိုင်ခြင်း မရှိခဲ့ဘဲ ...

"ငါ တောင်းပန်ပါတယ် ညီ ရာ.. အဲဒါ ငါ့အဒေါ် ခလောက်ဆန်တာကွ .. အန်တီချစ်စု က သဲစုမြတ် ရဲ့အမေနဲ့ ငယ်သူငယ်ချင်းကြီးကွ ..၊ အဲဒီသားအမိရဲ့ ငြိုးချက်တွေ သူ့ဆီကနေ မင်းဆီ ရောက်လာအောင် မေမေ့ကို တမင်တကာ .."

"တော်တော့ သူရ .. မင်းရဲ့တောင်းပန်သံတွေက ငါ့အခက်အခဲတွေကို ပြေပျောက်မှာ မဟုတ်တဲ့အပြင် မီးခဲပေါ်မှာ အမှိုက်စ တင်ပြီး ယပ်ခတ်ပေးသလိုပဲ .. မင်းတို့အားလုံး တော်တယ်..၊ ငါ ညံ့တာ.. ဒါပဲ"

"ညီ ရာ .. ငါ မင်းကို ဒီလိုဖြစ်အောင် .."

"ငါ ထပ်မကြားချင်တော့ဘူး ဟေ့ကောင် .. သွားတော့ ..၊ မင်းငွေကို မင်းအမေ လိုချင်တဲ့အချိန် ငါ အတိအကျ ပြန်ဆပ်မယ် .."

နောက်တစ်ယောက်ကိုလည်း သူ ဒီတိုင်း ပြောခဲ့မိ၏။ ကြွေးတောင်း ခံရလို့ ရန်လိုနေသည် ပြောရင်လည်း ခံရတော့မှာပါ ..၊ သူ အားကြိုးမာန်တက် ပြင်ဆင်တည်ဆောက်ခဲ့သော ဒီလုပ်ငန်းလေးက ခြေထိုးခံပြီး ဆောက်လိုက်သည့် ကမ်းစပ်က သဲအိမ်ကလေးလို ..၊

ခြေအထုတ်မှာ ပြိုမကျခဲ့ပေမယ့် လှိုင်းအပုတ်မှာတော့ ပျော်ကျပျောက်ကွယ်သွားရတော့မည်။

ဆိုင်ထဲမှာ အေးဆေးထိုင်၍ စားသောက်နေကြသည့်လူတွေ၊ အပြင်ဥယျာဉ်လေးထဲက စားပွဲအသီးသီးမှာ အေးချမ်းစွာ ထိုင်နေကြသူတွေ..၊

သူ ဒီနေရာကနေ နေ့တိုင်း ထိုင်ငေးနေမိတာ နေ့စဉ်ရက်ဆက်..၊

ဆိုင်ကို သူ နာမည်မတပ်ခဲ့ပေ ..၊ ကော်ဖီရှော့ပ်ကိုပဲ အသံထွက်





အတိုင်း အတွင်းမှာ ဖော်လိုဝမ်နဲ့ ရေးထားခဲ့၏။ ဒါကြောင့် စလိုက်တာနှင့် ပြီးဆုံးရခြင်းကို ရောက်ခဲ့တာလား ..၊

ဒီဆိုင်ဟာ ဖွင့်လိုက်တာနှင့် လူတွေ မျက်စိကျသွားခဲ့တဲ့ဆိုင် ..၊ လမ်းမကြီးရဲ့နံဘေးမှာဖြစ်သည့်အလျောက် ပါကင်သပ်သပ်ထည့်ထားနိုင်သည်။

အထဲမှာ လျှောစီးလို့ ရသည် ..၊ ဒန်းတွေ ထည့်ထားသေးသည်..၊ ပြီးတော့ ကျောက်ဆောင်နဲ့ ရေတံခွန်အတုလေးက ရေကျသံလေးကို ထိုင်ကြည့် နားထောင်နေတာနှင့် အေးချမ်း၏။

မနက်ပိုင်းကနေ ညနေပိုင်းအထိ တစ်နေကုန် လူပြတ်တယ် မရှိဘဲ ညနေစောင်းနဲ့ ညဦးပိုင်းတွေဆို မိသားစုတွေ ရောက်လာတတ်ကြ၏။

ည ရှစ်နာရီဆို အတိအကျ ဆိုင်ပိတ်တာမို့ ဆိုင်ပိတ်ခါနီးလေ လူတွေများလေဖြစ်ကာ ညရှစ်နာရီထိုးပြီဆိုတာနှင့် ပါကင်အဝင်လမ်းကို ပိတ်၍ အထွက်ကိုပဲ ဖွင့်ပေးထား၏

လူတွေ မျက်စိနောက်အောင် အောင်မြင်ခဲ့လာသည့် ဒီလုပ်ငန်းဟာ ...

"ဆရာ .."

"ဟင် .. ဘာလဲ .."

ငေးကြည့်နေသည့် သူ့ဘေးကို ဝိတ်တာကောင်လေး ရောက်လာကာ ...

"ဦးဝေလင်း နဲ့ ရှေ့နေ ရောက်နေတယ် ဆရာ .."

"အင်း .. လာခဲ့မယ် .."

သူ အောင်မြင်လာမှ လုပ်ကြံခံရသလိုကြီး ဖြစ်နေတာကို ဆိုင်ကဝန်ထမ်းတွေလည်း သိကြသည်။ အားလုံးပဲ စိတ်မကောင်းဖြစ်ရကာ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကလေးကစားသလို လုပ်လို့ မရပါဘူး ဆရာရယ်.. သူတို့ ဖျက်ဆီးလို့ ပျက်သွားလည်း ဆရာ့ဘက်မှာ ကျွန်တော်တို့ ရှိတယ် ..၊ အချိန်မရွေး ခေါ်လိုက်ပါ .."

သူတို့က အားပေးတာပေမယ့် သူ့အတွက်က နှုတ်ဆက်သံတွေပဲ ဖြစ်၏။

ဒါတွေကို ဦးနေမျိုး က အားလုံး သိနေ၏။ ဦးညီလွင် တို့ကို အသိမပေးပေမယ့် ပိုက် ကို ပြောပြီး တိုင်ပင်ခဲ့သည်။

"သူ့စိတ်ကို ပိုက် သိတယ် ဦးဦး ..၊ ဖေဖေ့ကို ပြောပြလိုက်ရင် လုံးဝ ခွင့်လွှတ်မှာ မဟုတ်ဘူး ..၊ ပိုက် တစ်ခုခုလုပ်တာ သိရင်လည်း သူ စိတ်ဆိုးမှာပဲ .."

"ဒါဆို ညည်း ဒီတိုင်းနေမှာလား .. ဦးကတော့ လုပ်ငန်းအောင်မြင်နေလို့ နှမြောတာထက် သူများလုပ်ကြံတာကို ခံလိုက်ရတာမျိုး မဖြစ်စေချင်ဘူး ..၊ နောက်တစ်ခုက ဦးတို့ မပြောလည်း ညီ ဘာလုပ်နေတယ်ဆိုတာ ကိုညီလွင် သိတယ် .."

"ဟင်!..."

ပိုက် တအံ့တဩ ဖြစ်သွားသည်။

"သူသိတာကိုလည်း ဦးဘာသာ သိတာ .. သူ ပြောပြတာ မဟုတ်ဘူး ..၊ အဲဒီတော့ ဒီကိစ္စကို ဦးတို့အားလုံး ပူးပေါင်းတိုင်ပင်မှ ဖြစ်မယ်.."

"မဖြစ်ဘူး ဦးဦး .. သူ ပိုပြီး သိမ်ငယ်သွားလိမ့်မယ် .. သူ မရှင်းနိုင်လို့ အရှုံးပေးလိုက်ရင်တောင် မောင့်ကို ပိုက် နှစ်သိမ့်ပေးခွင့် ရဦးမှာ.. သူ ရှက်ပြီး အားလုံးကို မုန်းသွားခဲ့ရင် ..."

"ချစ်နေတဲ့လူကို ထာဝရမုန်းသွားတယ်ဆိုတာ မရှိဘူး သမီး .. ပြီးတော့ ဒါက အပြစ်လုပ်တာ မဟုတ်ဘူး .. ဒီကိစ္စကြီးကို သူ တစ်





ယောက်တည်းအင်အားနဲ့ မရှင်းနိုင်ဘူးဆိုတာလည်း ရှက်စရာ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် သူ မပြောဘဲထားတာကိုက အကူအညီ မလိုချင်လို့ပဲ ..၊ မောင့်စိတ်ကို ပိုက် ကြောက်တယ် .."

"ဦးကတော့ သိနေကြပြီဖြစ်တဲ့ ဦးတို့လူကြီးချင်း ဒါကို တိုင်ပင်ရမှာပဲ .."

"ဟိုတစ်ခါ သူ လက်မခံပေမယ့် အခု ဒုက္ခရောက်နေတုန်းဆိုတော့ စိတ်ပြောင်းချင် ပြောင်းမှာပေါ့ ..၊ ဦးဦးကိုယ်တိုင် သူ့ကို ထပ်ပြောကြည့်ပါဦး .. သူ မသိအောင် ရှင်းပေးလိုက်တာနဲ့စာရင် .."

"မဖြစ်ဘူး သမီး .. အခု တို့တွေ လုပ်ရမှာက အကြံအဖျားစမှာ မီးလောင်နေမှန်းသိရင် မီးကို ငြိမ်းပေးဖို့ပဲ ..၊ ဒီလူ မသိတာလား ..၊ မီးပူခံနိုင်တာလားဆိုတာ အကဲခတ်နေဖို့ မဟုတ်ဘူး .."

ဒီပြဿနာကို သိပြီဆိုတည်းက ပိုက် နေလို့ မရတော့ပါ ..၊ မောင် တစ်ယောက်တည်း ဘယ်လောက်ထိ စိတ်ညစ်နေရမလဲ ..၊ ဘယ်လိုလူတွေနဲ့ ရင်ဆိုင်နေရသလဲဆိုတာတွေပဲ တွေးမိနေကာ ...

"ဦးဦး ဖေဖေက ဘာတဲ့လဲ ဟင် .."

"ကိုညီလွင် က စုံစမ်းပြီးနေပြီ သမီးရဲ့ .. ဒီကိစ္စရဲ့ အဓိကတရားခံက ပန်းခြံတွေရဲ့ ကန်ထရိုက်တာတစ်ယောက်တည်းက လုပ်နေတာ..၊ ညီ က ငွေလည်းမရှိဘဲနဲ့ အကြီးအကျယ်ထလုပ်လိုက်တာ တခမ်းတနား အောင်မြင်သွားတော့ စားကျက်လုသလို ဖြစ်သွားတာကိုး .."

"ကြွေးသမားတွေ ခုလို ထဖြစ်လာတာကရော .."

"သူတို့ရဲ့ ရိုက်ချက်တွေပေါ့ .. ညီ မှာ အရင်းအနှီး မရှိတော့ သူတို့ ကစားစရာအရုပ်လို ဖြစ်သွားတာပဲ ..၊ အဲ့ဒါ စလုပ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



သမီးယောက်ျား အယူအဆ နည်းနည်းလေး အစွန်းရောက်သွားတာ..၊ ခုတော့ မိဘအသိုင်းအဝိုင်းရော သူ့ဂုဏ်သိက္ခာပါ အားလုံး ထိခိုက်ကုန်တာပေါ့ ..။

နှစ်ဖက်မိဘတွေက ငွေကို လမ်းခင်းပေးနိုင်ကြသည်။ သူက မာနတွေနဲ့ ခေါင်းခါခဲ့၏။ ညီ့ စိတ်ကို တွေးရင်း ပိုက် ရင်မောမိလေသည်။ ဘာပဲဖြစ်ဖြစ် ဖေဖေနဲ့ ဦးဦးတို့ ပါဝင်နေပြီဆိုတော့ မောင် ထူထောင်ခဲ့တဲ့ ဒီဆိုင်နဲ့ ဥယျာဉ်လေးအတွက် စိတ်ပူစရာ လိုတော့မည် မထင် ..။

"မောင် နေမကောင်းဘူးလား ဟင် .."

ခါတိုင်းလို 'ပိုက်တစ်ယောက်တည်း' 'မောင်က တစ်နေကုန် တစ်ခေါက်မှ ပြန်မလာဘူး' စသဖြင့်သော စကားသံတွေ ထွက်မလာခဲ့တော့ ညီ က ပိုက် မျက်နှာကို သေချာကြည့်သည်။

ခုတစ်လော သူမ နွမ်းညှိုးနေသည်။ ကိုယ့်မျက်နှာကိုပဲ တကြည့်ကြည့်နှင့် ဟိုအရင်တုန်းကထက်တောင် ဂရုစိုက်မှုတွေ ပိုနေသေးသည်။

တည့်တစ်ချက် မတည့်တစ်ချက်နှင့် နေလာခဲ့သမျှ ဒီအချိန်မှာ နားလည်မှုတွေရှိလာတာကိုပဲ ညီ ကျေနပ်သွားမိကာ ...

"အကျီလဲ .. အပြင်သွားရအောင် .."

"ဟင် .. ပိုက် ကိုလား .."

"ဟုတ်တယ် ..၊ ဒီနေ့ ဘာနေ့လဲ .."

"ဟား .. မောင် .."

ပိုက် အားရဝမ်းသာ ခုန်ထလိုက်မိကာ ...

"မောင် ပိုက် ရဲ့မွေးနေ့ကို သိနေတယ် .."

"ဘာဖြစ်လို့ မသိရမှာလဲ.. ပြီးခဲ့တဲ့ မွေးနေ့က မင်းနဲ့ မောင် မခေါ်ဘဲ နေခဲ့ကြတဲ့ ဆယ့်ကိုးရက်ထဲမှာ ပါသွားတယ် ..၊ အဲဒီနေ့က မောင်





ဘယ်လိုမှ ဖြေသိမ့်မရအောင် ဒေါသထွက်နေလို့ ဘာမှကို မလုပ်ချင်ခဲ့တာ ..၊ ပြီးတော့ မောင့်အကျင့်က ကောင်းတာဖြစ်ဖြစ် .. ဆိုးတာဖြစ်ဖြစ် ပြီးခဲ့တာကို တစ်က ပြန်စရမှာ မကြိုက်ဆုံးပဲ ..၊ မွေးနေ့လို ပျော်ရွှင်မှုက ပိုဆိုးတာပေါ့ .. မွေးနေ့ရှင်ကို စပရိုက်(စ်)ဖြစ်စေတဲ့ လက်ဆောင်က ကျော်လွန်သွားမှ ဘယ်လိုလုပ် ပေးမလဲ .."

"ဒါပေမယ့် ပိုက် ကတော့ မောင့်မွေးနေ့တုန်းက မေမေနဲ့အတူတူ ဘုရားလည်း သွားတယ်.. မောင့်နာမည်နဲ့ သပ်သပ်လှူခဲ့တယ် ..၊ မောင်နဲ့ မခေါ်တော့ လက်ဆောင်ပေးပြီး မချော့ချင်ပါဘူး .."

"ဟား .. ဟား .. ဟား ..."

သူက ရယ်ကာ ...

"မောင် သိသားပဲ .. မင်း အဲဒီညက မောင့်ကို လာခိုးနမ်းတာ.."

"ဟင်!..."

"ဟား .. ဟား .. ဟား .. ရယ်ရတယ် ..၊ ပြောသွားသေးတယ်.. မွေးနေ့မှာ မောင် ပျော်ပါစေတဲ့ ..၊ ဒီလောက် ရန်တွေဖြစ်နေရတာ ဘယ်သူက ပျော်မှာလဲ .."

"ကြည့်စမ်း .. မောင် အကုန် သိနေတယ် .."

"သိတာပေါ့ .. မင်းနဲ့ မောင် မွေးနေ့က တစ်လတည်းပဲ .. ရက်ပဲကွာတာ ..၊ ဒါပေမယ့် မလေးမစား လာမလုပ်နဲ့နော် .. မင်းထက် တစ်နှစ်ကျော် ကြီးတယ် .."

"ဟွန့် .."

ပိုက် က နှုတ်ခမ်းလေး မဲ့၍ ...

"သူများကဖြင့် ကိုယ့်မွေးနေ့ကို အဖက်မလုပ်တဲ့လူကြီးမှန်းသိသိနဲ့ သူ့အတွက် လိုက်လုပ်ရတယ် .."



www.burmeseclassic.com

www.burmeseclassic.com

"ဟာ .. ဟော့ .. ပြီးခဲ့တာကို တစ်ကပြန်စပြီး မကောက်ရဘူး.."

"မောင် ဝါသနာမပါပေမယ့် ပိုက် က ဝါသနာပါတယ် ..၊ သူများကို အဲဒီလို နိုးနမ်းတာလေးတောင် လာမလုပ်ဘဲနဲ့ .."

"မောင်က နိုးနမ်းတာလည်း ဝါသနာ မပါဘူးကွ .. အဲဒီတုန်းက အစား အံခု မွှေးနေ့နဲ့ပေါင်းပြီး ပါးနှစ်ဖက်စလုံးကို နမ်းပေးမယ် ..၊ လာ .. ရှေ့တိုး .."

"မရပါဘူး .. သူများကို ရင်ခုန်အောင်နမ်းတာ မဟုတ်ဘဲနဲ့များ.."

"လုံး၀ ခုန်စေရမယ် .. လာပါဆို ကွာ .."

"ဟင့်အင်း .."

"မရတော့ဘူး .. ဘာရိတ် လွှတ်သွားပြီ .."

"မောင် နော် .."

မွေးနေ့မှာ မှတ်မှတ်ရရ ပျော်ခဲ့ရသည်။ နောက်တစ်ပတ် အင်္ဂါနေ့ဆို မောင့်မွေးနေ့ ..၊

မောင် ဒီလိုရယ်မောပျော်ရွှင်သွားအောင် ပြန်လုပ်ပေးဖို့ ပြေးလွှားနေရင်း ပိုက် စဉ်းစားမိသည်။ မောင့်ရင်ခွင်ထဲမှာ ကြည်နူးစွာ ဖက်တွယ်နိဝင်ရင်းနဲ့လည်း စဉ်းစားနေခဲ့၏။

ဒါပေမယ့် မောင့်မွေးနေ့မှာ ပိုက် ရဲ့နားမှာ မောင် ရှိမနေခဲ့ရင် ဆိုတာမျိုးတော့ မတွေးမိခဲ့ဘဲ ..၊





အခန်း (၁၅)

"ဟာ.. မလိုချင်ပါဘူး မောင်ရယ်.. မောင် ခုလို ကိုယ့်ထူးကိုယ်ချွန် ကြိုးစားနေရတဲ့အချိန်မှာ ပိုက် က အပိုကုန်မှာတွေကို လုပ်နေစရာလား .."

"အပိုကုန်တာ မဟုတ်ဘူး ပိုက် .. ဒီလောက်တော့ မောင် ဝယ်ပေးနိုင်သေးတယ် .."

စင်တာထဲ ဝင်သွားပြီဆိုတည်းက ညီ က စိန်ဆိုင်တွေနားကို တန်းသွားသည်။

ညမီးရောင်အောက်မှာ ရှိုးကေ့စ်ထဲက စိန်ထည်ပစ္စည်းတွေဟာ လူကို မျက်စပစ်၍ လှောင်ပြောင်နေသလိုပင် ..၊

မောင့်ကို သနားမိသည့်စိတ်နှင့် ဒါတွေကို မြင်နေရတာ ပိုက် မပျော်နိုင် ..၊ စိတ်ညစ်နေသည့် မောင့်မျက်နှာကို ဒီညမှာပဲ ပြုံးပြုံးရွှင်ရွှင် ရယ် မြင်ရသည်။


www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အတင်းငြင်းနေပြန်ရင်လည်း မောင့်အပြုံးတွေ ပျောက်ကုန်လိမ့်မည်။

"ဘယ်ဆိုင်ကောင်းမလဲ ..၊ ဟိုဘက်က ပိုစုံမယ် ထင်တယ် .."

"မောင်ရယ် .. ဒီည ပိုက် ဟို့လျှောက်လည်မယ်လေ .. မောလိုက်မုန့်ဝင်စားလိုက်နဲ့ ညဥ့်နက်မှ ပြန်မယ် ..၊ ဒါလည်း မောင့်ကြောင့်ပျော်ရတဲ့လက်ဆောင်ပဲ ..၊ ပိုက် ခုတောင် အရမ်းပျော်နေပြီ .."

"မရဘူး .."

ပိုက် ရဲ့လက်လေးကိုဆွဲ၍ ညီ က ဟိုဘက်ဆိုင်ဘက်ကို ပြန်လှည့်သည်။

ထိုစဉ် ပိုက် နဲ့ ပခုံးချင်းတိုက်မိသွားသည့် တစ်ယောက်သည်...

"အမလေး!..."

"ဟာ .."

ကြည့်လိုက်တော့ ကင်းမောင်မောင် နဲ့ မိန်းကလေးတစ်ယောက်..၊

"ပိုက် .."

ပိုက် ကို မြင်လိုက်တာနှင့် ညီ ကို လုံးဝဂရုမစိုက်သည့် ကင်းမောင်မောင် မျက်လုံးတွေက လိုတာထက် ပို၍ ရင်းနှီးဖော်ရွေနေကာ ...

"မတွေ့တာတောင် ကြာပြီ .."

"ဟုတ်တယ် .. မောင်နဲ့ ပန္နည်းလာဝယ်တာ .."

ပြောလိုက်မှ ညီ ကို လှည့်ကြည့်၍ အပီအပြင်မဲ့၍ ပြုံးကာ ...

"ဘယ်လိုဖြစ်တာလဲ ညီ .. မင်းရုပ်ကြီးက ဟွန်း .. ပျော်နေရမယ့်လူက .."

"ဘာကို ပျော်ရမှာလဲ .."

"တွေ့လား ပိုက် .. မင်းကို ရတာ သူ မပျော်ဘူး .."





"ဘာတွေ လျှောက်ပြောနေတာလဲ ..၊ လာ .. မောင် .. သွားရအောင် .."

ပိုက် က မောင့်လက်မောင်းကို ဖက်၍ ဆိုင်ဘက်ကို ထွက်လာခဲ့၏။

"ဟား .. ဟား .. ဟား ... ကိုယ်သာ မင်းနေရာမှာဆို ဒီလိုမျက်နှာကြီးနဲ့ မနေဘူး ညီ .."

လှမ်းပြောလိုက်သေးသည်။

"တောက်!..."

ညီ က ဆိုင်ရှေ့ရောက်တဲ့အထိ တက်ခေါက်နေဆဲ ...

"မောင် .. ဒါလေး လှတယ်မို့လား .."

"ဝတ်ကြည့်လေ .."

လက်စွပ်ပါးပါးလေးတွေကို ပိုက် လိုက်ဝတ်ကြည့်တော့ ကွင်းတွေက ချောင်နေ၏။

ညီ က ရပ်ကြည့်နေပြီး ဘာမှမပြောပေ ..၊

ပိုက် ရဲ့မွေးနေ့မှာ အပျော်လေးတွေ ပျက်စီးကုန်မှာစိုးလို့သာ ထိန်းချုပ်နေခဲ့ရသည်။ ကင်းမောင်မောင် ၏အပြုံးနဲ့ အကြည့်တွေကြောင့် ခံပြင်းနေမိ၏။

ခင်မင်ရင်းနှီးကြသည့် သူငယ်ချင်းတွေဆိုတဲ့ အသိလေးတောင် မထားဘဲ ဘယ်လိုကောင်မျိုးလဲ ..၊

"ဒါလေး ဝတ်ကြည့်ပါလား အစ်မရယ် .. ဒီကွင်းဆို အစ်မနဲ့တော်မှာ .."

"ရတယ် .. နေပါစေ .."

"ဝတ်ကြည့်လိုက်ပါ အစ်မရဲ့ .. အစ်မ အဆင်ပြေမှ ယူပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကွင်းမှ မတော်တော့ အစ်မလက်နဲ့ဆို ဒီနောက်တန်းက ကွင်းတွေနဲ့မှ အဆင်ပြေမှာ ..”

စိန်ပွင့်တွေက ကြီးသည်။ ဒီလောက်ဆို တန်ဖိုး ဘယ်လောက်ရှိမယ်ဆိုတာ ပိုက် သိပြီးသား ...။

ထို့ကြောင့် ဝတ်ကြည့်ဖို့ကို စိတ်ကူးမရှိတာ ဖြစ်သည်။

“အဲဒါက စိန်ညိုလေ အစ်မ .. သူဆိုရင် ဈေးလည်း သိပ်မရှိဘူး...၊ ဝတ်ကြည့်လေ ..”

“မဝတ်နဲ့ ..”

ညို လေသံက မာနေကာ ...

“ဟိုမှာ တော်နေတာတွေကို ဘာဖြစ်လို့ ရှောင်ကွင်းပြီး ရွေးမရဖြစ်နေတာလဲ ..”

“မောင်ကလည်း အမှတ်တရဝယ်တာပဲဟာ .. ဒီကွင်းလေးတွေလောက်ဆို တော်ပြီပေါ့ ..”

“ဒီကွင်းတွေက မင်းနဲ့ တော်လို့လား ..”

ညို ဒေါသထွက်နေပြီမှန်း သိကာ ပိုက် ဘယ်လိုပြောရမှန်း မသိဖြစ်နေစဉ် ...

“မတော်မှန်းသိပေမယ့် တော်တဲ့လက်စွပ်တွေက ဈေးကြီးနေတော့ သူ့ယောကျာ်းအကြောင်း သူ သိလို့ နေမှာပေါ့ကွ ..”

ဝင်ပြောတဲ့ပုံက ပြောမနာဆိုမနာ ရင်းနှီးကြတဲ့လူတွေလိုလို ...၊ တမင် စိန်ခေါ်တာမှန်းလည်း သိသာနေကာ ...

“ယူလိုက် ပိုက် ..”

ကင်းမောင်မောင် တမင်ပြန်လှည့်လာမှန်း သိလိုက်ကာ စောစောက သူ့အားမှာပါသည့် မိန်းကလေးလည်း ပါမလာတော့ပေ ...။





ယောကျာ်းနှစ်ယောက် အလယ်မှာ ပိုက် စိတ်ပျက်သွားမိ၏။

“ရှင် ကိုယ့်လမ်း ကိုယ်သွားပါလား ကင်း .. ဘာဖြစ်လို့ သူများကိစ္စတွေထဲ ဝင်ဝင်ပါနေတာလဲ ..”

ကင်းမောင်မောင် က ပြုံးစိစိနှင့် ရုတ်တရက် ပြန်မဖြေဘဲ စိန်ရှစ်လုံးတန်းနှင့် မောင်းကွင်းလေးကို ပြန်တောင်းယူလိုက်သည်။

ဒါက ခုနကပဲ ပိုက် ခေါင်းခါခဲ့သည့် လက်စွပ်လေး ...၊

ကောင်မလေးက နောက်တန်းကကွင်းတွေ သုံးကွင်းလောက်ထုတ်ပြပေးတော့ အခြေအနေက ပိုဆိုးနေကာ ...

“ကိုယ်က မင်းရဲ့မွေးနေ့မှာ လက်ဆောင်ပေးဖို့ သတိရနေတာ...၊ ကိုယ်တို့ အဆင်ပြေနေတုန်းကတော့ လက်ဆောင်တွေ ပေးနေကျလေ..”

“အို .. မလိုချင်ပါဘူး ...၊ မွေးနေ့လည်း မလုပ်ဘူး .. မောင်နဲ့ တမင် လျှောက်လည်ဖို့ ထွက်လာတာ ..”

“ကိုယ်ကလည်း မွေးနေ့ရှင်ကို ကျွေးပါမွေးပါ မတောင်းဆိုပါဘူး ...၊ ဒီလက်စွပ်လေးပဲ ..”

“မင်းကို သူ မယူဘူးလို့ ပြောနေပြီပဲ ကင်းမောင်မောင် ..”

“ဒါကတော့ မင်း ဝယ်မပေးနိုင်တာကို ငါ့ဆီက လက်ခံရမှာ ခက်နေလို့ နေမှာပေါ့ကွ ..”

ကင်းမောင်မောင် က ပြောပြီး သူ့ဘက်ကို တည့်တည့်လှည့်ရပ်ကာ ...

“မင်းအဖေ ငါ့အဖေဆီ ရောက်လာတယ် ..”

မဆီမဆိုင် ပြောလိုက်သည့်စကားကြောင့် ညို မျက်နှာပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကင်းမောင်မောင် ကလည်း ဒါကိုပဲ တမင်ဖော်ချင်တာမို့ ပိုက်ကိုလည်း ငဲ့ကြည့်လိုက်လေသည်။

"မင်း မသိဘူး ထင်တယ် .. ဦးလေးမောင် ဆိုတာ ငါ့အဖေ .."

"ဘာ!..."

ညို့ မျက်နှာ ရဲခနဲ ဖြစ်သွား၏။ ပြီးတော့ တရိပ်ရိပ် ညိုတက်လာသည်။ ပြီးတော့ အကြည့်တွေက ပိုက် မျက်နှာလေးဆီ ရောက်၏။ ပိုက် တကယ် ဘာမှမသိပါ ..။

လောလောဆယ် ညို့ မျက်နှာနဲ့ အကြည့်တွေကြောင့် သိလိုက်တာက ဆိုးရွားသည့် ပြဿနာတစ်ခုခု စတော့မည်။

"ခက်တာက ဖေဖေ့လုပ်ငန်းတွေကို ဦးစီးနေတာက ငါ ဖြစ်နေတယ် ..၊ ငါကလည်း မင်းအဖေ ရောက်လာတဲ့ကိစ္စက မင်းဒုက္ခအတွက်မှန်း သိလိုက်တော့ .."

စကားမဆုံးဘဲ မဲ့၍ ပခုံးတွန့်ပြ၏။

ကျိခနဲ အံကြိတ်လိုက်သည့် ညို့ မျက်နှာက နီရဲပေါက်ကွဲတော့မတတ်ရှိကာ ...

"အဲဒါတွေ ငါ ဘာမှမသိလိုက်ဘူး .. အရှည်ဆွဲပြီး ပြောမနေနဲ့.."

"သိသိ မသိသိ ငါကလည်း မလျှော့လိုက်နိုင်ဘူး ဟော့ကောင်..၊ အစက စီးပွားရေးတစ်ခုအနေနဲ့ လုပ်ခဲ့တာ .. ဒါပေမယ့် မင်းမှန်း သိတော့ သေချာသွားတယ် ..၊ မင်းရဲ့ အိုးစုတ်ခွက်စုတ်တွေကို လမ်းမပေါ် စုပုံပြီး မြေကို ငါ ရအောင်သိမ်းမှာ .."

ပိုက် ခေါင်းနားပန်း ကြီးသွားသည်။

ဒီကိစ္စကြီးကျမှ ဘာဖြစ်လို့ ကင်းမောင်မောင် လိုလူနဲ့ လာငြိရတာလဲ ..၊





မောင် ဒေါသထွက်သမျှ စွပ်စွဲသမျှတို့ကို သူမ ဘာတစ်ခုမှလည်း ထိရောက်စွာ ငြင်းပယ် ချေပနိုင်စွမ်းလည်း မရှိခဲ့ ..။

"မင်းက အဲ့ဒါကြောင့် ငါ့ကို သနားသလို ညှာတာသလိုလို လုပ်နေတာ ဟုတ်လား .."

"အဲဒါက ဟုတ်တယ် .. ဒါပေမယ့် မောင် .."

"ဟုတ်တယ် ဆိုတာပဲ ငါ လိုချင်တာ .."

"ဒီတိုင်း အားလုံးကို ပုံမချလိုက်နဲ့ မောင် .. ဟုတ်တယ်ဆိုတာက မောင် အဆင်မပြေတာကိုတော့ ပိုက် သိနေတာပဲ ..၊ ကိုယ့်ယောက်ျားထုန်မှာခန်းမှာစိုးလို့ ညှာခဲ့တာ .. အဲဒါ ပိုက် မှာ အပြစ်ရှိသလား .."

"ညှာတာမှာ မလိုချင်တဲ့ ယောက်ျားက ငါပဲ ပိုက် .."

ညို့ အသံတွေ တုန်ခါနေသည်။

တော်ပါသေးသည် ..၊ ကလေးက မေမေ့ကိုပဲ ရင်းနှီးနေသဖြင့် ဒီမှာနေလိုက် .. မေမေက လာခေါ်သွားလိုက်မို့ ဒီနေ့ အိမ်မှာ မရှိ ..။

"ငါ မင်းကို ဘာမှပြောမပြခဲ့တာ မင်း ညှာတာမှာတွေကို မလိုချင်သို့ ..၊ ငါ ဒီနေ့ ဒီမှာ ဒုက္ခခံနေတာ ချိုးနှိမ်တဲ့စကားတွေကို နားခါးလို့..၊ အခု ငါက ချည့်တိုင်က နွားပဲ .."

"မောင် .."

"ကိုယ့်ကိုယ်ကိုယ် သွားလှပြီ ထင်နေတာ .. ငါ ဘယ်မှာလွတ်မြောက်ခဲ့လို့လဲ .."

"ဖေဖေတို့ သွားတာ ပိုက် တကယ် မသိဘူး .."

"ဖေဖေတို့ .. ဟုတ်လား .."

ပိုက် ရဲ့စကားထဲက အမှားတစ်လုံးကို ညို က ချက်ချင်း ဖမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေတို့ဆိုတော့ ဘယ်သူတွေ သွားကြတာလဲဆိုတာ မင်း သိနေတာပဲ ..၊ ဘယ်သူလဲ .. ဦးမျိုး ပါသေးတယ် ဟုတ်လား .."

"ပိုက် တကယ်မသိပါဘူး မောင်ရယ် .. ဒီကိစ္စကို ပိုက် သိခဲ့ပေမယ့် လူကြီးတွေ ဘာတွေလုပ်ကြတယ် ဆိုတာထိ .."

"ရပြီ ပိုက် .. မင်း ခုနက မသိဘူး ပြောခဲ့တာတွေရော .. အခု မသိတာတွေရော ငါ ဘာမှ အယုံအကြည် မရှိတော့ဘူး .."

ညို့ စကားသံတွေက အေးစက် ပြတ်တောက်ခြင်းသို့ ယိမ်းယိုင်နေပြီဖြစ်လျက် ...

"မင်းက ငါ့ကို အသုံးမကျတဲ့လူ နေရာမှာ ထားခဲ့တာပဲ .."

"မောင် ဘာတွေ ပြောနေတာလဲ .."

"ကလေးဆန်တယ် .. ပွင့်လင်းပါတယ်ဆိုတဲ့ မင်းက ချက်ချင်းကြီး မိန်းမပီသပြီး ကုန်မှာခန်းမှာအတွက် သိတတ် နားလည်နေတာတွေ .. ငါ ဘာပြောပြော ဘယ်လိုနေနေ သနားကရုဏာသက်နေတဲ့ အကြည့်တွေနဲ့ .."

"အဲဒါတွေ ပိုက် က ပြောင်းလဲနေတာ မောင့်ကို ချစ်လို့ဆိုတာ ကျတော့ ထည့်မတွေးဘူးလား မောင် .."

"မတွေးဘူး .. ငါက ဆတ်ဆတ်ထိမခံ ရန်တွေ့တတ်တဲ့ မိန်းမကိုပဲ ကြိုက်တာ ..၊ အနေမတတ် အစားမတတ် ဘယ်မျက်နှာကိုမှ ဂရုမစိုက်တဲ့ မိန်းမကို ချစ်ခဲ့တာ .. ဘယ်မိန်းမ ဘယ်လောက်တော်တော် ဘယ်လောက်လှလှ ငါ ချစ်တဲ့ မိန်းမကသာ တန်ဖိုးအကြီးဆုံး .."

"ပိုက် ကလည်း ..."

"မင်းအတွက်က စီးပွားရှာတတ်တဲ့ယောက်ျားတွေပဲ တန်ဖိုးကြီးနေတာ .."





"မောင် ပိုက် ကို မစော်ကားနဲ့နော် .."

"ဟုတ်တယ် .. မင်းလိုမိန်းမက မစော်ကားထိုက်တဲ့ မိန်းမပါ..၊ ငါ မှားသွားတာ .."

"ဘာကိုမှားတာလဲ မောင် ..၊ မောင် ဘာကိုပြောလိုက်တာလဲ.."

"မင်း ဘယ်လိုမိန်းမမှန်း မသိခဲ့လို့ .."

"ထင်ရာတွေပြောနေတာ တော်တော့ မောင် ..၊ ပိုက် က စပြီး ဖေဖေတို့ ဦးဦးတို့အားလုံး မောင့်ကို ချစ်ကြတဲ့လူတွေချည်းပဲ .."

"ချစ်တဲ့လူတွေပဲ အနီးကပ် ကျောကို ဓားနဲ့ထိုးတာ .. ယောက်ျားတွေအတွက် အကြီးမားဆုံးရန်သူက ကိုယ့်မိန်းမပဲတဲ့ .."

ပိုက် မျက်ရည်တွေ ကျလာခဲ့သည်။

လူတိုင်းမှာ မာနနဲ့ ဒေါသနဲ့ ..၊ သူတစ်ယောက်မှာပဲ ဒေါသရှိတာလား ..၊ သူတစ်ယောက်ပဲ မာနတွေ ကြီးနေနိုင်တာလား ...၊

သည်းခံခြင်းဟာ လမ်းဆုံ လမ်းခွဲတစ်ခုမှာ ခြေစုံရပ်နေခဲ့၏။

"ယောက်ျားချင်းယှဉ်ပြီး ချိုးနှိမ်ခံရရင် ဒါမျိုးကို ဘယ်ယောက်ျားမှ သည်းမခံနိုင်ဘူး ပိုက် .."

"စေတနာ စော်ကားခံရရင်လည်း ဘယ်လိုလူမျိုးမှ သည်းခံမှာမဟုတ်ဘူး မောင် .. ပိုက် ကလည်း မောင့်တစ်ယောက်ကိုပဲ ပထမဆုံးနဲ့ နောက်ဆုံး သည်းခံခဲ့ဖူးတာ ..၊ ကျွန်မက မောင် ပြောခဲ့တဲ့မိန်းမမျိုး.."

ရည်ရွယ်ခဲ့တာကတော့ အဆိုးရွားဆုံးအထိ ဖြစ်ဖို့ မဟုတ်ပါ ..။

ပိုက် ညတွင်းချင်း ဖုန်းဆက်ပြီး ဦးနေမျိုး ကို ခေါ်လိုက်သည်။ ဦးနေမျိုး ဘယ်လိုပဲ ချော့ပြောပြော သူမ အတင်းပြန်လိုက်ဖို့ ကြိုးစားခဲ့၏။

"ကဲ .. ဒေါသဖြစ်နေကြတုန်း မှားကြလိမ့်မယ် ..၊ ဒီတစ်ညတော့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လိုက်ချင် လိုက်ခဲ့လေ ..၊ မနက်ကျမှ သမီးတို့ချင်း အဆင်ပြေအောင် ညှိရမယ် ..''

''ရပါတယ် .. ခေါ်သွားပါ ..၊ သူ အဆင်ပြေရင် ပြီးတာပဲ ..''

မောင့်စကားသံတွေ အက်ရှနေခဲ့သည်။ ပြီးတော့ ပိုက် ကို မျက်နှာမူထားလျက်နှင့် ဆိုဖာမှာ နောက်ပြန်ထိုင်ရင်း ခေါင်းငိုက်စိုက်ချထားသည်။

တကယ်ဆို စိတ်ဆင်းရဲ ဒေါသထွက်နေသည့် ယောက်ျားရဲ့အားမှာ သူမဟာ စိတ်ချမ်းသာရာ ချမ်းသာကြောင်းတွေ ပြောပေးသင့်သည်။ ဒေါသကို ပြေစေရမည်။

ဖနီးကောင်းတို့ဝတ္ထုရားကို သူမ ဘာမှ ဂရုမစိုက်ဘဲ ထွက်လာခဲ့၏။ မောင်နဲ့ သူမကို ဝေးစေဖို့အတွက် နောက်နေ့တွေမှာလည်း ကိုယ်မှားခဲ့သလားလို့ မတွေးမိ ..၊

မောင့်ကို ပြေးကြည့် ဖေးမဖို့ ဘာမှ မကြိုးစားခဲ့ ..၊

သူမ ဘယ်လိုမှ မနေနိုင်တော့အောင် မောင့်ကို သတိရ တမ်းတလာချိန်တွင် ...

''သား ခရီးထွက်သွားပြီ သမီး ..၊ လောလောဆယ်တော့ ဘယ်ကိုမှန်း မသိဘူး .. ဒါပေမယ့် သိရတာနဲ့ မေမေတို့ အကြောင်းကြားပေးမယ် ..မပူနဲ့ နော် ..''

ဒေါ်သိန်းသိန်းမြင့် ခမျာ ပိုက် ကို မငြိုငြင်ရှာခဲ့ပေ ..၊ ပိုက် ကိုယ်တိုင်လည်း ဦးဦးနဲ့ မနေဘဲ ယောက္ခမအိမ်မှာပဲ ပြောင်းနေခဲ့သည်။

ဒါပေမယ့် မောင်ကတော့ လူလည်း ပြန်မလာ ..၊ သတင်းလည်း လှကြုံမပါခဲ့ဘဲ ...

''ကလေးကလည်း သူ့အမေ ဆုံးသွားတည်းက ရယ်ရယ်မောမော ရွှင်ရွှင်ပျပျ မရှိခဲ့ဘူး သမီးရယ် .. မေမေတို့ ဘယ်လိုလုပ်ကြမလဲ ..''





''ပိုက် လည်း မချော့တတ်တော့ဘူး မေမေ ..''

သူမတို့မှာ ထွက်ခွာသွားသူကို မျှော်နေရသည့်ဒုက္ခက တစ်ဖက်..၊ ကလေးက မပျော်သည့်ပြင် ညည ဆို ဇွတ်တုတ် ထထိုင်လိုက် .. အပြင်ထွက်ထိုင်နေလိုက်နှင့် ထိန်းရတာ အဆင်မပြေ ..၊

ပုခက်ထဲ ထည့်လှုပ်ပြီး သိပ်လို့ရတဲ့အရွယ်လည်း မဟုတ်..၊ ပြောဆိုသမျှ နားလည်နေပြီ ..၊ တော်ရုံဆို ဘာမှပြန်မပြောတာ ဖြစ်သည်။

''ဖေဖေက ဘယ်မှာလဲ ..''

''အလုပ် သွားလုပ်နေတယ် သားရဲ့ .. သားဖေဖေ ပြန်လာရင် သားကို လာခေါ်မှာ ..''

''ဖေဖေနဲ့ မနေဘူး ..''

''သားက ဘယ်သူနဲ့ နေချင်တာလဲ ..''

''ဘိုးဘိုးကျော်က် နဲ့ ..''

ဘိုးဘိုးကျော်က် ဆိုတာ ဘယ်သူမှန်း မသိတော့ ဖုန်းဆက် မေးရသေးသည်။ သူ့အဖေဘက်က ဆွေမျိုးရင်းချာထဲမှာ ဦးကျော်က်တိုင် ဆိုတာ ရှိသည်တဲ့ ..၊

ကလေးက သူ့အမေရဲ့စိတ်ဆန္ဒအတိုင်းသာ ဒီကိုရောက်လာခဲ့တာဆိုမယ့် ဒီအိမ်နဲ့သာ စိမ်းနေတာဖြစ်ကာ တခြားဆွေမျိုးနီးစပ်တွေနဲ့တော့ ရင်းနှီးနေပုံ ရသည်။

ဒီကို ကေး က တစ်ခါတလေမှ လာလည်တတ်သလို ဒေါ်သိန်းသိန်းမြင့် တို့ကဆို ကေး တို့ဆီ မသွားဖြစ်သလောက်ပါ ..။

ဒါနဲ့တောင်မှ ကိုယ့်ကလေးနဲ့ ရင်းနှီးနေတဲ့ ဆွေမျိုးတွေကို မစဉ်းစားဘဲ သားကိုမှ ဘာဖြစ်လို့ ပေးချင်ခဲ့မှန်း မသိ ..၊ ထို့ပြင် ညီ ကိုယ်တိုင်ကလည်း ကလေးရယ်လို့ တယုတယ ရှိခဲ့တာ မဟုတ် ..။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကို ဈေးဝယ်ရင်းနဲ့ အသိတစ်ယောက်က ပြောတယ် သိလား .."

ကလေးအကြောင်း တွေးရင်း ပြောစရာရှိတာကို သတိရသွားမိ၏။ ဒါက ပြောလို့တော့ မကောင်းပေမယ့် ...

"ကလေးရောက်လာမှ သားနဲ့ သမီး ဒီလောက်ထိ ဖြစ်သွားရတယ် ..၊ သမီးဦးလေးနဲ့ ဖေဖေလည်း သူ့သားခြံကိစ္စနဲ့ အမှုတွေဘာတွေ ရင်ဆိုင်နေကြရတယ် .. အဲ့ဒါတွေက ကလေးရဲ့ လာခြင်းကောင်းခြင်း မကောင်းခြင်းနဲ့ ပတ်သက်တယ်တဲ့ .."

"ဟုတ်လို့လား မေမေရယ် .."

"မေမေလည်း မသိတော့ဘူး .. ကလေးကိုလည်း မဥပဒ်ချင်ပါဘူး သမီးရယ် .. ဒါပေမယ့် ကလေးကလည်း ပျော်ပျော်ရွှင်ရွှင် မရှိတော့ စိတ်ထဲတော့ မကောင်းဘူးပေါ့ .."

"လျှောက်တွေးမနေနဲ့ မြင့်.. ကလေးနဲ့လည်း မဆိုင်ဘူး ..၊ မင့်သားလိုလူကလည်း လွှမ်းလောက်စရာ မဟုတ်ဘူး .."

ဦးညီလွင် ဒေါသတွေ ထွက်နေတာ တခြားမဟုတ်ပေ ..၊ ကိုယ့်ဘာသာလည်း မဖြေရှင်းနိုင် ..၊ လူကြီးတွေ ပါနေတာ သိသိနဲ့လည်း အားလုံးကို ပိတ်ဆို့ ဖျောက်ဖျက်သွားခဲ့သည်။

ဒီပြဿနာက တမင်တကာ ငြိုးချက်နဲ့ဆိုတာ သိရတော့ ပိုဆိုးသည်။ စီးပွားရေးကြောင့် ကြံစည်တဲ့လူကိုရော ငြိုးနေတဲ့လူတွေကိုပါ ဘယ်သူ့ကိုမှ အရှုံးမပေးနိုင် ..။

ထို့ကြောင့် ဒါတွေကို အစကနေ ပြန်လိုက်ရသည်။

အနာသိလို့ ဆေးရှိတာမျိုး မဟုတ်ဘဲ အနာလည်း မသိ ..၊ သိတော့လည်း ဆေးကုဖို့ မလွယ် ..။





အားလုံးမှာ မပင်ပန်းသင့်ဘဲ ပင်ပန်းနေကြရတာ .. ဒီနေ့ထိလည်း ဒီကိစ္စက မပြီးသေး ..၊

ထိုစဉ် ဦးနေမျိုး ထံမှ ဖုန်းဝင်လာခဲ့၏။

"ညီ က မြဝတီမှာ ကိုညီလွင် .. ဘန်ကောက်က ပြန်ရောက်တာ တစ်ပတ်လောက်ပဲ ရှိသေးတယ်တဲ့ ..၊ သူ အရောင်းအဝယ်တစ်ခုခု လုပ်မလို့လို့ ကြားတယ် ..၊ ကားလုပ်ငန်းလုပ်နေတဲ့ သူဌေးတစ်ယောက်နဲ့ တွဲနေတာ .."

ဦးနေမျိုး ကတော့ သူ့တူမ အလူးအလိမ့် လွမ်းနေတည်းက ညီ့သတင်းနောက်ကို တစ်ဖက်က လိုက်စုံစမ်းနေခဲ့တာ ဖြစ်သည်။

ဖခင်ဖြစ်သည့် ဦးညီလွင် မျက်နှာကြီး သုန်မှုန်ရင်း တက်ခေါက်မိတာ ...

'ကြားလား မြင့် .. မင့်သား မိဘလုပ်ငန်းကလွဲရင် အားလုံး ဘာဖြစ်ဖြစ် သူနဲ့ အဆင်ပြေနေတာ .."

ဒေါ်သိန်းသိန်းမြင့် မျက်လွှာချလျက် မျက်ရည်ဝဲနေရှာ၏။ ဒါကြောင့်ပဲ တော်ရုံဆို ဦးညီလွင် မျိုသိပ်နေခဲ့တာပေါ့ ..။

ဒါပေမယ့် ပိုချစ်လို့ ပိုပြီး နာကျင်မိတာမျိုး ..၊

ဘယ်သူစိမ်းက မိဘထက် ပိုကောင်းနိုင်မှာလဲ ..၊ ချမ်းသာနေတဲ့ အဝကနေ ဘာဖြစ်လို့ ခက်ခဲတဲ့ စီးပွားရေးတွေနောက်ကိုပဲ လိုက်ချင်ရတာလဲ ..၊

မိဘက အပြစ်တင် ငြူစူနေသမျှ စေတနာ မေတ္တာတွေပဲ ဆိုတာ နားမလည် ..၊

ခုတော့ ပိုက် ခမျာလည်း သနားစရာ.. ဦးနေမျိုး လောက် သည်းခံနားလည်ပေးတတ်သည့် ဦးလေးယောက္ခမျိုးရော ရှိရဲ့လား ...



www.burmeseclassic.com

www.burmeseclassic.com



ဦးညီလွင် ဒေါသမပြေနိုင်ဘဲ သူ့ဘာသာ ဘယ်မှာနေနေ ဆိုပြီး ထားခဲ့လိုက်သည်။

"ဒီမှာ အမှုကိစ္စကလည်း ငါ့ဘာသာပဲ တာဝန်သိသိ ရင်ဆိုင်ဆောင်ရွက်နေရတာ .. သင်း ဘာဖြစ်ဖြစ် ကိုယ်ဖြစ် ကိုယ်ခံပဲ .."

ဘာမှ မဆက်သွယ်.. မစုံစမ်းရ အမိန့်ထုတ်လိုက်တာနှင့် ဒေါ်သိန်းသိန်းမြင့် အိပ်ရာထဲ လဲတော့သည်။

ထိုအချိန်မှစ၍ ပိုက် ရဲ့ပုံစံလေးလည်း ဖိုသီဖတ်သီ ဆန်သွားခဲ့ပြီး ယောက်ျားကို တမ်းတနေတာက အပူသည်ပုံစံလေးဖြစ်ကာ ဒေါ်သိန်းသိန်းမြင့် ကို ပြုစုရင်း သူမပါ လူမမာရုပ်လေး ပေါက်လာခဲ့သည်။

"ဒီအမှုကိစ္စ ကျုပ်တို့နိုင်ဖို့ သေချာသွားပြီ ကိုညီလွင် .. အားလုံးကျုပ်တာဝန် ထားလိုက် ..၊ ညို့ ကို ပြန်ခေါ်လိုက်ပါ .."

ဦးနေမျိုး ကိုယ်တိုင် ဦးညီလွင် နဲ့ လာဆွေးနွေးရတော့သည်။

"ဖုန်းဆက်တာတောင် မကိုင်တဲ့ဥစ္စာ ဘယ်လိုမာနတွေလဲ ကိုနေမျိုး .. ကျုပ်က မိဘဗျ ..၊ မိဘနဲ့ သားသမီး ကျုပ်က ခြေသလုံးဖက်တောင်းပန်ရမလား .. နေပေစေ .. သူ့ကို အမွေဖြတ် မစွန့်လွှတ်ထားဘူး .. အိမ်ရိပ် မနင်းရဘူးလို့လည်း မသတ်မှတ်ခဲ့ဘူး .. သူ ဆန္ဒရှိတဲ့အခါ ရောက်လာလိမ့်မယ် ..၊ ဘယ်သူမှ မဆက်သွယ်နဲ့ .."

ဒေါ်သိန်းသိန်းမြင့် တရှောင်ရှောင် ဖြစ်နေခဲ့တာလည်း မသက်သာခဲ့ဘဲ ဒီအမိန့်ကြောင့် ပို၍သာ ဆိုးလာခဲ့သည်။

အကြောင်းပြစရာ ပေါ်လာတာက ကလေးက ငိုငိုရယ်ရယ် ဖြစ်လာခဲ့၏။ ဦးနေမျိုး ကလည်း ပိုက် ဆီကို မကြာခဏ ရောက်လာတတ်တာမို့ ...

"ကိုညီလွင် မရှိတုန်း ကျုပ်တို့ချင်း ဆွေးနွေးရအောင် .."





ဒေါ်သိန်းသိန်းမြင့် နဲ့ ပိုက် နဲ့ပဲ အစီအစဉ်တစ်ခု ဆွဲခဲ့၏။

ထိုအစီအစဉ်က ကလေးကို သူ့အဘိုးနဲ့ ဆွေမျိုးတွေဆီ ပြန်ပို့ရင်း ညို့ ကို ဘားအံခေါ်ဖို့ ဖြစ်သည်။

"ညည်းလည်း တွေ့ချင်တယ်မို့လား .. ဒီအိမ်မှာနေပြီး စောင့်မယ့်အစား သူ့သဘော ဘယ်လိုရှိသလဲဆိုတာ မေးကြည့်လိုက်တော့ ပိုရှင်းတာပေါ့ ..၊ ကိုယ်လွမ်းသလိုမှ သူက မလွမ်းခဲ့ရင် ဘာလုပ်မှာလဲ သမီး..၊ ဦးက ကလေးစကားပြောတာ မဟုတ်ဘူး .. မေတ္တာတရားဆိုတာ ကိုယ်လိုချင်တိုင်း မရတတ်သလို ကိုယ်က ပေးချင်တိုင်းလည်း ယူမယ့်သူရှိမှဖြစ်တာ ..၊ အခု သမီးတစ်ယောက်တည်း လိုမ့်ခံစားနေရတာ .. ဘယ်လိုနေသလဲ .."

ဦးနေမျိုး စကားသံတွေက ညို့ အပေါ်မှာ အပြစ်တင်နေသည့် လေသံတွေ ဖြစ်လာသည်။ မိဘချင်းမို့ ဦးညီလွင် သူ့သားကို ဘယ်လောက်ချစ်သလဲဆိုတာ သူ သိနေသည်။

သူ့အမြင်မှာတော့ ညို က မိဘစေတနာကို နည်းနည်းလေးမှ နားမလည် ..၊

"သမီး သူ့ကို ဘားအံလာဖို့ လှမ်းခေါ်ရမယ် ..၊ သူ လာခြင်းမလာခြင်းက အဆုံးအဖြတ်ပဲ ..၊ ဒါမှမဟုတ် သူ ဘာပြောမလဲဆိုတာ သမီး နားထောင်လိုက် .."

ဦးနေမျိုး က ဒေါ်သိန်းသိန်းမြင့် ရှေ့မှာပဲ ပြောနေတာမို့ လူမမာခမျာ မျက်နှာမကောင်းရှာဘဲ ...

"သားက သမီးကို အရမ်းချစ်တာပါ ကိုနေမျိုး ရယ် .. ချစ်ခြင်းဆိုတာ မှားတတ်ကြပါတယ်ရှင် .. ကလေးတွေကို အဆုံးသတ် တစ်ခါတည်းတော့ လမ်းဖွင့် မပေးလိုက်ပါနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"လမ်းက သူ ဖွင့်သွားတာ မမြင့် .. တံခါးဖွင့် လမ်းမြင်နေလျက်နဲ့ ထွက်မသွားနိုင်ခဲ့တာက ကျွန်တော့်တူမပါ ..၊ ဒီစကားတွေကို ကျွန်တော် မပြောလည်း သူကိုယ်တိုင် ခံစားမိလာတဲ့အခါ သူ ဘာလုပ်ရမယ်ဆိုတာ သိလာမှာပဲ .."

"ဟုတ်ပါတယ် ..၊ အဲဒါက မှန်ပါတယ် .."

"အားမနာတမ်း ပြောရရင်တော့ ဟုတ်တယ် .. ညီ မှားတယ် ..၊ ကျွန်တော့်တူမကို မှန်တယ်လို့ မပြောပါဘူး .. ဒါပေမယ့် သူက စပြီး မမှားသင့်တဲ့လူ .. အိမ်ထောင်တစ်ခုဖြစ်လာရင် လင်ဖြစ်ဖြစ် မယားဖြစ်ဖြစ် ရန်ဖြစ်တာနဲ့ အိမ်က ဆင်းသွားတတ်တာ ကောင်းတဲ့အကျင့် မဟုတ်ဘူး .."

"ခုကိစ္စမှာ ပိုက် က စပြီး ထွက်သွားတာပါ ဦးဦး ရယ် .. သူ ဒုက္ခတွေ့နေတဲ့အချိန်မှာ ပိုက် က အေးအတူ ပူအမျှ မနေဘဲ သူ့ကို ထားခဲ့ပြီး တစ်ကိုယ်ကောင်းဆန်ခဲ့တာ ..၊ မောင် ပိုက် ကို ဘယ်လောက်ချစ်တယ်ဆိုတာ ပိုက် သိတယ် .."

ပြောရင်း ငိုရင်းနှင့် သူမ မျက်ရည် မစဲခဲ့ပေ ..။

"အေး .. အဲဒီတော့ သိရအောင် သမီး လိုက်သွားကြည့်လေ ..၊ ဘားအံမှာ ကလေး သွားပို့ရင်း သမီး အဲဒီကနေ စောင့် .."

"ဟုတ်ကဲ့ ..၊ ပိုက် လိုက်သွားမယ် .."

"ဘားအံကနေ စောင့်ဖို့ပဲနော် .. ဦးက ဒရိုင်ဘာနဲ့ ထည့်ပေးလိုက်မှာ .."

"ပိုက် ကိုယ့်ဘာသာ သွားလို့ ရပါတယ် .. ကားမောင်းတာက အနီးအဝေး ပိုက် အားလုံး မောင်းဖူးတာပဲ ..၊ ပြီးတော့ ..."

"မရဘူး သမီး .."





"ဟာ.. ရပါတယ် .. ပိုက် မှာ သူငယ်ချင်းတွေ ရှိတယ်..၊ ဒရိုင်ဘာကြီး မောင်းနေတဲ့ကားကို စီးပြီး ဘာမှလည်း လွတ်လွတ်လပ်လပ် ပြောရမှာ မဟုတ်ဘူး .."

သူငယ်ချင်းတွေ ဘယ်နှစ်ယောက်ရှိလဲဆိုတော့ ဦးတို့ မေမေတို့ ရှေ့မှာပဲ ပိုက် ဖုန်းတွေ ဆက်ပြလိုက်သည်။ တကယ်တမ်းကျတော့ သူမ ထင်ရာတွေပြောပြီး တမင် ဆက်သွယ်ပြလိုက်တာပါ။

ကိုယ်နဲ့လိုက်နိုင်မည့်သူက ယွန်း တစ်ယောက်တည်း..၊ ဒါတောင် ယွန်း က လက်ထပ်ရတော့မည့်အခြေအနေ ရှိနေသည်မို့ ပိုက် အိမ်ကထွက်လို့ကောင်းအောင် အတူလိုက်ပါပေးရုံ ..။

သူမက လှည့်ပြန်သွားမည့်သူပါ ...။

ဘာပဲဖြစ်ဖြစ် ပိုက် မောင်နဲ့ တွေ့ရမှ ဖြစ်မည်။ မောင် ဘယ်လိုစိမ်းကားပါစေ မောင့်ကို ဆုံးရှုံးမခံနိုင် ..၊ ပိုက် ကို မမုန်းပါနဲ့ မောင် ...။

မောင့်ကို ထားသွားခဲ့ပေမယ့် ထာဝရ ခွဲခွာကြဖို့ထိ ပိုက် ဘယ်တော့မှ စိတ်မကူးခဲ့ဘူး ..၊ အရင်လို ရန်ဖြစ်ပြီး ပြန်ချစ်ကြမယ်လေ .. နော် မောင် ..၊

ပိုက် တရှိုက်ရှိုက် ငိုနေခဲ့ရတာ မျက်ရည်များနဲ့ မိုးမလင်းခဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၆)

"ကဲ .. ပိုက် ရယ် ဘာမှလည်း သေချာပြောမပြဘဲနဲ့ ငိုမနေပါနဲ့တော့ .. ငါ စကားပြောလိုက်တိုင်း ငိုဖို့ သတိပေးလိုက်တာ ကျနေတာပဲ .."

တစ်ရှူးထုတ်ပေးရတာလည်း ပေးလို့ မနိုင်တော့ပေ ..၊ ယွန်းက တစ်ရှူးတစ်ထုပ် ထပ်ဖွင့်ရင်း သက်ပြင်းချသည်။

"သထုံရောက်ရင် ငါ နေခဲ့ရမှာ စိတ်မချလိုက်တာဟာ .. နင် ကားမောင်းရင်းနဲ့ ငို .. ခဏနားတာနဲ့ ငို .. ဒီပုံစံနဲ့ မြဝတီရောက်အောင် ဘယ်လိုသွားမှာလဲ .."

"ရတယ် .."

'ရတယ် ..'ဆိုသည့် စကားသံကိုတောင် တော်တော် ဖျစ်ညှစ်ပြောလိုက်ရပုံပါ ..၊ ပိုက် က အတိတ်မှာ မျောသွားမိသည့်စိတ်ကို နိုင်မာအောင် စုစည်း၍ မျက်ရည်သုတ်သည်။





ကိုယ့်ရဲ့အတိတ်ဆိုတာက ဘယ်မှာ ကြာသေးလို့လဲ ..၊ မနေ့တစ်နေ့ကထိ ငိုနေခဲ့ရသည် ..၊ ခု မောင့်နောက်ကို လိုက်ခဲ့ပေမယ့်လည်း မျက်ဝန်းထဲမှာတော့ မျက်ရည်စတို့ ရှိနေဆဲနှင့် ..၊

"လူလူ စားလေ သား ..၊ ကားပြန်စီးရဦးမှာ .."

ကလေးက ခေါင်းခါသည်။ ပိုက် က ထမင်းပန်းကန်ကို သူမ ကိုင်၍ ဟင်းတို့နဲ့ သေချာ ပုံပြီးမှ ...

"ဟပါ သားရဲ့ .. တစ်လုတ် နှစ်လုတ်တော့ စားနော် .. ဘာမှမစားရင် သားဗိုက်ထဲမှာ လေတွေခံပြီး အန်လိမ့်မယ် ..၊ ဒါလေး စားပြီးရင် သို့မှာ တွေ့လား .. ပြောင်းဖူးပြုတ်တွေ မေလေး ဝယ်ကျွေးဦးမှာ ..၊ လီမှာတယ် နော် .."

ချော့မော့ကျွေးမှ ထမင်းနည်းနည်း စား၏။ ညဘက်သွားသည့် ခရီးက ပြဿနာမရှိပေမယ့် နေ့ခင်းဘက်ဆိုတော့ ကားမောင်းရတာ လူရော ကားပါ မသက်သာ ..၊ ဒါတောင် နေသိပ်ပူနေတာမျိုး မဟုတ်ပေ ..။

"ယွန်း .. လုပ်လေဟာ .. ငါ ရေးပေးထားတာလေးတွေ အသံသွင်းပေးထားပါ ဆိုမှ .."

"လာပြန်ပြီ ပိုက် ရယ် .. အန်တီ ဖုန်းဆက်မှာလား ..၊ နင့်ဦး ဖုန်းဆက်မှာလား မသိဘဲနဲ့ ငါက အန်တီလို့ ပြောရမလား ..၊ အန်ကယ်လ်လို့ ပြောရမလား .. ပြီးတော့ ဟိုက ဘာပြောမှာမှန်း မသိဘဲနဲ့ တော်ကြာ ထမင်းစားပြီးကြပြီလား မေးနေတာကို အဆင်ပြေပါတယ်၊ ဘာညာတွေ ပြောမိရင် သွားပြီ .."

ပိုက် က ကလေးကို ထမင်းကျွေးနေရင်း ရှုံ့မဲ့သွားသည်။

"အဲဒါ ငါ့ဘာသာ ခွဲခြားသိတယ် ..၊ သိလို့ ဘယ်သူ ဆက်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောလို့ရမယ့် စကားတွေပဲ ပြောခိုင်းထားတာ ...၊ သွားဟာ .. သဘာဝကျကျအသံလေး ထည့်ပြီး ပြော ...၊ ဒီမှာ မပြောရဲရင်လည်း တွိုင်းလက် ဝင်လိုက် ..''

''အဲဒါမှ လိုဏ်သံပါပြီး ဟိုဘက်က သရဲခြောက်နေတယ်တောင် ထင်သွားဦးမယ် ..''

''ဒါဖြင့်လည်း ဒီမှာ ဘယ်သူမှ မရှိဘူး .. ပြောတော့ ..''

ယွန်း က အသံဖမ်းစက်လေး ထုတ်ပြီး လည်ချောင်းတွေ ဘာတွေ ရှင်းနေသည်။ သွားလာရင်း လမ်းဘေးဆိုင်လေးထဲမှာ ဝင်ထိုင်ကြတာ ပတ်ဝန်းကျင်သည် တောရိပ်တောင်ရိပ်များသာရှိနေပြီး ရှင်းလင်း တိတ်ဆိတ်နေသည်။

စားသောက်ဆိုင်လေးတောင်မှ အမိုးအကာလေးလောက်ပဲ သေသေသပ်သပ်ရှိကာ မျက်နှာစာမှာ ဒန်အိုးဆယ်လုံးလောက်ကို ခုံမြင့်ကြီး နဲ့ တင်ထား၏။

ဆိုင်ထဲမှာတော့ စားပွဲငါးဝိုင်းလောက် ခပ်ညစ်ညစ် ပလတ်စတစ် ထိုင်ခုံတွေနှင့် .. မတောက်ပသော ရေနွေးပန်းကန် ခွက်ဘူးတို့နှင့် ပြည့်စုံအောင် ခင်းကျင်းထားသည်။

ဒါပေမယ့် အဝေးပြေးလမ်းမကြီးရဲ့ဘေးမှာ ဒီလိုဆိုင်မျိုးလေးတွေ ကတော့ ခရီးဝေးသွားရခြင်းရဲ့ အတွေ့အကြုံဆန်းလေးတွေအဖြစ် မနှစ် သက်ဖွယ်လည်း မဖြစ်မိပေ ...။

မောမောပန်းပန်းနှင့် ဝင်ရောက်နားခိုရသည့် အေးရိပ်ဆာရာသာ ဖြစ်၏။

''စားလို့ကောင်းရဲ့လား သားလေး ..''

''ဟုတ် ..''





''ဒါမှပေါ့ .. ရော့ .. ရေသောက် ...၊ ပြီးရင် ရှူးရှူးပေါက်ရမယ်...၊ အိမ်သာ ပါချင်ရင်လည်း တစ်ခါတည်း ပါရမယ် နော် .. ကားမောင်းနေ မှဆိုရင် လမ်းဘေးမှာ အိမ်သာမရှိဘူး .. အကာအရံတွေလည်း မရှိဘူး...၊ ဒီတိုင်း အပေါ့သွားရင် ရှက်စရာကြီး သိလား သား ..''

''ဟုတ် ..''

''ကဲပါ ကလေးက လိမ္မာနေပါပြီ .. နင်လည်း တစ်ခုခု စားလိုက် ဦး ..''

''မစားတော့ဘူးလေ .. ငါ ပန်းသီးတစ်လုံး စားထားတာ မကြာ သေးဘူး .. နင် ပြီးပြီလား ..''

''ပြီးပြီ ...၊ ရော့ .. ပြန်ဖွင့်ကြည့်ဦး ..''

''ရပါတယ်ဟာ .. နင်နဲ့ ကလေးစားဖို့ ဟိုမှာ မုန့်နဲ့ ရေဘူး ဝယ် လိုက်ဦး ...၊ ပြောင်းဖူးပြုတ်ပါ ဝယ်ဟာ .. လမ်းမှာ ကလေး တောင်းရင် လည်း ကျွေးရတာပေါ့ ..''

ပိုက် က ခပ်နွမ်းနွမ်း မျက်နှာလေးနှင့် သိမ်းစရာရှိတာကို သိမ်းနေ ရင်း ကားကို လှမ်းကြည့်မိသည်။

သထုံရောက်ရင် ယွန်း က သူမရဲ့ ဆွေမျိုးအိမ်မှာ နေခဲ့ပြီး ပြန်မှာ ဖြစ်သည်။ ဒါပေမယ့် ပိုက် က ယွန်း နဲ့ ခရီးဆုံးထိ သွားတာလိုလို ဖန်တီးမှာ ဖြစ်သည်။

ကလေးကို ဘားအံမှာ သူ့ဆွေမျိုးတွေက လာကြိုကြလိမ့်မည်။ လူကြီးတွေကတော့ ကလေးကို ပို့ရင်း ပိုက် အဲဒီရွာမှာ နားနားနေနေ ရှိနေမည်။ ညို ကိုတွေ့ဖို့ စောင့်နေမည်လို့ ထင်နေကြမှာပေမယ့် ...

''ပိုက် ..''

''ဟင် ..''



www.burmeseclassic.com

www.burmeseclassic.com



ယွန်း က ရေ့မှာပြန်ထိုင်ကာ ကလေးကို မုန့်ထုပ် ဖောက်ပေးနေရင်း ...

"အဲဒီရွာက တစ်ယောက်ယောက်ကို နင် အဖော်ခေါ်သွားပါလား...၊ ရွာသားတွေက ကူညီပါတယ်ဟာ .. ပြီးတော့ ကလေးက သူတို့ဆွေးသားပဲ .. နင့်ကို ကူညီမှာပါ .."

"ငါကမှ အဖော် မလိုချင်တာ .."

"ပိုက် ရယ် .. နင်ကတော့ ..."

"ဟုတ်တယ် .. မောင်က ငါ့ကို တစ်ခုခု စိမ်းစိမ်းကားကား ပြောလိုက်ရင်တောင် အဲဒီစကားတွေကို ဘယ်သူမှ မကြားစေချင်ဘူး ...၊ မောင့်ကို ငါ မရရတဲ့နည်းနဲ့ ပြန်ပါအောင်ခေါ်ဖို့ ဆုံးဖြတ်လာတာတွေလည်း ငါတို့လင်မယားချင်း .. ဘယ်သူက ဘယ်သူ့အပေါ် ဘယ်လိုအောက်ကျ ခယနေရပါစေ သားလူသိပြီး ဝေဖန်ပြောမှာ ငါ မလိုချင်ဘူး .."

"လင်မယားကြားကိုလည်း တော်ရုံလူက မဝင်ပါဘူးဟာ .. နင့်ကိုတစ်ယောက်တည်း ငါ လုံးဝ စိတ်မချဘူး .. ပြောလို့မရရင်တော့ ငါ့လက်ထပ်ပွဲ ပျက်ရင် ပျက်ပစေတော့ ငါ လိုက်ခဲ့တော့မယ် .."

"နင်ကလည်း တစ်မျိုးပဲ ...၊ စိတ်ညစ်ရတဲ့အထဲ .."

"နင်ပဲ ညစ်တတ်တာ မဟုတ်ဘူး ဆရာမ .. ငါက နင့်ကို ဒီတိုင်းလွှတ်လိုက်ပြီး ကျန်ခဲ့ .. နေခဲ့ရမှာ .."

"အဲဒါ ဘာဖြစ်လဲ ...၊ ငါက ကလေးလေးလား .."

"ကလေးဆိုရင်ရော ဘယ်မိဘက လွှတ်မှာလဲ ...၊ အခု နင့်ကိုလွှတ်လို့ရမယ်ထင်တဲ့လမ်းကို လွှတ်တယ်လေ .. နင်ကသာ လူကြီးတွေမသိအောင် .."





"ကဲ .. ကလေးရှေ့မှာ ယွန်း ရယ် .. ပေါက်ပေါက်ဖောက်နေတာတွေ တော်ပါတော့ .."

"နေပါဦး .. စောပါသေးတယ် .."

ပိုက် က ကားသော့ကို ကိုင်ပြီး ထမယ်ပြင်တော့ ယွန်း က လက်ကို အုပ်ကိုင်ပြီး တားဆီးကာ ...

"ငါ ပြောတာကို နားထောင်ပါဦး .."

"ကားမောင်းရင်းနဲ့ နားထောင်လို့ ရတယ် မယ်ယွန်းယွန်း .. လက်ကို လွှတ် .."

ပိုက် မျက်နှာလေးက စိတ်မရှည်ပုံလေး ပေါက်နေကာ တအားငိုထားသဖြင့် နီရဲနေတာက မလိုအပ်ဘဲ ဒေါသထွက်နေတာနှင့်လည်းတူ၏။ ပြီးတော့ ...

"နင် ငါ့ကို တောင်ပေါ်မတက်ဖြစ်အောင် တမင်နှောက်ကျဖို့ကြိုးစားနေတာဆိုရင် အဲဒါ ပိုဆိုးသွားပြီ ...၊ ငါက ဘယ်အချိန်ဖြစ်ဖြစ်သွားကို သွားမှာ .."

"ပြီးတာပဲ .. ငါကလည်း ဆုံးဖြတ်လိုက်ပြီ ...၊ နင်နဲ့ ခရီးဆုံးတဲ့အထိ လိုက်မယ် .. နောက်မှ ဘာဖြစ်ဖြစ် .."

"ကျွတ်!..."

ပိုက် မျက်နှာလေး ရှုံ့တွသွားပြီး ပြန်ထိုင်လိုက်ရသည်။

"လာ .. သားလေး ထိုင်ဦး .."

"ကလေးကို တွိုင်းလက် မေးပြီး ပို့ပေးလိုက်ပါဦး .."

"အားလုံး ပြီးခဲ့ပြီ .. ငါ ပြောတာကိုပဲ နားထောင်စမ်းပါ ...၊ နင်ဘာဖြစ်လို့ ဟိုထိလိုက်ဖို့ချည်းပဲ တာစူနေရတာလဲ ...၊ ကိုညီ က နင်ဒီထိ လိုက်လာမှန်းသိရင် သူ မလာဘဲ မနေပါဘူးဟာ .. ဟိုမှာ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု လုပ်နေရင်လည်း နင့်ကိုပါ ဟိုခေါ်သွားမယ် ..၊ အတူပြန်လာဖို့ သူ ကြိုးစားမယ် .. အဲဒီလို အဆင်ပြေမှာတွေ တွေးစမ်းပါ .."

"ငါ အဲဒီလိုမလုပ်ဘဲ ဟိုထိသွားမယ်ဆိုရင် နင်က လိုက်မှာပဲဆိုပြီး ငါ့ကို အကျပ်ကိုင်မယ်ပေါ့ .."

"အကျပ်မကိုင်ပါဘူး .. နင့်ကို စိတ်မချစွာ လွှတ်လိုက်ရမယ့် အတူတူ ငါလည်း လိုက်မှ ငါ့ကိုယ်ငါ အဆင်ပြေမှာ .."

ပိုက် စိတ်လျှော့လိုက်ရတော့သည်။ ဒါပေမယ့် အစီအစဉ်ပြောင်းလဲဖို့အတွက်က သူမ ရင်ထဲမှာ ..၊

"ငါ စဉ်းစားဦးမယ် .."

"စဉ်းစားမနေနဲ့တော့ .. ရှေ့မှာဆို သထုံ ရောက်တော့မယ် ..၊ ငါက နင်နဲ့ လိုက်မှာဆိုရင် ဒေါ်လေးတို့ကို မှာစရာရှိတာ မှာခဲ့ရမှာ.."

"ကဲ .. တော်ပါတော့ ယွန်း ရယ်.. ငါ့ယောက်ျားကို ငါ အေးအေးလွမ်းပါရစေ ..၊ ငါ စဉ်းစားပါ့မယ်ဆို ပြီးရောပေါ့ .."

"လွမ်းတာပဲ အေးအေးလွမ်းရမယ်လို့ ပိုက် ရယ် .. ဒါက စဉ်းစားစရာကို မလိုတဲ့ကိစ္စ .. မိန်းကလေးတစ်ယောက်တည်း တောင်တက်လမ်းကို သွားမယ်ဆိုတာ ငါက မသိရင်လည်း တစ်မျိုး ..၊ အခု သိနေသားနဲ့ ဘယ်လိုလုပ် စိတ်ချမလဲ..၊ အန်တီတို့ သိသွားရင်လည်း ငါ့ကို.."

"နင် ထွက်လာတည်းက ဒါကို သိနေတာပဲ ..၊ ခုကျမှ အနားနီးလာလေ စိုးရိမ်လေနဲ့ အိုဗာဟိ(တ်) ဖြစ်နေပြီ .."

"အိုဗာဟိ ဖြစ်နေလည်း မတတ်နိုင်ဘူး .."

ပိုက် က ပိုက်ဆံရှင်းပြီး ထွက်သွားတာနှင့် ကလေးကို လက်ဆွဲပြီး ယွန်း က လိုက်လာရင်း တတွတ်တွတ် ..၊

"ခရီးလမ်းက ရှေ့တိုးလာလေ သီးခြားဆန်သွားလေ ..၊ ငါတောင်





မှ ဒီဘက်မှာ ဆွေမျိုးတွေရှိပေမယ့် ငယ်ငယ်က တစ်ခါပဲ ရောက်ဖူးတာ ..၊ မေမေတို့ကလည်း သွားဖို့လာဖို့ တစ်ခါမှ မပြောဘူး .."

"ဆွေမျိုးတွေဆီ သွားလည်ဖို့ စိတ်ကူးမရှိလို့ နေမှာပေါ့ .."

"အလည်လာချင်စရာ မဟုတ်ဘာကို ပြောပြတာ ..၊ ကြည့်ပါဦး.. လမ်းကတော့ ဖြောင့်ဖြူးလို့ပဲ .. ပတ်ပတ်လည်မှာ တောင်တန်းတွေ ရီးရီးရိပ်ရိပ်နဲ့ တစ်ခါတလေ တောင်ထဲကို ဝင်တော့မလိုပဲ.."

"ဘာလဲ .. ရတုတွေ တျာချင်းတွေ ရေးတော့မလို့လား .."

ခါတိုင်းလိုပဲ သူငယ်ချင်းချင်း အနိုင်လုပြောတာမျိုးပေမယ့် ပိုက် မျက်နှာမှာ အပြုံးအရယ် မဲ့နေသည်။ ကလေးဆန်ဆန် ချစ်ဖို့ကောင်းတာတွေကလည်း ခေါင်းမာမာ ဂျစ်ကန်ကန်ရုပ်လေး ပေါက်နေသဖြင့် အသည်းယားစရာလေး ဖြစ်နေလေသည်။

ကားထဲဝင်ကြဖို့လုပ်တော့ ယွန်း က ကားသော့ကို လုယူလိုက်ပြီး ...

"ငါ မောင်းဦးမယ် .. နင် ခဏမှိန်းလိုက် .."

"ပေးစမ်းပါ ယွန်း ရယ် .. နင် ခရီးဝေး မမောင်းဘူးဘဲနဲ့ .."

"ခရီးဝေးလည်း လမ်းမပေါ်မှာပဲ .. အနီးလည်း လမ်းပဲ ..၊ ခု ပို တောင် ရှင်းသေးတယ် .. လုပ်မနေနဲ့ ..၊ ဒါ ညဘက်လည်း မဟုတ်ဘဲနဲ့ ငါ မောင်းနိုင်တယ် .."

"တော်သေးတယ် နော် .. ငါတို့ ခရီးဝေးကြီး ထွက်လာပေမယ့် မိုးက အုံ့လိုက် ပူလိုက်ဖြစ်နေလို့ .."

ပိုက် က တစ်ဖက်မှာ ဝင်ထိုင်လိုက်ပြီဆိုတော့ သူမ မောင်းခွင့် ရသွားပြီမှန်း သေချာကာ ယွန်း က ယာဉ်မောင်းလိုင်စင် ထုတ်သားလိုက်သည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"နင်က စိတ်သက်သာနေတာလား .. ငါကတော့ မိုးတွေ ညို့လာရင် ကြောက်တယ် ..၊ ငါတို့ခရီးက ရှေ့တိုးလေ ပိုကြမ်းလေရယ် .. တောကြားတောင်ကြားဆိုတာ ရာသီဥတု ဖောက်ပြန်လာရင် ကြောက်စရာကြီး .."

"လူတိုင်း ခရီးသွားဖို့ အချိန်ကို ရွေးမနေကြပါဘူးဟာ .. ဒီလိုပဲ သွားလာနေကြတာ ဘာမှမဖြစ်ဘူး .."

"ဟုတ်ပါတယ်.. ဒါပေမယ့် ငါ ကြားဖူးတယ်..၊ မြဝတီကို ကူးတဲ့ တောင်တက်လမ်းက အတက်ကားနဲ့ အဆင်းကားတွေကို တစ်ရက်စီ ပေးတာတဲ့ .."

"လာပြန်ပြီ .. ဒီတောင်တက်လမ်း .."

"နင့်ကို စိုးရိမ်တာ မဟုတ်တော့ပါဘူး .. ကိုညီ နင့်ဆီ တန်းရောက်မလာမှာ စိုးလို့ .."

"ဘယ်သူက ထိုင်စောင့်နေပါ့မယ် ပြောရသေးလို့လဲ .."

ပိုက် စိတ်ထဲကပြောရင်း အသာငြိမ်နေလိုက်မိသည်။ ယွန်း ကတော့ ပိုက် ဘာတွေ မျှော်သိပ်ကြံစည်နေသည်ကို မသိ ..၊

"အတက်တစ်ရက် အဆင်းတစ်ရက် ပေးနေရတယ်ဆိုတည်းက ကားချင်း ရှောင်စရာ နေရာကျဉ်းလို့ နေမှာပေါ့ ..၊ ပြီးတော့ ကိုယ့်ကားကိုယ်မောင်းပြီး တက်ခွင့်ရချင်မှလည်း ရမှာ .."

"အဲဒီလို မောင်းတက်လို့ မရရင်လည်း တက်လို့ရတဲ့ကားတွေနဲ့ လိုက်လို့ရတာပဲ .."

"ဟင်!... ဘာ ..."

ယွန်း က ကားမောင်းနေရင်း လှည့်ကြည့်ကာ ...

"နင်က ခုထိ သွားဖို့ စိုင်းပြင်းနေတုန်း ဟုတ်လား .."





"ပြောပြတာပါ .."

ပိုက် က ကူရှင်မှာ လျော့ရဲရဲလေး လှန်မှီရင်း ကြားရတဲ့လူ အားမလိုအားမရ ဖြစ်သွားလောက်အောင် မပွင့်တပွင့် ပြောသည်။

ပြီးတော့ ယွန်း လှည့်လာတာကို မျက်နှာလွှဲချင်တာနှင့် မျက်လုံးတွေကို မှိတ်ထားလိုက်၏။ ယွန်း လည်း ဘာမှမမေးတော့ပေ ..။

ဒါပေမယ့် ပိုက် တစ်ခုခုကို ကြံစည်နေတာကတော့ သေချာသလိုကြီး ခံစားမိနေ၏။

"တောင်တန်းတွေမှာ ညို့နေတာပဲ ပိုက် .. လမ်းပေါ်မှာ နေရောင်ပြန်မြင်ရပေမယ့် အဲဒီတွေမှာ မိုးရွာနေသလား မသိဘူး .."

"ကိုယ့်ဆီမှာ မရွာရင် ပြီးတာပဲ .."

ကားလေးက ဟိုက်ဝေးလမ်းမကြီးပေါ်မှာ အရှိန်မြန်ဖြင့် ပြေးနေခဲ့၏။ ပိုက် လည်း မျက်လုံးတွေကို မှိတ်ထားပေမယ့် ရှိခဲ့ပြီးသား အစီအစဉ်တွေအတိုင်း သူမဘာသာ ခရီးဆက်နိုင်ဖို့ တွေးနေခဲ့လေသည်။

ဒီထိရောက်လာပြီးမှ မောင် တကယ် စိမ်းကားရက်သလား ..၊ မစိမ်းကားနိုင်ဘဲ ရောက်လာမလားဆိုတာကို နာရီသံတွေကို နားစွင့်ရင်း စောင့်စားမနေနိုင် ..။

ဒါပေမယ့် သူမ စီစဉ်နေတဲ့အထဲမှာ ခင်ယွန်းယွန်း ဆိုတဲ့ သူငယ်ချင်း မပါပေ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ယွန်း ဘယ်လိုမှ ခွင့်မပြုနိုင်စွာ ကျန်ခဲ့တာကို သတိရမိသည်။ မောင့်ကို ဖုန်းဆက်တော့ နှစ်ခါစလုံး မောင်နဲ့ မတွေ့ဘဲ လူကြီးမင်းနဲ့ သာ တိုး၏။

ပြီးတော့ ထပ်ခေါ်တာလည်း မရတစ်ချက် ရတစ်ချက် ...၊ ထို့ကြောင့် ယွန်း သူမကို စိတ်မချပေ ...။

"ငါ့ကို ပြီးစလွယ် ကတိပေးတာလား ပိုက် ရယ် .. ရာသီဥတု လည်း မကောင်းဘူး ...၊ နင် မသွားနဲ့ နော် .."

တရရ မှာပြီး ကျန်ရစ်ခဲ့၏။ ပိုက် က ဆုံးဖြတ်ပြီးသားကို ပြင်ဆင်ချက်နဲ့ အပိုဖော်ပြဖို့ ဘယ်တုန်းကမှ စိတ်ကူးခဲ့တာ မဟုတ် ...။

ကလေးကို ဘားအံမှာ ဝင်ပို့ခဲ့တာက ကြိုတွဲလူတွေ အဆင်သင့်စောင့်နေကြတာမို့ ပြဿနာ မရှိ ...၊ အချိန်လည်း ကြန့်ကြာဖို့ မရှိတာကို တွေးထားပြီးသား ...။





"ကလေးက ပိုက် တို့ကို ဘယ်လိုမှ မရင်းနှီးလို့ပါ ...၊ ကြာကြာနေလာရင် သူ့ကျန်းမာရေးကို ထိခိုက်လာနိုင်တယ် .."

"ဟုတ်တယ် .. ငါတို့ကလည်း သိပါတယ် ...၊ ကေးကေး က ငါတို့မျက်နှာတောင် မထောက်ဘဲ ကလေးကို သူ့ဆွေမျိုးလက်ထဲ ထည့်ခဲ့တယ်ဆိုတော့ စိတ်ထော့ ခုမိတာ အမှန်ပဲ .."

"မခုပါနဲ့ရှင် .. သူတို့အိမ်ထောင်ရေးမှာ တစ်ခုခု အဆင်မပြေတာရှိလို့ ဖြစ်တာတွေပါ ...၊ သူ့အဖေကိုလည်း အကြောင်းကြားပြီးပြီဆိုတော့ ဘကြီးတို့ အဆင်ပြေမှာပါ .."

"အေးပါ .. ဒါနဲ့ နင် ရွာကို လိုက်ခဲ့ဦးလေ .. သိပ်တော့မဝေးပါဘူး .. ဒီမှာ ဘုရား ခဏဖူးပြီးရင် သွားကြတာပေါ့ .."

"ပိုက် အချိန်မရလို့ပါ .."

"ဒါပေမယ့် နင် ဘုရားဖူးသွားစေချင်တယ် .. ဘုရင့်ညီဂူ ဘုရားကြီးက အရမ်းအေးချမ်းတာ ...၊ တောင်ပေါ် နည်းနည်းပဲ တက်ရတယ်.. ဂူထဲမှာ ဘုရားဖူးရင်း အေးအေးချမ်းချမ်း အပန်းဖြေလို့ ရတာပေါ့ .."

သူတို့ကတော့ ဘုရားဖူးဖို့ပဲ ပြောကြသည်။ တိုင်းရင်းသားတွေနဲ့ နေလာကြတော့ သူတို့လည်း ကရင်သံတွေဝဲကာ စကားပြောတာ ခင်ဖို့ကောင်းသည်။

ပြီးတော့ တိုင်းရင်းသားတွေ ပါလာကြတာမို့ ဖြူဖြူနုနုပုံစံလေးတွေကို ကြည့်ရင်း သူမ ပြုံးပြမိ၏။

"တောင်ခြေလည်း ရောက်နေပြီဆိုတော့ ဖူးချင်ပါတယ် ...၊ ဒါပေမယ့် ခရီးဆက်ရဦးမှာ ရှိတော့လေ .."

ပြောနေရင်း အေးချမ်းသည့် ပတ်ဝန်းကျင်ကို ငုံကြည့်မိသည်။ သွားရောက်လာခဲ့တဲ့ လမ်းကျဉ်းလေးကလည်း ဆူးချွန်ကြီးတွေ ပင်စည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပါသော နွယ်ကဲ့သို့ သစ်ပင်ကြီးတွေ ခြံရံကာ လမ်းကလေးကို နေပြောက်မထိုးလောက်အောင် ယှက်ဖြာ အုပ်မိုးထား၏။

ထိုလမ်းကလေး ဆုံးတော့ ဘုရားရင်ပြင်နှင့် ရေပူစမ်းကို တွေ့ရသည်။ 'မျောက်များကို မစရ'ဆိုသော ဆိုင်းဘုတ်လေးတွေရှိကာ တောင်ခါးပန်းနေရာတွေမှာ မျောက်တွေ သွားလာနေတာလည်း ရှိ၏။

ပိုက် က လမ်းကလေးရဲ့သား အုတ်ခုံတန်းမှာ ခဏထိုင်၍ ဘုရားဖူးတော့ မတက်ဖြစ်ပေမယ့် ရွာသားတွေနဲ့ စကားစမြည် ပြောဖြစ်ခဲ့၏။

ကလေးကိုလည်း အကဲခတ်ရင်းနဲ့ပါ ...၊ အကယ်၍ ကလေးက ဒီရောက်တော့လည်း ဟိုကလူတွေကို တမ်းတပြန်သည်ဆိုလျှင် အပြန်မှာ ဝင်ခေါ်ပါမည်လို့ စကားလမ်းခင်းခဲ့ရမှာ ဖြစ်သည်။

ဒါပေမယ့် ကလေးက ရွာကလူတွေနဲ့တွေ့လိုက်တာနှင့် ပြုံးပြုံးရွှင်ရွှင် ဖြစ်သွားသည်မို့ သူမ ခရီးဆက်ဖို့ နှုတ်ဆက်သည်။

"နင်က ဘယ်ကိုသွားမှာလဲ .."

"မြဝတီကိုပါ ...၊ အဲဒါ အဘတို့ကို မေးရဦးမယ် .."

လမ်းအကြောင်း မေးလိုက်တာနှင့် သူတို့က အံ့သြနေကာ ...

"ငါတို့ကြားတာတော့ စုံတက် 'မ'ဆင်းလို့ ကြားတာပဲ ...၊ စုံရက်တွေမှာ အတက်ကားတွေကို ပေးတယ်၊ 'မ'ရက်တွေမှာ အဆင်းကား၊ နင် ဒီနေ့ တက်မယ်ဆိုရင် တက်လို့ ရတယ် .. စုံရက် ဆိုတော့ ..."

"အတက်ကားဆိုတာ ဒီကသွားတဲ့ ကားတွေပေါ့ .."

"ဟုတ်တယ်.. သွားတဲ့ကားတွေတော့ တက်နေကြတာပဲ ...၊ သူ့ရက်နဲ့ သူ သွားလာနေရင်တော့ အန္တရာယ်မရှိဘူး ထင်တယ် .. ဒါပေမယ့် နင် တစ်ယောက်တည်း ဆိုရင်တော့ မကောင်းပါဘူး .."

"ဟုတ်တယ် သမီး .. နောက်ပြီးတော့ တောင်တက်လမ်းက သုံး





နာရီလောက် ကြာတယ် .. ကားလေးတွေဆိုရင်တော့ နှစ်နာရီလောက်ပဲ ကြာမယ် ထင်တယ် .."

"ဒါက ဒီလမ်းကို သွားလာဖူးနေမှပါ .."

သူတို့ချင်းပဲ နည်းနည်းစီ သိထားကြတာတွေကို တစ်ယောက်တစ်ခွန်း ပြောပြနေကြကာ ...

"မိုးရွာလာရင် ပိုတောင် ခက်ဦးမယ် .. လမ်းက ငါးချိုး တစ်ချိုးလောက်က မကောင်းဘူးလို့ ကုန်ကားမောင်းတဲ့ အေးကို ပြောသံ ကြားတယ် .."

"ဟုတ်တယ် .. ဒီကသွားရင် ဟိုဘက် ရောက်ခါနီးလောက်မှာ လမ်းက မကောင်းတော့ ကားရှောင်ရတဲ့အခါ ဒုက္ခရောက်တာပေါ့.."

"နင်ကလည်း အတက်အဆင်း တစ်ရက်စီ ပေးတာလို့ ပြောနေပြီးတော့ .."

"ဒါပေမယ့် ဂိတ်နဲ့စစ်ဆေးပြီး လွှတ်တာမှ မဟုတ်တာ ...၊ တချို့ကားတွေက စည်းကမ်းမရှိ တက်နေ ဆင်းနေကြတာ ရှိတယ် ...၊ ဒီကြားထဲမှာ ဆိုင်ကယ်တွေကတော့ ဥဒဟိုပဲ .."

ပိုက် ဘာကိုမှ စိတ်မဝင်စားတော့ပေ ...၊ ကိုယ့်ကား ကိုယ်မောင်းတက်လို့ရသည် ဆိုတည်းက သူမ အချိန်မီသွားဖို့သာ ဆန္ဒစောနေမိသည်။

မောင့်ကို ရန်ကုန်မှာ ဖုန်းတွေ ခေါ်သည်။ ဦး စုံစမ်းပေးထားတဲ့ ကားလုပ်ငန်းပိုင်ရှင်နဲ့ တွေ့လို့လည်း ဘားအံကို လိုက်လာစောင့်မည့်အကြောင်း အသိပေးခဲ့၏။

ဒါနဲ့တောင် တစ်လမ်းလုံး မောင့်ဆီက အကြောင်းမပြန်သဖြင့် ဖုန်းခေါ်နေတာ ကိုင်လည်း မကိုင် .. ခေါ်တိုင်းလည်း မရ ...။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပိုက် သွားကို သွားမှ ရမည် ...၊ တစ်ယောက်တည်း ဆက်လက်ထွက်ခွာခဲ့ရပေမယ့် မောင့်ကို တွေ့ချင်ဇောနှင့် ကြောက်ရွံ့စိတ်လည်း မဖြစ်မိပေ ...။

ကော့ကရိတ်တံတားကြီးကို ဖြတ်ကျော်မောင်းနှင်လာခဲ့စဉ်မှာ ပတ်ဝန်းကျင်က ညနေစောင်းကဲ့သို့ မှောင်သွားပြီ ဖြစ်၏။ နာရီကို ကြည့်တော့ ညနေ လေးနာရီခွဲပဲ ရှိသေးသည်။

ဒီအချိန်ဆို နေဝင်ချိန်လည်း မဟုတ်သေးပါ ...၊ ရာသီဥတုကို သတိရတော့ စိတ်ထဲမှာတော့ ထင့်သွားမိ၏။ ဒါပေမယ့် ရှေ့ဆို ဒေါနတောင်တန်းကြီးကို စတင် ဖြတ်သန်းရတော့မည်။

လမ်းမှာ တံတားဂိတ်လေးတွေ တွေ့ရတိုင်း မေးလာခဲ့သည်မို့ ခရီးအကွာအဝေးနဲ့ ရောက်မယ့်အချိန်ကို တွက်ကြည့်ပြီးသား ...။

သူမ မိုးမချုပ်ခင် မြဝတီကို ရောက်မှာ ဖြစ်သည်။

"ဒီမှာ ရှင့် ..."

တန်းဂိတ်လေးတစ်ခုမှာ ဂိတ်ကြေးပေးရင်း ...

"တောင်တက်လမ်းကို ဘယ်လောက်လိုသေးလဲ ဟင် ..."

"ရှေ့မှာ တစ်မိုင်ခွဲလောက်ပဲ လိုတော့တယ် အစ်မ ...၊ ရာသီဥတု မကောင်းလို့ ကုန်ကားကြီးတွေတောင် တက်သွားကြပြီ ..."

ရာသီဥတုက မိုးတော့မကျသေးပေမယ့် မိုးသံပေးနေပြီဖြစ်သည်။ ဒါလည်း ပိုက် ဂရုမစိုက်နိုင်ပေ ...၊ ဟိုဘက်မှာ မောင် ရှိနေသည်။ မောင့်အလုပ်ရုံကိုလည်း သိပြီးသားမို့ ဟိုဘက်ရောက်ဖို့သာ အဓိက။

တောင်တက်လမ်းက စတွေ့တည်းက အတက်ဖြစ်ကာ ခပ်ပြေပြေကနေ စကွေ့သည်။ ပြီးတော့ မြွေလိမ်မြွေကောက်ပုံစံ မကတော့ဘဲ ဂငယ်ကွေ့တွေ စိပ်လာခဲ့၏။





မောင်းနေရင်း ခက်ခဲမှာ သိလာခဲ့သည်။ ထို့ပြင် ဆိုင်ကယ်တွေ ဘွားခနဲ ပေါ်လာတာတွေကြောင့် အတော်ကြီး သတိထားနေရ၏။

သူမ မောင်းခဲ့ဖူးသမျှ တောင်တက်လမ်းတွေနှင့် ဘာမှမဆိုင်မှန်း သိလာသည့်အချိန်တွင် ပိုက် နဖူးမှာ ချွေးတွေ စို့နေပြီ ဖြစ်၏။ မြဝတီဆင်းသည့် ကားတန်းဆိုတာကို ကြားဖူးနေခဲ့သည်။ ဒါပေမယ့် ကိုယ်တိုင် ရောက်လာခဲ့လိမ့်မယ်လို့တော့ မထင်မိခဲ့ ...။

ကိုယ် အပေါ်စီး ရောက်သွားသည့်အခါ ကိုယ့်ဆီကို တက်လာမည့်ကားတွေကို သေးသေးလေးတွေ မြင်နေရသလို ကိုယ်က တောင်အောက် ရောက်နေသည့်အခါ ဆင်းလာမည့်ကားတွေကို လှမ်းမြင်နေရတာလည်း ရှိသည်။

ထို့ပြင် အတက်အဆင်း ရောနေသော စည်းကမ်းမဲ့မောင်းနေသည့် ကားတွေလည်း ရှိသေး၏။ မျက်လုံးတွေကို အနီးရော အဝေးရော လှုပ်ရှားနေရသည်။

အဝေးကို အာရုံရောက်သွားမိလို့ ရှေ့မှာပေါ်လာသည့် ဆိုင်ကယ်ကြောင့် ထိတ်ခနဲ ဖြစ်သွားရတာတွေလည်း ရှိကာ လမ်းကောက်တွေ ဆက်တိုက်ပတ်နေရရင်း လက်တွေက သိသာစွာ ညောင်းလာ၏။

မကြုံဖူးသော အတွေ့အကြုံမို့ စိတ်က အထူး သတိထားနေမိသဖြင့် လက်တို့မှာ အားစိုက်မှုက ပိုကဲနေသည်။ ထိုအခါ ဘာမှမဟုတ်သေးဘဲ လက်တွေ အံ့သေသလို ဖြစ်လာခြင်းသာ ...၊

"အတက်ကြီးသည် ...၊ ဂီယာကြီးနဲ့ တက်ပါ ..."

မျက်နှာရှေ့မှာ ဘွားခနဲ ပေါ်လာသည့် ဆိုင်းဘုတ်စာတမ်းကြောင့် ပိုက် လန့်သွားမိသည်။ ထို့ကြောင့် ဂီယာကြီး ချိန်းလိုက်ရင်း အထူး သတိထားနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ခုမှ သူမ စတက်လာခဲ့ရုံ ရှိသေးသည်။ ဒီတိုင်း နောက်ထပ် တစ်နာရီကျော် နှစ်နာရီလောက် ဆက်သွားရဦးမှာ တွေးမိပြီး ကိုယ့်စိတ်ကို ပြန်တင်းနေရသည်။

တောင်ကြီး ဖဝါးအောက်ပဲ ပိုက် .. မကြောက်နဲ့ စိတ်အေးအေး ထားစမ်း ...၊

ဘယ်လိုပဲ အားပေးနေပါစေ ငါဟာ ငါမဟုတ်သော ဒီကိုယ်ခန္ဓာကြီးကို ကိုယ့်ဆန္ဒအတိုင်း ခိုင်းစေလို့လည်း မရ ...၊

ပြီးတော့ မှောင်မိုက်လာခြင်းက လူကို နှိပ်စက်လေသည်။ မိုးသားတွေကြောင့်လား .. မိုးချုပ်သွားတာလား နားမလည်နိုင်အောင် ဖြစ်နေစဉ်မှာ မိုးစက်တွေ ကျလာခဲ့၏။

ဒီမိုးက ကိုယ် တောင်ပေါ်တက်နေကာမှ ဘာဖြစ်လို့ ရွာချလာတာလဲ ...၊ 'ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာ' ဆိုတာမျိုး ကြုံနေရပြီဆိုရင် သူမက ကံဆိုးမတစ်ယောက် ဖြစ်နေပြီလား ...၊

မိုးစက်တွေကြောင့် မှန်က ဖုန်နဲ့ရောကာ မှုန်ဝါးလာသည်။ ပိုက် ဘာဖွင့်လိုက်ရသလို မီးပါ ဖွင့်လိုက်ရသည်။ နောက်ကနေ လမ်းတောင်းနေကြသည့်ကားတွေကို တစ်စီးပြီးတစ်စီး ဖယ်ပေးနေရင်း ကိုယ့်နောက်မှာ ကားကျန်သေးရဲ့လားတောင် ထင်မိ၏။

တောင်၏ ခပ်ပြေပြေကွေ့ကြော တချို့မှာ တဲအိမ်ကလေးတွေ တစ်လုံးစ နှစ်လုံးစကို တွေ့ရသည်။ မိုးစုပ်စုပ်ချုပ်သွားတော့ ပိုက် ဘာကိုမှ သတိမထားနိုင်တော့ဘဲ မိုးသည်းလာတာကို ထိတ်လန့်လာခဲ့၏။

တချို့ကားကြီးတွေက ပြေပြစ်သည့်လမ်းကျယ်နေရာတွေမှာ ရပ်နေကြတာ မြင်သည်။ ပိုက် ကတော့ မရပ်ရဲပါ ...၊ ကိုယ်က မိန်းကလေး တစ်ယောက်တည်း ဖြစ်နေသည့်ပြင် ခဏရပ်နေရုံနဲ့လည်း ဘာမှမထူး...၊





မိုးက အသံမြည်ပြီး ရွာချလာသည်။ ရေတွေ ဆင်းလာနေသည့် လမ်းဘောက်ကို မတက်ရဲတော့ဘဲ ပိုက် ကားကို ရပ်ပစ်လိုက်ရ၏။

တတ်သမျှ မှတ်သမျှ ဘုရားစာတွေ ဆိုနေရင်း ရှေ့ကား နောက်ကားတွေ ရောက်မလာဖို့ ဆုတောင်းမိသည်။ ဒီနေရာမှာ ကားနှစ်စီး ရှောင်ဖို့က သိပ်မလွယ်သည့်ပြင် မိုးတွေက ရွာနေသေးသည်။

ပတ်ဝန်းကျင်တစ်ခွင်လုံးသည် ပိန်းပိတ်အောင် မှောင်နေကာ တချို့တစ်နေရာမှာ လက်ခနဲ ဝင်းခနဲ မြင်လိုက်ရတာတွေက တောင်တက်ကားတို့၏ မီးရောင်တွေသာ ဖြစ်သည်။

သူမ အနီးဝန်းကျင်မှာတော့ ကားမီးတန်းပေါ်ကို ဖြတ်ဆင်းကျနေကြသည့်မိုးစက်တွေကိုသာ မြင်နေရလျက် အားလုံးက မှောင်အတိ ...။

ထိုစဉ် မိုးသံတွေ သိသာစွာ တိတ်ကျသွားသည်။ ပိုက် ဝမ်းသာအားရဖြစ်သွားကာ ဘရိတ်လွှတ်၍ လီဗာကို ဖိနင်းလိုက်၏။ ကားလေးသည် တောင်တက်ခြင်းကို သတိကြီးစွာ ဆောင်ရွက်ခဲ့ပြီးမှ ခပ်ပြေပြေ နေရာလေးတွင် ...

"အမလေး!..."

မျက်လုံးထဲမှာ မည်းခနဲ ဖြတ်ကူးလိုက်သည့်အရိပ်ကြောင့် ပြာမိုက်သွားခဲ့၏။ အဆင်းမို့ တင်းထားသည့်စိတ်ကို နည်းနည်းလေး လျှော့ပြီး လွှတ်လိုက်မိသည်။

သတိတစ်ချက်လေး အပေါ်မှာ ပိုက် ရဲ့ခေါင်းတစ်ခုလုံး ပေါက်ကွဲမတတ် တအုန်းအုန်း မြည်သွားခဲ့၏။

"သေပြီလား .."

တိုက်မိသွားပြီကို သေချာသိလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ဘေးကနေ ဖြတ်ဝင်လာတာ လုံးဝ သေချာနေခဲ့လျက် နောက်ထပ် လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှားမှ တစ်စုံတစ်ရာမှ မတွေ့ရသည့်ပြင် ဘာသံမှလည်း ထွက်မလာ...။

မိုးသံက တဖျောက်ဖျောက် ကျန်နေသေးကာ ဝိုက်ဘာ၏ အချက်ကျ လှုပ်ရှားနေသံကြောင့် ပတ်ဝန်းကျင်၏ တိတ်ဆိတ်ခြင်းက ပို၍ ကြောက်ဖို့ ကောင်းလာ၏။

"ဖျောက် .. ဖျောက် .. ဖျောက် ..."

"ဒုတ်ဒုတ် .. ဒုတ်ဒုတ် .. ဒုတ်ဒုတ်"

ရင်တွ တဒိန်းဒိန်း ဆောင့်ခုန်နေသဖြင့် ဝိုက်ဘာသံ တဒုတ်ဒုတ် ကို ဘယ်လိုမှ နားမခံသာတော့ဘဲ ပိတ်ပစ်လိုက်မိသည်။ ထိုအခါ ကားမှန်ပေါ်မှာ မိုးရေစက်တို့ကြောင့် ရှေ့မြင်ကွင်းက ပျောက်ကွယ်သွား၏။

သူမ ဘာလုပ်ရမလဲ ...၊

ရှေ့မှာ ဘာတွေဖြစ်နေသည်ကို ဆင်းမကြည့်တော့ သိရမှာ မဟုတ်ပေ ...၊ ဒက်ရှ်ဘုတ်ထဲက လက်နှိပ်ဓာတ်မီးကို ထုတ်ယူကာ သူမ တံခါးဖွင့် ဆင်းလိုက်သည်။

တောင်ပေါ်လေအေးနှင့် မိုးစက်တွေ ကိုယ်ပေါ်သို့ စိမ့်ခနဲ ဆွတ်ဖျန်းသွားကြ၏။

ဓာတ်မီးကို ဒီတိုင်းထိုးထားကာ ကားရှေ့ရောက်လာခဲ့လျှင် တုံးလုံးလဲနေသည့် အဘွားအိုတစ်ယောက်ကို မြင်လိုက်ရ၏။

အဘွားအို ဖြစ်နေသဖြင့် ပို၍ ထိတ်လန့်သွားကာ အနားပြေးထိုင်မိ၏။ ဘေးမှာ တောင်နံရံနှင့် ဒီဘက်မှာ ချောက်ကမ်းပါးလျှိုကြီးတွေ...၊

ဒီအဘွားအို ဘယ်မှာရှိနေလို့ ဘယ်လိုလုပ် ကားရှေ့ ဖြတ်ပြေးလာခဲ့တာလဲ ...၊

"အဘွား .. အဘွား .."

မျက်နှာငုံ့၍ ခေါ်ကြည့်မိပေမယ့် ကိုင်လည်း မကိုင်ရဲပေ ...၊





အနက်ရောင်အပွင့်မှိန်မှိန်နှင့် ပါတိတ်ထဘီက ခြေသလုံးတွေပေါ်မှာ လိပ်တက်နေ၏။ ပြီးတော့ ...

ရှေးတုန်းကလူကြီးတွေ ဝတ်ကြသော အမွေးရှူးရှူးနှင့် ကုတ်အင်္ကျီထူထူပွပွကြီးကလည်း မီးခိုးရောင်ပဲဖြစ်ကာ လက်ဝတွေ ခါးစပ်တွေမှာ စုတ်ပြတ်နေသည်။

ခေါင်းမှာ ဆံပင်တွေ ကျိုးတိုးကျဲတဲက ဦးရေပြောင်ပြောင်ကို တောင် မြင်နေရလေသည်။ ခေါ်ကြည့်လို့ မရသဖြင့် ဝိုက် ဘာလုပ်ရမှန်းလည်း မသိ ...၊

ဒီလောက် အဘွားအိုကြီးက တောင်ပေါ်ထိ ဘာတက်လုပ်နေတာလဲ ...၊ ဘယ်သူတွေ ပါသေးလဲ ...၊ ဘာမှ တွေးဖို့ သတိမရဘဲ သူမ ကားနဲ့ တိုက်မိခြင်း၊ မတိုက်မိခြင်းကိုသာ သေချာငုံ့ကြည့်ပြီး တွက်နေမိသည်။

ကားရှေ့မှာ လဲနေပုံက သူမကားနဲ့ မထိမိသေးတာ သေချာ၏။ ထို့ပြင် တစ်စုံတစ်ခုနဲ့ တိုက်မိသည့်အသံ၊ ထိတွေ့မှုမျိုးလည်း သူမ မဖြစ်ခဲ့ပေ ...၊ ကြည့်ရသလောက်မှာ သွေးထွက်သံယို ဖြစ်ပုံလည်း မရှိ ...။

"အဘွား .. အဘွား သတိရလား .."

ထပ်ခေါ်ကြည့်တော့လည်း မလှုပ် ...၊

ကွေးကွေးလေး လဲကျနေကာ မျက်နှာက လမ်းပေါ်မှောက်ကျနေသောကြောင့် မျက်နှာကိုမြင်ရအောင် ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေကာ ...

"အဘွားကို ထူပေးမယ်နော် .. အဘွား .. အဘွားကို ထူပေးမယ့်"

သူမရဲ့စကားသံက တောင်ကြားမှာ ပဲ့တင်ထပ်သလို ဖြစ်နေ၏။ မိုးစက်သံတွေလည်း တိတ်ဆိတ်သွားခဲ့ပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကားကြီးတွေ ဆက်တက်မလာခင် သူမ ကိုယ့်ကိစ္စကို မြန်မြန် လုပ်ဖို့ သတိရကာ စိတ်ကို တင်းလိုက်သည်။

ပြီးတော့ အဘွားအို၏ပခုံးကို ဆုပ်ကိုင်လိုက်၏။ မိုးတွေစိုနေမှန်း သိပေမယ့် အေးစက်တောင့်ခဲနေသည့် အထိအတွေ့ကြောင့် ကြက်သီးတွေ ဖျန်းခနဲ ထသွားသည်။

ခုလေးတင် လဲကျသွားတာပါ ..၊ အသက် ချက်ချင်းထွက်သွားဦးတော့ ဒီလောက်မြန်မြန်ကြီး တောင့်ခဲသွားတာ ဘယ်လိုမှ မဖြစ်နိုင် ..။

"အဘွား .."

ကြောက်စိတ်ဝင်တိုင်း အဘွားကိုပဲ တွင်တွင်ခေါ်နေမိကာ ပက်လက်ဖြစ်သွားအောင် လှန်လိုက်၏။

ဘုရား!... ဘုရား!...

ပိုက် ဘယ်လိုမှ မထိန်းလိုက်နိုင်ဘဲ အလန့်တကြား နောက်လန်သွားသဖြင့် ရေဗွက်ထဲမှာ ဖင်ထိုင်လျက် ကျ၏။ ချိုင့်ခွက်လွန်းသော အရိုးခြောက်သာသာ မျက်နှာသည် အလုံးလိုက်ဖြစ်နေသော မျက်လုံးနှစ်လုံးနှင့် ရှုံ့တွတွအရေပြားတို့ တွန့်လိမ်နေသော နှာခေါင်းရိုးကြီးကပဲ ထင်းနေသည်။

ပိုဆိုးတာက မျက်လုံးတွေ ပိတ်နေပေမယ့် မဟတဟပွင့်နေသည့် နှုတ်ခမ်းတို့ထဲကနေ အပေါ်သွားတွေက ငေါထွက်နေကြသည်။

လူလား .. သရဲလား ..၊

တလှုပ်လှုပ် တုန်ခါနေသည့်ရင်ဘတ်ကို ရုတ်တရက် ဘယ်လိုမှ ထိန်းချုပ်လို့ မရ ..၊ ထိုစဉ် လှုပ်ရှားနေကြသော တောင်အောက်ပိုင်းက မီးရောင်တွေကို လှမ်းမြင်လိုက်ရသည်။

မကြာခင် ကားတွေ ဒီနား ရောက်လာကြတော့မည် ..၊





ကိုယ့်ဘာသာ ဆုံးဖြတ် ဦးဆောင်မှ ဖြစ်တော့မှာမို့ ပိုက် လဲကျနေရာမှ ပြန်ထသည်။

အဘွားတစ်ကိုယ်လုံးမှာ ဒဏ်ရာရှာကြည့်တော့ ဘာမှမတွေ့သဖြင့် နှာခေါင်းရှေ့မှာ လက်နဲ့ကပ်ကြည့်လိုက်၏။ ကိုယ့်လက်တွေပဲ အေးနေလို့လား မသိပါ ..။

အသက်ရှူနေသလား.. မရှူဘူးလားလည်း မသိတော့ပေ ..။ ဒါပေမယ့် ကိုယ့်ကားနဲ့ အလွတ်ကြီးပဲ ..၊ သူ့ဘာသာ အကြောက်လွန် သတိလစ်သွားတာပဲ ဖြစ်နိုင်တာမို့ သူမ တာဝန်ယူစရာ မလိုဘူးလို့ပဲ မှတ်လိုက်၏။

ထို့ကြောင့် တကယ် သေမသေ လည်ပင်းနဲ့ လက်ကောက်ဝတ်ကြောတွေကို အမြန်ဆုံး စစ်ကြည့်လိုက်လျှင် သွေးတိုးနေသည်ကို သိလိုက်ရသဖြင့် ဝမ်းသာသွား၏။

ခြေချောင်း လက်ချောင်းတို့သည် ပလွေရိုးကဲ့သို့ သေးငယ်ပိန်လှီနေသော အဘွားအို၏ကိုယ်ကို ချိုင်းကနေ ဆွဲမလိုက်ကာ တောင်စောင်းဘက်ကို ခေါ်လာခဲ့မိသည်။

လူကို သေချာထိုင်နေစေပြီးမှ ကားထဲက မိုးကာစတစ်ခုကို ပြေးယူပြီး အဘွားအိုရဲ့ကိုယ်ပေါ်မှာ ခြုံပေးလိုက်သည်။ ပြီးတော့ ...

"အဘွားလည်း ဘာမှမဖြစ်ဘူး .. ကျွန်မမှာလည်း အချိန်မီ သွားရမှာမို့လို့ပါ .. အဘွားကို တောင်းပန်ပါတယ် နော် .."

မျက်နှာကို စေ့စေ့မကြည့်ရဲဘဲ ပြောပြီး သူမ ချက်ချင်းပြန်လှည့်ခဲ့မိသည်။ ထိုစဉ် နောက်က လှုပ်ရှားသွားသည့်အသံတစ်ချက်ကို သတိထားလိုက်မိ၏။

တစ်ခုခုဆိုတာ့ သိလိုက်ကာ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး!..."

ပိုက် အလန့်တကြား အော်လိုက်မိကာ ကားဆီကို နောက်ပြန် လဲကျသွားခဲ့၏။ ခြုံပေးထားသော မိုးကာကို ဖယ်ချ၍ ငုတ်တုတ်ကြီး ထိုင်နေသည့် အဘွားအိုပုံစံက လူကောင်းတိုင်း ထူထူထောင်ထောင်ကြီး..။

"ငါ့ကို ထားခဲ့မလို့လား .."

"ဟင့်အင်း .."

ဘာသံကြီးလဲ ..၊

ပိုက် မျက်လုံးတွေ မှိတ်ကာ နားတွေကိုပါ ပိတ်ပစ်လိုက်မိ၏။ မျက်လုံးကြီး တဝင်းဝင်းနှင့် အဘွားအိုသည် ဆံပင်တွေ ကျိုးတိုးကျဲတဲ ကလည်း ဦးရေပြားမှာ ကပ်နေကာ တကယ့် အရိုးခေါင်းကြီးအတိုင်း..။

"ငါ လိုက်မယ် .."

ပိုက် မျက်လုံးတွေ ဖွင့်လိုက်တော့ သူမက ထရပ်နေပြီ ဖြစ်၏။

ဒါ လူတော့ လူမှန်း သိနေပေမယ့် သရဲနဲ့တူနေတာကို ပိုက် အကြောက်မပြေနိုင် ..။

ဘယ်လိုလုပ်ရမလဲ ..၊

ဒီအဘွားပုံစံက ထားခဲ့လို့ရမည့်ပုံလည်း မပေါ်ပေ ..၊ ဘာမှမဖြစ်ဘဲ နဲ့ ခုနက ဘာဖြစ်လို့ လဲကျ ငြိမ်သက်နေခဲ့တာလဲ ..၊

လမ်းဘေးကို တွဲထူသွားခဲ့တဲ့အထိ ဘာဖြစ်လို့ သတိလစ်နေသလို ဟန်ဆောင်နေခဲ့တာလဲ ..၊

မကျေလည်သည့်မေးခွန်းတွေ အများကြီး ထွက်လာပေမယ့် ဘာမှ မတတ်နိုင်တော့ပေ ..၊ ကိုးရိုးကားရား လျှောက်လာသည့် အဘွားအိုကို ငေးကြည့်ရင်း ပိုက် တရွေ့ရွေ့ ဆုတ်နေမိ၏။

ထိုစဉ် ကားဟွန်းတီးသံတစ်ချက် ကြားရကာ လူက တုန်သွား၏။





ကားမောင်းပြေးပြန်ရင်လည်း နောက်ကလာမည့်ကားကို လက်ပြ တားပြီး ဒီအဘွားအို မဟုတ်တမ်းတရားတွေ ဟန်ဆောင်သရုပ်ပြနိုင်၏။

မတတ်နိုင်သည့်အဆုံးမှာ ကားပေါ်တင်ခေါ်ခဲ့ရခြင်းသို့ ရောက် ကာ ...

"အ .. အဘွား ဘယ်ကလဲ ဟင် .."

အရဲစွန့် မေးမိသည်။ မကြည့်ရဲလို့ ဒီတိုင်း မေးမိပေမယ့် ဖြေသံ မကြားတော့ မှန်ထဲကနေ နောက်ခန်းထဲကို လှမ်းကြည့်မိ၏။

လူက ပျောက်နေကာ တလက်လက်တောက်နေသည့် မျက်လုံး နှစ်လုံးကိုပဲ မြင်ရကာ ပိုက် တစ်ကိုယ်လုံး သွေးတွေ တဖျင်းဖျင်း ထဆူ လာ၏။

ကားကို သတိထားမောင်းနေရပေမယ့် ကားဦးက ဝေ့ခနဲ ခါခနဲ မတည်ငြိမ်တော့ပေ ..။

မိုးချုပ်စအချိန်ဟာ သန်းခေါင်ယံကဲ့သို့ ချောက်ချားဖွယ်ဖြစ်နေ လျက် အန္တရာယ်ကြီးစွာ ပြေးနေသော ကားလေးက မောင်းသူ၏ စိတ် လှုပ်ရှားမှုတို့အတိုင်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

မြဝတီဘက်ကို လုံးလုံးလျားလျား ဝင်လာခဲ့ပြီဆိုမှ …

"အဘွားကို ဘယ်ပို့ပေးရမှာလဲ …"

အဆောက်အဦးတွေနဲ့ မီးရောင်တွေ လူတွေ မြင်လာရတော့ ပိုက် ကြောက်စိတ်ပြေသွားသည်။

ဒေါ်သနှင့် မာန်မာနက ခေါင်းထောင်လာကာ …

"အဘွား ပြောလေ …"

"မသိဘူး …"

"မသိလို့ ဘယ်ရမလဲ …၊ အဘွား ဘာမှလည်း ဖြစ်တာမဟုတ်ဘဲ နဲ့ ကျွန်မက ခရီးကြုံ တင်ခေါ်လာရတာ … ဒီထက် ခေါ်မသွားနိုင် တော့ဘူး …"

"ဟီး …"





မဲ့မှန်း မသိ … ရယ်မှန်း မသိ … လည်ချောင်းဆန့်ပြီးမှ စကားပြော တတ်သော အဘွားအိုသည် …

"ငါက ဘာမှမလုပ်ဘဲ လိုက်လာတာ …"

လို့ အသံပြာကြီးနှင့် ပြော၏။

ဘာအဓိပ္ပာယ်မှန်းတော့ မသိပေမယ့် ပိုက် တစ်လမ်းလုံး စဉ်းစား လာခဲ့သည့် ဆုံးဖြတ်ချက်အတိုင်း …

"ဒါဆိုလည်း ရပါတယ် … အဘွား ဘယ်သွားရမှန်း မသိရင် ဘာ ဖြစ်ခဲ့တယ်ဆိုတာ ပြောပြပြီး အဘွားကို ရဲစခန်းမှာ ဝင်ထားခဲ့မယ် …"

အဘွားအို အသံတိတ်သွား၏။

ပြီးတော့ …

"ခဏ … ဆင်းမယ် …"

လို့ပြောပြီး တံခါးလှည့်ဖွင့်သည်။

ဘယ်သူက ပြန်တက်ခွင့်ပြုမှာမို့လို့လဲ …၊

ပိုက် အံလေးကြိတ်လိုက်ပြီး လော့ခ်တွေ ဖြုတ်ပေးလိုက်၏။ အဘွားအို ဆင်းသွားတာနှင့် ကားကို ဆက်ထွက်လာခဲ့လျှင် …

"ဘယ်ရောက်သွားတာလဲ …"

အံ့ဩသွားကာ ကားပြန်ရပ်လိုက်ပြီး ဟိုဒီ လှည့်ပတ်ရှာကြည့်မိတဲ့ အထိ …၊

ဒီလောက် ခဏလေးအတွင်းမှာ ပျောက်ကွယ်ရလောက်အောင် မြေလျှိုးမိုးပျံသွားလို့လား …၊

ပြန်စဉ်းစားကာမှ မကျေမနပ် ဖြစ်လာခဲ့၏။

ဒီအဘွားအိုဟာ လူမှ ဟုတ်ရဲ့လား …၊ ခဏဆင်းမယ်ဆိုတာက ဘာလဲ …။



www.burmeseclassic.com

www.burmeseclassic.com



ကားပြန်မောင်းလာခဲ့ပေမယ့် စိတ်က ထိုအသွားအိုဆီမှာပဲ ကျန်ခဲ့၏။

"ဒီမှာ .. ဒီမှာ ဦးလေး .."

ကားမောင်းနေရင်း သံသယဝင်လာတာမို့ လမ်းပေါ်မှာသွားနေသည့် လူကြီးတစ်ယောက်ကို ခေါ်မိကာ ...

"ဒါ မြဝတီရောက်ပြီမို့လား ဟင် .."

"ဟုတ်တယ်.. ဒါပေမယ့် မြို့ထဲ မဟုတ်သေးဘူး ..၊ ရှေ့ကို တော်တော် သွားရဦးမှာ .."

"ဟုတ်ကဲ့ .. ကျေးဇူးတင်ပါတယ်ရှင် .."

လမ်းပြသူကို ကောင်းကောင်းမွန်မွန် ပြန်ပြောလိုက်ပေမယ့် သူမ တစ်ကိုယ်လုံးကတော့ ခြေကုန်လက်ပမ်းကျနေခဲ့ပြီ ဖြစ်၏။

အချိန်ကိုကြည့်တော့ ည ရှစ်နာရီထိုးတော့မည်။ ဒီည မောင်နဲ့မှ တွေ့ရပါ့မလား ...၊

ကား ခဏရပ်ပြီး ဖုန်းခေါ်ကြည့်လိုက်တော့ တန်းဝင်သွား၏။

ဒါပေမယ့် မောင်က မကိုင်ပါ ..၊ ဦးဦး ပြောသလို မောင့်ဘက်က တကယ်များ ပြီးဆုံးခဲ့ပြီလား ...။

လက်နှစ်ဖက်စလုံး စုံချကာ ဒီအတိုင်း အကြာကြီး ထိုင်နေခဲ့မိ၏။ ပြီးတော့ မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ် ဖြစ်လာကြလေသည်။

ပင်ပန်း၍ ထိတ်လန့် ဗျာများခဲ့ရသော ချစ်၍ တမ်းတခဲ့ရပေမယ့် ကြေကွဲနေရသောမျက်ရည်တို့က ပါးပေါ်သို့ အမြန်နှုန်းနှင့်လိမ့်ချ လျှောဆင်းလာကြ၏။

ဒါပေမယ့် အင်အားမဲ့သော လှုပ်ရှားမှုများနှင့် အလုပ်ရှင်ဖုန်းကို ဆက်လိုက်မိကာ ...





"ကျွန်မက သွဲ့ဇနီးပါရှင် .. အခု မြဝတီကို ရောက်နေပြီလို့ ပြောပေးပါနော် .."

"... ... ... ..."

"ဟုတ်ကဲ့ .. ကျွန်မ သူမလာမချင်း လမ်းပေါ်မှာပဲ ပတ်မောင်းနေမှာလို့ ပြောပေးပါ .."

တကယ် ဒီတိုင်းပဲ ဆုံးဖြတ်လိုက်ကာ လီဗာကို ဖိနင်းပစ်လိုက်သည်။

ကားလေးက ဖြောင့်ဖြူး နက်မှောင်သော လမ်းမကြီးထက်မှာ အရှိန်ပြင်း ပြေးလွှားနေသည့်ဟန်နှင့် ဦးမော့လျက် ...၊

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ကားမောင်းနေရင်း မျက်လုံးတွေ ပြာလာသည်။ စတီယာရင်မှာ တင်ထားသည့်လက်က ခွန်အားမဲ့သလို ဖြစ်လာကာ သူ့အလုပ် သူလုပ်နေတာပဲ ရှိသည်။ လက်ပေါ်မှာ ပိုက် ရဲ့ခိုင်းစေမှုက စူးစိုက်ခြင်း မရှိ…။

မြဝတီမြို့ထဲကိုရောက်တော့ ကားတွေ လူတွေ ဆိုင်ကယ်လ်တွေက မြို့တစ်မြို့၏ စိုပြည်မှုအတိုင်း စည်ကား ရှုပ်ထွေးနေ၏။ ပိုက် အတွက်ကတော့ အဓိပ္ပာယ်မဲ့ပါ …။

မောင့်ကိုတမ်းတရင်း ကိုယ်ဟာ ရူးသွပ်နေသူလို ခံစားမိလာ၏။ သူမ ဒီလိုနေရာမျိုးမှာ မလည်မဝယ်နဲ့ ဒုက္ခရောက်ရတော့မည်ဆိုလျှင်…

မျက်ရည်တွေကို မျက်တောင်တို့ဖြင့် ပုတ်ခတ် ဖြိုချလိုက်မိစဉ် ကားရဲ့ဘေးကို နှစ်ယောက်တွဲ ဆိုင်ကယ်လ်တစ်စီး အရှိန်နှင့် ထိုးကပ်လာ၏။

ပိုက် မျက်ဝန်းတွေ ထောင့်ကပ်ကြည့်လိုက်ပေမယ့် ယောကျ်ားနှစ်ယောက်ဆိုတာ သိလိုက်တာနှင့် ရှေ့ပြန်လှည့်သည်။





ထိုဆိုင်ကယ်လ်သည် ရှေ့ကို ဝေါခနဲ ထိုးတက်သွားကာ လူရှင်းသည့်နေရာကျမှ လမ်းပေါ်မှာ ကန့်လန့် ပိတ်ရပ်သွား၏။

အေးစက်ထိုင်းမှိုင်းသွားခဲ့သော ပိုက် ရဲ့အမြင်အာရုံထဲမှာ ဆိုင်ကယ်လ်နောက်က ဆင်း၍ ဟဲလ်မက်ချွတ်လိုက်သော တစ်ယောက်ကို မြင်လိုက်ကာမှ …

"မောင် .."

ကားဆီကို ညီ ပြန်ပြေးလာတာ မြင်ပေမယ့် ပိုက် က မောင်းသွားဖို့ သတိမရဘဲ တုံ့ခနဲ ရပ်ပစ်လိုက်သည်။

"ပိုက် .."

ညီ အမောတကောပြေးလာကာ မျက်နှာသည် မယုံကြည်နိုင်ခြင်း၊ စိုးရိမ်ထိတ်လန့်ခြင်းတို့နှင့် ပျာယာခတ်နေလျက် …

"ပိုက် .. မင်း .. မင်း .. ဒီထိလိုက်လာတယ် ဟုတ်လား .."

"မောင် .."

ညီ က တံခါးဖွင့်၍ တစ်ဖက်မှာ ဖွေ့ခနဲ ဝင်ထိုင်သည်။ ပြီးတော့ ပိုက် ရဲ့ပခုံးလေးတစ်ဖက်ကို ဆတ်ခနဲ ဆွဲခါပြီး …

"မင်းတစ်ယောက်တည်း ဒီထိ ဘယ်သူလွှတ်လိုက်တာလဲ .."

မောင့်မျက်နှာကို ငေးကြည့်ရင်း ပိုက် မျက်ရည်တွေသာ ဗိုးဗိုးပေါက်ပေါက် ကျလာပြီး ဘာမှမမြင်နိုင် …။

"တောက်!… မင်း တော်တော် သတ္တိကောင်းပါလား ..၊ ဒီလောက်တောင် တစ်ဇွတ်ထိုးလုပ်ရသလား ဟင် .. ဘယ်သူမှ လွှတ်မှာ မဟုတ်ဘူး ..၊ မင်း ဘယ်သူမှ မသိအောင် လုပ်လာတာ .. ငါ သိတယ် .."

မောင် ဒေါသတွေထွက်နေတာကြည့်ရင်း ပိုက် နှုတ်ခမ်းလေးတွေ ပြုံးလာခဲ့သည်။ မောင့်ရင်ထဲမှာ ပိုက် ရှိနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုက် အတွက် မောင် ပျာယာခတ်အောင် ပူလာနေ၏။

လွမ်း၍ တမ်းတခဲ့ရသော ခိုးကိုးရာမဲ့သလို ပူလောင်ကြေကွဲခဲ့ရသော ရင်ထဲက နာကျင်မှုတွေက မျက်ရည်တို့နှင့်အတူ လျှောကျပျောက်ကွယ်သွားကြသည်။

"မင်း ဘာကြည့်နေတာလဲ ပိုက် ရာ .. ကျွတ်!..."

ပိုက် ရဲ့မေးဖျားလေးကို မချင့်မရဲ ဆွဲလှူပ်ကာ ပါးပြင်လေးတွေကို လက်ဖဝါးနှစ်ဖက်နဲ့ ထိကပ်ပွတ်သပ်ရင်း မျက်ရည်တို့ကို ခြောက်သွေ့စေ၏။

"တိတ် .. မငိုနဲ့တော့ .."

သူ ပြန်ဆင်းကာ ပိုက် နဲ့ နေရာချင်းလဲဖို့ လက်လေး ဆွဲခေါ်၏။

"မောင် .."

"ဟင် .."

"မောင်ရယ် .. ပိုက် လေ ..."

မျက်ရည်တွေ ထပ်ကျလာတော့ မကြည်လင်သေးသည့် ညို မျက်နှာကလည်း ကရုဏာဒေါသတစ်ဝက်နှင့် ခေါင်းညိတ်နေရင်း ...

"တိတ်ပါကွာ .. ပြောစရာရှိတာ နောက်မှပြောတော့ ..၊ မင်း အရမ်းပင်ပန်းနေပြီ .. မငိုနဲ့တော့ နော် .."

ပိုက် ရဲ့မျက်ရည်တွေကို တယုတယ သုတ်ပေးရင်း ပါးပြင်လေးကို နမ်းသည်။ ပြီးတော့ မျက်နှာလေးတစ်ပြင်လုံးကို သူ့မျက်နှာနဲ့ ပွတ်တိုက်ကပ်ထားရင်း ပိုက် ရဲ့ကိုယ်လေးကို ရင်ခွင်ထဲမှာ အောင်းကျပ်နေအောင် ဖက်ထားလိုက်မိ၏။

"ကျွတ် .. မင်းမို့ လုပ်ရဲတယ် ပိုက် ရယ်၊ မင်း .. မင်း .. တစ်ခုခု ဖြစ်သွားရင် ငါ့ဘဝ ပျက်ပြီ .."





လမ်းပေါ်မှာဆိုတာကို မေ့သွားခဲ့သည်။ ပိုက် ကို လွှတ်ထွက်သွားမှာစိုးသလို ပွေ့ပိုက်ထားမိရင်း အပြစ်တင်စကားတွေပဲ ပြောနေမိ၏။

မောင့်ဒေါသတွေက ဒီအချိန်မှာ ပိုက် အတွက် နားဝင်ချိုဆုံး ..၊

"တီ .. တီ .."

"ဟေး .. ဟိုတယ်လ် သွားလေ .."

ဖြတ်သွားသည့်ကားနဲ့ ဆိုင်ကယ်လ်တွေ ဟွန်းတီးသွားကြသည်။ စနောက် အော်ဟစ်သွားကြ၏။ ညို ဘာကိုမှ ဂရုမစိုက်ဘဲ ပိုက် ရဲ့ နှုတ်ခမ်းဆံစလေးတွေကို ပွတ်သပ်ပေးရင်း ငေးကြည့်နေကာ ...

"မျက်ရည်တွေ ထပ်မကျနဲ့တော့ .. မောင့်ဆီကို ရောက်လာပြီ ..၊ မင်း ဘာမှမဖြစ်တော့ဘူး .. တိတ် .."

"ပိုက် မောင့်ကို အရမ်းချစ်တယ် .."

ညို က ခေါင်းညိတ်ပြီး နှုတ်ခမ်းလေးကို နမ်းသည်။ ပြီးတော့ ကားထဲထိ သူ သေချာ တံခါးပြန်ပိတ်ပေးပြီး ဒီဘက်မှာ ဝင်ထိုင်လိုက်လျှင် ပိုက် က မီးဖွင့်လိုက်ပြီး ညို မျက်နှာကို ငေးကြည့်နေလျက် ...

"မောင့်ကို ကြည့်နေချင်လို့ .."

ညို က ပြုံးလိုက်ပြီး ပိုက် ရဲ့ပါးလေးကို လက်သီးဆုပ်နဲ့ ကပ်တွန်းပစ်၏။ ပြီးတော့ ...

"ထင်ရာလုပ်ပြီးရင် အဲဒီလိုပြော သိလား .. နာတော့မယ် .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ဒီအဆောက်အဦးကြီးက ဟိုတယ်လ်ဆောက်ဖို့လား ဟင် .."

"ဟုတ်တယ် .. ဒီဘက်ခြမ်းက ပြီးနေပြီ ..၊ ဘေးတွဲက ပိုက်လိုင်းတွေ ထည့်ဖို့နဲ့ ကြွေပြားတွေ အပြီးသပ် မကာပ်ရသေးဘူး .."

"မြို့ထဲလည်း မဟုတ်ဘူး .."

"မြို့လယ်ခေါင်မှာက မိုတယ်တွေပဲ များတယ် .. မြဝတီဟိုတယ်လ်ကျတော့လည်း အမြဲတမ်း လူပြည့်နေတာလေ ..၊ ဟိုတယ်လ်ကြီးတွေ ထပ်လိုနေတာတော့ အမှန်ပဲ .."

"မောင်က အဲဒါကို သဘောကျနေတာလား .."

"ဟုတ်တယ် .. ဒီရောက်မှ စိတ်ကူးဖြစ်သွားတာ .."

ပတ်ဝန်းကျင်က မှောင်နေသည်။ အဆောက်အဦး ခြံဝင်းကြီးထဲမှာလည်း အစောင့်တဲလေးတောင်မှ မရှိ ..။





ထို့ပြင် အဆောက်အဦးကြီးက ကြီးမား ထည်ဝါသလောက် အစွန်တစ်ခြမ်းမှာပဲ မီးရောင်တချို့ကို တွေ့ရ၏။

"ဆင်းလေ .. မောင်က ဒီမှာနေတာ .."

"ကားလုပ်ငန်းတစ်ခုမှာ မောင် ရှိနေတယ်ဆိုတော့ မောင့်ကို အဲဒီမှာ အလုပ်လုပ်နေတာလားလို့ .."

"ဘာလဲ .. ဦးမျိုး ပြောတာလား .."

"အင်း .."

ညီ က ရယ်လိုက်ပြီး ခေါင်းညိတ်သည်။

"ဦးမျိုး က အရမ်းတော်တယ် .. တကယ် အထင်မကြီးလို့ မရအောင်ပဲ .."

"မောင်က ဦးဦး ကို .."

"ရွဲ့ပြောနေတာ မဟုတ်ဘူး.. မောင် အကောင်းပြောတာ ..၊ ဖေဖေ့စေစပ်ပုံက ကိုယ်လုပ်နေတဲ့ အလုပ်ပေါ်မှာပဲ စူးစိုက်မှုကောင်းပြီး ခွဲရှိတာမျိုး ..၊ ဦးမျိုး က သူ့အကြည့် သူ့အပြောနဲ့ လုပ်ပုံကိုင်ပုံတွေကအစ အရာအားလုံးကို လွှမ်းမိုးထားနိုင်တယ် ..၊ မောင် သူ့ကိုမီဖို့ တော်တော်ကြိုးစားရဦးမှာ .."

ပိုက် ကတော့ ခုချိန်ထိ မောင် စကားကောင်းပြောနေတယ်လို့ မထင်မိသေးပေ ..၊ သူ့ကို ငေးကြည့်နေဆဲ ပိုက် ရဲ့မျက်နှာလေးကို ညီ က လှည့်ပြုံးပြကာ ...

"မောင်လည်း ပြောစရာတွေ အများကြီးရှိတယ် ..၊ လာပါ.. အခန်းရောက်မှ အေးဆေးပြောကြတာပေါ့ .."

သူပဲ အရင်ဆင်းကာ ပိုက် ကို တံခါးလာဖွင့်ပေးသည်။

သူ့လက်ပေါ်ကို ပြန်ဆုပ်ကိုင်၍ အားပြုလိုက်ကာမှ ချွေးစိုတာ



www.burmeseclassic.com

www.burmeseclassic.com



အေးစက်စက်ဖြစ်နေသည့် ပိုက် ရဲ့လက်ဖဝါးလေးကို ညီ သတိထားမိသွား၏။

"ပိုက် .. နေမကောင်းဘူးလား .."

သူ့ဆီး ရောက်လာသည့် ပိုက် ရဲ့နဖူးလေးကို လက်ခုံနဲ့ ကပ်စမ်းလိုက်၏။

"မင်း တစ်ခုခု ဖြစ်လာသေးသလား ပိုက် ..၊ မောင့်ကို ပြောလေ.. မင်းပုံစံက ချွေးကျတော့မယ့်အတိုင်းပဲ .."

ပိုက် က ခေါင်းလေးခါပြ၏။ ပြီးတော့ အားယူ ပြုံးလိုက်ရင်း မျက်ရည်တွေပါ လည်လာကာ ...

"မောင့်ကို မြင်လိုက်မှ ခြေကုန်လက်ပန်းကျသလို ဖြစ်သွားတာ.."

"ဟင်!..."

"လမ်းမှာ ဘာမှမဖြစ်ဘူး .. အားတင်းထားသမျှ မောင့်ကို မြင်လိုက်တော့မှ ..."

ပိုက် က ညီ့ လက်မောင်းမှာ ခေါင်းလေး မှီလိုက်ရင်း ရယ်သည်။ ပြီးမှ ...

"ရန်သူ့လက်ထဲက ခြေကုန်သုတ်ပြေးလာခဲ့တဲ့ မြင်းလိုပေါ့၊ သခင့်ရှေ့လည်းရောက်ရော အမောဆို့ပြီး ဘုန်းခနဲ ပစ်လဲသွားတာလေ..၊ ပိုက် နိုလ့်ရမှာက ဒီရင်ခွင်ပဲ မဟုတ်ဘူးလား မောင်ရဲ့ .."

"ဟုတ်ပါပြီ ..၊ ကဲ .. မေးတာကို သေချာမဖြေဘဲနဲ့ .."

ပိုက် ရဲ့ခါးလေးကို ဖွဖွလေး ပြန်ဖက်ပြီး ညီ က နှစ်သိမ့်သည်။ ပြီးတော့ ခေါင်းကဆံပင်တွေကို နမ်းလိုက်၏။

"ဒီလောက် ကြောက်တတ်ရဲ့သားနဲ့ ပိုက် ရယ် .. မင်း တော်တော်ဆိုးတာယ်ကွာ .. ပြောကို မပြောချင်တော့ဘူး .."





ပိုက် ကိုမြင်ပြီး ဝမ်းသာသွားပေမယ့် စိုးရိမ်နေဆဲစိတ်က ခုချိန်ထိ ကရုဏာဒေါသတွေ ရှိနေသေးသည်။ ဒါပေမယ့် ဒီ့ထက်လည်း မဆူရက်တော့ပါ ..။

"အောက်ထပ်တွေမှာ ဝန်ထမ်းမိသားစုတွေ ခဏငှားနေကြတာ ရှိတယ် ..၊ မောင်က တတိယထပ်မှာ နေတာ.."

"အဲဒီလူတွေက ဟိုတယ်လ်ပိုင်ရှင်နဲ့ ပတ်သက်တဲ့လူတွေလား ဟင် .."

"ဟိုတယ်လ်က သုံးဦးပိုင်လေ .. ပွဲ့သင့်သရီး ဖြစ်လာမှာပေါ့ .. ဒီလူတွေက ငှားနေပေမယ့် လခနဲ့ထားတာ မဟုတ်ဘူး .. မြေညီထပ်မှာက အလုပ်သမားခေါင်းဆောင်မိသားစု နေတယ် .. ပထမထပ်က နယ်က စရိတ်ငြိမ်း ခေါ်ထားတဲ့ အလုပ်ကြမ်းသမားတွေလေ .. ဒါပါပဲ .. မောင်က ..."

"မောင်က ဘယ်သူနဲ့ ပတ်သက်တာလဲဟင် .."

"ကားလုပ်ငန်း ..၊ ဦးဖေချ က သုံးဦးထဲက တစ်ဦးလေ .."

"ဟုတ်လား .."

"အဲဒီလူကြီးကရော မောင်နဲ့ ဘယ်တုန်းက ရင်းနှီးနေတာလဲ.."

"ဟား .. မေးလိုက်တာကွာ .."

ညီ က ပိုက် ရဲ့နဖူးလေးကို ခပ်ဖွဖွ ထု၍ ရယ်သည်။

"အထဲရောက်မှ ဖြေလို့ မရဘူးလား .. မင်း အနားယူဖို့ အရင်ဆုံးလိုအပ်နေတာ .."

"ဟင့်အင်း .. မောင့်ရင်ခွင်ထဲမှာ ခဏလှဲနေလိုက်ရင် ရပြီ .. မယုံပါဘူး ..၊ ပိုက် သိချင်လို့ ဖြေပါ မောင်ရဲ့ .."

ညီ က ရယ်ကျဲကျဲ မျက်နှာနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းတုန်းက ရင်းနှီးခဲ့တဲ့ ကောင်မလေးတစ်ယောက်ရဲ့ အဖေ .."

"ဘာ!..."

ဖက်တွယ်ထားသည့် ပိုက် ရဲ့လက်လေးတွေ ပြေကျသွားကာ မျက်နှာလေးသည် သေမိန့်ချခံလိုက်ရသူကဲ့သို့ ချောက်ချား သေးငယ်သွားလျက် ...

"မောင် .. မောင် .. တကယ် ပြောတာလား .."

"ဘာဖြစ်လို့လဲကွာ ..၊ တစ်ရပ်တစ်နယ်မှာ အသိမိတ်ဆွေရှိတာ စရိတ်စက သက်သာတာပေါ့ .."

ပင်ပန်းနွမ်းနယ်ခြင်းတွေနှင့် လိုက်ဟာ ပူလောင်မှုဟာ ပိုက် ကို ဆွံ့အသွားစေခဲ့လျက် စကားတစ်ခွန်းမှ ပြောမထွက်ခဲ့တော့ ..။

"ပိုက်"

"... ... ... ..."

"သွားမယ်လေကွာ .. ဘာတွေ ပါလာသေးလဲ .."

ပိုက် က ခေါင်းခါပြသည်။ ထိုအခါ လက်ခနဲ ဖြာထွက်သွားသည့် မျက်ရည်ပွင့်လေးကို ညီ သတိထားမိသွားပြီး ...

"မိန်းမကလည်း ကွာ.."

ပိုက် ရဲ့ ပန်းလေးကို ကလေးချော့သလို ဖက်ထားလိုက်ပြီး ပွတ်သပ်ချော့ကာ ...

"လုံး၀ အတိအကျ မင်းကို စတာ ..၊ ဘာမှ မဟုတ်ဘူး .."

"ဘယ်လို!... စတာ .. ဟုတ်လား .."

"ဟုတ်တယ် .. အရမ်းလိုက်မေးနေလို့ မောင် တမင်စတာ ..၊ ဦးဖေယျ က မောင်တို့ တက္ကသိုလ်ဘောလုံးနည်းပြရဲ့ အစ်ကိုလေ ..၊





မောင် မင်းတို့ ကျောင်းကို ပြောင်းလာမှ ဆရာနဲ့ လက်တွဲပြုတ်သွားတာ ..၊ ဆရာ ဦးကျော်ထင် ရော .. သူ့အစ်ကို ဦးဖေယျ နဲ့ မိသားစုတွေရော .. မောင်နဲ့ ရင်းနှီးကြတယ် .."

ပိုက် ကို ချော့ရင်း ကားနားကနေ တော်တော်နဲ့မခွာဖြစ်ဘဲ ဖြစ်နေ၏။ ပိုက်ကလည်း မောင့်ကို မြင်လိုက်တည်းက သိချင်တာတွေရော ပြောပြချင်နေတာတွေရော အားလုံးက အနားယူခြင်းထက် ပိုအရေးကြီးတာတွေပဲ ဖြစ်နေခဲ့၏။

ဒါပေမယ့် မောင် တစ်ခါလေး စနောက်ပြောလိုက်တာနဲ့ပဲ ပိုက် ဘာမှထပ်မမေးရဲတော့အောင် ဖြစ်နေခဲ့ရင်း ...

"နောက်ခန်းထဲမှာ ဘယ်သူ ပါသေးလဲ .."

"ဟင်!..."

ရုတ်တရက် ညီ မေးလိုက်တာကို ပိုက် တအံ့တသြဖြစ်သွားကာ..

"နောက်ခန်းထဲမှာ ဟုတ်လား .."

ညီ က မဖြေတော့ဘဲ တံခါးကို ဆွဲဖွင့်၍ ငုံ့ကြည့်ရင်း အထဲမီးပါ ဖွင့်လိုက်၏။

"ဟာ!..."

"ဟင်!..."

ပိုက် တစ်ကိုယ်လုံး တုန်ခါသွားသည်။ ဆိုဖာပေါ်မှာ တုံးလုံးလှဲနေသည့် အဘွားအိုသည် မီးဖွင့်လိုက်သဖြင့် မျက်လုံးကို လက်နဲ့ ပြန်အုပ်ထားလျက် ...

"မီး .. မီး ပိတ်ပါ .."

"အဘွားက ဘယ်သူလဲ ..၊ ဒီထဲမှာ ဘာလုပ် .."

ညီ စကားမဆုံးခင် ပိုက် ကို လှည့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပိုက် .. သူက ဘယ်သူလ .."

ပိုက် မျက်လုံးအကြောင်သားနှင့် ခေါင်းခါနေကာ ...

"သူ .. သူ ဘယ်လိုလုပ်ပြီး ဒီထဲ ရောက်နေတာလဲ .."

ညီ မျက်မှောင်ကုတ်သွားကာ အဘွားအိုနဲ့ ပိုက် ကို အကဲခတ်ကြည့်သည်။ သူ့စိတ်ထဲမှာ တစ်ခုခုကို တွေးမိလိုက်ပြီး အဘွားအိုကို ပြန်ငုံ့ကြည့်လျှင် ...

"ငါ့ခြေထောက် .. ငါ့ခြေထောက် ကျိုးနေတယ် .."

အဘွားအိုသည် ပိုက် ရဲ့ကားရှေ့ကနေ ထလာတုန်းက အသံမျိုးနဲ့ မဟုတ်သလို ခြေထောက်ကျိုးနေပါသည်လို့ မူယာမာယာတွေ သုံးလျက် ...

"သူ .. သူ့ကားနဲ့ တိုက်မိပြီး ငါ့ခြေထောက် ကျိုးသွားတာပါ.."

"မဟုတ်ဘူး မောင် .. မဟုတ်ဘူး .."

"အမလေး .. ငါ့ကို ကားပေါ်က ဆွဲချထားမယ် တကဲကဲနဲ့ .."

အဘွားအို၏ ငိုသံပါနေသော ကတုန်ကယင်စကားသံက ညီ ကို ငေးငိုင်သွားစေခဲ့၏။

"ဘာဖြစ်လို့ မောင့်ကို မပြောတာလဲ ပိုက် ရယ် .."

"မောင် .."

"ဘာမှမဖြစ်ဘူး .. မောင် ရှင်းပေးမယ် .."

"မောင် .. အဲဒါ မဟုတ်ဘူး .."

ပိုက် ရှင်းပြဖို့ ကြိုးစားပေမယ့် ညီ နားလည်သွားတာက တစ်မျိုး...၊

"အဘွား .. အဘွား ထလိုက်ပါ ...၊ ဒဏ်ရာကို ကျွန်တော် ကြည့်ပါရစေ .."

"မောင် .. သူ ဘာမှမဖြစ်ဘူး ...၊ လမ်းမှာ သူ့ကို ပိုက် ကားနဲ့.."





"မောင် နားလည်တယ် .. ဒါမျိုးက ကြိတ်ပြီး ဖျောက်ဖျက်လိုက်လို့ မရနိုင်ဘူး ပိုက် ...၊ ရခဲ့ရင်လည်း အဲဒါ လူမဆန်တာပဲ ...၊ မင်းကို ဘာမှမထိခိုက်အောင် မောင် ရှင်းပေးမယ် .."

ညီ က ကားထဲကို ကိုယ်တစ်ပိုင်းဝင်ကာ အဘွားအိုကို ထိုင်နိုင်အောင် တွဲထူပေးလိုက်၏။

"အကျီက ရေတွေ ရွှဲနေတာပဲ ...၊ မိုးမိလာတာလား .."

"ဟုတ်တယ် .. သူက မိုးရေထဲမှာ ထိုင် .."

"နောက်မှပြော ပိုက် .. သူ့ကို အထဲ အရင်ခေါ်သွားရအောင် ...၊ ဒဏ်ရာက တစ်မျိုး .. ထပ်ပြီး အအေးပတ်ရင် ဒုက္ခဖြစ်သွားလိမ့်မယ်.."

ခေါင်းတခါခါနှင့် ပိုက် ဘယ်လိုမှ ရှင်းမပြနိုင်အားဘဲ ဖြစ်နေစဉ် ကားထဲကနေ ငုတ်တုတ်ထိုင်ကြည့်နေသော အဘွားအို၏ မျက်လုံးပြူးကြီးတွေနဲ့ ဆုံမိ၏။

မျက်လုံးအစုံက ရယ်နေသလိုလို .. တင်းမာနေသလိုလို ...၊

ထို့ပြင် ကြောင်စီစီနိုင်တာမျိုးနဲ့လည်း တူ၏။ ဒါကို မောင် ဘာမှ သတိမထားမိဘူးလား ...၊

အဘွားအိုရဲ့ခြေထောက်တွေကို ညီ က သေချာကြည့်နေရင်း...

"ဒီခြေထောက်လား အဘွား .."

"ဟုတ်တယ် .."

ခြေသလုံးတစ်ဝက်လောက်မှာ အရိုးကြေနေသလိုမျိုး ခပ်ပျော့ပျော့ ဒီတိုင်း ကိုင်ကြည့်တာနဲ့တောင် သိသည်။ ပလွေရိုးလေးတွေကဲ့သို့ ခြေသလုံးမှာ ဒီလောက်ဒဏ်ရာကြီးနေလျက်နှင့် အဘွားအို တည်ငြိမ်နေသာကို သူ အံ့ဩမိ၏။

ထို့ပြင် ပိုက် အတွက်လည်း စိုးရိမ်သွားမိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန် ဆေးခန်းရှာရမှာ ခက်တော့ခက်လိမ့်မယ်.. ဒါပေမယ့်.."

"ငါ့ကို ဆေးရုံ မခေါ်ပါနဲ့ .."

"မရဘူးလေ .. အဘွားဒဏ်ရာက .."

"ငါ့ကို ရက်လည်တဲ့အထိပဲ နင်တို့နဲ့ နေခွင့်ပေးပါ .."

"ဗျာ!..."

"ရက်လည် .. ဟုတ်လား .."

ပိုက် တစ်ကိုယ်လုံး တောင့်တင်းသွား၏။ ညီ ကတော့ အဘွားအို အသက်အရွယ် အိုမင်းလွန်းပြီး ပြောမှားဆိုမှားဖြစ်သည်ပဲထင်ကာ သက်ပြင်းချ၍ ...

"အဘွားကို ကျွန်တော့်မိန်းမက ကားနဲ့တိုက်မိတာ .. တာဝန်ရှိတဲ့ အတိုင်းတော့ လုပ်ပေးရမှာပေါ့ ..၊ ဆေးကုနေတုန်းမှာလည်း ဆေးခန်းမှာ .."

"မဖြစ်ဘူး .."

တစ်ခုခုကို အရေးအတင်ပြောပြီဆို အဘွားအို မျက်လုံးကြီးက ပို၍ ပြူးထွက်လာတတ်ပြီး ထိုမျက်လုံးကြီးတွေ ပိုက် ဆီ ဝင့်တက်လာတိုင်း ပိုက် ကြက်သီးတွေ ထ၏။

"ငါ့သားနဲ့ ချွေးမက လိမ်စားနေကြတာ ..၊ ငါ့ကို နင်တို့ ဆေးခန်းပြပြီး ဆေးကုလိုက်ရင် သူတို့က စုံစမ်းပြီး ပြဿနာအကြီးကြီးချဲ့လိမ့်မယ် .."

ညီ က ဘာမှမပြောဘဲ နားထောင်နေလိုက်၏။

"ငါလည်း ဒါကို ခံနိုင်ပါတယ် .. သူတို့နဲ့ မနေချင်ဘူး ..၊ ငါ့မြေးလေးကြောင့်လည်း ငါ မသွားနိုင်သေးဘူး ..၊ ငါ့ကို ထမင်းပဲ ကျွေးပါ- ဆေးရုံ မတင်ပါနဲ့ .."





"အဘွား သားနဲ့ ချွေးမက ဘယ်သူတွေလဲ .."

ညီ မေးလိုက်တော့ လည်ပင်ညှစ်သတ်ခံလိုက်ရသလို အဘွားအို မျက်လုံးကြီး ပြူးထွက်လာ၏။ ညီ ပခုံးစွန်းနဲ့ကွယ်မိမလို ဖြစ်သွားပြီးမှ ပိုက် ကိုယ့်စိတ်ကို ပြန်တင်းရသည်။

လွှန်ခဲ့သောနာရီပိုင်းကလို သူမတစ်ယောက်တည်း မဟုတ်တော့..၊

"အဘွား နာမည်ကရော .."

"အုန်းခင် .."

'ဒေါ်အုန်းခင် ..'

နာမည်ကို ပြန်ရွတ်ကြည့်ရင်း ညီ အံ့ဩနေမိ၏။ အဘွားအို၏ ပိန်ချုံးကျုံ့လှီသော ကိုယ်ခန္ဓာနှင့် ပုံစံက တကယ့်ကို အရိုးစုသာသာပဲ ရှိတော့သည်။

သူမနာမည်ကိုတော့ ပြောပြီး သားနဲ့ ချွေးမရဲ့နာမည်ကိုတော့ ဖော်ချင် ..။

ပြီးတော့ ထမင်းကျွေးဖို့ကိုပဲ အဓိကပြောနေပုံက သူမ အစား အသောက်မှ မှန်မှန် စားရရဲ့လား မသိ ..။

မိဘကို ပြုစုကျွေးမွေးဖော်မရသည့် သားရဲ့လက်ထဲမှာ အစားငတ် ဆင်းရဲစွာ နေခဲ့ရတာက ...

"ဗိုက်ဆာတယ် .."

နောက်ထပ်ပြောသံကြီးက မာကျောကျော ဖြစ်လာသည်။ တောင် ...မှာ ကြားခဲ့ရတဲ့အသံမျိုးနဲ့ ခပ်ဆင်ဆင်တူလာသဖြင့် ပိုက် ကျော ...သွားမိ၏။

"အဘွား ဗိုက်ဆာတာကို စားနေရင် ဒီဒဏ်ရာက နာတာ...ခံ ...လား .."



www.burmeseclassic.com

www.burmeseclassic.com



"အင်း .."

"ဟုတ်ပြီ .."

ညီ က တံခါးပြန်ပိတ်လိုက်ပြီး ပိုက် ဘက်ကို လှည့်၍ ...

"လောလောဆယ် သူ စိတ်ချမ်းသာအောင် လုပ်ပေးရမှာပဲ ..၊ မိုးကြီးထားတော့ ဆိုင်တွေလည်း ပိတ်ကုန်လောက်ပြီ .. တစ်ခုခုရအောင် မောင် ထွက်ရှာလိုက်ဦးမယ် .."

"မောင် .."

ပိုက် က ညီ့ အင်္ကျီရင်ဘတ်စကို ကမန်းကတန်း ပြန်ဆွဲထားကာ ...

"ပိုက် ပြောတာကို နားထောင်ပါဦး .. ဒီမိန်းမကြီးက ပုံမှန်လည်း မဟုတ်ဘူးဆိုတာ .."

"မောင် သိတယ် .. ဒါ သူငယ်ပြန်တတ်တဲ့အရွယ်ပဲလေ ..၊ သူ အခု အရမ်းဆာနေတယ် ..၊ တော်ကြာ ကလေးလို အော်မငိုဘူးလို့ မပြောနိုင်ဘူး .."

"မျက်နှာကြီးကို ကြည့်ပါဦး မောင်ရယ် .. အဲဒီပုံစံကြီးက ကလေးဆန်နေလို့လား..၊ သူငယ်ပြန်နေတဲ့လူကြီးတွေ ကဘောက်တိကဘောက်ချာ ပြောနေတာမျိုး ရယ်စရာကောင်းနေတာမျိုး ဘာရှိသလဲ .."

"ဘယ်ရှိမလဲ .. သူ့မှာ ဒဏ်ရာရှိနေတာကိုး ..၊ အဲဒါ မင်းကြောင့်ရခဲ့တဲ့ .."

"မဟုတ်ဘူး .. အဲဒါ လုံးဝ မဟုတ်ဘူး .."

"ပိုက် .."

ပိုက် ရဲ့ ပခုံးလေးနှစ်ဖက်ကို ညီ က ခပ်ဖိဖိ ဆုပ်ကိုင်၍ မျက်နှာလေးကို ငုံ့မိုးကြည့်ကာ ...





"မင်း ဘယ်လောက်ထိ သွေးပျက် ထိတ်လန့်လာခဲ့ရတယ်ဆိုတာ မောင် သိတယ် .."

"အဲဒါက ဟုတ်ပေမယ့် ..."

"ထောင်ကျသွားနိုင်တဲ့ပြဿနာ ဖြစ်ပစေ မင်းအပေါ် မကျအောင် မောင် ရှင်းပေးမယ် ..၊ အခု မောင်တို့ အဲဒါတွေ ပြောလို့ မရသေးဘူး.."

"မောင် .."

"မင်းကို အခန်းထဲမှာ အေးဆေးနားနေနိုင်အောင် မောင် လိုက်ပို့ခဲ့မယ် .."

"ဟင့်အင်း မောင် .. ဒါကြီးနဲ့ ပိုက် ကို မထားခဲ့ပါနဲ့ .."

"မထားခဲ့ဘူး .. မောင် ဒီတိုင်းခေါ်သွားမှာ ..၊ လူဆိုတာ ကြောက်မှန်းသိရင် ဖြဲခြောက်ခံရတာပဲ ..၊ မောင်တို့က ဒါကို ဖုံးဖိဖို့ ကြိုးစားရင် သူများ နိုင်ကွက်ထဲ ဝင်သွားမှာ .."

"သူ ဘာမှမဖြစ်ဘူး မောင် .."

ပိုက် ဘယ်လိုပြောပြော ညီ က သနားသည့်အကြည့်တွေနဲ့ပဲရှိကာ ချော့မော့ဖို့သာ ကြိုးစား၏။ သူတို့နှစ်ယောက်ကို တစိုက်မတ်မတ် ကြည့်နေခဲ့သည့် မျက်လုံးကြီးကိုတော့ ညီ က ဂရုမစိုက်မိပေမယ့် ပိုက် က မြင်နေရ၏

ဒီမိန်းမကြီးက ဘာလဲ ..၊ လူလား .. သရဲလား ..၊

မျက်လုံးချင်း ဆုံမိလိုက်တိုင်း ပိုက် ကြက်သီးတွေထကာ သူမသာလျှင် မျက်လုံးလွှဲ၍ ကတုန်ကယင် ဖြစ်ခဲ့ရသည်။

"နေရဲတယ်မို့လား ပိုက် .. မောင် ခဏပဲ .."

မီးဖွင့်ထားသည့် အခန်းရှေ့ ဝရန်တာမှာပဲ ပိုက် ကို ဒရင်းဘက်ခ်ခင်းပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီ ပြန်ဆင်းသွားသည့်ခြေသံကို နားစွင့်ရင်း ကားထဲမှာ ဟိုအဘွား အို ဒီတိုင်း ထိုင်စောင့်နေသလား …၊ ဘယ်လိုပုံစံ ရှိနေမလဲဆိုတာ တွေး မိနေသည်။

သူမကိုယ်သူမ ဒေါ်အုန်းခင် လို့ ပြောပေမယ့် မှန်ချင်မှ မှန်မှာ…၊ ဖြစ်သလို ပြောပြသည့်အကြောင်းတွေကရော မှန်ရဲ့လား …၊ တောင်ပေါ် လမ်းကျဉ်းလေးထဲမှာ ဘယ်လို ရောက်နေတာလဲ …၊

ကားရှေ့ ပြေးဝင်တာက ကားကြုံလိုက်ချင်လို့ ဆိုရင်တောင် ဒီ လောက်ထိ ပြိုင်းပြိုင်းထနေသော ချိတ်ဆက်မိရုံ အရိုးအကြောတွေနဲ့ အဘွားအိုက ကားရှေ့မှာ ပစ်လဲပြသည်။

ပြီးတော့ ပြန်ထလာသည်။ ဒါတွေက ဖြစ်နိုင်ရဲ့လား …၊

ဒေါ်အုန်းခင် ၏မျက်လုံးကြီးတွေကို မြင်ယောင်ကာ ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွား၏။

ကားပေါ်က ဆင်းသွားတာ သူမ မျက်စိရှေ့မှာတင်…၊

ကားပေါ်ကို ဘယ်လို ပြန်ရောက်လာတာလဲ …၊

'ခဏဆင်းမယ်'လို့ ပြောသွားခဲ့တာ ဒီလိုပြန်ရောက်လာဖို့အတွက် လား …၊

ဒီအဘွားအို ဘာဖြစ်လို့ ပြောသလို လုပ်ပြနိုင်တာလဲ …၊

မောင့်ကို စကားပြောနေတော့ အသံက တစ်မျိုး …၊ ကိုယ့်ကိုပြောခဲ့ တုန်းက ဒီလိုမဟုတ် …၊

"ဒုန်း .."

"အမေ့!…"

ပိုက် ကျောလေးကော့သွားသည်။ ရင်ထဲမှာ တဒိန်းဒိန်း တုန်ခါ ကျန်ရစ်တာ တော်တော်နဲ့မပျောက် …။





တိုက်ခန်းထဲက ဘာပြုတ်ကျသည့်အသံမှန်း မသိဘဲ ချောက်ချား နေသည့်စိတ်ကြောင့် ပစ်စလက်ခတ် လန့်သွားခဲ့၏။

အဆောက်အဦးကြီးက ဆောက်လက်စအသစ်ကြီးမို့ မှောင်မည်း နေသည့်အခန်းတွေဘက်က ချောက်ချားစရာကြီး ဖြစ်နေသည်။

ကိုယ့်အောက်ထပ်မှာ လူသံတွေ ကြားနေရသဖြင့် တော်သေးပေ မယ့် မောင့်ကိုပဲ မျှော်နေမိ၏။ ဒါပေမယ့် ဒေါ်အုန်းခင်ကြီး ပြန်ပါလာ မှာကို တွေးမိတော့ မပျော်နိုင် …။

ထို့ပြင် သူမ ပြောခဲ့သည့်စကား ရှိသေးသည်။

'ရက်လည်တဲ့အထိတော့ နေခွင့်ပေးပါ'တဲ့ …၊

ဘုရား!… ဘုရား!…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ဘီယာဆိုင်တွေပဲ ရှိတော့တာဆိုတော့ အသားကင်တွေပဲ ရတာ…၊ မင်း ကြောက်နေမှာစိုးလို့ အလွယ်ရတာတွေပဲ ဝယ်လာခဲ့တာ…"

"ဟို အဘွား ဒေါ်အုန်းခင် ရော .."

"လှေကားထိပ်က တံခါးမတပ်ရသေးတဲ့ အခန်းလွတ်ထဲမှာ .."

"ဟင်!…"

"သူ့ကို တစ်ယောက်တည်း ပေးနေပါတဲ့ …၊ မောင်ကလည်း ကိုယ်နေတဲ့ အခန်းထဲ မသွင်းချင်ဘူးလေ .."

တော်ပါသေးရဲ့လို့ တွေးမိကာ သက်ပြင်းခိုးလေး ချမိ၏။ ဒါပေမယ့် လိုအပ်ချက်ကို တွေးလိုက်မိကာ …

"အဲဒီမှာ အိပ်စရာ ဘာရှိလို့လဲ မောင် .."

"ဝယ်လာခဲ့တယ်လေ .. ဆရာကျော့် ဆီမှာ မောင်နဲ့ခင်တဲ့ကောင်တွေ ရှိသေးတယ်၊ သူတို့ကို ဖုန်းလှမ်းဆက်ပြီး အကူအညီတောင်းရတာပေါ့.. မောင် ခြင်ထောင်ရော အဝတ်အစားလဲဖို့ပါ ဝယ်ခဲ့နိုင်းလိုက်တယ်"





"အားလုံး ပါလာပြီပေါ့ .."

"မောင် စားသောက်ဆိုင်ကထွက်တာနဲ့ သူတို့ ရောက်လာတာပဲ… ဝိုင်းစလိုက်ကြတာကွာ .. မိန်းမ လိုက်လာတယ်ဆိုပြီးတော့ ဒီည ဒီကောင်တွေ လာနှောင့်ယှက်ဦးမှာ သေချာတယ် .."

စားစရာထုပ်တွေကို စားပွဲပေါ်မှာ ဒီတိုင်းချကာ ညီ က အင်္ကျီလဲနေ၏။

အင်္ကျီလဲရင်း သူငယ်ချင်းတွေ နောက်ပြောင်ကြတာကို ပြောပြီး ရယ်နေသည်။

ပိုက် က ခြေလက်သန့်စင်ပြီးစ မျက်နှာက ရေကိုတောင် ပြောင်စင်အောင် မသုတ်နိုင်ဘဲ တဘက်ကို ကိုင်ရင်း တွေးလို့ကောင်းနေတုန်း …

"ပိုက် ဘာလုပ်နေတာလဲကွ .. မင်း ဘာမှမစားတော့ဘူးလား…"

"ပင်ပန်းလို့လား မသိဘူး .. ဘာမှကို စားချင်စိတ်မရှိဘူး .. မောင်စားလေ .."

"စားချင်စိတ် မရှိလည်း မျိုချကွာ .. မင်း ဒီတိုင်း အိပ်ပျော်သွားရင် နိုးလာတာနဲ့ လူမမာကြီးလို ဖြစ်နေလိမ့်မယ် .."

ညီ က ရင်ဘတ်မှာ ကန့်လန့်စင်းပါသော တီရှပ်အနီရဲရဲနှင့် ပုဆိုးအညိုရောင်ကို လဲဝတ်ပြီးဖြစ်ကာ သူ့ဘာသာ ဝယ်ခြမ်းလာသည့် ပန်းကန်ခွက်ယောက်တွေထဲကို စားစရာတွေကို ကိုယ်တိုင်ထည့်နေ၏။

"ဒေါ်အုန်းခင် ကို မောင် ဘာတွေ ဝယ်ကျွေးခဲ့သလဲ .."

"ကြက်ကင်နဲ့ လိပ်ကျောက်အသည်း .."

"ဘယ်လို!…"

"အဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



ဘူးခွံနဲ့ အိတ်တွေကို အမှိုက်ပုံးထဲ သွားထည့်ရင်း ညီ က ရယ်နေ၏။

ပြီးတော့ စားစရာတွေကို ဒီတိုင်းထားခဲ့ပြီး လက်သုတ်ရင်း ပိုက်ရဲ့ဘေးမှာ လာထိုင်၍ …

"အဲဒါတွေ စားချင်တယ်ဆိုလို့ … သူကိုယ်တိုင် ပြောတာ … သူ့ကို ဆေးကုမပေးပါနဲ့တဲ့ …၊ သူ စားချင်တာတွေပဲ ဝယ်ကျွေးပါ တဲ့ …"

ပိုက် မျက်လုံးတွေ ဝိုင်းနေအောင် ငေးကြည့်နေ၏။

ကြည်ပြာရောင် လည်ကပ်ဆွယ်တာလက်ရှည်လေးနှင့် ဖြူနုသော မျက်နှာလေးက မျက်နှာသစ်ထားသည့်ရေတို့ မစင့်တစင်နှင့် ဝင်းဝင်းစက်စက်လေး …၊

ညီ က စိုက်ကြည့်နေရင်း ပခုံးလေးကို ဖက်လိုက်ကာ …

"ဘာတွေ ကြောင်တောင်တောင် ဖြစ်နေတာလဲကွ … ရယ်စရာ ပြောရင် ရယ်ပေးမှ ပြောရတဲ့လူ အရသာရှိတာ …"

"ရယ်စရာမှ မဟုတ်တာ မောင်ကလည်း …"

"ဘာလို့မဟုတ်ရမှာလဲ …၊ သူ့အရွယ် အဘွားအိုက ကြက်သားကြော် ဘယ်လိုလုပ် ဝါးနိုင်မှာလဲ … ပြီးတော့ ပေါင်တစ်ချောင်းကို ထောင့်သုံးရာ …၊ သူက ပေါင်သုံးချောင်း တဲ့ …"

ဘုရား!…

"ဟား … ဟား … ဟား … မောင်ထင်တာတော့ အစားစားချင်လွန်းလို့ ကားအောက်ကို ခြေထိုးခံတာ …"

"ဟုတ်တယ် … မောင့်ကို အဲ့ဒါ ပြောပြချင်နေတာ … သူ့ကို ပိုက်ကားနဲ့ မတိုက်မိဘူး … မိုးတွေ တအားရွာနေတော့လေ …"

"မတိုက်မိဘဲနဲ့ သူ့ခြေထောက် သူ ရိုက်ချိုးလောက်အောင်တော့





သတ္တိမကောင်းလောက်ပါဘူး ပိုက် ရယ် … မောင် ဆရာဝန်မဟုတ်ဘဲနဲ့တောင် သူ့ခြေထောက် ဒဏ်ရာနေရာကို စမ်းကြည့်မိတာ သိတယ် …၊ အရိုး တကယ်ကျိုးနေတာ …"

"တကယ်ကျိုးနေရင် မကျိုးသလို ဘယ်သူ နေနိုင်မှာလဲ မောင်…"

ညီ က မျက်မှောင်ကုတ်သွားပြီး ပိုက် ကို စူးစမ်းသလိုကြည့်သည်။

"ဝေဒနာ ဖိစီးလာရင် လူတိုင်း အစားအသောက်ပျက်ကြတာပဲ…၊ ပြီးတော့ ဒီအရွယ်ကြီးက ပြင်းထန်တဲ့နာကျင်မှုတစ်ခုကို ဘယ်လိုမှ ဒဏ်မခံနိုင်ဘူး… သူ့မျက်လုံးတွေကို ကြည့်ဦး … ဘာခံစားချက်မှ မရှိဘူး…"

ညီ သက်ပြင်းရှည်ကြီး ချကာ …

"လူတွေရဲ့ အသက်ရှင် လှုပ်ရှားမှုအားလုံးကို စိတ်က ဆောင်တာပဲ ပိုက် …၊ သေခါနီးလူ ဖြစ်ပါစေ သူ့စိတ်သန်တာ တစ်ခုခုကို မပြီးစီးရမချင်း အသက်မထွက်နိုင်ဘူး …၊ သေခါနီး ရိက္ခာယူတယ်ဆိုတာတွေလည်း မင်း ကြားဖူးသားနဲ့ကွာ … ဒေါ်အုန်းခင် က မနက်ဖြန် သန်ဘက်ခါ သေတော့မယ့်အဘွားအိုတစ်ယောက် ဖြစ်ရင်ဖြစ်မယ် …၊ ဒါပေမယ့် သူ အရမ်း စိတ်ဇက်သန်နေတာက စားချင်စိတ်တစ်ခုပဲ ဖြစ်နေတာဆိုရင် သဘာဝမကျတာ ဘာရှိသလဲ …"

မောင့်စကားကို ပိုက် ချက်ချင်း မချေပနိုင်ခဲ့ပေ …။

"အဲဒီပြဿနာကြီးကို ခေါင်းထဲက ထုတ်လိုက်ပါ ပိုက် ရယ် – အခု သူ့ပုံစံက ဒီကိစ္စကို ပြဿနာရှာတဲ့လူ ရှိရင်တောင် သူ့စားပေါက်ပိတ်မှာ စိုးနေတဲ့ပုံမျိုး …"

"ဒီတိုင်း ဘယ်အချိန်ထိ မောင် ကျွေးမွေးသွားနိုင်မှာလဲ …"

"သူပြောတဲ့ တစ်ပတ်လေ …"

"ရက်လည်လို့ပြောတာ မောင် …၊ အဲဒီစကားကြီးက …"



www.burmeseclassic.com

www.burmeseclassic.com



"စကားများတာပါ .. အဲ့ဒါကို မင်း ကြောက်နေတာလား .."

"ဟုတ်တယ် .. ပြီးတော့ ဒါက ငွေညှစ်တာနဲ့ ပိုတူမနေဘူးလား..၊ မောင် စဉ်းစားပါဦး .."

"တူတော့ ဘယ်သူက ဂရုစိုက်မှာမို့လဲ ..၊ ခုလည်း ရဲစခန်းက လမ်းဘေးတင် နီးနီးလေး .. ဆရာဝန်ဆီကိုလည်း ဖုန်းဆက်ထားပြီးပြီ..၊ သူ့နာမည်နဲ့ အသက်ကို ပြောပြပြီး ..."

"အသက်က ဘယ်လောက်တဲ့လဲ .."

"မသိဘူး တဲ့ .. သူ့အသက် သူ မမှတ်မိဘူး ..၊ ဒါပေမယ့် မောင် ဆေးကုပေးဖို့ အစီအစဉ်ကတော့ မှတ်တမ်းရှိပြီးပြီလေ .. ဆရာဝန်ဆီ ဖုန်းဆက်ပြီး မောင် သွားမယ်လုပ်တော့ သူ အတင်းငြင်းနေတာ.. အဲဒါတွေလည်း မောင် အသံဖမ်းထားတယ် ..၊ မောင့်ဘက်က ဝတ္တရားရှိတဲ့ အတိုင်း စီစဉ်ပေးဖို့ကို မောင့်သူငယ်ချင်းတွေက အစ သိတယ် .."

ပိုက် မျက်နှာလေးက ကိုယ်ပြောတာကိုတော့ မောင် ဘာမှ နား မထောင်ဘဲ စီစဉ်နေတာတွေပေါ်မှာ စိတ်ဓာတ်ကျ အားငယ်စွာ ရှိနေ ရင်း ...

"ဘာပဲဖြစ်ဖြစ် သူက ဆေးမကုပါနဲ့ဆိုတိုင်း မောင် ဒီတိုင်း မထား သင့်ဘူး .. ရဲစခန်းကိုလည်း .."

"မောင် လုပ်မှာပါ .. မနက်ထိတော့ စောင့်ကြည့်ပါဦးလား ပိုက် ရယ် .. ဘာဖြစ်လို့ ဒီလောက်တောင် စိုးရိမ်ပိုနေတာလဲ ..၊ သူ့ခြေထောက် ဒဏ်ရာက ကြီးပေမယ့် သူ ခံစားရတဲ့ပုံစံကို ကြည့်ပြီး မောင် အေးဆေး လိုက်တာ .."

"ပိုက် က သူ့ကို စိုးရိမ်လွန်းလို့ ပြောနေတာ မဟုတ်ဘူး .."

"အမှုပတ်မှာကို ကြောက်နေတာမို့လား .."





"ပတ်စရာလည်း ဘာမှမလိုဘူး မောင်.. သူ့ကို ပိုက် ကားနဲ့မတိုက် မိဘူး .. သူ့ဟာသူတောင် ထရပ်နိုင်သေးတာ ပိုက် မျက်စိရှေ့တင်.."

ညီ မျက်မှောင်ကုတ်သွားသည်။

မီးရောင်အောက်မှာ ပိုက် ရဲ့မျက်နှာလေးပေါ်က စိုးရိမ်ကြောင့်ကြ မှုကို အကဲခတ်ရင်း သူ စဉ်းစားနေတာက တခြား ..၊

"ဒါပေမယ့် သူ ကားကြုံလိုက်ပါရစေပြောလို့ ကားပေါ်တင်ခေါ် ခဲ့တယ် .. ရဲစခန်းမှာ ဝင်ရှင်းမယ်လည်း လုပ်ရော သူ့ဟာသူ ဆင်းနေခဲ့ တာ .."

"မင်းက နှင်လွှတ်လို့လား .."

"သူက ကြောက်စရာကြီး ဖြစ်လာတာ မောင်ရဲ့ .."

"ဒါပေမယ့် သူ ဆင်းတဲ့ဟန် ပြပြီး ခုံကြားထဲ လှဲချလိုက်တာ လည်း ဖြစ်နိုင်တာပဲကွာ .."

ပိုက် ကြောင်တောင်တောင် ပြန်ဖြစ်သွားသည်။

ဆင်းသွားတာကို မြင်ပေမယ့် ဘယ်ရောက်သွားမှန်း မသိသော အဖြစ်ကို ပြန်တွေ့မိလိုက်သောကြောင့် ရုတ်တရက် ငိုင်သွား၏။

"သူ ဘယ်လောက်ထိ စားနိုင်မှာလဲ ပိုက် ရယ် .. ကားနဲ့ မတိုက်မိ ဘဲ စားချင်သောက်ချင်လို့ လိမ်ညာနေတာဆိုရင်လည်း မောင်တို့ စေတနာပါပါ ကျွေးမွေးလိုက်ရင် ကုသိုလ်တောင် ရသေးတယ်ကွာ..၊ နော် .. ထားလိုက်တော့ .."

ပိုက် မှာ ပြောစရာစကား မရှိတော့ပေ ..။

"လာ .. မောင်တို့ ညစာ စားရအောင် .."

"မောင် စားလေ .."

"လုပ်ပြန်ပြီ .."



www.burmeseclassic.com

www.burmeseclassic.com



မောင့်မျက်နှာ ရှုံ့မဲ့သွားတာကို ကြည့်ကာ ပိုက် ခေါင်းညိတ်လိုက်မိသည်။

မစားချင်ပေမယ့် စားမှဖြစ်မှာကို သိလို့ဖြစ်သည်။ သို့သော်...

"ကိုညီ ရေ .. ကိုညီ အိပ်နေပြီလားကွ .."

"ဩော် .. ဦးကရင် .. မအိပ်သေးပါဘူး ...၊ ခဏ .."

အပြင်က စကားသံကြောင့် ညီ ထသွားပြီး တံခါးဖွင့်လိုက်လျှင် ဦးကရင် တို့ လင်မယားနှစ်ယောက်ကို မြင်လိုက်ရ၏။

ဦးကရင် က ဒီတိုင်းပေမယ့် ဒေါ်နန်း က နှာခေါင်းပိတ်ထားလျက် ဟိုကြည့် ဒီကြည့် ...၊

"ဘာများလဲ ဦးကရင် .."

"ဩော .. ညည်သည်နဲ့လား .."

ပိုက် က ထထွက်လာသဖြင့် ဦးကရင် မျက်နှာ အားတုံ့အားနာပုံ ဖြစ်သွား၏။

ညီ က ရယ်ရင်း ပိုက် ရဲ့လက်လေးကိုဆွဲ၍ မိတ်ဆက်ပေးသည်။

"ဧည့်သည် မဟုတ်ပါဘူး .. ကျွန်တော့်မိန်းမပါ ...၊ နာမည်က ပိုက် တဲ့ .."

"ဩော် .. ခဏ အလည်လာတာတောင် လိုက်လာတယ် ဟုတ်လား .."

"ဟယ် .. ချစ်စရာလေးပဲ .."

ဒေါ်နန်း က လှမ်းကြည့်ပြီး အားပါးတရ ပြော၏။ ပြီးတော့ ချက်ချင်းပဲ နှာခေါင်းပိတ်ပစ်ကာ ...

"နင်တို့ ပုပ်စော် မနံကြဘူးလား .."

"ဗျာ!..."





ပိုက် နဲ့ ညီ မျက်လုံးချင်း ဆုံသွားကြပြီး အနံ့ခံကြည့်ကာ ...

"မနံပါဘူး .. ဘာနံ့ကြီးလဲ...၊ တော်တော်ဆိုးလို့လား .."

ညီ က မျက်နှာတိမ်း၍ အနံ့လိုက်ရှူကြည့်ရင်း ထပ်မေးသည်။

"အသားပုပ်နံ့ကြီးပါဟယ် .. ဆိုးလိုက်တာ ...၊ အပေါ်တက်လာလေ နံလေပဲ ...၊ နင်တို့ မနံတာ အံ့ရော .."

"ဟုတ်လား .. ကျွန်တော်တို့ မရဘူး ...၊ ဒါနဲ့ ဒေါ်နန်း တို့ ကျွန်တော့်ဆီ လာတာလား .."

"မဟုတ်ဘူးကွ .. ပုပ်စော်နံလို့ လိုက်ရှာရင်းနဲ့ အနံ့နီးနီးလာလို့ တက်လာရင်း ဒီထိရောက်လာတာ ...၊ တော်ကြာ မနက်ကျ သူဌေးရဲ့ မန်နေဂျာ ရောက်လာရင် ငါတို့တွေ ညစ်ပတ်လို့ဆိုပြီး မောင်းထုတ်ခံရမှာ .."

"ဟုတ်တယ် ကိုညီ .. ငါတို့က မင်းလို သူဌေးသား မဟုတ်ဘူးကွ .. ကြည့်ပါလား ...၊ ဘုန်းကံချင်းက မတူတာ .. ငါတို့တွေ နံလို့ မနေနိုင်ဘူး .. သူတို့က ဘာနံ့မှ မရဘူးတဲ့ .."

"ဟုတ်ပ .."

လင်မယားချင်း လှည့်ပြောပြီး နှုတ်ဆက်ပြန်သွားကြသည်။ သို့သော် ...

"ဒုန်း .."

"ဒုတ် .."

တံခါးပိတ်မလို့ပြင်ပြီးမှ အပြင်ကအသံကြောင့် ညီ တုံ့ခနဲ ဖြစ်သွားသည်။ ထိုစဉ် ...

"ဒီထဲကပဲ ...၊ ဒီအခန်းထဲမှာ တစ်ကောင်ကောင် သေနေပြီ .."

စကားပြောသံတွေကြောင့် ညီ မျက်နှာပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်အုန်းခင် ကို ထားတဲ့အခန်း .."

တီးတိုး ရေရွတ်လိုက်ပြီး အပြင်ကိုထွက်သွားလျှင် ပိုက် ကျီးတိကြောင်တောင် ကျန်ရစ်၏။

ဒေါ်အုန်းခင် အခန်းဆိုပြီး မောင် လိုက်သွားတဲ့ပုံက ဒီအဘွားအိုကို ဘယ်သူမှ မသိအောင် ထည့်ဝှက်ထားမိလို့များလား ..၊

ထိုအခါ မောင့်ကို သူခိုးဖမ်းကြတော့မည်လို့ တွက်မိကာ ကံမန်းကတန်း ထွက်လိုက်ခဲ့မိသည်။

အပြင်မှာ မှောင်မိုက်နေလျက် ခပ်ကျဲကျဲ ထွန်းထားသည့် အဝါရောင် မီးလုံးလေးတွေမှ လင်းအားက မကြည်လင် ..၊

"ဩော် .. လူမမာ လား .."

"မီးဖွင့်ပေးလိုက်ပါလား ကိုညီ ရာ .. ပြီးတော့ လူမမာဆိုရင် ဒီလောက် နံစော်နေတာ ရောဂါ ပိုရတာပေါ့ .."

ထိုအခန်းရှေ့ကို ပိုက် ရောက်သွားတော့ တံခါးမတပ်ရသေးသည့် အခန်းက အထဲမှာ မှောင်မိုက်နေ၏။

ထိုရှေ့ရောက်မှ နှာခေါင်းထဲကို အပုပ်နံ့က ထောင်းခနဲ ဝင်လာသည်။

"နံလိုက်တာ .."

"ဟော .. တွေ့လား ကိုညီ .. သူလည်း နံတယ်တဲ့ ..၊ မင်း ခုထိ အနံ့ မရသေးဘူးလား .."

"ရတယ် .. ကျွန်တော်လည်း ဒီရှေ့ရောက်မှ ရတာ .."

ဦးကရင် က ဓာတ်မီးကိုင်ထားတာမို့ အခန်းထဲကို တည့်တည့် မထိုးပေမယ့် တဝေ့ဝေ့ ပတ်ဆွဲနေသည်။ မီးရောင်ကျသမျှ မြင်ကွင်းထဲမှာ လူမရှိပေ ..။





ဒါပေမယ့် အတွင်းမှာ ဘိလပ်မြေအိတ်ခွံတွေနှင့် သစ်တိုသစ်စပုံ ခပ်ကြီးကြီးက အခန်းကို အလယ်က ကန့်ထားသလိုဖြစ်နေသဖြင့် ထိုအပုံရဲ့နောက်မှာ သွားအိပ်နေတာလိုလို ..၊

"လူမမာ ဒီထဲထည့်ထားရသလား ကိုညီ ရယ် .. ဒီအောက်ထပ်မှာ ခုတင်ရှိတဲ့အခန်းတွေ ရှိသေးတာကို .. ငါတို့ကို ပြောရောပေါ့"

ဒေါ်နန်း ကတော့ စေတနာနဲ့ပြောနေတာပါ .. ညီ စဉ်းစားနေတာက ဒေါ်အုန်းခင် ဘယ်ထသွားတာလဲ ..၊

"ဟိုလေ .. သူက လွတ်လွတ်လပ်လပ် နေချင်တယ် ပြောလို့ပါ..၊ ပြီးတော့ အနားနီးနီးမှာ ထားရင် ညမှုညတာ ထကြည့်လို့ ရတယ်မို့လား ..၊ ပိုက် တို့ ဒီမှာ လာရှင်းတုန်းကလည်း ဘာစော်မှ မနံသေးဘူး အမိုး ရဲ့ .."

"အမလေး .. အမိုး ဟုတ်လား .. ငါ့သမီးက ချစ်ဖို့ ကောင်းလိုက်တာဟော့ .."

ပြောနေကြသည့် လိုရင်းပျောက်ကာ ဒေါ်နန်း က ပိုက် ရဲ့မေးဖျားလေးကို ဆွဲလှုပ်ပြီး ရယ်နေ၏။

"ဟော့ .. တိုးတိုးလေကွာ .. အထဲမှာ လူမမာ ရှိပါတယ်ဆို ..၊ လာ .. လာ ပြန်ဆင်းမယ် .."

"သမီး မနက်ကျ အမိုးတို့အခန်းကို ဆင်းလာလည်နော် ..၊ အမိုးက ရန်ကုန်မုန့်ဟင်းခါး ကောင်းကောင်း ချက်တတ်တယ် .."

"ဟုတ် .. အမိုး .."

ဒေါ်နန်း တို့ ပြန်ဆင်းသွားကြတော့ ပိုက် နဲ့ ညီ ကိုယ့်အခန်းရှေ့ရောက်နေပြီပေမယ့် မဝင်ဖြစ်ကြသေး ..၊

"ဘာဖြစ်လို့လဲ မောင် .."


www.burmeseclassic.com

www.burmeseclassic.com

"မသိဘူး .. စိတ်ထဲမှာ တစ်မျိုးပဲ .."

"ဘာကိုလဲ ဟင် .."

ညီ က တစ်ခုခုကို အလေးအနက် စဉ်းစားနေပုံရှိကာ ...

"ဒေါ်အုန်းခင် ဘယ်ရောက်သွားလဲလို့ .."

"ဘယ်လို!..."

"နေပေ့စေကွာ .. သူ့ အတွင်းဘက်မှာ ပြောင်းအိပ်နေတာ ဖြစ်မှာပါ .."

ညီ က ပြောပြီး အခန်းထဲ လှည့်ဝင်သွား၏။ ပိုက် က သူ့လက်ကို ဆွဲထားကာ ...

"မောင်ပဲ ပြောတော့ သူ့ခြေထောက်မှာ ဒဏ်ရာကြီး ရှိနေတယ် ဆို .."

"သူ ဘာမှမဖြစ်ဘူးလို့ မင်းပဲ ပြောပြီးတော့ .."

ပိုက် ဘာမှမပြောနိုင်တော့ ..၊

ညီ က ရယ်လိုက်ပြီး တံခါး ပြန်ပိတ်သည်။ ပြီးတော့ ...

"စိတ်ရှုပ်စရာတွေ ထားလိုက်တော့ကွာ .. မောင်တို့ ပြောချင်တာတွေ ခုထိ ဘာမှမပြောရသေးဘူး .."

"မောင် .. ထမင်းစားမလို့ ဆို .."

"မစားတော့ဘူး .."

ညီ က ပိုက် မျက်နှာလေးကို မော့ယူကာ စူးစိုက်ကြည့်၏။

"တော်ပြီ .. မောင့်ကို ချစ်တာတွေပဲ တွေး .."

"တွေးဖို့ မလိုဘူး မောင် .. မောင့်ကို ချစ်လွန်းလို့ ပိုက် က ဒီထိ တစ်ယောက်တည်း လိုက်လာခဲ့တဲ့သူ .."

"မောင်ကလည်း အကြာကြီးနေဖို့ ထွက်လာတာမှ မဟုတ်တာ.."





"ဘာ!... ဒါ .. ဒါ .. မကြာသေးဘူး ဟုတ်လား ..၊ နောက်ထပ် ဘယ်လောက်ထိများ ခွဲနေဖို့ စိတ်ကူးထားခဲ့တာလဲ မောင် .."

"ဒီတစ်ပတ်ပဲ .. မောင် ဒီဟိုတယ်လ်ကိစ္စကို စိတ်ဝင်စားလို့ ချက်ချင်း မပြန်ဖြစ်တာ .."

"ပိုက် ကို ခွင့်မလွှတ်နိုင်လို့ မဟုတ်ဘူးလား .."

"ခွင့်မလွှတ်နိုင်တာက မင်းရှေ့မှာတုန်းက ..၊ ခွဲထွက်လာပြီဆိုတည်းက မောင် မှားပြီဆိုတာ သိလိုက်တယ် .."

သူ ပိုက် ရဲ့တစ်ကိုယ်လုံးကို အဝတ်ထုပ်လေးလို ယုယစွာ ထွေးဖက်ထားမိကာ ...

"လွမ်းလိုက်တာ ပိုက် ရယ် .. မင်းကို မောင် ချစ်တယ် ..၊ မင်း မရှိဘဲ မောင် တစ်ယောက်တည်း ခွဲမနေနိုင်ဘူးဆိုတာ သိလိုက်ရတည်းက မင်းနဲ့ပတ်သက်တဲ့ ဒေါသတွေ .. မင်းကို အပြစ်မြင်မိတာတွေ မောင့်မှာ ဘာမှမရှိတော့ဘူး .."

မောင့်ရင်ခွင်ထဲမှာ မြတ်နိုးကြည်နူးစွာ နိုဝင်ရင်း မောင့်ကိုပဲ ပြန်ဖက်ထားမိကာ ...

"ဒါနဲ့များ ပြန်လာခဲ့ပါလား မောင်ရယ် .. မေမေဆိုရင် မောင့်စိတ်နဲ့ နေမကောင်းတောင် ဖြစ်နေရှာတာ .. ပြီးတော့ မောင့်ဆီကို ရောက်လာဖို့ ပိုက် စွန့်စားခဲ့ရတာ သေလုမျောပါးပဲ သိရဲ့လား .."

"အဲဒါတွေ မပြောပါနဲ့တော့ကွာ .. မောင် တောင်းပန်ပါတယ်..၊ ဒါပေမယ့် မင်းကို လူကြီးတွေနဲ့ပဲ ရှိနေမယ်လို့ မောင်က ထင်တာလေ..၊ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ .."

"မောင်ကမှ ဖုန်းမကိုင်တာ .. ဘာအကြောင်းမှလည်း မကြားဘူး ..၊ ပိုက် ကိုမြင်မှ လွမ်းပြတာတော့ မဟုတ်ဘူးမို့လား .."


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာကွာ .. မောင်က မဲဆောက်ဘက်မှာ နယ်စပ်လုပ်ငန်းတွေအကြောင်း လျှောက်ကြည့်နေတာ ..၊ စိတ်လေနေတာပေမယ့် ထိုင်လွှမ်းနေရင် မောင် ချက်ချင်း ပြန်လာမိတော့မှာ .."

"ပြန်လာရင် ဘာဖြစ်မှာမို့လို့လဲ .."

"ဖေဖေ အထင်သေး အမြင်သေး ဆီးဆူတာ ခံရမှာပေါ့ .."

"အထင်မြင်သေးတာ မဟုတ်ပါဘူး မောင်ရယ် .. မောင့်ကို အရမ်းတော်စေချင်တာပါ ..၊ မောင့်အတွက်နဲ့ ဖေဖေ ဘယ်လောက် စိတ်ပူပန်သောကရောက်နေရသလဲ သိရဲ့လား .."

ညီ က ပိုက် ရဲ့လက်လေးကို ဆွဲသွားကာ မွှေ့ရာစပ်မှာ အတူတူ ယှဉ်တွဲထိုင်၏။

ပြီးတော့ နဖူးက ဆံပင်တွေ ဖွရင်း ပိုက် ရဲ့ပေါင်ပေါ်မှာ ပက်လက်လှဲချလိုက်သည်။

"မောင်ရယ် .. ထပါ .. ငရဲကြီးတော့မှာပဲ .."

"မကြီးဘူး .. ငြိမ်ငြိမ်နေ .."

ပိုက် က ညီ ခေါင်းကို 'မ'၍ လက်ဖဝါးလေးနဲ့ ခံထားပေးလျှင် ညီ က ထိုလက်ကို ဆွဲယူလိုက်ပြီး ...

"မောင် ဒီတိုင်း အကြာကြီးနေရင် လက်တွေကျဉ်လာလိမ့်မယ်.."

ပိုက် ရဲ့ လက်ဖဝါးလေးကို ထပ်ဆုပ်ကိုင်ကာ ရင်ဘတ်ပေါ်မှာ ကပ်ထားလိုက်၏။

ပြီးမှ ...

"ဖေဖေ့ကို မောင် နားလည်တယ် ..၊ စေတနာဆိုတာ မှန်ပေမယ့် စေတနာအများဆိုတာ ရှိတတ်မှန်းတော့ ဖေဖေက လက်မခံဘူး ..၊ ငါ့စေတနာထားတာပဲဆိုတဲ့ မာနနဲ့ ဘာဖြစ်ဖြစ် သူပဲ မှန်နေတာ .."





"မောင်ကလည်း .."

"ဒါပေမယ့် မောင် ပြန်လာမှာပါ ..၊ မောင်လည်း ကိုယ့်ကိုယ်ကိုယ် ဘယ်နေရာမှာတော့ မှားသွားတယ် .. ဘာကြောင့် ငါ ဒီလိုလုပ်ခဲ့မိတယ် ဆိုတာမျိုး ပြန်သုံးသပ်မိတယ် ..၊ ဒါကြောင့် ဒီကပြန်ရင် မောင့်မှာ တစ်ခုခု ပါသွားချင်တာ .. အခု ဒီဟိုတယ်လ်တည်ဆောက်ရေးစီမံကိန်းမှာ သူတို့ချင်း ဂျမ်းဖြစ်နေကြတယ် ..၊ သူ့ဌေးဦးဖေယျကတော့ နုတ်ထွက်ဖို့ သေချာနေပြီ .."

"သူတို့ရဲ့ပြဿနာကို မောင် သေချာသိလို့လား မောင်ရယ် .. ဒါကြီးက ဘာဖြစ်လို့လဲမှ မသိတာ .."

"မောင် သိတယ်.. အဲဒါကို အေးဆေးကျမှ ပြောပြမယ် ..၊ ဖေဖေ့ကို ပြောပြပြီး တိုင်ပင်ဦးမှာပါ ..၊ ဒီမှာက နယ်စပ်လည်း ဖြစ်တော့ နေရာကွက်ကွက်လေးပေမယ့် စည်တယ် .. လွတ်လပ်တယ်၊ လက်ယဉ်သဲတွင်းလေးပေမယ့် ရေကြည်တယ် .. ခပ်သလောက် မကုန်ဘူးပေါ့ကွာ .."

"အင်း .."

"ပင်လယ်ကြီးက အပြောကျယ်ပေမယ့် ရေကြည်သောက်ဖို့ ခက်တယ် .. ဖေဖေ စိတ်ဝင်စားမယ်ဆိုရင် ဒီလုပ်ငန်းကို လွှမ်းချိတ်ထားရုံပဲ.. ကိုယ်တိုင် ကြပ်မတ်ပေးနေဖို့တောင် မလိုဘူး .."

"မောင် ဒီမှာ လာနေမယ်ပေါ့ .."

"ဒီလိုလည်း မဟုတ်ဘူးလေ .. သွားလာရခက်ခဲပေမယ့် အဆင်ပြေဖို့ ရှိတာတွေကို ပြောပြတာ .. မောင်လည်း ဘယ်မှာပဲနေနေ မင်းကိုမောင် သွားလေရာ ပါမှာပဲ ..၊ ဘာလဲ မလိုက်ချင်ဘူးလား .."

"လိုက်မှာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



ပိုက် က သူကိုင်ထားသည့်လက်ကို နုတ်ယူလိုက်ပြီး နဖူးပြေပြေကို တယုတယ ပွတ်သပ်နေခဲ့ရင်း ...

"ဖေဖေတို့ကို မောင် နားလည်သွားတယ်ဆိုရင် ပိုက် ဝမ်းသာတယ် .."

"ဝမ်းသာရုံပဲလား .."

"ဘာလုပ်ပေးစေချင်လို့လဲ .."

"မောင့်ကို လက်ဆောင်ပေးရမှာပေါ့ ကွ .."

"မပေးပါဘူး .. သူများကို ငိုရအောင် လုပ်ခဲ့ပြီးတော့ .."

"ဒီကရော ပျော်နေလို့လား .."

"နေနိုင်လို့ နေနေတာပဲလေ .. ဟိုဆိုင်လေးကိုလည်း သူများလက်ထဲ တစ်စစီ ဖြုတ်ထည့်ဖို့ ကြံသေးတယ် .."

"အခု အဲဒါတွေ ဖေဖေ ပြန်ယူထားလိုက်တယ်မို့လား .."

"မနည်း ပြန်လိုက်နေရတာ မောင်ရဲ့ .. ကင်းမောင်မောင် ဆိုတဲ့ သတ္တဝါက ဘာတွေ အငြိုးကြီးနေမှန်း မသိဘူး .."

"မင်းကို မရလို့ .."

"မဟုတ်ပါဘူး မောင်ရယ် .. သူက လူရှုပ်ပါ ..၊ ပိုက် နဲ့လည်း ဘာမှဟုတ်ခဲ့တာ မဟုတ်ဘူး .. သူလည်း ပိုက် ကို မရမှန်းသိလို့ လက်လျှော့ပြီး ရည်းစားတွေထားနေတာမှ ပွလို့ ..၊ မောင့်ကို ပိုက် က ချစ်နေမှန်းလည်း သိသားပဲ.. သူ့မွေးနေ့မှာ ပိုက် က သူ မဖိတ်ဘဲနဲ့ မောင့်အတွက်နဲ့ ရောက်လာတာကို တင်းသွားတာ .. ကိုယ်မစားရရင် သူများလည်း မစားနဲ့ ဆိုတာမျိုး .."

ညို က ပိုက် စကားပြောနေတာကို ငေးကြည့်ရင်း တိတ်နေ၏။ ပြီးတော့ ပိုက် လည်ပင်းက တန်းလန်းကျနေသည့် ပလက်တီနမ်





ကြိုးပျော့နှစ်ထပ်လုံးလေးက သူ့မျက်နှာရှေ့မှာ လွဲခါနေသဖြင့် ထိုကြိုးလေးကို လက်ချောင်းတို့နှင့် တောက်ဆော့နေ၏။

"ဘယ်လောက် စိတ်ပုပ်သလဲဆိုရင် ယုယ ကိုတောင် လုံးဝအဆက်ဖြတ်ပစ်တာ .. ပိုက် ကို ခေါ်လာလို့တဲ့ .."

ညို က ဆွဲကြိုးအဖျားလေးကို ဆုပ်ကိုင်ထားလိုက်ပြီး ပိုက် မျက်နှာလေးကိုပဲ စိုက်ကြည့်နေ၏။ ပိုက် က ပြန်ငုံ့ကြည့်ကာ နှုတ်ခမ်းလေးစူသွားကာ ...

"တော်တော့ .. သွား .."

ညို မျက်နှာကို ဟိုဘက်လှည့်သွားအောင် မေးဖျားနဲ့ နဖူးကို ကိုင်၍ တွန်းပစ်လိုက်၏။ ညို က သူ့မလက်ကို ဖယ်ချပြီး ရယ်၏။

"ဘာဖြစ်တာလဲကွ .. ဒီမှာ သိကြားမင်းစည်းစိမ်နဲ့ နေနေတာကို .."

"သိကြားမင်းစည်းစိမ်က အဲဒါမျိုးလား .."

"ဟုတ်တယ် .. ကိုယ့်ချစ်သူရဲ့မျက်နှာကို တမေ့တမော ငေးကြည့်နေရတာလောက် ရင်ခုန်ဖို့ကောင်းတာ မရှိဘူး .."

"အဲလိုကြီး ကြည့်တာကျတော့ ရှက်တာပေါ့ .."

"ရှက်ရင် မျက်လုံးမှိတ်ထားကွာ .. နောက်ထပ် သုံးမိနစ်လောက်ပဲ .."

"မသိဘူး .. မောင် နော် .."

ပိုက် က ညို မျက်လုံးတွေပေါ်မှာ လက်ဖဝါးလေးနဲ့ အုပ်ပစ်လိုက်သည်။ ညို က လက်ကို ရအောင်ဖယ်ပြီး လက်ချောင်းလေးတွေကို ကိုက်ပစ်လိုက်၏။

"အား!..."



www.burmeseclassic.com

www.burmeseclassic.com



"နာသွားလား .. ဆောရီး .."

"ကြည့်ပါလား .. သူများကို နာအောင်ကိုက်ပြီးတော့ ..၊ မရဘူး ပြန်ကိုက်မှာ .."

"ဟာ .. ဟော့ .."

ရှောင်ရင်းတိမ်းရင်း ပိုက် ရဲ့ပေါင်ပေါ်ကနေ ညီ ခုတင်အောက်ထိ ကိုးရိုးကားရား ကျ၏။

"ကိုက်မယ်ဆိုရင် လက်ကိုတော့ ပြန်မကိုက်နဲ့.. ဒီမှာ တွေ့လား.."

"အား .. မောင် နော် .."

လှုနားကို ဝုန်းခနဲ လှဲချလိုက်ကာ တစ်ကိုယ်လုံးကို သိမ်းဖက်ထားလိုက်ပြီး သူ့နှုတ်ခမ်း အတင်းထိုးပေးနေသည်။

"မောင် နော် .. တကယ် ကိုက်ပစ်လိုက်မှာ သိလား .."

သူ့မျက်နှာကို လက်နဲ့ကာထားပြီး ရှောင်ရင်း ပိုက် အတင်းအော်သည်။ ညီ က ရယ်နေလျက် မရမက အနိုင်ကျင့်ဖို့ ကြိုးစားသည်။

ထိုစဉ် ...

"ဒေါက် .. ဒေါက် .."

တံခါးခေါက်သံကြောင့် ပိုက် ကို ဖက်ထားလျက်နှင့် ညီ လှည့်ကြည့်သည်။ ပြီးတော့ နဖူးလေးကို နမ်းလိုက်ပြီး နေရာမှထကာ ...

"ဘယ်သူလဲ .."

"ဟော့ကောင်.. ဗီလင်အောက်သွားတဲ့မျက်နှာကြီးနဲ့ ထွက်မလာနဲ့ .. ပြောထားပြီးသား .."

ဟင်!...

အပြင်ကအသံတွေကို ကြားကာ ပိုက် မျက်နှာလေး ပျက်သွား၏။ ပြီးတော့ ညီ့ လက်ကို ပြန်ဆွဲထားပြီးကာ ...





"မောင် .."

"ရှက်မနေနဲ့.. မင်းဆီ ရောက်မလာစေရဘူး၊ စိတ်အေးအေးထား"

ပိုက် ရဲ့ပါးလေးကို အသာလေး လှမ်းပုတ်ပြီး ညီ က တံခါးကိုဖွင့်တော့ဖွင့်ပေးမယ့် သူ့ကိုယ်နဲ့ခံထားလိုက်ပြီး ဒီတိုင်း မလှုပ်ဘဲထားကာ...

"ပြောထားပြီးသားပေမယ့် ဒီလို ငရဲကြီးခံပြီး တကယ်လိုက်နှောင့်ယှက်မယ် မထင်လို့လေ .."

"အံမာကွာ .. ရုပ်ကြီးက .."

"အေးလေ .. မိန်းမကို လွမ်းလွန်းလို့ ချစ်တာ လုတာတွေ မင်းတစ်ဖွဲ့တစ်နွဲ့ ပြောနေတိုင်း သည်းခံ နားထောင်ပေးနေရတာ ဘယ်သူတွေလဲ .."

"ငါတို့ နော် .. ဒီမှာ ငါတို့ .."

သူတို့ဘာသာ မေးကြ၊ ဖြေကြနှင့် ဟုတ်နေသည်။ ညီ့ မျက်နှာက စပ်ဖြဲဖြဲနှင့်ရှိကာ ...

"သူ အရမ်း ပင်ပန်းလာတာကွ .. ပြီးတော့ အာပြဲကြီးတွေနဲ့ နောက်ပြောင်နေကြတာ ရှက်မှာပေါ့..၊ မနက်ကျမှ မိတ်ဆက်ပေးမယ်"

"မရဘူး .. ဟော့အေ .. ခုပဲ .."

"ညီ နော် .. မင်းကို ဆရာကျော် ကတောင် မေးနေသေးတယ်...ကိုယ့်ဆရာ ရောက်တုန်းကတော့ ပြေးကြိုမယ် မရှိဘူး .. သူ့မိန်းမလာတော့ အမြီးကို တန်းနေတာပဲလား တဲ့ .."

"ဟား .. ဟား .. ဟား ..."

"မရယ်နဲ့ အကောင်းပြောတာ.. ငါတို့ အခု ညဉ့်နက်သန်းခေါင်ထိ မင်းနောက်ကို တကူးတကလိုက်လာကြတာ ဘာဖြစ်လို့လဲ သိလား..."

"ဆရာက ဘာပြောလိုက်လို့လဲ .."

www.burmeseclassic.com



"ဟဲ .. ဟဲ ..."

"မင်းကို နှောင့်ယှက်ဖို့ .."

"ဒါပဲကွာ .. ငရှုပ်တွေ .."

ညို မျက်နှာ ရယ်နေရင်း ရှုံ့တွသွားကာ ဆံပင်တွေ ဖွသည်။

ပြီးတော့ လှည့်ကြည့်လိုက်တာနှင့် ပိုက် က သိနေကာ သူ့နားကို ထလာ၏။

"အဲဒီမှာကွာ .. သူက စိုးထိုက် ..၊ သူက ဖိုးကျင် .. ကရင်နာမည် တော့ ရှိတယ် .. အလွယ် အဖျားဆွတ်ခေါ်နေကြတာ .."

လေးယောက်တောင်ရှိတာကို ညို က နာမည်တွေ ပြောပြသည်။ ပြီးတော့ ...

"သူက ငါ့မိန်းမ .."

"ပိုက် .."

သူ မပြောရသေးဘဲ အားလုံးက နာမည်ပြောပြီး ရယ်ပြကြသည်။

"ပိုက် က ပြောသလောက်လည်း လှတာကိုး .. ဒါကြောင့် ညို ကို ဘယ်မိန်းကလေးနဲ့မှ နောက်လို့ မရတာ .. ဒီကောင် ခင်ဗျားကို တကယ်လွမ်းတာ နော် ပိုက် .."

"ဟုတ်တယ် .. တစ်နေ့ အခါခြောက်ဆယ်လောက် ကျွမ်းထိုးပြီး အော်နေတာ .."

"အော်ပြလိုက်လေ .."

"ပိုက် .. ပိုက် .. ပိုက် .. ပိုက် ..."

"ဟော့ကောင် တော်စမ်းပါကွာ .. ကျက်သရေတုံးတဲ့ အသံကြီး နဲ့ .."

"ဟား .. ဟား .. ဟား .. ဟ!.."





ရယ်နေသည့်ပါးစပ်ကြီး ဟ .. ခနဲ ပြန်ပိတ်ကာ စိုးထိုက် မျက်နှာ ရှုံ့မဲ့သွားသည်။ ပြီးတော့ နှာခေါင်းပိတ်လိုက်လျှင် ပိုက် ချက်ချင်း သိလိုက်၏။

"ဘာဖြစ်လို့လဲ ဟင် .. ပုပ်စော်နံလို့လား .."

"ဟုတ်တယ် .. ခင်ဗျားတို့ မနံကြဘူးလား ..၊ ဒီလောက် ရှူးရှူးရှား ရှား .."

"ဟုတ်ပ .. အောက်ထပ်မှာလည်း သူလျှိုဖမ်းနေကြတာ ကျနေ တာပဲ ..၊ ဒီအချိန်ထိ ဆူညံ လှုပ်ရှားနေကြတာ .."

ဒီလောက်တောင် ဖြစ်နေကြတာလား ..၊ ညို နဲ့ ပိုက် တို့ အကြည့် ချင်း ဆုံသွားကြကာ နှစ်ယောက်စလုံး မျက်နှာတွေ ပျက်သွားကြ၏။

ထို့ပြင် ...

"ဘယ်မှာလဲ မင်းရဲ့ မော်ဒယ်ပလွေရိုး .."

"အေးလေ .. ငါတို့မှာဖြင့် သူ့အတွက် ပြေးလွှား ဝယ်ခြမ်းလိုက် ရတာ .."

"စိုးထိုက် .. ဒီကောင့်ကို သေချာကြည့်ထားနော် .. သူက လွမ်း တယ်ဆိုပြီး တစ်ညတည်းမှာ သူ့နား ရောက်လာတာ နှစ်ယောက်ပူး.."

"ဖိုးကျင် .. မင်း နော် .. ငရဲကြီးတော့မှာပဲ .."

"ဒါဆိုလည်း ပြလေကွာ .. လူမမာဆိုပြီးတော့ .. ကားထဲမှာတုန်း ကလည်း နေပါစေတဲ့ .."

စိုးထိုက် တို့က တကယ်ကို မယုံကြတာ ဖြစ်သည်။ အင်္ကျီဝယ် ပေးပါဆိုတော့ လူကြီးအင်္ကျီကို ဘယ်မှာသွားဝယ်မလဲ..၊ ရယ်ဒီမိတ် ဖောက်စာတွေနဲ့ ရှိုးရှိုးရင်စေ့ဘလောက်စ်ဆို ဖြစ်မလား မေးတော့ ဖြစ် တယ်တဲ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ပြီးသား ရယ်ဒီမိတ်ထဘီဆိုတာရော ရှိလို့လား ...။

ဆွဲသားစကတ်ဆို ဖြစ်လား မေးတော့လည်း ဖြစ်နေတာပဲဖြစ်၏။ ပြောတော့လည်း အသက်ရှစ်ဆယ်လောက် အဘွားအို တဲ့ ...။

"ဟား .. ဟား .. ဟား ..."

သူတို့အားလုံး ညို့ မျက်နှာကို ကြည့်လိုက် .. မယုံကြည်စရာတွေနဲ့ ယှဉ်တွေးပြီး ရယ်လိုက် ...။

"စိတ်မဆိုးနဲ့နော် ပိုက် .. ဒီကောင် သူ့ခွေမျိုးထဲက တစ်ယောက်ယောက်မို့လို့ ထွင်လုံးတွေနဲ့ လိမ့်ကွယ်နေတာ .."

"မောင် .."

ပိုက် ညို့ ကို မော့ကြည့်ကာ ...

"မောင် ပြောတော့ သူငယ်ချင်းတွေလည်း သိကြတယ်ဆို .."

"ဟော .. ပေါ်ပြီ တွေ့လား .."

"မဟုတ်ဘူး .. မဟုတ်ဘူး ...၊ မောင်က ညာထားတာ မဟုတ်ပါဘူး .."

ပိုက် က ယောက်ျားကို အထင်လွဲကြမှာလည်း ကြောက်သေးသည်။

သူမ စိုးရိမ်တာက မောင် ဒါကို ဖုံးဖိထားသလား ...၊ ဘာကြောင့် မပြောတာလဲ ဆိုတာ ...။

"မောင် ပြောပြထားပါတယ်ကွာ .. ကားအက်ဆီးဒင့် ဖြစ်ထားလို့ ဒဏ်ရာရထားတဲ့ အဘွားအိုဆိုတာ .."

"အေးပါ ပြောပြခဲ့ပါတယ် .. လူနာက လမ်းပေါ်မှာ မိုးမိထားတယ် ...၊ ကိုယ် တာဝန်ယူရမှာမို့လို့ ကျွေးမွေးရမယ် .. အဝတ်လဲဖို့ ပေးရမယ် ဆိုတာ .."





"အင်းလေ .. ပြီးတော့ လူနာပဲ လူသိမခံချင်ဘူးတဲ့ .. ကားမှန်တွေ ချထားပြီးတော့ .."

"ဟော့ကောင်တွေ .."

"မင်းပဲ ပြောတာလေ .. ငါတို့ကလည်း လူနာ လာမေးတာပါ...၊ မင်း ပြောတာ တကယ်ဆို အခုပြ .. ဘယ်မှာလဲ .."

"ပြမယ်ကွာ .."

သူ မပြခဲ့တာက အဘွားအိုရဲ့ဆန္ဒအတိုင်းပဲ ဖြစ်သည်။

သဘာဝမကျတာတွေ အမိပ္ပာယ်မဲ့တာတွေ ဘေးချိတ်ပြီး အမိက က တရားလိုနဲ့ တရားခံ အဆင်ပြေသွားဖို့လို့သာ လိုရင်း ...။

ဒါက လူနာကို မစာနာလို့ မဟုတ်ပေ ...၊ ခံစားနေရသည့်ပုံ မရှိသည့် လူနာရဲ့အခြေအနေကိုကြည့်ပြီး ဆုံးဖြတ်လိုက်တာပါ ...။

ခု ဘာတွေ ထပ်ဖြစ်လာနေသည်ကို မသိ ...၊ ပုပ်စော်နံနေရသည့် အကြောင်းရင်းက ဒီလူနာအခန်းက ဖြစ်နေရတာ လူနာနဲ့ သက်ဆိုင်နေသလား.. မဆိုင်ဘူးလား ...၊ ဒီလူနာကို ကိုယ်တိုင် တွဲချ 'မ'တင် လုပ်နေခဲ့တာ သူ့ကျတော့ ဘာလို့ အနံ့မရခဲ့တာလဲ ...။

တကယ်တမ်း ပုပ်စော်နံနေသည်ဆိုရင်ရော ဘာကြောင့်လဲ ...၊

"ကျွတ်!..."

"မျက်နှာကြီးကလည်း ဖြစ်နေလိုက်တာကွာ .. သူက လူနာမို့လား ...၊ ငါ ဆရာဝန် လုပ်မယ်ကွာ .. ဆရာဝန် လာကြည့်တယ်ပေါ့.."

"မဟုတ်ပါဘူး စိုးထိုက် ရာ .. မင်းက တစ်မျိုး .."

"မောင် .. နေဦး .."

ပိုက် က ညို့ လက်ကို ဆွဲထားလိုက်ကာ ...

"မောင် မဝင်သွားနဲ့လေ ..သူက စိတ်တိုတတ်တယ် .."



www.burmeseclassic.com

www.burmeseclassic.com

"မတတ်နိုင်ဘူးကွာ .. မောင့်စိတ်ထဲမှာလည်း ဘာကြောင့်မှန်း မသိတာတွေ များနေပြီ .."

"ရှော .. မောင် .."

"နေပေ့စေ .. မီးဖွင့်လိုက်မယ် .."

အခန်းဝမှာ သူတို့ ရပ်မိကာမှ အထဲက အပုပ်နံ့က စူးစူးဝါးဝါး ထွက်လာသည်။

စိုးထိုက် တို့ မရယ်နိုင်တော့ဘဲ နှာခေါင်းတွေ ပိတ်လိုက်ကြကာ ညီ နဲ့ ပိုက် တို့ ဘယ်လိုအရေးအခင်းတွေ ပြောနေကြတာလဲဆိုတာ စိတ်ဝင်စားလာကြ၏။

"အဘွား ရေ .. အဘွား ဒေါ်အုန်းခင် .."

"... ... ..."

"အဘွား .."

အခန်းထဲမှာ လုံးဝ တိတ်ဆိတ်နေသဖြင့် အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ပြန်ကြည့်မိကြသည်။ စိုးထိုက် တို့ဘက်ကို ညီ လှည့်၍ ပိုက် ရဲ့လက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်သည်။

ပိုက် မျက်နှာလေးကလည်း ထိတ်လန့်နေသလို ဖြစ်နေသဖြင့် ကျန်တဲ့လူတွေ ဘာမှ နားမလည်ကြတော့ပေ ..။

"အဘွားရေ .. ကျွန်တော် မီးဖွင့်လိုက်မယ် နော် .."

ညီ က မှောင်မည်းနေသည့်ထဲကို ဝင်လိုက်ရင်း နံရံမှာ လက်ပြန်စမ်း၍ မီးဖွင့်လိုက်၏။ အထဲက မြင်ကွင်းကြောင့် အားလုံး အံ့သြကုန်ကြသည်။

လူ နေထိုင်ထားသည့် ခြေရာလက်ရာ ဘာမှရှိမနေဘဲ ညီ ကိုယ်တိုင် လှည်းကျင်း သန့်ရှင်းပေးထားသည့်အတိုင်း ပြောင်ရှင်းနေ၏။





"ဘယ်မှာလဲ မင်းအဘွား .."

"ညီ .. ဒီထဲမှာနေတာ ဟုတ်လို့လား ..၊ ပုပ်စော် ဒီလောက်နံ့နေတာ .."

"အေးလေ .. လူမမာကို ဒီထဲမျှား ထည့်ထားရတယ်လို့ .."

ညီ က သူတို့ပြောတာကို ဂရုမစိုက်ပေ ..၊ ပိုက် ရဲ့လက်လေးကို လွှတ်၍ ...

"ဒီမှာပဲ နေ .."

ပြောပြီး အိတ်ခွံပုံကြီးရဲ့တစ်ဖက်ထဲကို သူ ဝင်သွား၏။

ပိုက် က မနေခဲ့ပါ ..၊ ညီ့ နောက်ကို ထက်ကြပ်မကွာ ကပ်လိုက်သွားလျှင် ...

"ဟင်!..."

စိုးထိုက် တို့ပါ ထိုနေရာကို ပြေးလွှား ရောက်သွားခဲ့ကြပြီး ...

"ဟ!..."

"ဟမ်!..."

ပါးစပ်တွေ အားပါးတရ ဖွင့်သည်။ ချက်ချင်း ပြန်ပိတ်ကုန်၏။ ပြီးတော့ နှာခေါင်းတွေကိုပါ လက်နဲ့ ဖိပိတ်ကြကာ ...

"ချေးတွေ ပါခဲ့တာ .."

"ဒီလောက်နံတဲ့ချေး မကြုံဖူးဘူး .."

နှာခေါင်းတွေ ပိတ်ထားရင်း အပြင်ကို ပြန်ပြေးကုန်ကြ၏။

ညီ လည်း နှာခေါင်းပိတ်ထားရပေမယ့် ပိုက် က ပေပွနေသော ညိုညစ်ညစ်အရည်တွေနှင့် ဖရိုဖရဲ ပွထကျန်သော ကြက်ရိုးပုံကို ထိတ်ထိတ်လန့် အံ့သြစွာ ...

"ဒါ .. ဒါ နောက်ဖေးသွားခဲ့တာ မဖြစ်နိုင်ဘူး မောင် .."



www.burmeseclassic.com

www.burmeseclassic.com



"သူ ဖင်မနိုင်လို့ ပြန့်ကျဲကုန်တာ ဖြစ်မှာပေါ့ကွာ .. လာ .. သွားမယ် .."

"မဟုတ်ဘူး .. ကြက်ရိုးတွေ စားထားတာ မောင် ကြည့်ပါဦး.."

"လာပါဆိုကွာ .."

ပိုက် ရဲ့လက်လေးကို ဆွဲ၍ လျှောက်ပွနေသော အညစ်အကြေးတွေကို မနင်းမိအောင် သိုင်းကွက်နင်းသလို လျှောက်ရသည်။

"သွားပြီ .. ငါတို့ အမှတ်တမဲ့နဲ့ နင်းမိကုန်ပြီလား မသိဘူး .."

"ဟောကောင် .. မင်းခြေထောက်ကို မင်း ကြည့် .."

စိုးထိုက် တို့က တစ်အုပ်စု ..၊

ညီ နဲ့ ပိုက် က သပ်သပ်ဖြစ်သွားကြကာ ...

"မောင့်ကို ပိုက် ပြောနေတာပဲ မောင် .. အဲဒီအဘွားကြီး မရိုးသားဘူးဆိုတာ .."

"မရိုးသားတာတွေ ဘာကြောင့်ဆိုတာလည်း မောင်တို့နဲ့မှ မဆိုင်တာ .. ခုလည်း .."

"ခု သူ မရှိတော့ဘူးလေ .."

"အဲဒါလည်း ကောင်းတာပဲကွာ .."

"မကောင်းဘူး မောင်.. ဒီမိန်းမကြီးက 'ဇ'သေးသေး မဟုတ်ဘူး .."

"မင်းတို့တွေ ဘာဖြစ်နေကြတာလဲ .."

"အေးလေ .. ငါတို့ကို ပြောပြလည်း ရပါတယ် .. ဘာပြဿနာရှိလို့လဲ .."

စိုးထိုက် တို့ သူတို့ဘက်ကို ပြန်လှည့်လာကြသည်။ အချိန်အခါအရ ညဥ့်နက်သန်းခေါင် ဖြစ်နေသော်လည်း ဘယ်သူ့မျက်နှာမှမှ





အိပ်ချင် ငေးငိုင်နေကြပုံ မရှိဘဲ ...

"ဘာလဲ .. မင်းတို့ရဲ့ လျှို့ဝှက်ချက်လား ..၊ ငါတို့က ကူညီစရာရှိရင် ကူညီရမယ်လို့ပါ ..၊ မပြောနိုင်ရင် မပြောပါနဲ့ .."

"မဟုတ်ပါဘူးကွာ .."

ညီ က ပိုက် မျက်နှာလေးကို လှည့်ကြည့်ကာ ...

"ပိုက် အရမ်းပင်ပန်းနေပြီမို့လား .. အိပ်တော့လေ .."

"ဟင့်အင်း .."

ပိုက် က သူ့ဘေးမှာပဲ နေပြီး ခေါင်းခါနေ၏။ ညီ က ချော့မော့အိပ်ခိုင်းမလို့ ပန်းလေးကို ဖက်လိုက်လျှင် ...

"မအိပ်ချင်ပါဘူး ဆိုမှ .."

ပိုက် က သူ့လက်မောင်းမှာ ပါးလေးကပ်၍ တွင်တွင်ငြင်း၏။ ပြီးတော့ ...

"တခြား ပြေပြေပြန့်ပြန့် နေရာတစ်ခုမှာ နားရအောင်ပါ မောင်ရယ် .. ပိုက် ဒီထဲမှာ မနေချင်ဘူး .."

"ဟုတ်သားပဲကွာ .. ဟိုဘက်မှာ ချေးနံ့ သေးနံ့တွေနဲ့ .. ပြီးတော့ နီးနီးလေးရယ် .."

"ဒီလိုလုပ်ပါလား .. မင်းတို့ ဟိုတယ်လ်မှာပဲ တည်းကြ .. ကြိုက်သလောက် နေကွာ .. မင်းတို့ ပြန်မယ့်ထိ ငါ တာဝန်ယူမယ် .."

"ပိုက် .. ဒီကောင်က ငါတို့ဆီမှာ ဧည့်သည်လာလုပ်တာ .. [illegible]ဧည့်သည်လို နေတာနော် .. ဘာဖြစ်ဖြစ် ကင်းကင်းပဲ ..၊ ဒီထဲမှာ [illegible]ရှားမပျက် လာအိပ်နေတာသာ ကြည့်တော့ .."

"ဟုတ်တယ် .. သူ့ကို ဒီတိုက်စုတ်ထဲမှာ ရေမစုံ မီးမစုံနဲ့ ငါတို့ ထားတာ မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် မသက်သာနေတာ ကြာပြီ .. ဒီနေ့ကျမှ မိန်းမ ရောက်လာတယ်ကြားလို့ မသက်သာမှုတွေ စုဆောင်းပြီး တမင်လာကြည့်တာ.."

"ဟော့ကောင် .. ချွန်ရကီး မလုပ်နဲ့ .."

ကိုယ့်ကိုထိမယ့် မြားကျတော့ ညီ ပျာပျာသလဲ ထဖြစ်၏။

"မင်းတို့ ညည ဘောလုံးထိုင်လောင်းနေကြတာ ငါ ကောင်းကောင်း အိပ်လို့မှ မရတာ .."

"ဩော် .."

"ဟော့ကောင် .. ငါတို့က လူပျိုတွေလေ .. မင်းလို ဗီလင်တွေနဲ့ မျောနေချင်တာမှ မဟုတ်တာ .."

"အေးပါကွာ ဟုတ်တယ်.. မင်းတို့ တော်တော် .. ပြန်ကြတော့"

"နေပါဦး .. ငါတို့ကို မော်ဒယ်ချာပီးအကြောင်း ပြောပြမှာလားလို့ .."

သူတို့က ရယ်စရာ မောစရာအဖြစ် မေးနေကြပေမယ့် ညီ က နားလည်နေသည်။ ပိုက် ရင်ထဲမှာ ဒီကိစ္စ အကြီးကြီးဖြစ်နေပြီ ...။

ထို့ကြောင့် သူမလေးကို အနားယူခိုင်းနေတာ ဖြစ်၏။ သိချင်တဲ့ ကောင်တွေကလည်း အလိုက်မသိ..၊ ပိုက် ကလည်း ဒီမှာ မနေချင်ပါဘူး ဖြစ်နေပြီ ...။

"ကဲ .. မင်းတို့ အထဲမှာ ပစ္စည်းတွေ သွားသယ်ကွာ .. ငါ ဟိုထဲက အညစ်အကြေးတွေ သန့်ရှင်းရေး လုပ်နိုင်းဖို့ အစောင့်အိမ်ကို သွားနှိုးလိုက်ဦးမယ် ..၊ ဒါ မိုးလင်းတဲ့အထိထားရင် ရှော့ခ်ရှိတယ် .."

"ဟုတ်တယ် .. မင်းတို့ ဒီမှာမနေတော့ဘူးမို့လား .. ဟိုတယ်လ်ရောက်မှပဲ အေးဆေးနားကြ .. ဘာတွေ သယ်မှာလဲ .. ငါတို့ ငှိုင်းသယ်ပေးမယ် .."





ဒါကျတော့ အားကိုးရသည်။ သူတို့ရောက်လာတာကိုပဲ ကျေးဇူးတင်သွားမိ၏။

နောက်ထပ် ကောင်းသွားတာက ခေါ်အုန်းခင် အကြောင်းကို ဘယ်သူမှ ထပ်စမလာတော့ဘဲ တာဝန်တွေ အသီးသီး ခွဲယူပြီး ပိုက်နဲ့ သူက ဒီတိုင်း ဆင်းလိုက်လာခဲ့ရ ...။

"မောင်က သူတို့ကို ခေါ်အုန်းခင် ကို ဘာဖြစ်လို့ ပြမထားတာလဲဟင် .."

လှေကားက တစ်ထစ်ချင်း နင်းဆင်းခဲ့စဉ် ပိုက် က မေး၏။ လှေကားမှာ မီးထွန်းထားသဖြင့် အလင်းရောင် ရှိနေ၏။

ထို့ကြောင့် ခပ်ညစ်ညစ်အစက်တွေကို နှစ်ယောက်စလုံး မြင်နေရတာ ...

"ဒါတွေက .."

"ကြည့်မနေနဲ့ကွာ .."

ပိုက် ကို ဘာတစ်ခုမှ အာရုံမစိုက်စေဘဲ ညီ က အတင်းဖြတ်ပစ်တတ်ကာ မျက်နှာလေးကိုပါ သူ့မျက်နှာဆီ မော့နေစေကာ ...

"အောက်ကို မကြည့်နဲ့ .. မင်း ချော်မကျအောင် မောင် ဖက်ထားမယ် .."

ပိုက် က မော့လျက်လေး ပါလာပေမယ့် ...

"အဲဒါ ဖင်မနိုင်လို့ ကျတာ မဖြစ်နိုင်ဘူး မောင် .. ခြေရာတွေ မဟုတ်ဘူးလား .."

"ဟာကွာ .. နှိုက်နှိုက်ချွတ်ချွတ် လိုက်ကုန်းကြည့်ရမလို ဖြစ်နေပြီ .. ပြောရင်းနဲ့ မနံဘူးလား .. မြန်မြန်သွားကြမယ် .."

"အ!..."



www.burmeseclassic.com

www.burmeseclassic.com



ပိုက် ကို ခါးလေးကနေ ဆွဲကပ်'မ'ကာ လှေကားထစ်တွေကို မြန်မြန်ဆင်းပစ်လိုက်၏။

"ဟ!.. ဟ .. ဘာဖြစ်လာကြတာတုံး .."

"လှေကားပေါ်မှာလည်း ပေနေတယ် .."

"ဟုတ်လား .."

အခြေအနေသည် အောက်ကိုရောက်ကာမှ ပိုမိုရှုပ်ထွေးနေခဲ့ပြီး...

"ညီ .. မင်းတို့ရဲ့လှမောက်စ္စ ဒီကလူတွေ သိလား .."

ဖိုးကျင် က အနားကပ်လာပြီး မေး၏။

"ငါတို့ကားနဲ့ အက်ဆီးဒင့် ဖြစ်ထားခဲ့တာတော့ ပြောမထားဘူး.. လှမောရှိတာကို သိကြတယ် .."

"ဒါဆို ဘာမှထပ်မပြောနဲ့ .. ဒီတိုင်းပဲ ဆက်ထားလိုက် .."

သန့်ရှင်းရေးလုပ်ဖို့ အစောင့်အိမ်ကိုသွားသည့် စိုးထိုက် ကလည်း အစောင့်ကို အပေါ်လွှတ်လိုက်ပြီး သူတို့နားကပ်ကာ ...

"ညီ အစောင့်အိမ်ထဲမှာလည်း ပြဿနာတက်နေတယ် .."

"ဟင်!..."

"အေးကွ .. သူတို့တွေ မနက်တိုင်း မဲဆောက်ဘက်မှာ သွားဝယ်ပြီး ကန်ထဲထည့်မွေးထားတဲ့ လိပ်တွေ ပျောက်လို့တဲ့ .."

"အဲဒါ ဘာဖြစ်လို့လဲ ..၊ သူခိုးခိုးတာ နေမှာပေါ့ .."

"မဟုတ်ဘူး .. သူတို့နောက်ဖေးမှာ လိပ်ခွံတွေ ကျန်ခဲ့တယ် ..၊ သွေးသံရဲရဲနဲ့ တဲ့ .."

ပိုက် မျက်နှာလေး ဆီးရွက်လောက် ငယ်ကျသွား၏။ မျက်လုံးအစုံသည် ဝိုင်းဝိုင်းလည်လျက် မျက်တောင်မခတ်တော့ဘဲ အရုပ်မလေးနှင့် တူသွားခဲ့သည်။





"ဦးကရင် မိန်းမ ဒေါပွနေတယ် ဟေ့ .."

မိုးစိုင်း က စိုးထိုက် တို့ထဲမှာ အရပ်အရှည်ဆုံးဖြစ်ကာ မျက်နှာရှည်ရှည်ကြီးနှင့် ပို၍ပျော်တတ်ပုံလည်း ရ၏။ သူက ပိုက် တို့နား ကပ်လာပြီး သတင်းပေးတာက ရယ်စရာတစ်ခုလို ..၊

"မင်းတို့ဆီ သူတို့ တက်လာသေးတယ် ဆို .."

"အင်း .. ဟုတ်တယ် ..၊ ဘာဖြစ်လို့လဲ .."

"အဲဒါ ခွေးသေး ကြွက်သေးက အနံ့ထွက်တယ်ထင်ပြီး ပတ်ဝန်းကျင်မှာ လျှောက်ရှာနေကြတုန်း သူတို့ထဲ သူခိုး ဝင်သွားတယ်တဲ့ ..၊ ဘာပစ္စည်းမှ ယူမသွားဘဲ ရေခဲသေတ္တာထဲက အသားဘူးတွေရော ဟင်းကျန်တာတွေရော အားလုံး ပြောင်ကုန်ပြီတဲ့ .."

"ဟုတ်လား .."

ဖိုးကျင် လည်း မျက်လုံးပြူးနေ၏။ မိုးစိုင်း က ညီ တို့ကို ပြန်ကြည့်၍ ...

"ဖိုးညီ .. မင်းတို့လှမော အခန်းထဲမှာလည်း စားသောက်ထားတဲ့ ကြက်ရိုးတွေ အပုံလိုက်ပဲ နော် .."

ဟုတ်သည် ..၊ သူ ဝယ်ကျွေးထားတာ ကြက်ပေါင် သုံးချောင်းတည်း ..၊ ဒါပေမယ့် ညီ ခေါင်းညိတ် ခေါင်းခါဖို့ မေ့နေ၏။

ဒီတစ်ညတည်းမှာ ဘာတွေ ဖြစ်နေတာလဲ ..၊

"မဟုတ်မှလွဲရော မင်းရဲ့လှနာကို အပမှီလာတာလား မသိဘူး.."

အမှောင်မကျ အလင်းမရသည့် နေရာအကွက်လေးမှာ သူတို့စကားပြောနေတုန်း ဒေါ်နန်း ရဲ့ဒေါသသံက လူရောအသံပါ အပြင်ထိထွက်လာတာ ကျယ်ကျယ်လောင်လောင်...၊

"ကလေးကလည်း နေမကောင်းဘူး .. အဲဒါကြောင့် နင့်ကို ပြော



www.burmeseclassic.com

www.burmeseclassic.com

တာ ကရင် .. မပြီးသေးတဲ့ အဆောက်အဦးတွေ၊ ဆေးရုံ၊ ဘုရားပျက် စေတီပျက်တွေမှာ သရဲကပ်တယ် ..၊ အခု ကလေး ဖျားနာနေတော့ မကောင်းဆိုးဝါးက အိမ်ထဲထိ ဝင်လာပြီ .."

"လျှောက်အော်မနေနဲ့ မိနန်း .. ဆယ့်နှစ်နာရီ ထိုးနေပြီကွ .. တော်ကြာ ကလေး ထပ်လန့်ဦးမယ် .."

ဦးကရင် က နောက်ကထွက်လာပြီး မိန်းမဖြစ်သူကို ပိတ်ပင်နေ၏။ ဒေါ်နန်း က ညီ တို့လူစုကို လှမ်းမြင်သွားကာ ထဘီတစ်ဖက်'မ'၍ အနားကို လျှောက်လာပြီး ...

"ငါ့သားလေး သရဲ သရဲ ဆိုပြီး လန့်အော်တာ .. နင်တို့ ကြား လိုက်သေးလား .."

ညီ က ခေါင်းခါ၍ ...

"ကျွန်တော်တို့က အပေါ်က ခုနလေးတင် ဆင်းလာတာ .."

"ငါ့ရေခဲသေတ္တာထဲမှာလေ ပြည်ကြီးငါးတွေရော .. ဝက်သားနို့အုံ တွေရော .. အမဲဦးနှောက်တွေရောပဲ .. ဟိုတယ်လ်ပို့ဖို့ နေ့တိုင်း ယူထား တာ နင်တို့ သိပါတယ် .."

ပြောနေသမျှကို သူတို့က ခေါင်းညိတ်နေရင်း ...

"တော်ကြာ ဟိုတယ်လ်ကို သွားပို့ရတော့မယ် .. ခု မရှိတော့ဘူး..၊ နည်းနည်းနောနောတွေ မဟုတ်ဘူးဟယ် .. မီးဖိုထဲက ဟင်းတွေပါ စားသွားတာ ..၊ အိုးခွက်တွေများ ခွေးလျက်တာထက်တောင် ပြောင်နေ သေးတယ် .."

"အား!..."

"ဟင်!... ပိုက် .."

ပိုက် ညည်းသံသဲ့သဲ့နှင့် သူ့ပခုံးပေါ် နဖူးလေး စိုက်ကျလာသည်။





ညီ ပျာယာခတ်သွားကာ ပိုက် ကိုယ်လေးကို ဖွေ့ခနဲ ပွေ့ချီလိုက် ၏။

"ပိုက် မူးနေတာလား .. သတိထား နော် .. မောင်တို့ ဟိုတယ်လ် သွားမယ် .."

"ဟော့ကောင် .. ဆေးခန်းသွားရမှာလေ .."

"ဟင့်အင်း ကိုမိုးစိုင်း .. မောင် .. မောင် .. မသွားနဲ့ .."

ပိုက် က ညီ့ လည်ပင်းကို လှမ်းဖက်ကာ အင်္ကျီစကိုပါ ဆုပ်ဆွဲခါ ရင်း ဆေးခန်းမသွားဖို့ တားဆီးသည်။ ပြီးတော့ လက်လေး တဖြည်း ဖြည်း ပြေကျသွားကာ သတိလစ်သွား၏။

"ပိုက် .."

ညီ မျက်နှာ အကြီးအကျယ်ပျက်ကာ ဘယ်ကိစ္စကိုမှ ခေါင်းထဲ မထည့်နိုင်တော့ဘဲ ပိုက် ကို ကားပေါ်တင်သည်။ အားလုံးပဲ ကိုယ့် ဆိုင်ကယ်လ်တွေပေါ် ပြေးတက်ကြကာ ကားရဲ့ရှေ့နောက် သေးတွေမှာ ရံပြီး လိုက်လာကြ၏။

ဘာနဲ့တူသလဲဆိုလျှင် ဘုရင် တိုင်းခန်းလှည့်လည်တဲ့အတိုင်း..၊

ဒါပေမယ့် ထူးဆန်းတာက ညဥ့် ဆယ့်နှစ်နာရီတိတိကြီးမှာ ..၊


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဘာမှမဟုတ်ပါဘူး ပိုက် ရယ် .. သူတို့ထဲကလူပဲ ပြန်ခိုးရောင်းတာပါ .. ဒီလို မကြာမကြာ ဖြစ်နေကျတဲ့ .."

"မောင့်ကို ဘယ်သူပြောတာလဲ .."

"သူတို့ အပေါ်ထပ်ကလူတွေ ပြောတာပေါ့ .. မောင်တို့ပဲ ဖြစ်နေကြတာ .. အဲဒီအလယ်ထပ်ကလူတွေ ဘာမှမဖြစ်ကြဘူး .."

မောင့်မျက်နှာကို ရှုစိုက်ကြည့်ရင်း ပိုက် က မယုံသလိုလေး ငြိမ်နေ၏။ ညီ ကလည်း ပိုက် ကို တိတ်တဆိတ် အကဲခတ်ကာ မျက်လုံးချင်း မဆုံရအောင် နေရာမှ ထသည်။

ပြီးတော့ ခေါင်းဖြီးရင်း မှန်ထဲကနေ ပိုက် လှမ်းခိုးကြည့်ကာ...

"ထကွာ .. လန်းလန်းဆန်းဆန်း ဖြစ်သွားအောင် ဆိုင်ကယ်လ်လျှောက်စီးမယ် .."

"မစီးချင်ပါဘူး .."





"ဒါဖြင့် ဘာလုပ်ချင်လဲ ပြော .."

"ညက ပိုက် ဘာဖြစ်သွားတာလဲ ဟင် .. မောင် အရမ်း ဒုက္ခများသွားလား .."

"မများပါဘူး .. သတိလစ်သွားမှပဲ ပွေ့ပိုက်ထားခွင့် ရတော့တာ.. မဟုတ်ရင် ပြဿနာပေါင်းစုံနဲ့ ကိုယ့်မိန်းမနားတောင် ဘယ်လိုကပ်ရမှန်း မသိဘူး .."

"ပိုက် ညက အိပ်မက်တွေ မက်နေတာ .."

"ဘာတဲ့လဲ .."

"ပိုက် တို့ကို ဒေါ်အုန်းခင်ကြီး က တစ်နေရာကနေ လိုက်ကြည့်နေတယ် တဲ့ .."

ညီ က ခေါင်းဖြီးခြင်းကို မပြီးနိုင် မစီးနိုင် လုပ်နေရင်း ဘာမှမဟုတ်သလို ရယ်သည်။

"ပြီးတော့ သူက မောင့်ကိုပဲ ကြည့်နေတာ .."

"ဟေ့ .. နောက်မယ်ဆိုရင်လည်း မော်ဒယ်လ်လှလှလေးတွေနဲ့ လုပ်ပါကွာ .. မောင့်ကို မစာမနာ .."

"မောင့် နော် .. ဒီက အကောင်းပြောနေတာ .."

"မောင်လည်း အကောင်းပြောတာပဲ ..၊ ကဲ .. ထပါ .. ဘာရေချက်စ်တစ်ခုခု စားရင်း မင်းကို တံတားဘက်လည်း လိုက်ပြမယ် .."

"မောင့်မျက်လုံးတွေ နီနေသလားလို့ .."

"မျက်နှာသစ်တာ ရေဝင်သွားလို့ နေမှာပေါ့ .."

"မောင် .."

"ဟင် .."

"လာစမ်းပါ .. ဒီနားကို .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ .."

"မောင် ညက တစ်ရေးမှ မအိပ်ခဲ့ရသေးဘူးမို့လား .. ပိုက် ကို မညာနဲ့နော် .. မောင့်မျက်လုံးကို ကြည့်ချင်တယ် ..၊ လာပါဆိုမှ .."

"မောင်က မင်းနားကို တမင်မကပ်ဘဲ နေတာ နော် .."

"ဘာ!..."

"ဟုတ်တယ် .. လာဆိုရင် လာမယ် ..၊ ပြီးမှ မောင့်ကို ဆိုးတယ် မပြောနဲ့ .."

"ဒါဆို ညတုန်းက ပိုက် ကို မောင် ဒီတိုင်း ပစ်ထားတာပေါ့.."

"ဘယ်ပစ်ထားမလဲ ..၊ မင်းကို မောင် ဖက်ထားတာ .. ပြီးတော့ အပွန်း .."

"ရုပ်ကြီးက တွေ့လား .."

"မောင့်မိန်းမပဲကွ .. ဘာလေးညာလေးတော့ ပြုမိတာပေါ့ .."

"ကြည့်စမ်း .."

"ဘာကြီးညာကြီး မပါပါဘူး .. မောင်က လူရိုးလေးပါ .."

ပိုက် က ခေါင်းအုံးကို ပြန်ဖက်ပြီး အသံလေးထွက်နေအောင် ရယ်သည်။ မျက်ကွင်းလေးတွေ ညိုသလိုဖြစ်သွားပေမယ့် ပိုက် က ရယ်လိုက်တိုင်း ချစ်ဖို့ကောင်းတဲ့ မျက်နှာလေး ..၊

သူ အသည်းယားသွားပေမယ့် ပိုက် နားကို မကပ်ရဲသဖြင့် မှန်တင်ခုံပေါ်မှာရှိနေသည့် လည်စည်းပဝါလေးကို လုံး၍ ပိုက် မျက်နှာလေးကို ပစ်ပေါက်လိုက်သည်။

"ထပါဆိုမှ ဘာလုပ်နေတာလဲ .."

"မောင်ပဲ ပိုက် ကို အနားယူရမှာ ဆို .. အပြင်ချည်းပဲ ဘာဖြစ်လို့ ခေါ်နေတာလဲ .."





"အနားယူရင်း ဟိုကြည့်ဒီကြည့်နဲ့ဆိုတော့ စိတ်ပြောင်းတာပေါ့ ကွ .."

"ဒါဆိုလည်း ဒေါ်နန်း တို့ဆီ ပြန်သွားမယ်လေ .."

"ဘာ!..."

ဒါလေးပြောလိုက်တာကို ညီ မျက်စိမျက်နှာပျက်သွားသဖြင့် ပိုက် မျက်ခုံးလေးတွေ တွန့်သွားသည်။

"ဘာဖြစ်လို့လဲ မောင် .. ဒေါ်နန်း က ပိုက် ကို လာလည်ဖို့ ခေါ်ထားတယ်လေ ..၊ ပြီးတော့ သူ့ကလေး နေမကောင်းဘူးမို့လား .."

"ပြီးတော့ ဒေါ်အုန်းခင် နဲ့ ပတ်သက်တာ တစ်ခုခုရော သိချင်နေတယ်မို့လား .."

ပိုက် က နှုတ်ခမ်းလေး စူသွားကာ ...

"မောင်ကမှ မပြောပြတာ"

"ပြောပြစရာ အကြောင်းမှ မဟုတ်တာကွ .."

ဒီပြဿနာပဲ ..၊ ပိုက် ရောက်လာတည်းက သူ့မှာ လင်မယား အလွမ်း မသယ်ရ ... ကြည်နူးခွင့် မရ ..။ ညက တစ်ညလုံး မိန်းမတို စိုးရိမ်ခြင်းများနဲ့ မိုးလင်းခဲ့ရသည်။ နေထွက်လာတော့လည်း ဒီ အကြောင်းပဲဖြစ်နေတာ မလွန်ဘူးလား ..၊

ကိုင်ထားသည့်ဘီးကို ပစ်ချကာ မွေ့ရာတစ်ဖက်မှာ ဝင်လှဲလိုက်ပြီး မျက်လုံးတွေကို မှိတ်ထားလိုက်မိ၏။ ထိုအခါကျမှ တစ်ညလုံး မအိပ်ခဲ့ရသည့်မျက်လုံးတွေက သဲတွေဝင်နေသလို ကျိန်းစပ်နေတာကို ခံစားမိသည်။

သူ ဒီတိုင်းနဲ့ မျက်လုံးပြန်ဖွင့်ဖို့ အဆင်မပြေနိုင်တော့တာကို နားလည်လိုက်ကာ နေရာမှ ဆတ်ခနဲ ပြန်ထကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မောင် အိပ်ချင်နေပြီကွာ .."

ပိုက် ကိုယ်လေးကို ဖက်၍ အတူတူ ပြန်လှဲလိုက်သည်။

"မောင်နဲ့ ခဏလေး ပြန်မှိန်းပေး နော် .. မောင် ခဏပဲ .."

ပိုက် က သူ့ရင်ခွင်ထဲ တိုးဝင်ကာ ...

"ပိုက် ကို မောင် စိတ်ဆိုးသွားတာလား ဟင် .."

"ဟင့်အင်း .."

"မောင် အေးဆေးအိပ်လေ .. ပိုက် လည်း ပြန်အိပ်မယ် .."

"အင်း .."

အင်းသံအဆုံးမှာ ပိုက် စကားပြောနေမိပေမယ့် မောင့်ဆီက တုံ့ပြန်သံ ထွက်မလာတော့ပေ ...။

ညှို့ ရင်ဘတ်ကို မြတ်နိုးစွာနမ်းမိရင်း ပိုက် မျက်လုံးတွေကို မှိတ်ထားလိုက်မိသည်။ ဒါပေမယ့် အိပ်ဖို့အတွက် မဟုတ်ဘဲ ဒေါ်အုန်းခင်ရဲ့ မျက်နှာကြီးကသာ စိုးမိုးနေခဲ့၏။

ချစ်၍ ခင်၍ ခွဲလမ်းတမ်းတ၍လည်း မဟုတ်ဘဲ သတိရနေခြင်းမျိုးကို ဘယ်လိုခေါ်မလဲ ...၊





အခန်း (၂၃)

"လူတွေက ဘာလုပ်နေကြတာလဲ မောင် .."

"မဲဆောက်ကို ကူးဖို့ ဒါ စစ်ဆေးရေးဂိတ်လေ ...၊ လာ .. ဒီဘက်ကို .."

ညီ က မြန်မာငွေနဲ့ ထိုင်းငွေ လဲသည့်ဘက်ကိုလည်း လိုက်ပြသည်။

ထိုနေရာမှာလည်း ကိုယ်သုံးနိုင်သလောက်ငွေကို ထုတ်၍ လဲနေကြတာ တန်းစီလို့ပဲ ဖြစ်၏။

"မောင့်မှာ လဲပြီးသား ရှိတယ် .. မင်းကို သက်သက် လိုက်ပြတာ .."

လူတွေစည်ကားနေသည့် တံတားထိပ်ကို ပိုက် အထူးတအံ့လိုက်ကြည့်နေမိသည်။

နိုင်ငံခြားခရီးသွားခြင်းမှာ ဒီလိုသွားရတာမျိုးကို မကြုံဖူးခဲ့ပေ...



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်နဲ့သွားပြီး လေယာဉ်ပေါ်က ဆင်းတာနှင့် ကြိုတဲ့လူနောက် လိုက်သွား၍ ..၊

ခုတော့ တံခါးကို ခြေကျင်ကူးနေကြတာလည်းရှိကာ ကားတွေနဲ့လည်း ကူးကြ၏။

ဟိုဘက်မှာ ထိုင်းနိုင်ငံနယ်နိမိတ်ကို လှမ်းမြင်နေရ၏။

ဒီဘက်တံခါးထိပ်မှာ ဟိုဘက်ကူးမည့်လူတွေကို မှတ်ပုံတင်စစ်ပြီး ခေတ်ပုံရိုက်ထားသည်။

ပြီးတော့ တစ်နေ့တာ လည်ပတ်ခွင့်ကတ်ပြားလေး ထုတ်ပေး၏။ ဒါက လူတစ်ယောက်ကို သုံးထောင်ပဲ ကျသည်။

ငွေလဲတာကတော့ ဟိုဘက်မှာ လဲလို့ရပေမယ့် ကားစီးပြီဆိုတည်းက လူတစ်ယောက်ကို ဘတ်နှစ်ဆယ် ..၊

'မြန်မာငွေ တစ်သိန်းကို ဘတ် သုံးထောင်ကျော်ပဲ ရတာလား'လို့ ပြောပြီး ငွေကိုကိုင်၍ ရေရွတ်သွားသည့် လူကြီးတစ်ယောက်ကလည်း သူ့ကို လူတွေ ပြုံးစိစိလှမ်းကြည့်တာကို ဂရုမစိုက်ဘဲ မျက်နှာက မဲ့တဲ့တဲ့နှင့် ... '

ထိုနေရာမှာ ကားတွေရော လူတွေပါ ကျပ်ညပ်နေလျက် ပိုက်တို့ကျတော့ ကားကို တံတားအောက်မှာ သွားထိုးထားရသည်။

"ပိုက် .. လာလေကွာ ..၊ ဒါ မင်း မကြုံဖူးတဲ့ အတွေ့အကြုံပဲ.."

ညီ က ပိုက် ကို လိုင်းကားပေါ် တွဲတင်ပေးကာ ထိုင်းစကားတတ်သည့် ကရင်အမျိုးသားကြီးတစ်ယောက်နှင့် စကားတွေ ပြောနေ၏။

ညီ အစက ထိုင်းစကား တတ်သည်လို့ မကြားမိခဲ့ပါ ..၊ ဒါပေမယ့် အလိုက်အထိုက် ပြောနိုင်နေသည့် ညီ လေသံကို နားထောင်ကာ ပိုက်





မျက်နှာလေး ပြုံးနေခဲ့၏။

"ဒီကားခ ဘတ်နှစ်ဆယ်က ဘယ်ထိရောက်လဲ ဟင် .."

"ဒီကား ဂိတ်ဆုံးတဲ့အထိပေါ့ .. ကြားထဲမှာ ဆင်းချင်လည်းရတယ် ..၊ ရန်ကုန်မှာ ဘတ်စ်ကားစီးသလိုပဲ .. ဒါပေမယ့် မောင်တို့ ဈေးရှေ့မှာပဲ ဆင်းရအောင် .."

ပိုက် ကတော့ ဒီဘက်ကနေ တစ်ခါမှ မရောက်ဖူးသဖြင့် အားလုံးထူးဆန်းနေတာပဲ ဖြစ်သည်။

ပြီးတော့ ဈေးထဲမှာလည်း ဒန်ဇလားကြီးထဲမှာ ရေကြည်လေးတွေနှင့် ကျပ်ခိုးစုပ်လောက် လိပ်ပေါက်လေးတွေ ဘဲဥလုံးအရွယ်လေးတွေ တလှုပ်လှုပ် ကူးခတ်နေကြ၏။

အိတ်စွပ်ထားသည့် ကျောက်ဖားကြီးတွေကျတော့ မျက်လုံးအမြှုးသားနှင့် ဖုတ်လိုက်ဖုတ်လိုက် လှုပ်ရှုနေ၏။

အသားငါးတန်းတစ်ခုလုံးမှာ လိမ်ထွေးနေကြသည့် ငါးရှဉ့်တွေ၊ ငါးခူတွေ .. အမျိုးမျိုးသော သတ္တဝါတွေအားလုံးဟာ ဝက်သား အမဲသား ထလွဲသမျှ အရှင်လတ်လတ်တွေပဲ ဖြစ်၏။

ပြီးတော့ ထိုင်းစကားမတတ်သည့် ဈေးဝယ်နှင့် မြန်မာစကားမတတ်သည့် ဈေးသည်တွေ စကားပြောနေကြတာ ရယ်စရာကောင်းသည်။

ပိုက် ကတော့ သူများရယ်တာ မခံရအောင် မောင့်နောက်ကပဲ ငြိမ်ငြိမ်လေး ကပ်လိုက်နေမိသည်။

"မောင် ဘယ်တုန်းက ထိုင်းစကား တတ်နေတာလဲဟင် .."

"မောင်လည်း ယောင်တောင်ပေါင်တောင် ဖြစ်ခဲ့တာပဲလေ..၊ ဒီကို ...ခေါက်လာပြီးမှ အသည်းအသန် လေ့လာရတာ.. မိုးစိုင်းကို အသာ



www.burmeseclassic.com

www.burmeseclassic.com



စကား သုံးမျိုး လေးမျိုးလောက် ကျွမ်းတယ် .. သူက မောင့်ဆရာ ပေါ့ ..”

“ဟုတ်လား .. ပိုက် တော်ဝ် အားကျလာပြီ ..”

“တကယ် မြန်တယ်ကွ .. ကိုယ့်ဆီမှာကျတော့ ဘာသာစကား တွေ သင်တန်းတက်ပြီး သင်ရတာ ဝတ္တရားတစ်ခု ဆောင်ရွက်ရတာမျိုး ပဲ ..၊ ဒီမှာကျတော့ ကိုယ့်စိတ်က ထက်သန်တာ .. စုသင် ခုပြောဆိုတော့ ရီစီရှင် လုပ်ပြီးသားပဲ ..၊ သူတို့နဲ့ပြောရင်း ကိုယ်ပြောတာ မှားသွားရင် သူတို့က ဖြည့်ပြောသွားတာလေ .. အဲဒီတော့ သင်ပေးနေတာထက် ပိုပြီး မှတ်မိတယ် ..”

“ဟုတ်မှာနော် .. ဒါပေမယ့် ပိုက် ဒီမှာ မောင့်လိုတော့ နေနိုင်မှာ မဟုတ်ဘူး ..”

“နေနိုင်ရင်လည်း မထားဘူး မင်းကို ..”

“ဘာဖြစ်လို့လဲ ..”

ညီ က ဘောင်းဘီအိတ်ထဲ လက်ထည့်လျှောက်နေရင်း ပိုက် ကို ပြန်ငဲ့ကြည့်သည်။

“မောင်က ဘာကြည့်တာလဲ ..”

“ဘာဖြစ်လို့လဲ .. မေးနေလို့လေ ..”

“မေးတာ ဘာဖြစ်သွားနိုင်လို့လဲ ..”

“မေးတာက ဘာမှမဖြစ်ဘူး .. တောင်းဆိုလာမှာတွေကို ကြောက် လို့ ..”

ပိုက် က ရယ်ပြီး ညီ့ လက်မောင်းကို ဖက်လိုက်သည်။

ဘယ်သူ ဘာအဓိပ္ပာယ်နဲ့ဆိုတာ လင်မယားချင်းမို့ နားလည်နေ ကြကာ ညီ က ပီကေထုတ်ဝါးရင်း ရယ်၏။





နေပူရှိန် တဖြည်းဖြည်း မြင့်တက်လာပေမယ့် ပူလို့ပူမှန်းလည်း မသိ ..၊

“မောင်တို့နှစ်ယောက်ရဲ့ ဟန်နီးမွန်းပေါ့ .. ဘယ်လိုလဲ ..”

“ဟုတ်တော့ ဟုတ်တယ်.. ဒါပေမယ့် သိပ်မှမပျော်တာ..၊ ထိတ်ရ လန့်ရတာတွေက အများကြီးပဲ ..”

“ထိတ်လန့်စရာတွေလို့ မင်း တွေးနေတာကိုး ..၊ ဘာမှမဟုတ်ဘူး ပြီးသွားပြီ ..”

“ပိုက် က မောင် ပိုက် ရဲ့နားမှာ ရှိနေရင် ပျော်တာပဲ ..၊ ဘယ်မှာ ဖြစ်ဖြစ် ..”

“ဒါဆို ဒီမှာ မပျော်ဘူးပေါ့ ..”

“မောင်နဲ့ အတူတူ ပြန်ချင်တယ် ..”

“မေးတာကို မဖြေဘဲနဲ့ကွာ ..”

“အဲ့ဒါ ဖြေတာပဲလေ .. မောင် မရှိရင် ဘယ်လိုလှပတဲ့ ဘူမိနက် သန် ဖြစ်ပါစေ ပိုက် ပျော်မှာ မဟုတ်ဘူး ..”

ရင်ထဲကစကားတွေ ပြောရင်း မောင့်လက်ကို တွဲ၍ ကြည်နူးခဲ့ရ သည်။

ဒါပေမယ့် သိပ်မကြာလိုက်ဘဲ ခေါင်းတွေ နောက်လာခဲ့၏။

“မြွေဘုရားတို့ .. လှလေးရာနဲ့ တစ်ရက်တည်း အပြီးတည်ခဲ့တဲ့ ဘုရားတို့ .. နာမည်ကြီးတဲ့နေရာတွေ ရှိသေးတယ် ..၊ နေပူမှာဆိုတော့ ထီးဝယ်ရအောင် ..”

“မသွားတော့ဘူး မောင် .. ပိုက် ခေါင်းတွေ အုံလာပြီ ..”

“ဟုတ်လား .. အအေးလေး ဘာလေး ဝင်သောက်မယ်လေ ..”

“ဟင့်အင်း .. ဟိုတယ်လ်မှာပဲ ပြန်နားရအောင် ..”



www.burmeseclassic.com

www.burmeseclassic.com



အပြန်ကြတော့ ကတ်ပြားလေး ပြန်အပ်ခဲ့ပြီး ထွက်လာခဲ့ရုံပဲ ဖြစ်ကာ ပိုက် လည်း ချွေးတွေ ပြန်နေပြီမို့ ဟိုတယ်လ်ကို တန်းပြန်လာခဲ့သည်။

"ညီ ရေ .. ဒေါ်နန်း က ပိုက် ကို အလည်လာခဲ့ပါဦးတဲ့ .. သူ ကိုယ်တိုင် ဝင်ခေါ်သွားတာ နော်.. စားစရာတွေ လုပ်ထားမယ်တဲ့ .."

"ဟား!..."

ညီ ခရီးရောက်မဆိုက် မျက်နှာရှုံ့မဲ့သွားသည်။

"ဘာဖြစ်တာလဲ မင်းကလည်း.. မင်းမိန်းမကို သူများတွေက မြင်မြင်ချင်း ချစ်ခင်နေကြတာ မကောင်းဘူးလား .."

"အေးလေ .. ဒေါ်နန်း က အရှမ်းစွာတာနော် .. တော်ရုံလူဆိုလည်း သိပ်ယုံတတ်တာ မဟုတ်ဘူး ..၊ ပိုက် က မျက်နှာမြင် ချစ်ခင်ပါစေ ဆိုတဲ့ ဆုနဲ့ ပြည့်စုံနေလို့ .."

"ဟုတ်တယ်ကွ .. ငါတို့တောင်မှ မြင်လိုက်ကတည်းက .."

"စိုးကြီး .."

"တော်တော်လှလို့ အံ့ဩသွားတာ ပြောမလို့ပါ .. ဒါတောင် ခရီးပန်းနေတဲ့ ပုံစံလေး နော် .."

"မင်းတို့ကလည်း တစ်မျိုး .."

တစ်ယောက်တစ်မျိုး ပြောနေကြတာကို ညီ ကား စိတ်မရှည်သည့် မျက်နှာနှင့်ဆိုကာ ရေချိုးခန်းမှာ ထွက်ထိုင်လိုက်၏။

ပိုက် က ခုမှဝင်သွားပြီး အဝတ်စားလဲ နေတုန်း...၊

"မင်းက ဘာတွေ စိတ်ညစ်နေတာလဲ ညီ .."

"ညကကိစ္စတွေကွာ .. အဲဒီအဘွားကြီးကိစ္စက တကယ့်ကွိုင် .."

ပိုက် အပြင်ထွက်မလာခင် ညီ က ဖြစ်ခဲ့သမျှကို ပြောပြလိုက်





ကာ ...

"ပိုက် က အဲဒီအဘွားကြီးကို ဘာထင်နေသလဲ မသိဘူး..၊ ညက ပြဿနာဖြစ်တော့ မှုးတောင်လဲတာ မင်းတို့ မမြင်ဘူးလား .."

"ဟုတ်လား .. အဲဒါကြောင့်လား ..၊ ငါတို့က ခရီးပန်းလို့ မှုးတယ် ထင်နေတာ .."

"အကုန်လုံးပေါ့ကွ .. ကားပေါ်ကနေ ဆင်းသွားပါတယ်ချည်းပဲ ပြောနေတာ .."

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ကွ .. ညတုန်းက မိုးတွေ တအား ကြီးခဲ့တာ ..၊ တောင်ပေါ်မှာ ဒီအဘွားကြီးက ဘာတက်လုပ်ပြီး ကားရှေ့ ပြေးဝင်တာလဲ .."

"ဗိုးကျင် .. မင်း ပြောမှပဲ ပယောဂဆရာ ခေါ်ရမလို ဖြစ်နေပြီ..၊ လျှောက်ဖွမနေနဲ့ .."

"မင်းက ငါတို့လို နယ်ခံလူ မဟုတ်ပါဘူးကွာ .. နယ်စပ် ရွာစွန် ရွာဖျားတွေမှာဆို မင်း အံ့ဩသွားလောက်တဲ့ အောက်လမ်းပညာတွေ အကြောင်းမှ အများကြီးပဲ .."

"တော်တော့ .. တော်တော့ .. ငါ့မိန်းမကို ခေါ်ပြီး ငါ အမြန်ဆုံး ပြန်လစ်တော့မယ် .."

"ဟား .. ဟား .. ဟား ..."

"မရယ်ကြနဲ့ .. ငါ့မိန်းမကို ထိနိုက်ဖို့ မပြောနဲ့ မှက် ခြင် ယင် နားတာတောင် မကြိုက်ဘူး .."

"ဒါဆိုလည်း ထိုင်ပြီး ယပ်ခတ်ပေးနေပေါ့ကွ .."

"မလိုပါဘူးကွာ .. လုံလုံခြုံခြုံ အုပ်ဆိုင်းထားရင် အဆင်ပြေပါ"

"ဗိုးကျင် .."



www.burmeseclassic.com

www.burmeseclassic.com



"စောင်မြို့ ခြင်ထောင် ထောင်ဖို့လေ ..၊ ဘာတွေ လျှောက်တွေးနေတာလဲ .."

သူတို့တွေက ရယ်မောစရာအဖြစ် ပြောနေကြတာလား ..၊

အခန်းထဲက ထွက်လာပြီဖြစ်သည့် ဗိုက် ရဲ့ခြေလှမ်းတွေက သူတို့ရဲ့ကွယ်ရပ်လေးတစ်ခုမှာ တန့်နေခဲ့လျက် အားလုံးကိုလည်း ကြားခဲ့ပြီဖြစ်၏။

ဒါတွေအားလုံး ပြီးသွားခဲ့ပြီဆိုပေမယ့် သူ့မ ရင်ထဲမှာ ထိနိုက်ကြောက်လန့်နေဆဲ ဖြစ်သည်။

ပြီးတော့ အုံ့ပျက်ပျက် မိုးရိပ်တွေက ဒီနေ့လည်း နေမထွက် ..၊





အခန်း (၂၄)

"မင်းတို့ ပြန်မှာဆိုရင် မနက်စောစော ပြန်လိုက်တာ ကောင်းသယ်တွ .. ဒီက အခဝင်းကားတွေက နေ့လယ်နှစ်နာရီလောက်ဆို စထွက်ပြီ ..၊ ကားကြီးတွေနဲ့ဆုံနေရင် မင်းတို့ ကြန့်ကြာမယ် ..၊ ပြီးတော့ အကားတွေကလည်း သူ့အချိန်နဲ့သူ ဝိတ်တာ.. သွားလာရ ခက်တယ်.."

"ဦးကရင် တို့အိမ်ကို နေ့လယ်စာ လာစားမယ် ပြောထားမိလို့ အရာ .."

"ဒါဆိုလည်း စောစော စားလိုက်ကြပေါ့ .."

ဦးကျော်ထင် က ညီ တို့နဲ့ စကားလှမ်းပြောသည်။ ခရီးလမ်းအကြောင်းတွေ ပြောပြပြီး အကြံပြုခဲ့ပေမယ့် ညီ ကလည်း အမြန်ဆုံးနှင်သော်လည်း ဗိုက် က ခေါင်းခါနေသည်။

"ပြန်ချင်တယ် ပြောတုန်းကလည်း မင်းပဲ ဗိုက် ရာ.. ခုမှ ဘယ်လိုဖြစ်တာလဲ ..၊ နေ့လယ်စာ ထမင်းစားမလာနိုင်တော့ဘူး ပြောလိုက်ရင် စိတ်ဖြစ်သွားနိုင်လို့လား .. ပြော .."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မောင်ရယ် .. ပိုက် က မနေ့ကမှ ရောက်တာလေ .."

"အဲဒီတော့ .."

"မောင်ကလည်း တစ်ပတ်လောက် နေဦးမယ် ဆိုပြီးတော့ .."

"မင်းပဲ ပြန်လိုက်ခဲ့ပါတော့ ဆို .."

"ခု တစ်မနက်တည်းကို မောင်က ဘာဖြစ်တာလဲ .."

"ပြီးရော .."

ညီ က မျက်နှာ မကြည်မသာ ခွင့်ပြုရကာ ...

"ထမင်းစားသွားရင် ထမင်းပဲ စား .. ဟိုအကြောင်း ဒီအကြောင်းတွေ မပါစေနဲ့ .."

"မောင်နော် .. မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ .."

ညီ က အခန်းထဲ အစ္ဆူတူ ဝင်လာကြရင်း တံခါးပိတ်ပြီးမှ ပြန်လှည့်လာကာ ...

"အဲဒီမျက်နှာကြီးက ခင်ဗျားကို စိုးရိမ်လွန်းပြီး ဒီတိုင်းဖြစ်နေတာလေ ..၊ မသိဘူးလား .."

"ဘာကို စိုးရိမ်နေတာလဲ ..၊ မောင်ပဲ မောင့်ဆီရောက်ပြီ .. ဘာမှ မဖြစ်တော့ဘူးဆို .."

"မောင့်စကားကို မင်း နားထောင်လေ ..၊ ဒီလိုနေဆို မနေဘူး .. ဒါ မလုပ်နဲ့ဆို မရဘူး .."

"မရရအောင် ပိုက် က ဘာလုပ်နေလို့လဲ .."

"မနက်က ဒေါ်နန်း နဲ့ မင်း ဘယ်ထထွက်သွားကြတာလဲ .."

အနားမှာ ဖျတ်ခနဲ လာထိုင်ပြီး မေးလိုက်သဖြင့် ပိုက် မျက်နှာလေး နောက်တွန့်သွားကာ ...





"မောင်က .."

"မသိဘူး ထင်လို့လား .. ဦးကရင် နဲ့ ခြောက်လွှာထိ ပါသွားစေမယ့် မင်းကို မမြင်နိုင်တဲ့နေရာထိ မောင် သွားနေတာ မဟုတ်ဘူး .."

ပိုက် က ဆံပင်လေးသပ်၍ သူခိုးလူမိသလို မျက်နှာလေး ဖြစ်သွားကာ ...

"အဲဒီစောင်နဲ့ အဝတ်စားထုပ်တွေ ချထားခဲ့တယ်ဆိုလို့ သွားလိုက်ကြည့်တာပါ .."

"ဘာလဲ .. ဘာလုပ်မလို့လဲ ..၊ ပြန်ယူပြီး မင်း ဝတ်မလို့လား.."

"မောင်က သူ ရေစိုတွေ လဲဖို့ ဝယ်ပေးထားတာလေ..၊ ပိုက် တို့ညက သွားကြည့်တော့လည်း ပေပွနေတဲ့နားမှာ အထပ်လိုက်ပဲ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"သူ ဘာမှလည်း ခင်းမထားဘူး .. အကျီလည်း မလဲခဲ့ဘူး ..၊ ပြီးတော့ အဲဒီမှာပဲ ရှိသေးတာ .. မနက်ကျမှ ..."

"သူခိုး ခိုးသွားပါတယ်လို့ သူတို့ပြောနေတာ မင်း မကျေနပ်နိုင်ဘူး မို့လား .."

"ဒီလောက်အထုပ်လေးကို ခိုးသွားတဲ့လူက ပြန်ချထားခဲ့ပါ့မလားမောင်ရဲ့ .."

"အဲဒီတော့ ဘယ်လိုတွေးလိုက်လဲ ပြောပါဦး .."

"မသိဘူးလေ .. အဲဒါကို .."

"မတွေးနဲ့တော့ .. တော်ပြီ .."

"မောင် .."

ညီ ဖျတ်ခနဲ ပြန်ထရပ်တော့ ပိုက် က လက်ကို ပြန်ဆွဲထားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အခု ပိုက် က ကြောက်လန့်နေလို့ မဟုတ်ပါဘူး ..၊ စိတ်ဝင်စားစရာကောင်းနေလို့ သိချင်တာပါ .. မောင်ရော အဲဒါတွေ ဆန်းတယ်လို့ မထင်ဘူးလား .."

"စိတ်ကို မဝင်စားဘူး .."

ညီ က လက်ကို ရှန်းသည်။

ပိုက် က အတင်းဆွဲထား၏။

"မောင် နော် .. ပိုက် က ကိုယ့်ယောကျ်ားက မကြည်မဖြူနဲ့ဆိုရင် ဘာမှ လုပ်ချင်တာ မဟုတ်ဘူး .."

"အာ .. ဘာပြောလိုက်တယ် .."

ညီ က တမင်တကာ တအံ့တသြကြီး လုပ်နေသည့်မျက်နှာနှင့် ..

"တိုးတိုးပြောပါကွာ .. တော်ကြာ ရာသီဥတုဖောက်ပြန်ပြီး မိုးကြီးတွေပါ ပစ်ချနေပါဦးမယ် .."

ပိုက် က ရယ်ကာ ညီ့ ရင်ခွင်ထဲ တိုးဝင်ပြီး တအားဖက်ထားလိုက်၏။

ညီ က ပိုက် ရဲ့ခါးလေးကို ပြန်ဖက်လိုက်ကာ ...

"ဒီဘက်မှာ တိုင်းရင်းသားတွေလည်း များတယ်..၊ နယ်စွန်နယ်ဖျားဆိုတော့ မောင်တို့နဲ့ မနီးစပ်တဲ့ ဓလေ့စရိုက်တွေ အယူအဆတွေလည်း အများကြီးပဲ ..၊ အဲဒါတွေ မင်း လျှောက်စိတ်ဝင်စားမယ်နေရင် ကြာရင် ကိုယ့်ကိုယ်ကိုယ် ဘာလဲဆိုတာပါ မေ့သွားလိမ့်မယ် .."

"မမေ့ပါဘူး မောင်ရယ် .. ပိုက် အခုမကြောက်တော့ပါဘူး ..၊ ပိုက် ကို စိုးရိမ်တာဆိုရင် မောင့်စိတ်ကို လျှော့လိုက်ပါ .."

ပိုက် က ခြေဖျားလေးထောက်၍ ညီ့ လည်ပင်းကို သိုင်းဖက်လိုက်ကာ ...





"မျက်နှာကြီးက မရယ်သေးဘူးလား .."

ညီ က မော့နေသည့် ပိုက် ရဲ့မျက်နှာလေးကို စူးစိုက်ကြည့်ပြီး ပြုံးလိုက်၏။

ပြီးတော့ မြတ်နိုးသောအနမ်းများနှင့် ပိုက် ရဲ့မျက်နှာလေးထက်မှာ ကြာရှည်စွာ ခိုနားခဲ့၏။

"မောင် နည်းနည်းကြာမယ် .. ဖုန်း အနားမှာ ထားနော် .."

"ဘာတွေလုပ်မှာမို့လို့လဲ မောင် .. ပိုက် က တစ်ယောက်တည်း.."

ပြီးတော့ ကပ်လျက် အခန်းတွေမှာလည်း ဧည့်သည် မရှိပေ ..၊ အခန်းတိုင်းမှာ လူပြည့်နေသည်ဆိုပေမယ့် မနက်ရှစ်နာရီလောက်ဆို အလျိုလျို ပျောက်ကုန်ကြကာ ညရှစ်နာရီလောက်ကျမှ ပြန်ရောက်တတ်ကြသည်လို့ စိုးထိုက် က ပြောပြဖူးသည်။

သူတို့ကတော့ အေးဆေးနေနိုင်တာတွေ ပြောပြတာပေမယ့် အခန်းတိုင်း ပိတ်ထားတာပဲ မြင်နေရတာကျတော့ သိပ်မကောင်း ..၊

"ဝရန်တာမှာဖြစ်ဖြစ်.. ဧည့်ခန်းမှာဖြစ်ဖြစ် .. ထိုင်နေကွာ ..၊ တီဗွီဖြစ်ဖြစ် ကြည့်နေလိုက် .. မောင် မသွားလို့ မရဘူး ..၊ အဲဒီဘက်မှာ ဆယ်သိန်းကျော်ကျော် မောင် ရစရာရှိတယ် .."

"ဟင် .. ဟုတ်လား .. ဒီလောက်ရက်ကပ်ပြီး တောင်းလို့ ရပါ့မလား မောင်ရဲ့ .. မောင်က ဘာဖြစ်လို့ ချေးထားတာလဲ .."

"မဟုတ်ပါဘူး .. မောင် ပြန်လာမှ ပြောမယ် ..၊ သူက ငွေလဲရောင်းတဲ့ကောင်ပါ .. မောင့်သူငယ်ချင်းပဲ .."

"ဘာပဲဖြစ်ဖြစ် သူများနယ်စပ်မှာ မောင် သတိထားနော် ..၊ ဒါလောက် ပိုက်ဆံလေးနဲ့ ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ဖြစ် မခံနဲ့ ..၊ သွားတောင်းမနေပါနဲ့ မောင်ရယ် .. ပိုက် စိတ်မချဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ညီ က ရယ်ကာ ဂျက်ကက် ထပ်ဝတ်လိုက်၏။ ပြီးမှ ...

"ဘာမှမဖြစ်ဘူး.. မင်းပဲ ဒီက ဘယ်မှမသွားနဲ့..၊ အခန်းမှာ လော့ခ်ချပြီး အိပ်နေကွာ .."

"မောင်ကလည်း အဲလိုအိပ်ထားရင် ညကျတော့ မျက်လုံးကြောင်နေမှာပေါ့ .. စိတ်ချလက်ချ သွားပါ ..၊ ပိုက် ဘယ်မှမသွားဘူး .."

ညီ က ပိုက် ရဲ့ပါးလေးကို လက်သီးဆုပ်နဲ့ကပ်တွန်းပြီး ထွက်သွား၏။ ဝယ်ထားသည့်မုန့်ထုပ်တွေကို ဘာစားရမလဲ တွေးရင်း ကိုင်ကြည့်လိုက် ပြန်ချလိုက် လုပ်နေမိသည်။

ပိုက် တစ်ယောက်တည်း ပျင်းလာတာနှင့် ဦးဦးဆီ ဖုန်းဆက်သေးသည်။

ညီ မိဘနှစ်ပါးနဲ့ ပြောပြီးတော့ ဖုန်းကို အနားမှာထားရင်း အိပ်ပျော်သွားခဲ့၏။

ဘယ်လောက်ကြာသွားခဲ့မှန်း မသိဘဲ နားထဲမှာ ဆူညံသံတွေကြားမှ နိုးလာခဲ့သည်။

အပြင်မှာ မိုးရွာနေခြင်း ဖြစ်၏။

နာရီကြည့်တော့ အချိန်က ညနေ လေးနာရီ လေးဆယ့်ငါး ..၊

မောင် မိုးမိပြီ ..၊

ပိုက် တစ်ယောက်တည်း ယောက်ယက်ခတ်နေကာ ဖုန်းဆက်တော့လည်း ဝင်သွားလိုက် ပြန်ကျသွားလိုက် ..၊

"ကိုမိုးစိုင်း လားဟင် .."

မိုးစိုင်း ဆီကို ဆက်တော့ ဝင်သွား၏။

"မောင် မဲဆောက်ဘက်ကို သွားနေတာ နေ့လယ်တည်းက .. အဲဒါ ခုထိ ပြန်မလာသေးဘူး ..၊ ကိုမိုးစိုင်း လိုက်သွားပေးပါလားဟင်.."





"ဒီအချိန်မှဆို မရတော့ဘူး ပိုက် .. အထွက်တွေပဲ ရတော့မှာ ..၊ စိတ်မပူပါနဲ့ .. နောင်ချိန် ပါသွားပါတယ် .."

"သူ ဖုန်းဆက်သေးလားဟင် .."

"သွားကာစက ဆက်တယ် .. ဒီကောင်ကလည်း ဖုန်းကိုင်ရင် ဆိုင်းလဲနဲ့လုပ်ပြီး အိတ်ထဲထည့်တာဟ ..၊ တော်ရုံနဲ့ ခေါ်လို့လည်း မရဘူး .. ဘာလဲ.. တစ်ယောက်တည်း မနေရဲဘူးလား ..၊ ငါ့ညီမတစ်ယောက် လွှတ်ပေးလိုက်မယ်လေ .."

"မဟုတ်ပါဘူး .. ရပါတယ် .."

မရတာက မောင့်ကို စိုးရိမ်ပြီး ကောင်းကောင်း ထိုင်နေလို့ မရသည့်စိတ်ပဲ ဖြစ်သည်။

ဖုန်းကိုင်ရင်း ဝရန်တာကနေ လမ်းမကို ထွက်ကြည့်နေတော့ ခြေထောက်နဲ့ စကက်စအနားမှာ မိုးစက်တွေစဉ်ပြီး ကြာလာတော့ စိုရွှဲလာ၏။

ပြန်ဝင်လာတော့ ဧည့်ခန်းနေရာမှာ တီဗွီကြည့်နေကြသည့် အမျိုးသမီးနှစ်ဦးကို တွေ့ရသဖြင့် သူမလည်း ဒီဘက်ကနေ ဝင်ထိုင်လိုက်မိ၏။

နေရာချင်း မလှမ်းမကမ်းမို့ မြန်မာလူမျိုးတွေလား ..၊ တိုင်းရင်းသားတွေလား အကဲခတ်ရင်း ပိုက် နည်းနည်းတော့ လိုက်ငုံ့ကြည့်မိသည်။

မြန်မာအမျိုးသမီးတွေပဲ ဖြစ်နိုင်ကာ နယ်ပိုင်းကပဲ ဖြစ်ဖို့များ၏။ တစ်ယောက်က အသက်လေးဆယ်ဝန်းကျင်လောက်ဖြစ်ကာ ကောင်မလေးက ဆယ်တန်းကျောင်းသူလောက် အရွယ်လေး ..၊

နှစ်ယောက်စလုံး နေကြာစေ့ တဖြောက်ဖြောက် ဝါးနေကြလျက် တီဗွီကြည့်နေကြပြီး ပြောနေကြတာက တခြား ...၊



www.burmeseclassic.com

www.burmeseclassic.com



"မိုးကလည်း သည်းတော့လည်း အသည်းအသန် ... တိတ်သွားရင်လည်း တိခနဲပဲ နော် .. မယ်ဆွန်ကို သွားဖို့မှာ ခရီးက ဖင့်ဦးမယ် .."

"ငါတော့ မသွားဖြစ်တာပဲ ကြိုက်ပါတယ်အေ.. အဲဒီရွာက နာမည်ကျော် .."

"ကျော်ကျော် မကျော်ကျော် သမီးကတော့ ကြိုက်တယ်.. ကျောက်လိုဏ်ဂူတွေ ရှိတယ် .. သစ်ခွတွေ ပေါတယ် ဆိုတည်းက ခတ်ပုံတွေ အများကြီးရိုက်ဖို့ အားခဲထားတာ .."

ဆံပင်တွေကို အော်တိုမစ်တစ်ကလစ်နှင့် စုလိမ် ညှပ်ထားသည့် အမျိုးသမီးကြီးက သမီးဖြစ်သူကို စိတ်မရှည်သည့်မျက်နှာနှင့် ငဲ့ကြည့်၏။

"ညည်းပါလို့ ငါက အဲဒီလို ရွာစွန်ရွာဖျားတွေမှာ သွားမတည်းတဲ မြို့ပေါ်မှာ ပိုက်ဆံအကုန်ခံပြီး နေနေတာနော် .. မကြားဘူးလို့လား ... အဲဒီ ရွာနှစ်ရွာက အကြောင်းတွေ .."

မိုးသံနှင့်အတူ ခပ်ကျယ်ကျယ်ပြောနေသည့် အမျိုးသမီး၏ အသံက ပိုက် ရဲ့နားထဲကို ပီပီသသကြီး ဝင်နေ၏။

ဘာဖြစ်လို့များ ဒီအကြောင်းနဲ့ပတ်သက်တာတွေပဲ သူမ ကြားနေခဲ့ရတာလဲ ...။

"ဒါပဲနော် မိစံ .. ရောက်သွားရင်လည်း ပန်းလည်း မခူးနဲ့ .. ဘယ်သူ့ကိုမှလည်း မျက်စောင်းတိုး မကြည့်မိစေနဲ့ ... ကျွေးတာမွေးတာ ရှိရင် ကြိုက်ကြိုက် မကြိုက်ကြိုက် နည်းနည်းတော့ စား ... ညည်းက အစားအသောက် ဧကြးများလွန်းလို့ ပြောနေရတာ .. အဲဒီမှာ ပညာသည်တွေ တအားပေါတာ .."





"ဘာပညာသည်တွေလဲ အမေရယ် .. ခုခေတ်မှာ ရှိရင်တောင်မှ တအားတော့ မပေါလောက်ပါဘူး .."

"ခေတ်တွေ ပြောင်းလဲကုန်ရင်လည်း မြို့ကြီးပြကြီးတွေမှာပဲ ပြောင်းတာ .. အဲဒီလို နယ်စွန်နယ်ဖျား တောင်ကြိုတောင်ကြားမှာ မပြောင်းဘူး .."

"ဒါဂါတော့ အမေက အဲဒီရွာကလူနဲ့မှ သွားပတ်သက်တာကိုး.. မကြောက်ပါနဲ့ အမေရယ် .. သမီး သိပါတယ် .."

"ဘာသိတာလဲ .. ငါ့ကို ညည်းအဒေါ် ပြောတယ် ... အဲဒီရွာမှာ လူတစ်ယောက်သေရင် ရက်မလည်မချင်း သရဲတွေ အရမ်းမြူးတာပဲတဲ့ ... စုန်းလိုလို အောက်လမ်းလိုလိုနဲ့ လူသေတွေကို တူးဖော်ပြီး နိုင်းတဲ့ ဆရာတွေလည်း ရှိတယ်တဲ့ .."

"ဟုတ်တယ် .. အဒေါ် ပြောတယ် .. ထူးဆန်းတယ်နော် .. အဒေါ်ကျတော့ အဲဒီရွာသူကြီးဖြစ်ပြီး အရမ်းရှိုးတာပဲ ... နောက်ပြီး အဲဒီမှာ မပျော်ဘူး .."

"ပျော်စရာလားအေ .. တစ်နေ့တစ်နေ့ ထင်းခွေတယ် .. ကြွက်ရှာဖားရှာနဲ့ သားကောင်ကြီးတွေ ပစ်တဲ့ မုဆိုးတွေက ရှိသေး ... အဲဒီကရွာတွေ သူများအသက်တွေ သတ်ဖြတ်စားသောက်နေကြတာ သေရင်ဘယ်လိုလုပ် ကောင်းရာမွန်ရာ ရောက်နိုင်မှာလဲ .. အဲဒါကြောင့် မသာတွေက လမ်းထလျှောက်လိုက် .. လူသေကောင်ဖော်ပြီး ဖုတ်သွင်းလိုသွင်း .. ပြီးတော့ ဆရာ မနိုင်ဖြစ်ပြီး ခွေးပြေးဝက်ပြေး ပြေးကြ .."

"အဲဒါမျိုး မနိုင်မနင်းဖြစ်တော့ ဒီဖုတ်ကောင်ကို ဘယ်လိုပြန်လုပ်ကြသတဲ့လဲ .."

"ဖုတ်ကောင်ပဲဟာ .. ကိုင်တွယ်မယ့်သူ မရှိတော့ သေကောင်က



www.burmeseclassic.com

www.burmeseclassic.com



တော့ လဲသွားတာပေါ့ .. ပူးနေတဲ့ဖုတ်ကောင်ကတော့ ဒုက္ခပြန်ပေးတာပဲ ..၊ မကောင်းဆိုးဝါး မြူးရင် ရွာနာတယ် ..”

“အမေက အဲဒီမှာ နှစ်ပတ်တောင် လိုက်လည်ဖူးတာနော် .. သင်္ချိုင်း တော်တော်ကောင်းတာပဲ ..”

“ညည်းလိုပေါ့အေ .. ငယ်ငယ်ကတော့ သူများထက်ထူးပြီး သိချင်မြင်ချင်တာကိုး .. လူတတ်ကြီးလုပ်ပြီး ပြန်ပြောရတာလည်း သိပ်ကြိုက်ပေါ့ ..”

အမျိုးသမီးကြီးက စကားပြောရင်း စားရင်းနှင့် တီဗွီကိုတော့ ကြည့်နေတာပဲ ဖြစ်သည်။

ဒါပေမယ့် အာရုံက တီဗွီမှာ ရှိပုံ မပေါ်..။၊

လက်မှာဝတ်ထားသည့် ရွှေလက်ကောက်တွေက နေကြာစေ့ စားနေသည့် လှုပ်ရှားမှုတိုင်းမှာ မြည်သံတွေ ဖြစ်နေခဲ့လျက် ...

“မိုးက တိတ်မှာ မဟုတ်တော့ဘူး .. ဒီနေ့တော့ ဟိုက လူကြုံလည်း လာနိုင်မှာ မဟုတ်ပါဘူး ..၊ ငါတို့ အေးဆေးအိပ်လိုက်ဖို့ပဲ ရှိတော့တယ် ..”

စိတ်မပါစွာ တီဗွီကြည့်နေခြင်းအလုပ်ကို လက်လျှော့တော့ဖို့ အသံ ထွက်လာ၏။

ထိုအခါကျမှ ပိုက် ကို သူတို့ မြင်သွားကြသည်။

“သြော် .. ငါတို့က ကိုယ်ထင်ရာ ကိုယ်ပြောနေကြတာ ..၊ သူများတကာ တီဗွီ ကောင်းကောင်းကြည့်ရရဲ့လား မသိဘူး ..”

“ရပါတယ် အန်တီရဲ့ .. ဒီလိုပဲ ပျင်းလို့ လာထိုင်နေတာပါ ..”

သူမတို့ စကားပြောနေစဉ် ရှေ့ခန်း၏ထိပ်ဆုံးနေရာမှာ အမျိုးသမီးကြီးတစ်ယောက် ဝင်လာထိုင်၏။





သုံးယောက်စလုံး အမှတ်တမဲ့ လှမ်းကြည့်လိုက်ပေမယ့် ကိုယ်ပြောနေသည့် အကြောင်းအရာတွေပေါ်မှာပဲ စိတ်ဝင်စားနေကြကာ ...

“တူမကြီးက အဝေးကဧည့်သည် ထင်တယ် ..”

“ဟုတ်ကဲ့ .. ရန်ကုန်ကပါ ..”

“သြော် .. အဒေါ်တို့က အခု သထုံက လာတာလေ .. အစကတော့ ဒီနယ်ကပဲ ..၊ တောပိုင်းကို ခရီးဆက်သွားရမှာ .. လူကြုံစောင့်ရင်းနဲ့ မိုးနဲ့ တိုးနေတော့ ဒီမှာပဲ ဒီည အိပ်ရတော့မယ် ..”

“ဟုတ်ကဲ့ ..”

“တူမက တစ်ယောက်တည်းလား ..”

“ကျွန်မအမျိုးသား ပါပါတယ် ..”

စောစောက သူမတို့ ပြောနေကြသည့်အကြောင်းတွေကို မေးမြန်းစပ်စုချင်ပေမယ့် စကားစပြတ်သွားပြီမို့ ပိုက် ဘယ်လိုပြန်စရမှန်း မသိဘဲ ဖြစ်နေ၏။

သို့သော် ...

“တောကြားတောင်ကြားဆိုတာ မိုးနဲ့လေနဲ့ သွားလာလို့မကောင်းဘူး ..”

အမျိုးသမီးကြီးက သူမဘာသာ စကားစလာ၏။ ပိုက် ဝမ်းသာသွားကာ ...

“တောကြားဆိုတာ တော်တော်လေး ခေါင်နေလို့လားဟင် ..”

“ခေါင်ပြီကောကွယ် .. အဲဒီမှာက နှစ်နိုင်ငံ စပ်ကြားမတ်ကြားဆိုတော့ လူပေါင်းစုံ စရိုက်ပေါင်းစုံပဲ ..၊ သူ့အုပ်စုနဲ့သူ နေကြရင်းနဲ့ အုပ်စုချင်း ပူးမိသွားရင် အဲဒါ ရွာတစ်ရွာပေါ့ .. ခုတော့ လူတွေ ပိုများပြီး ရွာတွေရှုပ်နေတာပဲလို့ ကြားတယ် ..၊ မရောက်တာလည်း ကြာပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ ...၊ ဒါပေမယ့် ငါတို့က ဒေသခံဆိုတော့ အဲဒီနဲ့ အသွားအလာ မပြတ်ဘူးလေ .. မျိုးစုံ ကြားနေရတာပဲ ..”

မဖွံ့ဖြိုးသည့်ဒေသကနေ မြို့ရောက်ပြီး စီးပွားရေး အခြေကျနေပုံပေါ်သော အမျိုးသမီးကြီးက စကားသံခပ်ဝဲဝဲနှင့် ဖော်ရွေပုံလည်း ရှိ၏။

“ဒါနဲ့ ခုနက ပြောတာလေ .. လူသေကောင်တွေ ဖုတ်တွေဆိုတာ အဲ့ဒီမှာ တကယ်ရှိတာလား အန်တီ ..”

“ဪ .. အဲဒါလား ..”

ဒါကျတော့ သူမပြောနေတာတွေ ကြားသွားတာလားဆိုသည့် ခပ်အမ်းအမ်းအပြုံးနှင့် ပြောပြချင်ပုံရှိပေမယ့် သိပ်လည်း ပြောချင်ပုံမပေါ်ဘဲ ...

“ဒီလိုအကြောင်းတွေက ခုခေတ်လူတွေဆိုရင် မယုံကြည်ကြတာပဲ များတာ ...၊ လက်တွေ့ပြလို့လည်း ရတာ မဟုတ်တော့ ..”

“ဘာလို့ မရရမှာလဲ အမေကလည်း ..”

ကောင်မလေးက သူ့အမေကို ပြောပြီး ပိုက် ကို ရယ်ပြကာ ...

“တစ်လောလေးကမှ မိုးကြိုးပစ်ခံရပြီး သေသွားတဲ့ မိန်းမကြီးဆိုရင် ညီမလေးတို့နဲ့ ဆွေမျိုးတော်တဲ့ ဘေးအိမ်ကလေ ...၊ သားသမီးတွေ ရှိနေရက်နဲ့ ဘယ်သူကမှ မကျွေးမွေးလို့ မသေခင်တည်းက ငါးအစိမ်းတွေ .. အကောင်ပလောင်လေးတွေ ဖမ်းပြီး အစိမ်းတွေ စားနေတာ..”

“ဟဲ့ ကိုယ်လည်း မြင်ရတာ မဟုတ်ဘဲနဲ့ ..”

အမျိုးသမီးကြီးက ပြောစေချင်ပုံ မရ ...၊ ပြီးတော့ တစ်ဖက်မှာ အားလုံးကို ကျောပေး၍ တီဗွီဘက် လှည့်ထိုင်နေသည့် မိန်းမကြီးဆီ မျက်လုံးဝေ့လိုက်သေးသည်။

မိုးသံကလည်း လျော့ကျသွားပြီမို့ ...





“တိုးတိုးပြောစမ်း ...၊ စကားပြောပုံက ...”

ကောင်မလေးကလည်း စကားသံ တိုးကျသွားကာ ...

“သေသွားတော့လည်း မိုးကြိုးပစ်ခံရတာဆိုတော့ နေ့မကူးခင် တန်းပုပ်တာ ..”

“ဟုတ်လား ...၊ မိုးကြိုးပစ် သေရင် အဲဒီလိုလား ..”

“ဟုတ်တယ်လေ .. နောက်နေ့ဆို ပုပ်စော်နံလာလို့ မသင်္ဂြိုဟ်ပေးမယ့်လူတောင် မရှိဘူး တဲ့ ..”

“သူက ဘာဖြစ်လို့ မိုးကြိုးပစ်ခံရတာလဲ ဟင် .. အသားစိမ်းတွေ စားလို့လား ..”

“ဟုတ်မယ် မထင်ပါဘူးအေ .. အပြစ်ရှိလို့ မိုးကြိုးပစ်ချတယ်ဆိုတာက ဘုရားသာသနာတုန်းကပါ ...၊ ခုနောက်ပိုင်းတော့ ခေတ်နဲ့လိုက်ပြီး ကမ္ဘာကြီးက ဘာဖြစ်တယ် .. ညာဖြစ်တယ်တောင် ပြောနေတဲ့ ဥစ္စာ”

အမျိုးသမီးကြီးက ဝင်ပြောပြီး နှာခေါင်းရှုံ့ပွပွ လုပ်နေ၏။

ပြီးတော့ သူပဲ ဆက်၍ ...

“ဘာကြောင့်သေမှန်း မသိပါဘူး .. အသက်ကလည်း ရှစ်ဆယ်တောင် ကျော်နေပြီတဲ့ .. မိုးကြိုးပစ်ချခံရတဲ့အလောင်းကို လိုချင်လှချေရဲ့ဆိုပြီး ပယောဂဆရာတစ်ယောက်က ဒီတိုင်း လာသယ်သွားတာတောင် သားသမီးတွေက ယူပါ ယူပါ ဖြစ်နေတယ်ဆိုလား ..”

“ဟုတ်လား ..”

“အေးလေ .. မိုးကြိုးပစ်ချခံရတာလည်း ဥပဇ္ဈေဒကကံနဲ့ သေခြင်းပဲ ...၊ အရပ်စကားနဲ့ပြောရင် အဲဒါ အစိမ်းသေလေ ..”

“အဲဒီတော့ ဘာလုပ်လို့ရလဲ ဟင် ..”



www.burmeseclassic.com

www.burmeseclassic.com



"ခုနက ငါတို့ပြောသလိုပဲလေ .. အောက်လမ်းဆရာဆိုတော့ ဖုတ်တွေဘာတွေသွင်းဖို့ နေမှာပေါ့ .."

"မိုးကြိုးသွားရှာမလို့လည်း ဖြစ်နိုင်တာပဲ အမေကလည်း .. သူ့ကို ပစ်ချတာဆိုတော့ မိုးကြိုးသွားက သူ့ကိုယ်ထဲမှာရှိမှာ ဥစ္စာ .."

"မဟုတ်ဘူး .. ဖုတ်သွင်းလိုက်တာ .."

ဟင်!...

သုံးယောက်စလုံး 'ဟင်'ခနဲဖြစ်သွားကာ ပြောလိုက်သူထံ အကြည့်တွေ ရောက်သွားခဲ့ကြ၏။

သူတို့ရှေ့မှာ ထိုင်နေသော မိန်းမကြီးသည် ဆံပင်တွေကို ဖြစ်သလို စုလုံးထားကာ ရင်ဖုံးအကျႌ အညိုပွပွ ထဘီအနက်နှင့် ဖြစ်၏။

မျက်နှာကို ပိုက် ထိုင်နေသည့်နေရာကနေ မမြင်ရပေ ...၊

သားအမိနှစ်ယောက်ကတော့ မိန်းမကြီးကို ကြည့်ပြီး နှာခေါင်းတွေ ရှုံ့၏။

ပြီးတော့ ဒါကို ဘာလို့သိနေတာလဲဆိုသည့် အံ့သြသော မျက်လုံးတွေနှင့် ကြည့်ကြ၏။

"ဟီး .. ဟီး .. ဟစ် .."

မိန်းမကြီးက ခပ်ကြိတ်ကြိတ် ရယ်တော့ အမျိုးသမီးကြီးမျက်နှာ တင်းသွားလျက် သမီးဖြစ်သူကို လက်တို့၏။

"လာ .. လာ .. မသာအကြောင်း ပြောရတာ မသာစော် နံလာသလိုပဲ ...၊ ငါတို့ မိုးတိတ်တုန်း ထမင်း သွားဝယ်စားရအောင် .."

ပိုက် ကိုတောင် လှည့်မကြည့်ကြတော့ဘဲ ထသွားကြ၏။

မိန်းမကြီးက အရယ်မတိတ်သေးပေ ...၊ ပိုက် ကလည်း ထိုမျက်နှာကိုပဲ မမြင်ရပေမယ့် စူးစိုက်ကြည့်နေခဲ့၏။





"အဲဒီမိန်းမကြီး နာမည်က အုန်းခင် လေ .."

ဟင်!...

ပိုက် တစ်ကိုယ်လုံး ဆောင့်တွန်းခံရလိုက်သလို တုန်ခါသွား၏။ မိုးသံက တဖြောက်ဖြောက်နှင့် ည၏ မှောင်မိုက်ခြင်းက လွှမ်းခဲ့သော မိုးညကအတိုင်း အကျည်းတန်စွာ ...၊

ကျောပေးထိုင်နေသော မိန်းမကြီး၏ လက်တစ်ဖက်က တွဲလွဲကျလာသည်။

ထိုအခါ အရိုးစုနှယ် လက်ချောင်းများမှာ ကြေးညှော်တွေနဲ့ မည်းနက်နေသော လက်သည်းရှည်ကြီးများနှင့် ...

"ဟီး .. ဟီး .. ဟစ် .. ဟစ် .."

ရယ်သံကိုကြားနေရင်း ပိုက် အသိမဲ့သွားသလို တုတ်ခုံမှ လှုပ်ဖို့ သတိမရတော့ ...၊

သူမ သိနေပါပြီ ...၊

ဒေါ်အုန်းခင် ဆိုတာ သူမရှေ့မှာ ထိုင်နေသော ...၊

"ဖုတ်သွင်းခံရတော့ စားရတယ် .."

စကားပြောနေသည့်ခေါင်းက အုန်းမှုတ်ခွက်ကို တုတ်နဲ့ထောက်ထားသလို ပြုတ်ကျတော့မလို တလှုပ်လှုပ် ဖြစ်နေကာ ရယ်သံသည် သေးသေးကျစ်ကျစ်လေးနှင့် ကြားရဆိုးလွန်း၏။

"ဟီး .. ဟီး .. ဟီး .. ဟိ .. ဟိ .. ငါ့ကို မြင်တဲ့လူကို ငါ စားလို့ရတယ် ...၊ ငါ မဝသေးဘူး .."

နှာခေါင်းထဲကို အပုပ်နံ့ကြီး ထောင်းခနဲ ဝင်လာသည်။

ပိုက် ရဲ့အမြင်အာရုံတို့သည် ကြောက်စိတ်လွန်ခြင်းကြောင့် ဝေဝါးတုန်တာလား ...၊



www.burmeseclassic.com

www.burmeseclassic.com

ဒါမှမဟုတ် ခေါင်းကြီး နှစ်ဆတိုး၍ ကြီးမား ပြန့်ကားသွားတာလား ...၊

ငေးကြည့်နေမိရင်း ကိုယ့်ဘက်ကို တဖြည်းဖြည်း လှည့်လာသော ပြူးဝိုင်းနေသည့် မျက်လုံးနှင့် သွားရည်တွေကျနေသော ပါးစပ်ကြီးက သွားတစ်ချောင်းမှ မရှိဘဲ ပြဲဟနေလျှင် ...

"မ .. မလာနဲ့ .."

ပိုက် အသံတိတ် ခေါင်းခါရင်း နေရာမှာတင် ပုံခနဲ ခွေကျသွား၏။

"ဟိုမှာ ဘာဖြစ်သွားတာလဲ .."

"ဘယ်အခန်းကလဲ .."

သူမစိတ်တွေ လုံးလုံးလျားလျား လွင့်မျောခြင်းသို့ မရောက်သေးဘူး ထင်သည်။

လေတိုးသံတွေလား .. ကားစက်သံတွေလား ...၊

သို့တည်းမဟုတ် စကားပြောသံတွေက ကိုယ့်နားမှာလား ...၊ အဝေးမှာလား ...၊

"အစ်မ .. အစ်မ .."

"ဟင် .."

"အစ်မ နေမကောင်းဘူးလား .."

"ဟင် .."

ပိုက် မျက်လုံးတွေ ဖွင့်လိုက်တော့ သူမအေးမှာ ဟိုတယ်လ်ဝန်ထမ်းနှစ်ယောက်က စိုးရိမ်သည့်မျက်နှာနှင့် ...

"ကျွန်မ .."

နေရာမှ ထထိုင်လိုက်မိလျှင် သူမသည် တီဗွီရှေ့က ဧည့်ခန်းမှာပဲ ဖြစ်ကာ ...





"ဟို .. ဒီမှာထိုင်နေတဲ့ မိန်းမကြီးရော .. ဆံပင် လောက်စာလုံးလောက် အထုံးလေးနဲ့ အင်္ကျီမည်းမည်းနဲ့လေ .."

"အစ်မတစ်ယောက်ပဲ ဒီမှာ ရှိတာပါ .."

ဟင်!...

ပိုက် မျက်လုံးတွေ ကျီးကန်းတောင်းမှောက်ဖြစ်လျက် ထိတ်လန့်ခြင်းသည် ရင်ခုန်သံတွေကို စည်တီးနေသလို ရှိစေလျက် ...

"ငါ့ကို မြင်ရတဲ့လူကို ငါ စားလို့ရတယ် .."

ဒေါ်အုန်းခင် ၏ သေးကျစ်ကျစ်အသံကို သတိရလာ၏။

"ဟီး .. ဟီး .. ဟီး .. ဟာစ် .. ဟာစ် .. ဟိ .. ဟိ ..."

မဟုတ်ဘူး .. အဲဒါ မဟုတ်ဘူး ...၊ တကယ် မရှိဘူး ...၊

ခေါင်းတွေ ခါနေမိစဉ် သူမ မငိုပါဘဲ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။

ဒါ တကယ်ဆိုရင် ကိုယ့်ကို ဘယ်လို စားမှာလဲ ...၊ လူတွေ မလစ်လို့ မစားခဲ့တာလား ...၊ တကယ်မဟုတ်တဲ့ အိပ်မက်လား ...။

"ဖုန်းလာနေတယ် .. ဒီမှာ အစ်မဖုန်း ထင်တယ် .."

မြည်သံကြားနေပေမယ့် ပိုက် ရဲ့စိတ်တွေက ဘယ်မှာမှမရှိ ...၊ ဝန်ထမ်းလူရွယ်ကပဲ စားပွဲအောက်က မြည်နေသည့်ဖုန်းကို ကောက်ယူပေး၏။

"မောင် .."

ဖုန်းကို ပြူးကြောင်ကြည့်ရင်း ပိုက် လက်တွေ တဆတ်ဆတ်တုန်နေသည်။ လူနှစ်ယောက်က ပိုက် ဘာဖြစ်နေမှန်း မသိပေမယ့် အနားက ထွက်ခွာသွားကြ၏။

"မောင် .."



www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် ဖုန်းမြည်လာမှ ပိုက် ကမန်းကတန်း ဖွင့်လိုက်သည်။

"အိပ်ပျော်နေတာလား ပိုက် .."

"ဟင့်အင်း .."

"မောင် ပြန်ရောက်နေပြီကွ .. ဒါပေမယ့် တက်လာလို့ မရသေးဘူး .. ဟိုတယ်လ်ရှေ့မှာ ဒေါ်အုန်းခင် ဆိုတဲ့အဘွားကြီး မောင့်ကို လာစောင့်နေတာကွာ .. တကယ့် ရှီးထုပ်ပဲ .."

"ဟင်!..."

ပိုက် နားထင်ပါးရင်းတွေ အုန်းခနဲ ထမြည်သွားသလား ထင်ရသည်။

"ဒီတစ်ခါ မှန့်မပူဆာဘူး .. အိပ်စရာ မရှိလို့ တဲ့ .."

"မောင် .. နေဦး .."

ပိုက် ထိုင်ရာမထဘဲ လက်ရောခေါင်းရော ခါ၍ တားနေမိသည်။

"ပိုက် .. မောင် ပြောတာ ကြားလား .."

"ကြားတယ် .. မောင် .. မောင် .. သူ့ကို မခေါ်နဲ့ .."

"မောင် သိပါတယ် .. မင်း ရှေ့ကို ခေါ်လာဖို့ စိတ်ကို မကူးဘူး...၊ ဒေါ်နန်း တို့ အပေါ်ထပ်မှာပဲ သွားသိပ်လိုက်မယ် ...၊ မောင် ချက်ချင်း ပြန်လာမယ် နော် .."

"မောင် .. မောင် .."

"သွားပို့လိုက်မယ်ကွာ .. နေမယ်ဆိုရင်တော့ အနေသာကြီးပဲ..၊ ဒါပေမယ့် အဘွားကြီးက ရစ်နေတာကွ .."

"မောင် ရေ .. မောင် နေပါဦး .."

ပိုက် ကမန်းကတန်း ထပြေးကာ ဝရန်တာကနေ ငုံ့ကြည့်လိုက်မိသည်။ မောင့်ကားကို နောက်မြီးပိုင်းလေးပဲ မြင်လိုက်ရ၏။





"မသွားရဘူး .. မောင့်ကို ဒုက္ခပေးလိမ့်မယ် ...၊ မောင် .."

ဖုန်းကိုင်ရင်း ပိုက် အတင်းပြေးထွက်ခဲ့သည်။

ဆိုင်ကယ်လ်ကယ်ရီပေါ် သူမ ရောက်ပြီး မောင့်ကားနောက်ကို အမီလိုက်နိုင်းရင်း ...

"ဟိုမှာ .. ဟိုရှေ့က ကား .."

မောင့်ကားကို မြင်နေရပြီမို့ အချိန်မီ တားဆီးနိုင်မည်ထင်သော်လည်း ကားသည် ဝိုက်တက်လာသော ကုန်ကားကြီးတစ်စီးနှင့် ဆိုင်ကယ်လ်တွေ ကြားဝယ် ...၊

"ဒုန်း .."

"ဝုန်း .."

ပိုက် ရင်ထဲမှာ ဆို့တက်သွားကာ ....

"မောင်!..."

အသံပြာအောင် အော်လိုက်မိ၏။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"မောင် .. မောင် .."

"ပိုက် .. သူ သတိရပြီ ဒေါက်တာ .."

"ပိုက် သတိရပြီ .."

ကိုယ့်ကို လူတွေ ဝိုင်းခေါ်နေကြသည်။ ပခုံးကို လှုပ်နေ၏။ တစ်ယောက်က လက်ကို ဆုပ်နယ်နေသည်။

ထိုလက်ပိုင်ရှင်ကို သူမ သိနေသည်။

မောင် ..၊

ဒါ မောင့်လက်ပဲ၊

ပိုက် ရဲ့အသိစိတ်တွေ ထိုလက်ပိုင်ရှင်ထံ အလျင်စလို ရောက်သွားသည်နှင့် မျက်လုံးတွေပါ ဖွင့်လာခဲ့လေသည်။

"သတိရပြီလား ပိုက် ... မောင် ရှိတယ်လေ .."





"မောင် .."

"ဟုတ်တယ် .. မောင် မင်းနားကို ရောက်နေပြီ .."

"မောင် .. မောင် ဘာမှမဖြစ်ဘူး နော် .. မောင့် ဘာဒဏ်ရာမှ မရဘူး ဟုတ်လား .."

ဆတ်ခနဲ ကျိုးထဖို့ ပြင်လိုက်တော့ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသည်။

"ပိုက် မထနဲ့လေ .."

"မထနဲ့ဦး နော် .. နင့်ခေါင်းမှာ ဒဏ်ရာရထားတယ် .."

"ဟင်!..."

နောက်ထပ် မျက်နှာတစ်ခုဆီ မျက်လုံးရောက်သွားတော့ ပိုက် အံ့သြသွား၏။

ယွန်း ..၊

"နင် ခုလိုဖြစ်ရတာ ငါ့ကြောင့်ပါ ပိုက် ရယ် .. ငါလည်း ကားချင်း ရှောင်နေတုန်း တောင်တွေသို့နေတဲ့ဘက်က လျှပ်စီးလက်လိုက်တာကို လှမ်းကြည့်လိုက်မိတာ .. အဲဒီမှာ ကားက ရှိုင်းကျပြီး .."

"ယွန်း .. အဲဒါတွေ သူ့ကို ပြောမနေပါနဲ့တော့ .."

ပြောပြနေရင်း ယွန်း က ငိုတော့ ညီ က မကြည်လင်သည့်မျက်နှာနှင့် လှမ်းတားသည်။

နောက်ထပ် ဘေးမှာရှိနေကြသူတွေက သူနာပြု ဆရာမနှစ်ယောက်နှင့် ဂျူတီကုတ်ဝတ်ထားသည့် ဆရာဝန် ..၊

"ပိုက် ဘယ်ရောက်နေတာလဲ ဟင် .."

"သထုံဆေးရုံမှာ ..၊ မင်းနဲ့ ယွန်း ကားအက်ဆီးဒင့်ဖြစ်တာ ကံကောင်းလို့ .."


www.burmeseclassic.com

www.burmeseclassic.com

"ဘာ!..."

ပိုက် မယုံနိုင် ...၊

မဟုတ်ဘူး ...၊ သူမက မြဝတီဟိုတယ်လ်မှာပါ ...။

"မောင် က .. မောင် က .. မြဝတီမှာလေ .."

"ဟုတ်တယ် .. မင်း ခေါ်ထားတဲ့ ဖုန်းတွေ ရှေ့က ကောလ်တွေ မောင် မသိဘူး .. ဖုန်းကို အသံဖျောက်ထားတယ် ...၊ လိုင်းလည်း သိပ်မမိတော့ ထုတ်ကို မကြည့်ဖြစ်တာ ...၊ သိတာနဲ့ မောင် လိုက်လာတာ .."

ရှင်းပြနေပေမယ့် ညို မျက်နှာက ကြည်သာရွှင်လန်းမှု အလျဉ်းမရှိပေ ...။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ ပိုက် ရယ် ဟင် .. ဒီခရီးကြီးကို မိန်းကလေးနှစ်ယောက်တည်း ကလေးနဲ့ လာရသလား .."

"မောင် .. ပိုက် က ..."

"မောင် အပြစ်တင်ချင်လို့ ပြောတာ မဟုတ်ဘူး .. မင်းလုပ်ပုံက ကြည့်စမ်း ...၊ တကယ်လို့များ .. ကျွတ်!..."

ယွန်း ကိုတော့ ပိုက် စိတ်အနှောင့်အယှက်ဖြစ်အောင် မပြောဖို့ တားမိပေမယ့် ရင်ထဲမှာ ဖြောင်ဆန်အောင် ပူလောင်နေသည့် ကရုဏာဒေါသကို မျိုသိပ်မထားနိုင် ...။

ပိုက် မျက်ဝန်းထောင့်မှ စီးသွယ်နေသော မျက်ရည်စတို့ကို သုတ်ပေးရင်း သူ့မျက်ဝန်းမှာလည်း မျက်ရည်စတို့ စိုလက်နေကာ ...

"မင်းကို မောင် လမ်းခွဲကြမယ်လို့ ပြောခဲ့မိသလား ...၊ ပြန်မလာတော့ဘူးလို့ ထင်ရလောက်အောင် .."

"မောင်ကမှ မဆက်သွယ်တော့တာ .."

"မင်းကို မိဘတွေ ဝန်းရံနေတဲ့အလယ်မှာ မောင် ထားခဲ့တာပဲ...၊





မောင် ဘာတွေလုပ်လုပ် ဘယ်ရောက်နေနေ မင်းကို မောင် ဘယ်တော့မှ မမေ့ဘူးဆိုတာ ဘာဖြစ်လို့ မယုံရတာလဲ .."

"မောင့်ကို အရမ်းချစ်တယ် .."

"ကျွတ်!..."

ပိုက် ရဲ့ လက်ဖဝါးလေးကို နှုတ်ခမ်းတို့မှာ ကပ်ထားရင်း စိုးရိမ်စိတ် မပြေသေးသော ညို မျက်နှာက အပြုံးအရယ် မဲ့နေဆဲ ...၊

"မင်း ဒီလိုဖြစ်တဲ့အချိန်မှာ မောင် ရောက်လာတာ ကွက်တိဖြစ်သွားလို့.. မဟုတ်ရင် မင်းတို့သုံးယောက် ဘာမှမသိတဲ့နေရာ ...၊ မရင်းနှီးတဲ့ လူတွေနဲ့ .. မင်း တွေးကြည့် .."

ပြန်တွေးမိလေ ကရုဏာဒေါသတွေက အရှိန်ပြန်ဖြစ်လေ ...၊

ဖုန်းရတာနှင့် သူ ပြန်ခေါ်တော့ ခေါ်လို့ မရတော့ပေ ...၊

ဖုန်း မအားပါဘူး ပြောနေသဖြင့် ကိုယ့်ကိုများ ခေါ်နေသလားဆိုပြီး ခဏစောင့်ပြီးမှ ပြန်ခေါ်သည်။ ဒါလည်း မရ ...၊

ထို့ကြောင့် ချက်ချင်း ထထွက်လာခဲ့ရင်း သူ ဘားအံကနေ စောင့်နေသေးသည်။

ဘယ်လိုမှ စိတ်မဖြောင့်နိုင်တော့ကာမှ ...

"ငါ ထိုင်နေလို့ ရမှာ မဟုတ်တဲ့ အတူတူ ဆက်လိုက်တော့မယ်ကွာ .. လမ်းမှာဆုံတဲ့နေရာပေါ့ .."

သူငယ်ချင်းနဲ့အတူ ဆက်ထွက်လာခဲ့တော့ ဘားအံမှာ ကလေးကို စောင့်နေတဲ့လူတွေပါ လမ်းပေါ်ထိ တက်လိုက်လာကြ၏။

"ဒီကိုရောက်တော့မှာပဲဟာ စောင့်နေလိုက်ရင် ပြီးတာပဲ ...၊ [illegible] ကြာ ဟိုက လမ်းမှာ ဘုရားဝင်ဖူးတာနဲ့ တစ်နေရာမှာ နားနေတာနဲ့ ကြုံပြီး လွဲကြလိမ့်မယ် .."



www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေလည်း တားဆီးရင်း ကျန်ခဲ့ကြ၏။

အကယ်၍သာ သူ စိတ်မချသည့်အတိုင်း ထွက်လိုက်မလာခဲ့မိရင် ပိုက် နဲ့ ဒီကား ဘယ်လိုလုပ်မလဲ …၊

"ကဲ လူနာအတွက်တော့ စိတ်ချရပါပြီ …၊ ကလေးလည်း ပွန်းတာ ပဲ့တာလောက်ပဲ ထိသွားတာဆိုတော့ စိုးရိမ်စရာ မရှိပါဘူး …"

ဆရာဝန်က ညီ့ လက်မောင်းကို တရင်းတနှီး ဆုပ်ကိုင်ပြီး နှစ်သိမ့်၏။

"တိုက်တိုက်ဆိုင်ဆိုင် မင်း ရောက်လာမှပဲ ယာဉ်တိုက်မှု ဖြစ်သွားတယ် နော် … လူနာရှင် ရှိနေလို့ပေါ့ … မဟုတ်ရင် ခရီးသွားတွေ ခုလိုဖြစ်လာတဲ့အခါ ဆရာတို့ အရမ်း ဦးနှောက်ခြောက်ရတာ …၊ တချို့တွေဆိုရင် ဒဏ်ရာပြင်းပြီး စိတ်ကယောင်ချောက်ချား ဖြစ်သွားတာတွေ … ကိုယ့်ကိုယ်ကိုယ် မမှတ်မိတော့ဘဲ အတိတ်မေ့သွားတာတွေ စုံလို့ပါပဲကွာ…"

အားလုံး ပေါ့ပါးစွာ ရယ်နိုင်ပြုံးနိုင်ပေမယ့် ထိုထဲမှာ ညီ နဲ့ ပိုက်တို့တွေတော့ မပါပေ …၊

ပိုက် ခုချိန်ထိ သူမကိုယ် သူမ အိပ်မက်ထဲမှာလား …၊ တကယ်လား ဆိုတာ ခွဲခြမရနိုင် ဖြစ်နေခဲ့ရင်း ညီ ကို ငေးနေခဲ့သည့်မျက်ဝန်းတို့က လှုပ်ရှားသက်ဝင်မှုတို့ နည်းပါးနေဆဲ …၊

"ပိုက် ရယ် … ငါ တောင်းပန်ပါတယ် …"

တစ်ဖက်ကနေ ယွန်း ကလည်း တတွတ်တွတ် တောင်းပန်နေ၏။

သူမမျက်နှာမှာလည်း ပတ်တီးအုပ်ထားရသည့် ဒဏ်ရာနှစ်ချက် ရှိနေလျက်နှင့် ကိုယ့်အပြစ်လို့ပဲ ယူဆနေသည်မို့ …၊





"နင်လည်း ဒဏ်ရာတွေနဲ့ပဲ ယွန်း ရယ် …"

"ဟုတ်တယ် … ဒါပေမယ့် ငါ့က သိပ်မကြာခင် သတိပြန်ရတာ… နင်က တစ်ညလုံး သတိလစ်နေတာ … ပြီးတော့ ညည်းနေတာလား … စကားတွေ ပြောနေတာလား …၊ ငါတော့ နင် ဝေဒနာအလူးအလဲ ခံစားနေရတယ်လို့ပဲ ထင်တာ သိလား …၊ နင် ခု ဘယ်နေရာက ဘယ်လိုနေလဲ ဟင် …၊ ကိုညီ ဆူမှာစိုးလို့ အောင့်ခံနေတာလား …"

မျက်နှာချင်း ကပ်မေးတော့ ယွန်း မျက်ရည်ကျရှာသည်။ ပိုက် က ယွန်း ရဲ့မျက်နှာလေး ကိုင်၍ ပြုံးပြကာ …

"ငါ ဘာမှမဖြစ်ပါဘူး တကယ်ပါ … ပြီးတော့ အဝေးပြေးလမ်းတွေဆိုတာ လူတိုင်း မောင်းရဲတာ မဟုတ်ဘူး …၊ နင့်အပြစ်မှ မဟုတ်ဘဲ ယွန်း ရယ် …"

ပိုက် က နှစ်သိမ့်ပေမယ့် ဆရာဝန်နဲ့ စကားပြောရင်း ဒီကိုပဲ လှမ်းကြည့်နေသည့် ညီ့ မျက်လုံးတွေကြောင့် အပြစ်ရှိသည်လို့ ခံစားနေရသည့် ယွန်း ကတော့ စိတ်မလုံပါ …။

"ငါ သတိရလာတော့ ကိုညီ တို့ ရောက်နေပြီ သိလား …၊ နင့် … နင့်ရဲ့ ကိုညီ လေ … နင့်ကို စိတ်ပူပြီး ဖြစ်နေတဲ့မျက်နှာကြီးများ ပိုက် ရယ် … နင့်ကို ငါ မြင်စေချင်လိုက်တာ …၊ ဒီလိုလူကိုများ နင့်ကို ပစ်သွားပြီလို့ ထင်တာ ငါ အံ့ဩတယ် သိလား …"

ပိုက် နှုတ်ခမ်းလေး ပြုံးသွားသည်။ ဒါပေမယ့် အသက်မပါသော ပြုံးရယ်မှုသာ ဖြစ်ကာ …

"ယွန်း …"

"ဟင် …"

"ဘယ်နှစ်နာရီ ထိုးပြီလဲဟင် …"



www.burmeseclassic.com

www.burmeseclassic.com



"မိုးလင်းတော့မယ် .."

"ဘယ်လို!..."

"ငါတို့ အက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်လာကြတာလေ..၊ ငါက မိုးမချုပ်ခင် သတိပြန်ရလာတယ် ..၊ နင်က လုံးဝ မျောနေလိုက်တာ ည ဆယ့်တစ်နာရီကျော်မှ ညည်းသံထွက်ပြီး ကယောင်ကတမ်းတွေ ပြောလာတယ် .."

"သတိရလာတာ မဟုတ်ဘူးလား .."

"မဟုတ်ဘူး .. နိုးတော့ မရဘူး ..၊ အဲဒါကြောင့် ကိုညီ ပျာယာခတ်ပြီး ငိုမလို ရယ်မလို ဖြစ်နေတာပေါ့ .. ဆရာဝန်တွေက လိုအပ်တဲ့ စမ်းသပ်မှုတွေ လုပ်ကြတယ် ..၊ ကိုညီ က ဘယ်လိုနှစ်သိမ့်လို့မှ သူ စိတ်မချဘူး ဖြစ်နေတာ .."

သူမ နိုးလာလာချင်း မျက်ရည်တွေ ဝေ့နေသည့် ညီ မျက်နှာကို သတိရလိုက်မိသည်။

ဒါပေမယ့် ကြည်နူးဝမ်းသာရမည့်အစား ပိုက် ရဲ့ မျက်ဝန်းထဲမှာ မြင်ယောင်လာတာက နောက်ထပ် ပူပန်စွာ ပြေးလာခဲ့ဖူးသော မျက်နှာ တစ်ခု ..၊

ထို မျက်နှာပိုင်ရှင်ဟာ ညီ ပဲ ဖြစ်ကာ ဒီနေရာမှာတော့ မဟုတ်ပေ ..၊

"ယွန်း .. ငါ မြဝတီထိ ရောက်သွားခဲ့တာ .."

"ဟင်!... ဘာပြောလိုက်တာလဲ .."

မျိုသိပ်မထားနိုင်တော့သဖြင့် ပြောပြလိုက်မိသည်။

ဒါပေမယ့် ယွန်း ဘယ်လိုမှ ယုံကြည်ဖို့ မလွယ်ကူနိုင်ဘူးဆိုတာကို သိနေသည်။





"ငါ တကယ်ပြောတာ .. မြဝတီမှာ ငါ မောင်နဲ့ တွေ့တယ် .."

"ဘာတွေပြောနေတာလဲ ပိုက် ရယ် .. ကိုညီ က ဒီရောက်နေပြီဥစ္စာ .."

ပိုက် လှဲနေရာကနေ ထိုင်ဖို့လုပ်သည်နှင့် ညီ ချက်ချင်း အနားရောက်လာသည်။

"ခေါင်းမူးသွားမယ်လေကွာ .. ဘာဖြစ်လို့ ထတာလဲ .."

"ရပါတယ် မောင်ရဲ့ .. ပက်လက်ကြီး မနေချင်လို့ .."

"ယွန်း ရာ .. သွားလှဲနေပါလား ..၊ ခင်ဗျားလဲ လူနာပဲလေ .."

ယွန်း က မေးဖျားမှာ တစ်ချက် .. နဖူးချိုစောင်းမှာ တစ်ချက်..၊ ကားကြီးနဲ့ ကားလေးလည်း ဖြစ်လျက် ခေါင်းချင်းဆိုင်ပြီး တိုက်မိကြတာလည်း မဟုတ်တော့ ပြင်းထန်စွာ ချိတ်မိပြီး ကားက ဝုန်းဒိုင်းကြဲသွားသည်။

ချိုင့်ကျခဲ့သည့်အဖြစ်ကြောင့် ဘယ်လိုမှ ထိန်းမရဘဲ ပိုဆိုးသွားခဲ့တာ ဖြစ်သည်။

ဒါကို ယွန်း ဘက်က သူမကိုယ်သူမ အပြစ်လို့ ယူဆနေသည်မှန်း ညီ ကလည်း သိသည်။

"ပြောရမယ်ဆို ခင်ဗျားကသာ ဆွမ်းခံရင်း ငှက်သင့်တာမျိုးပါ..၊ ပိုက် အတွက် ကူညီပေးဖို့ လိုက်လာရင်း ခုလိုဖြစ်ရတာ .. ကျွန်တော်တို့ တတောင် တောင်းပန်ရဦးမှာ .. ကျေးဇူးလည်းတင်ပါတယ် ..၊ တောင်းပန်ပါတယ် .. အကယ်၍ ဒီ့ထက်ဆိုးရွားကုန်ကြမယ်ဆိုရင်လို့ တွေးပြီး အဆိုးထဲက အကောင်းလို့ပဲ မှတ်ထားပေးပါ .."

"မဟုတ်တာ ကိုညီ ရယ် .. ကျွန်မတို့သူငယ်ချင်းတွေက ဘယ်သူ့အတွက် ဘယ်သူကဖြစ်ဖြစ် လိုအပ်လာရင် ကူညီဖို့ လက်မနှေးတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

တွေပါ ..၊ ဒီအတွက် ပြန်ပြီး တောင်းပန်နေဖို့ မလိုပါဘူး .. ကျွန်မကြောင့် ကလေးလေးရော ပိုက် ရော သေရေးရှင်ရေး ဖြစ်ခဲ့တာကိုပဲ.."

"ဒီထဲမှာ ခင်ဗျားလည်း ပါနေတာပဲ ထားလိုက်ပါတော့..၊ ခင်ဗျားဆွေမျိုးတွေလည်း ရောက်နေကြတယ်မို့လား .. ကျွန်တော့်ဘက်က လုပ်ပေးဖို့ လိုအပ်တာရှိရင် ပြောပါ .."

ယွန်း မျက်နှာလေး ခုကျမှ ကြည်ကြည်လင်လင် ဖြစ်သွားသည်။ ပိုက် ရဲ့မျက်နှာကတော့ ခပ်ယဲ့ယဲ့လေး ပြုံးနေသည့် အပြုံးလေးတောင် ဖြုတ်ခနဲ ပျောက်ကွယ်သွားခဲ့၏။

ညီ့ နောက်ကို ရောက်လာသော မျက်နှာတစ်ခုက သူမအပြုံးတွေကို ပျောက်ကွယ်သွားစေတာ ဖြစ်လျက် ...၊

"မောင် .."

"ဟင် .."

ညီ က ပိုက် မျက်ဝန်းလေးတွေကို စူးစိုက်ကြည့်နေသည့်နေရာကို သမင်လည် ပြန်မော့ကြည့်ကာ ...

"ဩော် .. ဖိုးကျင် .. လာလေကွာ .."

ဖိုးကျင် ..၊

ပိုက် မျက်ခုံးလေးတွေ တွန့်သွားသည်။ ဒီနာမည်ကို သူမ ကောင်းကောင်း သိနေသည်။

မျက်နှာပုံစံတွေ မပီပြင်ပေမယ့် ဖိုးကျင် အပြင် နောက်ထပ် သုံးယောက် ရှိသေးတာရော ..၊

ဘယ်သူတွေလဲ ..၊ မိုးလွှန် လား .. စိုင်းလွှန် လား ..၊

"ပိုက် .. သူက မောင့်သူငယ်ချင်းလေ .. ဖိုးကျင် တဲ့ ..၊ သူ့ရဲ့ ကရင်နာမည်က ခေါ်ရခက်လို့ မောင်တို့က အလွယ်ခေါ်တာ .."





"စိုင်း .. စိုင်း ဆိုတာက ဘယ်သူလဲ .."

"ဘယ်လို!..."

ဖိုးကျင် နဲ့ ညီ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။ ပြီးတော့ ညီ က အံ့ဩသည့်အပြုံးတို့နှင့် ...

"သူတို့က မောင်နဲ့ မြဝတီမှာမှ ခင်ကြတာ ..၊ ပိုက် က သိနေတာလား .. မှန်းပြောလိုက်တာလား .."

"ငါတို့ပြောနေကြတာ ကြားလို့ ဖြစ်မှာပေါ့ကွ .. ညတုန်းက ဒီကောင် ငါတို့ကို ဖုန်းဆက်သေးတယ်လေ .."

ဖိုးကျင် က ဖြစ်နိုင်ချေကို ဝင်ပြောလိုက်မှ ပေါ့ပေါ့ပါးပါး ရယ်မိကြကာ ...

"ဟုတ်မယ် .. မင်း သတိလစ်နေပေမယ့် မသိစိတ်နဲ့ ကြားမိနေတာတွေ နေမှာ .."

"ညက မိုးတွေ သည်းနေတယ်မို့လား .."

"ဟုတ်တယ် .. သည်းတာ တအားပဲ ..၊ ဒါပေမယ့် သိပ်တော့ မကြာပါဘူး .. တောင်တန်းတွေဘက်မှာ မိုးညိုနေတာမြင်ပြီး စိတ်စွဲသွားတာလား .."

ပိုက် မောင့်ကို ဘာမှမဖြေရှင်းဘဲ နေလိုက်မိသည်။

သူမ ဘာတွေ ဖြစ်ခဲ့တာလဲ ..၊ ဘာတွေ မြင်ခဲ့တာလဲဆိုတာ သူမ ကိုယ်တိုင်လည်း ဘာတစ်ခုမှ နားမလည်သေး ..၊

ခု မြင်တွေ့နေရတာတွေကရော တကယ်လား ..၊

လမ်းပေါ်မှာ ကားစီးနေရင်း မြဝတီကို အိပ်မက်မက်ခဲ့တာလား..၊ ဒါမှမဟုတ် မြဝတီကနေ အိပ်မက်မက်နေတာလား ..၊

ဘယ်ဟာ အိပ်မက် .. ဘယ်ဟာက လက်တွေ့ဘဝလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ငါ ပြန်လစ်တော့မယ် ညီ .. မင်းက မင့်မိန်းမ နေကောင်းမှပဲ လိုက်ခဲ့တော့ .."

လာတည်းက ဆိုင်ကယ်လ်တစ်စီးတည်း နှစ်ယောက်စီးလာတာမို့ ဖိုးကျင် က နှုတ်ဆက်၏။

"မင်းလည်း ညက အိပ်ရေးပျက်တာပဲ နားဦးလေကွာ .. ညအမီရောက်ရင် ပြီးတာပဲ .."

"မဟုတ်ပါဘူးကွာ .. မင်းပဲ မျောက်မီးခဲကိုင်မိသလို ဖြစ်နေတာပါ ..၊ ငါတော့ ချောင်ကပ်ပြီး ငိုက်တာပဲ .."

ဖိုးကျင် က ပြုံးပြတော့မှ ထိုမျက်နှာကို ပိုက် သေချာမှတ်မိသည်။

ဟုတ်ပါသည် ..၊ သူတို့နဲ့ သူမ တရင်းတနှီး ပြုံးရယ် ခေါ်ပြောခဲ့ကြဖူး၏။

ဒါပေမယ့် နောက်ထပ် နာမည်တွေ မျက်နှာတွေကတော့ အာရုံထဲမှာ ဝေဝါးနေဆဲပါ ..။

ပြီးတော့ မိန်းမကြီးတစ်ယောက် ..၊

ထိုမိန်းမကြီးက လူ မဟုတ်ပေ ..၊

သူမကိုတော့ ပိုက် ကောင်းကောင်း မှတ်မိသည်။ စဉ်းစားရင်းရင်နှန်သံတွေကြောင့် ကတုန်ကယင်ကြီး ဖြစ်လာ၏။

မောင့်ကို ဒီမိန်းမကြီး ကားမှောက်အောင် လုပ်ခဲ့သည်။ ထိုအဖြစ်က သူမမျက်စိရှေ့မှာပဲ ဖြစ်သွားခဲ့တာ ပြင်းပြင်းထန်ထန် ..။

လူသည် တကယ် အက်ဆီးဒင့်ဖြစ်သွားတဲ့ ကားပေါ်မှာ ရှိနေခဲ့လျက် ..၊

မြဝတီမှာ ရောက်နေသည့် သူမရဲ့အမြင်အာရုံတွေထဲမှာ မောင်ကားအက်ဆီးဒင့် ဖြစ်ခဲ့တာကို သေချာ မြင်နေခဲ့ရသည်။





ဒါပေမယ့် သေပြီလို့ ထင်ခဲ့သည့် မောင်က ကိုယ့်ရှေ့မှာ ကိုယ့်ရဲ့လူနာရှင်ဖြစ်နေခဲ့လျက် ..၊ သူမကတော့ ...

"ပိုက် .."

"ဟင် .."

"မင်း ဘာဖြစ်နေတာလဲ ..၊ ခေါင်းတွေ ကြည်ကြည်လင်လင်ရှိရဲ့လား .."

"ရှိပါတယ် မောင် .."

"ယွန်း ကို သူ့ခွေမျိုးတွေက ပြန်ခေါ်သွားမယ်တဲ့ ..၊ အဲ့ဒါ ယွန်းက မင်းကို မပြောရက်ဘူး ဖြစ်နေတာ .."

"လိုက်သွားပါစေ မောင်ရယ် .. ယွန်း ကို သနားပါတယ် ..၊ သူ ပိုက် ကြောင့် အရမ်းဒုက္ခရောက်ခဲ့တာ .."

တစ်ယောက်အပေါ်တစ်ယောက် အပြစ်ရှိသလို ခံစားနေကြသည့် ပိုက် တို့နှစ်ယောက်ကို ကြည့်ကာ ညီ က ပြုံးလိုက်သည်။

ပြီးတော့ ပိုက် ရဲ့ဘေးမှာ ထိုင်ပြီး လက်ဖဝါးလေးတစ်ဖက်ကို သူ့လက်တွေထဲမှာ တယုတယ ထည့်ဆုပ်၍ ...

"မောင်ကလည်း မင်းတို့ချင်း နှုတ်ဆက်နေရင် စိတ်မကောင်းဖြစ်ကြမှာစိုးလို့ .. မင်း နိုးလာရင် ပြောပြလိုက်မယ်လို့ သေချာ ကတိပေးပြီး ပြန်ဖို့ ပြောလိုက်တယ် .."

"အင်း .."

"သူ ဖုန်းဆက်မယ် တဲ့ .."

"ဖြစ်ပါတယ် မောင်ရဲ့ .."

"ဒါဆို မဖြစ်တာကို ပြောတော့မယ် .."

"ဟင် .. ပြောလေ .."



www.burmeseclassic.com

www.burmeseclassic.com



"ကလေးကိုတော့ မောင် သွားပြန်ပို့မှ ဖြစ်မယ် .."

သတိရလို့ ပတ်ဝန်းကျင်ကို မျှော်ကြည့်လိုက်တော့ မိုးစင်စင်လင်းပြီ ဖြစ်သည်။ ကလေးက ခုံကြားထဲ ပြုတ်ကျသွားသဖြင့် ထိခိုက်ရှနာလောက်ပဲ ရှိရာ ...

"မိုးလည်း လင်းပြီဆိုတော့ ကလေးက သက်သာတယ်ဆိုရင် ပို့လိုက်လေ မောင် .. တော်သေးတယ် နော် .. သူများကလေးကို တာဝန်ယူထားပြီး ကလေး ဘာမှဖြစ်မသွားလို့ .."

"အဲဒါကြောင့် မင်းကို မောင် ပြောတာ ..၊ အပြီးအပိုင် မွေးစားတယ်ဆိုပေမယ့် ကိုယ် မပိုင်ဘူးဆိုတာ ဒါမျိုးပဲလေ ..၊ 'ဝမ်းနဲ့မလွယ်သားမမည်' တဲ့ ..၊ ဒါတွေက မှန်ကန်တဲ့သဘာဝကို ဖော်ကျူးတဲ့ ဆိုရိုးစကားတွေပဲ .. ပြီးတော့ ဒီလိုမိသားစုမျိုးကြားမှာ သွေးထိုးလှုံ့ဆော်ချင်ကြတဲ့ ပတ်ဝန်းကျင်စရိုက်တွေလည်း အများကြီးပဲ ..၊ 'ဟုတ်မှာပေါ့.. နင်က သူတို့သားအရင်းမှ မဟုတ်တာ' ဆိုတဲ့ စကားမျိုးတွေပေါ့ .."

ပိုက် က ခေါင်းလေးညိတ်လိုက်သဖြင့် ညီ က ပိုက် ရဲ့ခေါင်းလေးကို ဆံစလေးတွေ ပွသွားအောင် ချစ်စနိုး ပွတ်ပစ်ကာ ...

"မောင်က မောင့်မိန်းမက မွေးပေးမယ့် မောင့်ရင်သွေးကိုပဲ လိုချင်တာ .."

"မောင်က ပိုက် ကို စိတ်နာသွားပြီလို့ ထင်တာ .."

"စိတ်နာတာ မဟုတ်ပါဘူး စိတ်ဆိုးတာ ..၊ ဒါပေမယ့် မင်းနဲ့ ခွဲထွက်လာပြီးတည်းက လွမ်းနေတာကလွဲပြီး ဘာမှမရှိတော့ဘူး .."

"ဒါဆို ဘာဖြစ်လို့ ပြန်မလာတာလဲ .."

"မြဝတီမှာ ဆောက်လက်စ ဟိုတယ်လ်ကြီး ရှိတယ်ကွာ .."

ဟင်!...





ပိုက် မျက်နှာလေး ပျက်သွားတာကို ညီ က သတိမထားမိ ..၊

"တခမ်းတနားကြီး စပြီးမှ ပရော့ဂျက်တစ်ခုလုံးကို အဆုံးမသတ်ဘဲ မညီမညွတ်တွေဖြစ်ပြီး ဒီတိုင်း ရပ်ထားကြတယ် ..၊ မောင် အဲဒါကို စိတ်ဝင်စားနေလို့ .."

"သုံးဦးပိုင်ဟိုတယ်လ် ဆိုတာလား မောင် .."

"ဟင်!... ဟုတ်တယ် .. အဲဒါကို ပိုက် သိနေတယ်ပေါ့ .."

"တစ်ဦးက ကားလုပ်ငန်း ဦးဇေယျ မို့လား .."

"ဟုတ်တယ် ..၊ ဦးမျိုး ပြောတာလား .."

ပိုက် က ခေါင်းလေးခါပြပြီး ဘာမှမပြော ..၊

ပြီးတော့ ခေါင်းမှာ စည်းထားသည့်ပတ်တီးကို ဖွဖွစမ်းရင်း မျက်နှာလေး မဲ့သွားသည်။

"ပိုက် ဘာဖြစ်သွားတာလဲ ..၊ ဒဏ်ရာ နာလာလို့လား .."

"မဟုတ်ပါဘူး .. ဒါပေမယ့် ပိုက် .. ပိုက် သေချာသိနေတာတွေကို ဘယ်လိုမှ စဉ်းစားမရဘူး ..၊ ဒဏ်ရာလေး သေးသေးလေးနဲ့ ပိုက် ..သွားပြီလား .."

"အဓိပ္ပာယ်မရှိတာတွေ ကွာ .."

ပြောလိုက်ရပေမယ့် ညီ မျက်နှာ စိုးရိမ်မှုတွေ ပြန်လည် ဖြစ်ထွန်း..ခဲ့ပြီး သွားလာနေကြသည့် တခြားလူနာရှင်တချို့နှင့် သူနာပြုတွေဆီ ..လုံးရောက်သွားမိသည်။

"ပိုက် ဘာမှမဖြစ်ဘူး မောင် .. ဘယ်သူ့ကိုမှ ပြေးမခေါ်နဲ့ ..၊ ..ရာက ဘယ်လိုမှ မခံစားရဘူး .."

"ဒါဆို ပြောကွာ .. ဘာကို ဒီလောက်တောင် အပြင်းအ.. သိ..တာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ပိုက် ပြောပြရင် မောင်က ယုံမှာလား .."

"မယုံနိုင်စရာ ဘာတွေ ပြောမှာမို့လို့လဲ ..၊ မောင့်ကို မေးမှာလား.. မင်း ပြောမှာလား .."

"ပိုက် မှာ ပြောစရာတွေ ရှိတယ် .. ဒါပေမယ့် အိပ်မက်တွေလို .."

"အိပ်မက် မက်ပြန်ပြီလား .."

"မောင် .."

"အိပ်မက်အမိပ္ပာယ်တွေ ကောက်တတ်တာ မင်းကို မောင် အပြစ်မတင်ပါဘူး.. ဒါပေမယ့် အိပ်မက်တိုင်းက နိမိတ်တွေဖြစ်လာတာတော့ မဟုတ်ပါဘူး ပိုက် ရာ .. မောင့်ကို အဲဒါတော့ မယုံကြည်နိုင်းပါနဲ့.."

"မောင် ရယ် .. အိပ်မက်ဆိုပေမယ့် .."

"အခု ခေါင်းမှာ ဒဏ်ရာရှိနေတုန်း ဘာမှမတွေးပါနဲ့ဦး ..၊ မင်း ခုလေးတင်ပဲ စဉ်းစားမရတာကြောင့် ကိုယ့်ကိုယ်ကိုယ် မကျေနပ်ဖြစ်နေရပြီမို့လား .."

"အိပ်မက်ဆိုတာကို မငြင်းနိုင်ပေမယ့် မြဝတီကို ပိုက် တကယ် ရောက်ခဲ့တာ မောင် .."

ညီ က ပင့်သက်ရှိုက်ရင်း ပိုက် ကို ကရုဏာမျက်ဝန်းတို့နှင့် စိုက်ကြည့်သည်။

"ပိုက် ကို အဲဒီလို မကြည့်နဲ့ မောင် .. ပိုက် သတိရတည်းက အဲဒါတွေကို .."

"ကိုစာဆိုညီ ဝပ်ချ်ရှော့က လူနှစ်ယောက် ရောက်နေတယ် .."

ပွတ်တိုက်မိသည့်ကားကို ဝပ်ရှော့ခ်မှာ အပ်ထားခဲ့တာမို့ ညီ က ကမန်းကတန်း ထသွားသည်။





ယွန်း[illegible]လည်း ပြန်ပါသွားပြီဖြစ်၏။

ဒါပေမယ့် ယွန်း ရှိနေတုန်းကလည်း သူမ ပြောပြသည့်အကြောင်း အရာအပေါ်မှာ ယုံကြည်လက်ခံသည့်အသွင် မရှိခဲ့ပါ ..။

မောင့်ကို ပြောပြရင်လည်း ဒီတိုင်းပဲရှိတော့မည်ဆိုတာ ခု သေချာသွားပြီ ဖြစ်၏။

ပိုက် ခေါင်းအုံးပေါ်မှာ ကျောမှီရင်းကနေ ဖြည်းလေးစွာ လျှောချလှဲလိုက်ခြင်းသို့ ရောက်လျက် မျက်ရည်စတို့ ဝေ့သီလာခဲ့၏။

မောင့်ကို စိုးရိမ်လို့ပါ မောင်ရယ် .. ဒါကို မောင် ယုံကြည်မှဖြစ်မှာ ..၊

မောင့်သူငယ်ချင်းထဲမှာ စိုင်း ဆိုတာ ရှိနေတယ် ..၊ မောင် ပြောတဲ့ ဟိုတယ်လ်ကြီးကို ပိုက် သိနေတယ် ..၊

ပိုက် လှုပ်ရှားသွားလာခဲ့တာတွေကိုလည်း မှတ်မိနေတုန်းပါ ..၊

ဒါတွေကို ဘယ်လိုပြောပြရမလဲ ..၊

ခု သူမ အိပ်မက်မက်တယ်ဆိုရင်တောင် နိမိတ်ပြအိပ်မက် သက်သက် ဟုတ်ရဲ့လား ..၊

"ပိုက် .."

"ဟင် .."

"ကား ပြီးသွားပြီ .. ကလေးကို ပြန်ပို့ဖို့အတွက် မောင်ကိုယ်တိုင်မှ ဖြစ်မှာကွ .."

ညီ က ပြန်ရောက်လာပြီး ခေါင်းကို တစ်ချက်ပွတ်၏။

"မင်းကိုလည်း ဒီမှာ ရင်းနှီးတဲ့လူ မရှိဘဲနဲ့ မောင် စိတ်မချဘူး—"

"ဒါဆို ပိုက် တစ်ခါတည်း လိုက်မယ်လေ .."

"ဟာကွာ .. မဟုတ်တာ .."



www.burmeseclassic.com

www.burmeseclassic.com



"ပိုက် ဘာမှမဖြစ်ဘူး မောင် .. ခေါင်းမှာ ပတ်တီးစည်းထားရတာနဲ့ပဲ သွေးတွေဘာတွေ သွင်းပြီး အသက်ဆက်ထားရတဲ့လူလို နေရမှာလား .."

"မဟုတ်ဘူးလေ .. မင်း ခုလို ထူထူထောင်ထောင်လေး နေနိုင်တယ်ဆိုပေမယ့် အက်ဆီးဒင့်ဖြစ်ထားတာက နည်းတာ မဟုတ်ဘူး ...၊ ကားတောင်မှ မောင်းလို့ရရုံပဲ ဆော်ဒီ နည်းနည်းထုခိုင်းထားရတာ .."

"အခု ကားကိစ္စ ပြောနေတာ မဟုတ်ဘူး မောင်.. ပိုက် က မောင်နဲ့အတူ ဘားအံကိုလိုက်ဖို့ ပြောနေတာ ...၊ ပြီးတော့ မောင် ဘယ်ကိုသွားမှာလဲ .. ကလေးပြန်ပို့ပြီးရင် ရန်ကုန်ပြန်လိုက်မှာလား ...၊ မြဝတီ သွားဦးမှာလား .."

"ရန်ကုန် ချက်ချင်းပြန်လို့ မရသေးဘူး ပိုက် .. မောင် မြဝတီမှာလည်း သက်သက်သွားနေတာ မဟုတ်ဘူး .."

"မောင် ရန်ကုန်မှာ စီးပွားရေးအခြေကျနေတာကိုကျတော့ လူကြီးတွေနဲ့ မပတ်သက်ရဖို့အတွက် မောင် ထားပစ်ခဲ့တယ် ...၊ ဒီမှာ သူစိမ်းတစ်ရံဆံတွေကြားမှာ မိဘထက် ဘယ်လောက်ကောင်းနေလို့လဲ .."

"ဟာကွာ .."

ညို မျက်နှာ ရှုံ့တွတွဖြစ်သွားကာ နဖူးကို ပြန်ကုတ်နေ၏။

ခါတိုင်းလိုဆို အပြန်အလှန် စကားများရဖို့ ရှိပေမယ့် ပိုက်မျက်နှာလေးက ပတ်တီးလေး အဖွေးသားနှင့် သနားစဖွယ်လေး ဖြစ်နေ၏။

ပြီးတော့ နေ့ရက်များစွာ ခွဲခွာနေခဲ့ရသည့် ထိုမျက်နှာလေးကို မငြိုစူရက်ဘဲ ရှိခဲ့ရင်း ...

"မောင် ဒီမှာ စီးပွားရေးလုပ်မှာမျိုးလည်း မစဉ်းစားရသေးပါဘူး"





"ဒါပေမယ့် မောင် အဲဒီဟိုတယ်လ်ကြီးကို မျက်စိကျနေတယ်မို့လား ...၊ အောက်က နှစ်ထပ်မှာ လူတွေ နေနေကြတယ်လေ .. မောင်က တတိယထပ်မှာနေပြီးတော့ နေ့ရှိသမျှ ဒီဟိုတယ်လ်ကိုပဲ .."

"ပိုက်!... မင်း .. မင်း .. ဘယ်လိုလုပ် သိနေတာလဲ .."

"နတ်မျက်စိ ရနေလို့ .."

ရင်ထဲမှာ လှိုက်ခနဲ ဆွေးသွားပေမယ့် မာနကတော့ အလံထူနေဆဲ ...၊

ထို့ကြောင့် ယုံကြည်ပါ .. နားလည်ပါဆိုပြီး ခယရှင်းပြဖို့တွေ မကြိုးစားတော့ဘဲ ဒီတိုင်းပဲ ပြောလိုက်မိ၏။

ညို သည် တအံ့တသြ ငေးကြောင်ကြည့်နေပြီးမှ ရယ်လိုက်ရင်း....

"လူနာကလည်းကွာ ဆရာမကြီးစတိုင်လ်နဲ့ သူချည်းပဲ ဖိဟောက်နေပါလား ...၊ မောင်က မင်းကို သေရွာပြန်လေးမို့ အလိုလိုက်ထားတာနော် .."

"ဒါဆိုလည်း မောင် မြဝတီသွားတဲ့အထိ ပိုက် ကို ခေါ်သွား .."

"ဆိုင်လို့လား .."

"မဆိုင်ဘူးထင်ရင် မောင်လည်း မသွားနဲ့တော့ .."

ပိုက် အတင်းကျိုးကျနေသဖြင့် ညို ရုတ်တရက် မသွားနိုင်ဘဲ ဆရာဝန်နဲ့ သွားတွေ့လိုက် .. ခေါင်းကုတ်လိုက်နှင့် နေ့လည်ခင်းထိ ဖြစ်သွားခဲ့သည်။

ပြီးတော့ ဘားအံက နီးနီးလေးပဲရှိတော့သည်ဆိုသော အများ၏ထောက်ခံချက်နှင့် ဘားအံထိ လိုက်ဖို့အတွက် ပိုက် ကို ဆေးရုံက ခွင့်ပြုခဲ့ကြ၏။

"သွားလေးက ဘိုးဘိုးတို့နဲ့ တကယ်နေနိုင်တာလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် .."

"ရန်ကုန်မှာလို ဒီမှာ မဟုတ်ဘူး နော် .. ဖေငယ်တို့က ပြန်တော့မှာ .."

ကိုယ်က မွေးစားဖို့ အတိအကျ တာဝန်ယူထားတာမို့ ကလေးကို အခြေအနေ အကဲခတ်ရသေးသည်။ ပြီးတော့ ...

"ကလေးက ငယ်သေးတော့ ခုချိန်မှာ ကလေးပျော်ရာလို့ပဲ သတ်မှတ်တာပေါ့ နော် .."

သူတို့ဘက်ကလည်း တောမှာနေကြပေမယ့် ဆင်းဆင်းရဲရဲတွေတော့ မဟုတ်ကြပေ ...၊ ညီ က မတင်မကျပြောပေမယ့် သူတို့က ဒီလို ဖြစ်ချင်ကြပုံ မပေါ် ...၊

"ကျုပ်တို့သဘောကတော့ ကလေးကို သွေးသားအရင်းအချာက စောင့်ရှောက်တာပဲ ကောင်းပါတယ် .."

"ဟုတ်တယ် .. ငါတို့တောမှာ တစ်ရွာလုံး သွေးသွေးသား ဆွေမျိုးချည်းပဲ ...၊ ဘယ်အိမ်တက်စားစား .. ဘယ်ခေါင်းရင်းမှာ ချေးတက်ပါပါ ငြိုငြင်မယ့်သူ မရှိဘူး .. ပူမနေပါနဲ့ .."

ကလေးမှာ ဒဏ်ရာဒဏ်ချက် ပါလာတာကိုလည်း သိပ်ကျေနပ်ကြပုံ မပေါ် ...၊

"မြို့မှာဆို ဟိုလမ်းကြောင်း ဒီလမ်းကြောင်းတွေက များပေါ့ ...၊ ခုပဲ ဖြစ်လာပြီ .. မသေကောင်း မပျောက်ကောင်း .."

ညီ က မျက်နှာပျက်ကာ ရှိသည့်အနေအထားတိုင်း ပြန်ပြောဖို့ ပါးစပ်ပြင်သည်။ ပိုက် က လက်ကို ဖိဆွဲထား၏။

ဘယ်လို အကျိုးအကြောင်းသင့်တဲ့စကား ဖြစ်ပါစေ အပြန်အလှန်တွေ ပြောကြပြီဆိုရင် ပြေပြစ်ကြဖို့ မလွယ် ...၊





"သွားမယ် မောင် .. ပိုက် တို့က မကေး နဲ့ပဲ ဆွေမျိုးတော်တာ...၊ ဒီမှာရှိတဲ့လူတွေက မောင့်ကို ကလေးပေးခဲ့လို့ မကေး ကို မကျေနပ်ကြတဲ့ ကလေးအဖေဘက်က ဆွေမျိုးတွေ .."

"အဲဒီတော့ ဘာဖြစ်သွားနိုင်လဲ .. ကေး က မောင့်ကို ပေးပြီးသား ...၊ ခု ချက်ချင်း ပြန်ခေါ်သွားလို့ ရတယ် .."

ဒီအခြေမြင်လို့လည်း သူတို့တွေက ကလေးကိုခေါ်ပြီး ပြန်တဲ့လူတွေက ပြန်ကြပါပြီ ...၊

လူမှုရေးအရ မကောင်းတတ်လို့ ကျန်ရစ်သည့်လူကြီးပိုင်းကတော့ အဆင်ပြေပြေ ပြောကြပေမယ့် ...

"ငါတို့ကလည်း ငါတို့လူဘက်က ပြောစရာဖြစ်နေလို့ ကြည့်နေခဲ့ရတာ ...၊ ဒီကလေးတစ်ယောက်ကိုတော့ ဘယ်သူမဆို တာဝန်ယူချင်ကြတယ် .. တာဝန်လည်း ယူနိုင်တယ် .."

"ယူတစ်ယောက်ရဲ့ ဘဝတစ်ခုကို တာဝန်ယူလိုက်တာနဲ့ သားသမီးလို ချစ်မြတ်နိုးလို့ ကိုယ့်ရင်သွေးကဲ့သို့ အပြီးအပိုင် မွေးစားတာ အတူတူပဲလို့ ထင်စရာရှိပေမယ့် အများကြီး ကွဲပြားတယ် ဦးလေး .."

"ဒါဆိုရင် မောင်ရင်တို့က ကလေးကို ချစ်တယ်ပေါ့ .."

"ချစ်သလား မေးရင် ချစ်တယ်လို့ ဖြေရတာ လွယ်ပါတယ်... ကျွန်တော် တစ်ခုပဲ မှာချင်တယ် .. ကလေးနဲ့ပတ်သက်ပြီး အဆင်မပြေတာ ငြိုငြင်စရာ တစ်စုံတစ်ခု ရှိခဲ့ရင် ဘယ်အချိန်ဖြစ်ဖြစ် ဖုန်းတစ်ချက်ပဲဆက် .."

ကိုယ်နဲ့ ဆွေမျိုးမတော်ပေမယ့် ဒီလို ဒီနေရာမှာ မပြေလည်စရာစကားတွေ ပြောဖြစ်ကြမည်လို့ မထင်ခဲ့ပေ ...၊ ဒါကြောင့် ဒီရွာတ်မှ ပိုက် ကို ခဏနားစေဖို့ စိတ်ကူးတွေလည်း ပျက်၏။



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ ရွာမှာပဲ တည်းကြပါ .. ငါတို့ရွာက သိပ်သာယာတာကွ .."

"နေပါစေတော့ .."

ညို က မဲ့ပြုံးနှင့် ခေါင်းခါ၏။

လူကြီးက ညို ကို စိုက်ကြည့်၍ ...

"စကားပြောကြတာတွေ အမှားပါရင် ကျုပ်ကလေးတွေဘက်က ကျုပ်ကပဲ တောင်းပန်ပါတယ် .. ကလေး ဆေးရုံမှာ တစ်ညလုံး ရောက်နေတာတောင်မှ ဒီလာခါနီးမှ ဖုန်းဆက် အသိပေးတော့ ငယ်တဲ့လူတွေက စိုးရိမ်ပြီး စကားမှားတာပါ .."

"ကျွန်တော့်မိန်းမ တစ်ညလုံး သတိမရဘူး ဦးလေး .. ငုတ်တုတ်ထိုင် မှန့်စားနေတဲ့ ကလေးအတွက်ကို ခေါင်းထဲထည့်ပြီး ထောင့်စေ့အောင် စီစဉ်မနေနိုင်ဘူး ..၊ ဒီလို ခွင့်ဝတ်ကျေတဲ့အတွက် ကျေးဇူးတင်ပါတယ် .."

ကားကို လမ်းပေါ်ပြန်ဆုတ်ပြီး ဘားအံမြို့ထဲကို ပြန်မောင်းလာခဲ့သည်။ ပြီးတော့ ပိုက် ကို ငဲ့ကြည့်ကာ ...

"ခေါင်းမူးနေလား ပိုက် .."

"မမူးပါဘူး .."

"မောင် ဒေါသဖြစ်သွားလို့ မင်းကို ဂရုမစိုက်သလို ဖြစ်သွားတယ်.."

ကားကို အရှိန်ပြန်လျှော့ချ၍ တင်းထားမိသည့်မျက်နှာကိုပါ ပြေပြစ်ဖို့ ကြိုးစား၏။

"မောင်တို့ ဒီည တည်းခိုခန်းမှာပဲ တည်းရတော့မယ် ..၊ မနက်ဖြန်လည်း အတက်ကားနေ့ မဟုတ်သေးတော့ .."





"ဒါဆို ဒီနေ့ 'စုံ'ရက်ပေါ့ .."

"ဟုတ်တယ် .. ဒီနေ့ အင်း .. ရပါတယ် ..၊ မင်း အနားယူရတာပေါ့ .."

"မနားပါဘူး .. ပိုက် တို့ ပြန်ရအောင်ပါ မောင်ရယ် .. ကိုယ့်ကားကိုယ်မောင်းတာပဲဟာ .. ဒီလိုပဲ ဖြည်းဖြည်းနားပြီး မောင်းတာပေါ့ .. မြဝတီကို ဘာသွားလုပ်မှာလဲ ..၊ မောင် ထွက်သွားတာ ဘာမှမပါဘဲနဲ့ .. ဘာဖြစ်ဖြစ် ထားလိုက်ပါတော့ .. ထပ်မသွားနဲ့တော့ နော် .."

"မဖြစ်သေးဘူး .. ငွေလဲရောင်းတဲ့ကောင်ဆီမှာ မောင့်ငွေတွေ ဖြန့်ထားတာ ရှိသေးတယ် ..၊ ပြီးတော့ ဟိုတယ်လ်ကိစ္စ ပြောဆိုဖြစ်ခဲ့တာတွေကို မတင်မကျကြီး မထားခဲ့ချင်ဘူး .."

"မောင်က ဟိုတယ်လ်ကိစ္စကို အဲဒီလောက်ထိ စိတ်ဝင်စားနေတာလား .."

"မေမေနဲ့ တိုင်ပင်ကြည့်ချင်တာပါ .."

ပိုက် က ဘာမှမပြောတော့ပေ ..၊ ညို က ကားမောင်းနေရင်း လှည့်ကြည့်ကာ ...

"ပိုက် .."

"ဟင် .."

"မောင့်ကို စိတ်ဆိုးသွားတာလား .."

"စိတ်ဆိုးသွားတယ်လို့ ထင်ရင် မောင့်ကိုယ်မောင် စိတ်ဆိုးစရာ လုပ်မိပြီမှန်း သိလို့ပေါ့ .."

"မောင့်ကို အဲဒီလိုပြောချင်လို့ စိတ်ဆိုးပြနေတာလားကွာ .."

"မဆိုးပါဘူး .. မောင် သွားချင်တဲ့နေရာ သွား .. စိတ်ဝင်စားတယ်ဆိုတာကို လုပ် ..၊ ပိုက် က လိုက်မှာပဲ .."



www.burmeseclassic.com

www.burmeseclassic.com

"မောင်ကလည်း ခေါ်မလို့ပါ .. မင်း လိုက်လာပြီဆိုတာ သိလိုက်တည်းက မောင် စိတ်မချလို့ လာကြိုတာ .. ပြန်လွှတ်ဖို့ မဟုတ်ဘူး .. ဒါပေမယ့် .."

"နုလည်း မောင်ကမှ မြဝတီကိုသွားမှာပဲဆိုရင် ပိုက် လည်း လိုက်ရမှ ဖြစ်မှာ .."

"ဘာဖြစ်လို့လဲ .."

"မောင့်ကို စိတ်မချလို့ .."

ပိုက် က ကိုယ့်အတွေးနဲ့ကိုယ် ပြောတာပေမယ့် ညီ က ပြုံးလိုက်ကာ ...

"ခေါင်းမှာ ပတ်တီးလေးနဲ့ချာတိတ်မက သူ့ယောက်ျားကို စိတ်မချဘူး .. ဟုတ်လား .."

"ပိုက် ကို မလှောင်နဲ့ နော် .."

"ဘယ်ကလာ လှောင်ရမှာလဲ .. ပိုချစ်သွားလို့ စတာ .."

"မောင် ဘယ်ကို မောင်းနေတာလဲ .."

"တည်းခိုခန်းမှာ နှစ်ညတော့ .."

"ဟင့်အင်း မအိပ်ချင်ဘူး.. မောင် ပိုက် ကို မညာနဲ့နော် .. ဖေဖေနဲ့ ဦးဦး တစ်ယောက်ယောက်ကို အကြောင်းကြားပြီး ပိုက် ကို ပြန်ထည့်မှာ မို့လား .."

"မဟုတ်ပါဘူး ပိုက် ရာ .. ပြသနာပဲ .."

"မဟုတ်ရင်လည်း ငါ ခဏသွားမှာပဲဆိုပြီး ပိုက် ကို လူစောင့်နဲ့ထားခဲ့ပြီး မောင် မြဝတီကို ပြန်ပြေးမှာပဲ .."

"အဲဒီလိုတွေ လုပ်ချင်ရင် မင်း သတိမရခင်တည်းက မောင် အားလုံး လှုပ်ရှားလိုက်လို့ ရတယ်လေ .."





"ဒါကတော့ သေမလို ရှင်မလိုကြီး မိန်းမောနေတော့ စိုးရိမ်နေတာကိုး .."

"ဟား .. ဟား .. ဟား ..."

ညီ က အားပါးတရ ရယ်ကာ ကားကို လမ်းဘေးမှာ ချရပ်ပစ်လိုက်၏။

ပြီးတော့ ပိုက် ရဲ့ဘေးကို တစ်ကိုယ်လုံး ကပ်ယိုင်ထားလိုက်ပြီး ပခုံးလေးကို ဖက်၍ ...

"မောင်က ခွဲနေခဲ့တာတွေကို ဒီညမှာပဲ အတိုးချ လွမ်းချင်တာလို့ ရော မတွေးမိဘူးလား .."

"မတွေးမိဘူး .."

ပိုက် က ဂျစ်ကန်ကန်မျက်နှာလေးနှင့် နှုတ်ခမ်းစူနေလျက်...

"ပိုက် ကို အကြာကြီး ခွဲထွက်သွားတည်းက မောင့်အချစ်တွေကို သံသယဖြစ်နေခဲ့တာ .."

"သွားပြီကွာ .."

"ဒီရောက်တော့ ပိုက် သတိရလာတာနဲ့ ဆူချင်နေတဲ့ မျက်နှာကြီးကိုပဲ အရင်မြင်ရတယ် .."

"အဲ့ဒါ မင်းကို ချစ်တာတွေ .."

"ခု ထပ်ပြီး ဟိုမှာ ထားခဲ့ဖို့လုပ် .. ဒီမှာ ထားခဲ့ဖို့လုပ် .."

"ပြော .. မင်းပဲ ပြောတော့ .."

မောင် စိတ်မရှည်ဖြစ်လာမှာကို သူမ သိသည်။ ဒါပေမယ့် မြဝတီကို ပြန်သွားမှာဆိုရင် မောင့်ဘေးမှာ သူမ ပါမှ ဖြစ်မည်။

လမ်းခရီးမှာ အိပ်မက်ရှည်အကြောင်းကို မောင် ယုံအောင် သတ္တိသာ သာဓကတွေနဲ့ ပြောပြချင်၏။


www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ပဲဖြစ်ဖြစ် .. နိမိတ်ဖြစ်ဖြစ်ပါ ...၊

မကောင်းတာ ဖြစ်လာနိုင်တာကို သိထားလျှင် ကြိုတင်ရှောင်ရှားနိုင်ဖို့ အရေးကြီးဆုံး ...၊

ထိုစဉ် ဖုန်းဝင်လာ၏။

"ပြော .. မိုးစိုင်း .."

မိုးစိုင်း ...၊

ဟုတ်သည် ...၊ ဒီလူကို သူမ သိနေ၏။

ပိုက် ရဲ့မျက်ဝန်းတွေ ဖုန်းပြောနေသော ညို မျက်နှာမှာပဲ စူးနစ်နေခဲ့လျက် ညို က မသိ ...၊

"ဖိုးကျောင် ကို ငါ မှာထားတယ်လေ .."

"... ... ..."

"ဒါဆိုလည်း စိုးထိုက် နဲ့ သွားပေ့စေကွာ .."

"... ... ... ..."

"ဘာ!... ဟား ..."

ကျွတ်ခနဲ ဖြစ်သွားတာနှင့် သံစုံမြည်နေသည့် ညို မျက်နှာက စိတ်ပျက်ခြင်းတွေနှင့် ...၊ ပြီးတော့ ဖုန်းချလိုက်ကာ ...

"မောင် ခုပဲ မြဝတီကို ပြန်ဆင်းရတော့မယ်ကွ .. ပြဿနာပဲ.."

ပိုက် က မကြည်မလင်လေး ကြည့်နေပြီး ဘာမှမပြောပေ ...၊ ညို က ပိုက် မျက်နှာလေးကို လက်ဖဝါးနဲ့ လှမ်းထိကာ ပြီးတော့ ပတ်တီးဆီ ရောက်၏။

"တောင်တက်လမ်းနဲ့ ဒဏ်ရာနဲ့ ဖြစ်ပါ့မလား ပိုက် .. မောင်လည်း ဘာလုပ်ရမှန်း မသိတော့ဘူး .."

"မောင် ပိုက် ကို စိတ်မချလည်း ဒီမှာ တစ်ယောက်တည်း ထားခဲ့





ဖို့က ပိုဆိုးတယ်မို့လား ...၊ ပိုက် ကလည်း နေခဲ့မှာ မဟုတ်ဘူး .. တားလို့မရရင် သွား .."

"ပိုက် ရာ .. ဘာဖြစ်လို့ မောင့်ကို မသွားစေချင် ဖြစ်နေတာလဲ.."

"မောင်ကရော ဒဏ်ရာအကြောင်းပြပြီး ပိုက် ကို .."

"တော်ပြီ .. တော်ပြီ .. သွားမယ် .."

ကားပြန်မောင်းမလို့ ပြင်ပြီးမှ ညို က ပိုက် ရဲ့ပါးလေးကို လက်ခုံနဲ့ လှမ်းကပ်၍ ...

"မောင့်ကို ဂျစ်ကန်ကန် လုပ်နေတာလား ...၊ ခေါင်း တကယ်အဆင်ပြေရဲ့လား .. မောင် စိုးရိမ်လို့ ပြောနေတာ .."

ပိုက် က သူ ပြောတာကို ဂရုမစိုက်မိတော့ပေ ...၊ ဟိုအဝေးကို လှမ်းငေးကာ ...

"မိုးရွာမှာလား .."

တစ်ယောက်တည်း ရေရွတ်သလို တီးတိုးဆို၏။ ညို ကပါ လိုက်ကြည့်ကာ ...

"မိုးရွာတာ မရွာတာ တို့အလုပ် မဟုတ်ပါဘူး .. ဒီဘက်လှည့်.."

ပိုက် ရဲ့မေးဖျားလေးကို သူ့ဘက် ပြန်ဆွဲယူကာ ...

"ပိုက် .."

"ဟင် .."

စတီယာရင်မှာ လက်တစ်ဖက်တင်ထားပြီး ပိုက် ရဲ့သေးမှာ ပခုံးနဲ့ထိမတတ် တိုးကပ်ထားလျက် ...

"မောင့်ကို ထားပြီး ထွက်သွားတာက မင်း နော် .."

"အဲဒါကြောင့် ပိုက် မှားတာကို တောင်းပန်မလို့ မေတ္တာတို့တိုတစ်မျိုးညာပြောပြီး လိုက်လာတာပေါ့ ...၊ မောင်ပဲ အဲဒါတွေ ဘာမှမရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး ဆို ..”

“ဟွန်း... မင်းကကျတော့ မောင်က ထားခဲ့လို့ မယုံတော့ဘူး ပြောခဲ့တာပဲ ..”

ပိုက် မျက်နှာလေးက စိုးရိမ်ကြောင့်ကြခြင်းများနှင့် သူ့ကို ရှုးရှူးစမ်းစမ်းလေး ကြည့်လာ၏။

“မောင်က ..”

“မင်းက မချစ်လို့ထားခဲ့တာ မဟုတ်ပါဘူးဆိုတာကို သက်သေပြဖို့ လိုတာပေါ့ ..”

“ပိုက် က ဘာလုပ်ပေးရမှာလဲ ..”

ညီ က ပိုက် မျက်နှာလေးကို စိုက်ကြည့်ရင်း မျက်နှာချင်း ပိုနီးအောင် တိုး၍ ...

“မောင့်မျက်နှာကို စေ့စေ့ကြည့်ပြီး မျက်လုံးတွေ မမှိတ်ဘဲနဲ့ ဆယ်စက္ကန့်လောက် နမ်း ..”

“ဟာ .. မောင်ကလည်း ..”

“မနမ်းချင်ဘူးလား ..”

“လမ်းပေါ်မှာ ...၊ ဟင့်အင်း ..”

“တည်းခိုခန်းမှာ အေးဆေးတည်းဖို့ မောင် စိတ်ကူးခဲ့တာပဲလေ...၊ ဖြစ်မှ ဖြစ်မလာတာ ..”

“မောင်ကလည်း .. ကားမှန်တစ်ဖက်ကလည်း အပြည့်တင်လို့ မရတော့ဘူး .. ဖြတ်သွားတဲ့ကားတွေနဲ့ ..”

“အဲဒါပဲလေ မမြဲသော သဘောတရားဆိုတာ ..”

“ဘယ်လို!...”

“လင်မယားချင်း နမ်းရမှာလေးကို နေ့ရွှေ့ညရွှေ့နဲ့ .. ခုနေ ဖြန်း





ဒိုင်းဆို မောင် သေသွားရင် မောင့်ကို အကြင်နာလေးတောင် မပေးလိုက်ရဘူး ဆိုပြီး ...”

“မောင် တော်တော့ ..”

ပိုက် ကတုန်ကယင် ထအော်ကာ မျက်ဝန်းမှာ မျက်ရည်တွေ ချက်ချင်းပြည့်တက်လာကြ၏။ ပြီးတော့ ဟီးခနဲ ငိုချလိုက်လျှင် နမ်းခိုင်းခြင်းလည်း မပြီးမြောက်တော့ဘဲ ...

“မောင်က စကားအဖြစ် ပြောတာပါကွာ .. တိတ် .. မငိုနဲ့တော့.. မောင် ယုံပါပြီ .. လုံးဝ ယုံပြီ ...၊ မောင့်မိန်းမက အဲဒီလောက်ချစ်တာ..”

ညီ ကသာ ချော့မော့ ဖျောင်းဖျနေရကာ ...

“မိန်းမက နမ်းတာလေးများ ချိုချိုချောင်ချောင် ရမလားလို့ ကြံမိပါတယ် .. ဟူး ..”

“မောင် နော် ..”

ပိုက် မျက်ရည်တွေ သုတ်ပစ်ရှင်း မောင့်ဘက်မှာ လက်လေးကွေး၍ ဝါးလေးစောင်း လှဲလိုက်ကာ ...

“ပြောင်ချော်ချော် မပြောပါနဲ့ မောင်ရယ် .. အဲဒါမျိုး အသံတောင် ကြားရဲဘူး ...၊ ပိုက် တောင်းပန်ပါတယ် ..”

“ဟုတ်ပါပြီ မပြောတော့ဘူး .. မောင်က နမ်းလို့တော့ ရတယ်မို့လား ..”

“အင်း ..”

ပိုက် ရဲ့ မျက်နှာလေးတစ်ခြမ်းမှာ မောင့်အနမ်းတွေနဲ့ နွေးသွားသည်။

ပြီးတော့ ကား၏စက်သံကို ကြားလိုက်ရလျှင် ပိုက် ရဲ့မျက်ဝန်းထောင့်မှ မျက်ရည်စတို့ လိမ့်ခနဲ ဆင်းကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



မောင် ဘာမှမဖြစ်ပါစေနဲ့ ..၊ ခုချိန်ထိ အိပ်မက်နဲ့ ကွဲပြားနေတာတွေကို ယှဉ်ကြည့်ကာ သူမ ဝမ်းသာနေမိသည်။

အိပ်မက်ထဲမှာ လူလူ့ ဘက်က ဆွေမျိုးဘကြီးတွေနှင့် အဆင်မပြေခဲ့သည်။ ခု လက်တွေ့မှာတော့ လုံးဝ မပြေလည်ခဲ့ပေ ..။

အိပ်မက်ထဲမှာ မောင် ကားအက်ဆီးဒင့်ဖြစ်ရမယ့်အစား အခု ပိုက်က ဖြစ်ပြီးခဲ့ပြီ ..၊

မိုးသဲသဲနှင့် ချောက်ချားခဲ့ရသော အိပ်မက်ညဟာ ခုတော့ ရာသီဉတုက ...

"ဒီမိုး ရွာမယ် ထင်တယ် .."

နှိုင်းယှဉ်မှုတွေနဲ့ အိပ်မက်နိမိတ်ဆိုးကို ချေဖျက်နေစဉ် မောင့်စကားကြောင့် ရင်ထဲမှာ ဒိန်းခနဲ ဆောင့်တက်သွား၏။

ဒါ ဘာဆိုင်လို့လဲ ..၊

ရာသီဉတုက အများနဲ့သက်ဆိုင်တဲ့ ကိစ္စ ..၊





အခန်း (၂၆)

"တောက် .. တောင်တက်နေကာမှ ဒီမိုးက ကွာ .."

ညီ ကားကို သတိထားမောင်းရင်း မြေပြန့်ပြန့်ရောက်တာနှင့် ကားရပ်ကာ ပိုက် ကို တဘက်လေး ထုတ်၍ ခြုံပေး၏။

"ခေါင်းကဒဏ်ရာ ဘယ်လိုနေလဲ ပိုက် .."

"ဘာမှမဖြစ်ဘူး.. မောင်ပဲ စိတ်ဖြောင့်ဖြောင့် မောင်းပါ ..၊ နောက် ကားမီးတန်းတွေ နီးလာရင် ရှောင်ရတိမ်းရတွေ ဖြစ်လိမ့်မယ် .."

"မတတ်နိုင်ဘူးကွာ .. မောင်က မောင်းရဲပေမယ့် ရာသီဉတုက ရှိသေးတယ် ..၊ မင်းမှာ ဒဏ်ရာနဲ့ မောင် အဲကွန်းပိတ်လိုက်ရင်လည်း ...င်း မှုန်သွားမှာစိုးလို့ .. အရမ်းအေးနေလား .."

"ရပါတယ် မောင်ရဲ့ .. အဲကွန်းပိတ်လိုက်ရင် မှန်တွေ နောက်သွားနိုင် မှာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com

ညီ စိတ်ချအောင် အသံကို သတိထားပြောနေရပေမယ့် ရင်ခုန်သံတွေ တနိုင်းနိုင်း ပြင်းရှလာခဲ့ရင်း ခေါင်းတွေက မူးဝေနေပါပြီ ...။

မိုးတွေ သဲနေဆဲမှာ သူမ ထိတ်လန့် တုန်လှုပ်ခဲ့ရသည့် တောင်ကုန်း၏အဆင်းနေရာကို ရောက်လာခဲ့၏။ အိပ်မက်ထဲမှာတော့ ဒီနေရာ အရောက်မှာ မိုးစဲစ ပြုနေပါပြီ ...။

ဒါလည်း အိပ်မက်နဲ့ ကွဲပြားနေခြင်းပဲမို့ ပိုက် ဘာမှမဖြစ်ဖို့ ဆုတောင်းရင်း ဘုရားစာတွေ ရွတ်နေမိ၏။

"ပိုက် .."

"ဟင် .. ဘာဖြစ်လို့လဲ မောင် .."

"မင်း ဘာတွေ ရွတ်နေတာလဲ ..၊ နားငြီးလို့ပါကွာ .. ခဏလေး တိတ်တိတ်လေး နေစမ်းပါ .. မောင် ဒီမှာ အာရုံတွေ များကုန်မှာစိုးလို့..၊ ဘာဖြစ်လို့ ဒီလောက်တောင် စိုးရိမ်ကြီးနေရတာလဲ .."

"ဟင်!..."

ပိုက် နှုတ်ခမ်းလှုပ်ရုံသာသာလေး ရွတ်နေတာ အသံထွက်မိလို့လား ..၊

မောင့်ကို အံ့သြသလို ကြည့်ရင်း ပါးစပ်ပိတ်ထားလိုက်ရသည်။

ထိုစဉ် ကားက သူမ ပြဿနာကြုံခဲ့ရသည့်နေရာကို လွန်မြောက်လာခဲ့သည်မို့ ဝမ်းသာအားရဖြစ်လာသည့် စိတ်တို့သည် ...

"ဟိုမှာ လူတစ်ယောက်ကွ .."

ဘုရား!... ဘုရား!...

မှောင်မိုက်နေသည့် ပတ်ဝန်းကျင်သည် မိုးသဲသဲ၏အသံတို့နှင့် ကားမီးတန်းကို ဖြတ်သန်းနေကြသော မိုးစက်တွေမှလွဲ၍ လှုပ်ရှားမှုဆိုတာ မရှိ ...၊





မောင် ပြောလိုက်မှ ဆတ်ခနဲ ဖြစ်သွားကာ ရှေ့ကို အလန့်တကြား ကြည့်မိသည်။

မီးခိုးရောင် ဓောင်လား .. အင်္ကျီလား မသိသော ခြုံလွှာကြီးနှင့် ငုတ်တုတ်ထိုင်နေသော လူတစ်ယောက် ..၊

"မရပ်နဲ့ ..၊ ကား မရပ်လိုက်နဲ့ မောင် .."

"ဘာဖြစ်လို့လဲ .. မိုးရေထဲမှာ အရမ်းဒုက္ခရောက်နေတာကွာ.."

"ဟင့်အင်း .. အဲဒီမိန်းမကြီးက လူ မဟုတ်ဘူး .. အဲ့ဒါ သရဲ .. အဲဒီမိန်းမကြီးကို ပိုက် သိတယ် .."

"ပိုက် ဒီမှာ မောင့်ကို ကြည့်ဦး .."

"ဘာလို့ ကားရပ်လိုက်တာလဲ မောင် .."

ပိုက် ကယောင်ကတမ်း ပြောသည့်လူလို လက်ညှိုးထိုး၍ အော်ကာ ညီ ကို ဆွဲယမ်း လှုပ်ခါ၍ ...

"အဲ့ဒါ ဒေါ် .. ဒေါ်အုန်းခင် .. ဟုတ်တယ် .."

"ပိုက် .. ဒီမှာလေ .. သူက ယောက်ျားကြီးပါ .. သေချာကြည့်ပါဦးကွာ .."

ညီ က ပိုက် ရဲ့လက်မောင်းလေးတစ်ဖက်ကို ပိုင်နိုင်စွာ ဆုပ်ကိုင်၍ တွင်တွင် သတိပေးနေသည်။

သူ့မျက်နှာမှာလည်း ပိုက် အတွက် စိုးရိမ်ခြင်းတွေနဲ့ပါ ...။

"လာ .. ဦးလေး .. နောက်မှာ ဝင်ထိုင်လိုက် .. ရပြီ .."

ခေါင်းလေး ချာလပတ်ရမ်းအောင် နောက်လှည့်ကြည့်သည့် ပိုက် ဆီ ကားထဲဝင်ထိုင်လိုက်သည့်လူကြီးက ပြုံးပြ၏။

ပိုက် ဘာမှမပြောနိုင်ဘဲ ရှေ့ပြန်လှည့်ဖို့လည်း မေ့နေခဲ့၏။ လူကြီးသည် သူမနဲ့ဆုံခဲ့သော ဒေါ်အုန်းခင် နဲ့တော့ နည်းနည်းလေးမှ မတူပါ။


www.burmeseclassic.com

www.burmeseclassic.com



မြူမြူဝဝ မျက်ခုံးကောင်းကောင်းနှင့် မေးရိုးကားပုံက ထိုင်းလူမျိုး နဲ့လည်း တူ၏။

မြန်မာပုံ မဟုတ်တာတော့ သေချာတယ်။

မျက်လုံးချင်း ဆုံမိစဉ်မှာ ညီ က ကားထဲမီးကို ပြန်ပိတ်လိုက်သဖြင့် မှောင်ကျသွား၏။

"ဦးလေးက ခရီးသွားလား .. ဘာဖြစ်လို့ ကားမစီးတာလဲ ..၊ ဆိုင်ကယ်လ်ရော မပါဘူးလား .."

"ဘာမှ မပါပါဘူးကွာ .. ဒီတောင်တန်းကို အသွားအပြန် ခြေကျင်သွားလာနေရတာ ရိုးနေပါပြီ ..၊ ဒီလို မိုးမိတဲ့အခါမှာတော့ ဒုက္ခရောက်တာပေါ့ .."

"ဟုတ်တယ် .. အတက်အဆင်းတွေ ကျပ်နေတော့ တော်ရုံကားဆိုလည်း ဦးလေးကို တင်ချင်မှ တင်မှာ .."

"ကျုပ်ကလည်း ကားတိုင်းတော့ မတားပါဘူး .. မမြင်ချင်ယောင်ဆောင်သွားကြတာကို ဘယ်လိုလုပ် တားမလဲ ..၊ ကျုပ်ကို မြင်တဲ့လူဆိုရင်တော့ ..."

"ဘာ!... ဘာပြောတယ် .."

ပိုက် ကိုယ်လေး ကြွခနဲ ဖြစ်သွားကာ နောက်လှည့်မိပြန်၏။

ထိုအခါ လူကြီး၏ ပုပန်းသဏ္ဌာန်အရိပ်ထဲက တလက်လက် တောက်နေသော မျက်လုံးအစုံကြောင့် ကြက်သီးတွေ ဖျန်းခနဲ ထသွားမိသည်။

ပြီးတော့ ပုပ်စော်နံနေမလားလို့ အထူးတလည် အနံ့ခံကြည့်နေမိ၏။

သူမတစ်ယောက်တည်း ဗျာများနေတာကို ညီ က ဘာမှမသိ..။





"ဦးလေးကို မြင်ဖူးသလိုပဲ .."

"ဟွန်း .. ပဋ္ဌာန်းဆက် ရှိကြတာကိုးကွ .."

လူကြီးပုံစံက ကားကြုံလိုက်ကပ်စီးတာနှင့် မတူဘဲ သူ့ကိုယ်သူ အကြီးအကဲလိုမျိုး ..၊

ဒါမှမဟုတ် ဒီကားကို သူ စီးခွင့်ရှိနေတဲ့အတိုင်း ..၊

"ဒါနဲ့ ခုနက တူမကြီး အော်လိုက်တာ ကျုပ်ကို သရဲဆိုပြီး လန့်သွားတာလား .."

"သြော် .. ဒီလိုပါ .."

ညီ က ကြားထဲက အားနာနေကာ ...

"သူ ကားအက်ဆီးဒင့်ဖြစ်ပြီး ခေါင်းထိထားတာလေ ..၊ ဒဏ်ရာရှိတော့ အိပ်ရေးပျက်ထားတာလည်း ပါတယ် .. ဦးလေးက စောင်ခြုံပြီး မိုးရေထဲမှာဆိုတော့ ရုတ်တရက် အမြင်မှားသွားတာပါ .."

"အေးပါ .. ကျုပ်က နားလည်ပါတယ် ..၊ စိတ်နဲ့ လူနဲ့ မကပ်တဲ့အခါ ဘာဖြစ်ဖြစ် အမှန်အတိုင်းပေါ်တတ်တဲ့မှန်ကို ထောင်ကြည့်တာတောင် ကိုယ့်ပုံကို မမြင်သလို ဖြစ်နေတတ်တယ် .."

ပြောပြီး ရယ်သေးသည်။ ရယ်သံကလည်း ဟိုမိန်းမကြီးလို သေးသေးကျစ်ကျစ်တော့ မဟုတ် ..၊

ပိုက် ကျိတ်ပြီး သက်ပြင်းချမိသည်။

မိုးက ကျဲပါးသွားကာ ကားလမ်းကလည်း ပြေသည့်အပိုင်းသို့ ရောက်လာခဲ့၏။

"ဒါနဲ့ မင်းက မြို့ထဲ သွားမလို့လား .."

"ဟုတ်ကဲ့ .. ဦးလေးက ဘယ်မှာဆင်းမှာလဲ .."

"မင်း သွားလို့ရတဲ့နေရာအထိ လိုက်လို့ ရမလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ!..."

"သြော် .. တကူးတက မပို့နိုင်းပါဘူး .. မင်းလည်း ခဏပဲ နေရမယ့်ခြေ့သည် မို့လား .."

"ဦးလေးက ကျွန်တော့်ကိုများ သိနေသလား .."

"မင်းလိုပါပဲ .. သိနေသလိုလိုပေါ့.."

ကားက ဒေါနတောင်တန်းကြီးကနေ ချောမောစွာ ဆင်းလာခဲ့လေသည်။

မြဝတီနယ်ထဲကို ရောက်လာခဲ့တာလည်း ပိုက် ရောက်လာသည့်အချိန်ပဲ ဖြစ်၏။

ထိုစဉ်ကလောက် သူမ သွေးပျက်ချောက်ချားမှုတွေ မဖြစ်ခဲ့ရပေမယ့် ဒီလူကြီးကရော ဘာလဲ ..၊

ပိုက် တစ်ခုခုကို ခံစားမိနေခဲ့သည်။

အနားမှာ မောင် ရှိနေခြင်းအတွက် ခွန်အားဖြစ်နေရပေမယ့် သူမ သိနေသည့် တစ်ခုခုကိုတော့ မောင် သိဖို့မလွယ်ဘူးဆိုတာ နားလည်နေခဲ့၏။

ဘာဖြစ်လို့လဲဆိုလျှင် ထိုလူကြီးနဲ့ မောင်က အပြောအဆို အပေးအယူတွေနဲ့ အဆင်ပြေနေခဲ့ကြပြီး ...

"ဒီဘက်ရောက်ပြီပဲကွ .. မိုးလည်း ပါးနေပါပြီ ..၊ ရှေ့က စားသောက်ဆိုင်မှာ ကော်ဖီလေး ဘာလေးသောက်ရင်း နားရအောင်လေ.."

ပိုက် ထောင်းခနဲ စိတ်တိုသွားမိသည်။

"မနားချင်ပါဘူး.. မောင်လည်း အလုပ်ကိစ္စ ရှိသေးတယ်မို့လား"၊

ပိတ်ပြောလိုက်ပေမယ့် ညီ က သူမကို တောင်းပန်သလို လှည့်ကြည့်ကာ ...





"ဟုတ်တော့ ဟုတ်တယ် .. ကျွန်တော့်အလုပ်ကိစ္စက .."

"မင်း ဘာမှလုပ်လို့ မရပါဘူးကွ .."

"ဗျာ!..."

"ဦးလေးက ဘာဖြစ်လို့ သူများအကြောင်းတွေထဲ မသိဘဲနဲ့ ဝင်ဝင်ပြောနေရတာလဲ .."

"ဒီလိုပါ .. ငါ့တူမကြီးက ဒဏ်ရာနဲ့မို့လား .. ရာသီဥတုက မိုးနဲ့လိုက် ရွာချလိုက်နဲ့ ဖောက်ပြန်နေတာ နှစ်ရက် သုံးရက် ရှိပြီ ..၊ နေပူလည်း ခဏလေးပဲ .."

"အဲဒါနဲ့ ကျွန်မတို့ မြဝတီကို လာတဲ့ကိစ္စ ဘာမှမဆိုင်ဘူး .."

သူမ ကလေးဆန်သလို ဖြစ်နေပြီဆိုရင်လည်း မတတ်နိုင် ..၊

"ပိုက် အတွက် မလိုဘူး မောင် .. အလုပ်ကိစ္စ ရှိတယ်မို့လား ..၊ ဆက်သွားမယ် .. သူ့ကို ချပေးခဲ့တော့ .."

"ကျုပ်က ဒေသခံလူမို့ အိမ်ရှင်အနေနဲ့ ဖိတ်တာပါ ..၊ ဒီရက်ပိုင်းမှာပဲ ဟောဒီတစ်ပိုက်မှာ ကားတိုက်သေတဲ့လူနဲ့ .. မိုးကြိုးပစ်ခံရလို့သေတဲ့လူနဲ့ .. တောပိုင်းမှာဆို ဘာကြောင့်ညာကြောင့်ဆိုတာတွေ ပွနေတာပဲ ..၊ လူတွေက ကိုယ့်လမ်းကိုယ်သွား ကိုယ့်အလုပ်ကိုယ်လုပ်နေဖို့ပဲသိတာ .. ကိုယ့်ရဲ့ဘေးဝန်းကျင်ကို တစ်ချက်လေးမှ စိတ်ဝင်စား အတဲခတ်ရမှန်း မသိဘူး ..၊ တူမကြီးကို သိသင့်တာတွေ ကျုပ် ပြောပြနိုင်ပါတယ် .. လက်ဖက်ရည်သောက်ဖို့လည်း ကျုပ်က ဖိတ်တာပါ .."

"ကဲပါ ပိုက် ရယ် .. မောင်တို့ ခဏပဲကွာ .. နော် .."

ပိုက် တအံ့တသြ ဖြစ်သွားမိ၏။

ကိုယ့်ကိုပဲ တစ်ချိန်လုံး စိုးရိမ်ပူပန်လာခဲ့တာ ..၊ အခု အလုပ်ကိစ္စကြောင့် မဖြစ်မနေ ထွက်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုကျတော့ ဖြစ်ရပြန်ပြီ ...၊

တိုက်ခန်းလေးနဲ့ သေသေသပ်သပ်ပြင်ဆင်ထားသည့် စားသောက်ဆိုင်လေးရှေ့မှာ ကားလေးက ထိုးရပ်သွား၏။

"ဆင်းလေ ပိုက် .. ခဏလေးပဲကွာ .."

မောင့်ကို စိတ်ကောက်မနေချင်တော့တာမို့ ပိုက် ခေါင်းညိတ်လိုက်မိသည်။ ခေါင်းတွေလည်း တကယ်ကို မူးနောက်နေတာပါ ...။

ဒီလူကြီးနဲ့ တစ်ကားတည်းစီးပြီး ဘယ်အချိန် အပုပ်နံ့ ထွက်လာမလဲဆိုတာ ရင်တထိတ်ထိတ်စောင့်နေရင်း လူက ခုမှပဲ တကယ့်လူမမာ ဖြစ်နေပြီလား မသိ ...၊

လူကြီးကို ဆင်းပြီးတဲ့အထိ စောင့်ကာ ခြေတွေလက်တွေကို လမ်းပေါ်ကျနေသော ဆိုင်ထဲက မီးအလင်းရောင်နှင့် မြင်အောင် သေချာကြည့်မိသည်။

ကတ္တီပါ ခြေညှပ်ဖိနပ်ကြီးက ယောင်းပေမယ့် ခြေထောက်တွေကို မြင်နေရသည်မို့ သက်ပြင်းချမိ၏။

ခြုံစောင်ကြီးကို ဖယ်ရှားလိုက်တော့ အင်္ကျီအဖြူရောင် ခပ်နွမ်းနွမ်းနှင့် ဘောင်းဘီအရောင်မှန်း မသိသော ပုဆိုးတို့ကို မြင်နေရ၏။

ဒီလူကြီးပုံစံမှာ အမြင်အရတော့ ကြောက်ရွံ့ထိတ်လန့်စရာ မတွေ့သေးပါဘဲ ပိုက် ရင်ထဲမှာ ရှိနေတာကို သိနေသလိုလို ...၊

ဒါတွေပဲ တမင် ရွေးပြောသလိုလို ...၊

"ဒီမှာ ထိုင်ရအောင် .."

လူကြီးကပဲ နေရာရွေးလိုက်ကာ သူပဲ ဦးဆောင်ထိုင်သည်။

ဆိုင်ထဲမှာ မီးချောင်းတွေ ဖွေးထိန်နေအောင် ထွန်းထားပေမယ့် မိုးတဖြောက်ဖြောက်နဲ့ ညဥ့်နက်နေပြီမို့ လူ မရှိတော့ပေ ...။





"ဘာစားကြမလဲ .. ဟင်းကတော့ ကြက်သားနဲ့ ငါးသောင်း နှစ်မျိုးပဲ ရှိတော့တယ် .."

ဆိုင်ရှင်နဲ့တူသော အမျိုးသမီးကြီးကိုယ်တိုင် ဝေါ်ဇီထုပ်တွေ ထိုးနေရာကနေ ထလာပြီး မေးသည်။

လူကြီးကပဲ မေးဖျားကို ပွတ်နေကာ ...

"ရှိတာပဲ ချတော့ .. ကျန်တာ ဘာသားမှ မရှိတော့ဘူးလား ... ကြက်ကြော်ဖြစ်ဖြစ် .. ငှက်ကြော်ဖြစ်ဖြစ် .."

ပိုက် က လူကြီးကို မျက်မှောင်ကုတ်၍ တည့်တည့်စိုက်ကြည့်နေမိသည်။ ပြီးမှ ...

"ကျွန်မတို့ ထမင်းမစားပါဘူး .."

"ဟုတ်ပါ့မလား .. ကောင်လေးကတော့ ဆာနေမှာပေါ့ .."

ညီ က ပြုံး၍ ...

"ရပါတယ် .. လက်ဖက်ရည်ပဲ သောက်တော့မယ် ...၊ မင်း ဆေးသောက်ရဦးမှာ .. တစ်ခုခုစားမှ ရမှာလေ .."

မောင်က မေးလာတာကျတော့ ပိုက် ဘုဆတ်ဆတ် မပြောနိုင်...။

ဘာဖြစ်လို့ မြဝတီကို လာရတဲ့ ခရီးစဉ်တွေမှာ စိတ်မချမ်းသာ လူမချမ်းသာ ဖြစ်နေရတာလဲ ...၊

အိပ်မက်ထဲမှာလည်း သေလုမျောပါး၊ အပြင်မှာလည်း ...

စဉ်းစားနေတုန်း အိမ်က ဖုန်းဝင်လာ၏။

ပိုက် ထိတ်ခနဲ ဖြစ်သွားသည်။ ဒီတစ်ခါတော့ မောင်နဲ့အတူ ရှိနေပြီမို့ သူမ ဝန်ခံရတော့မှာပါ ...။

ကားအက်ဆီးဒင့်ဖြစ်တာကိုတော့ ထိမ်ချန်ထားဦးဖို့ စိတ်ကူးနှင့် ဖုန်းကိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟလို .."

"... ... ... ..."

"ဟလို .. မေမေလား .."

"... ... ... ..."

ဖုန်းက လိုင်းမကောင်းသဖြင့် နေ့ရာမှ ထထွက်ခဲ့ရသည်။

"ပိုက် အပြင်ကို မသွားနဲ့လေ .."

မောင့်ကို ခေါင်းညိတ်ပြရင်း ဆိုင်ရဲ့တစ်ဖက်ခြမ်းကို လျှောက်သွားမိ၏။

"မောင့်ကို မေးနေတာလား မေမေ .. ဟလို .. ပိုက် ကောင်းကောင်း မကြားရဘူး ...၊ မောင်နဲ့ ပိုက် နဲ့ အခု တွေ့နေပြီ .. မေမေ ကြားရလား .. မေမေ နေကောင်းရဲ့လား ဟင် .."

"... ... ... ..."

"ဟလို ဟုတ် .. မောင် ရှိတယ် .. ပိုက် နဲ့ အတူတူရှိနေတယ် မေမေ .. မောင်နဲ့ ပြောမလို့လား .."

စကားသံ ပြတ်တောက်ပြတ်တောက်ဖြစ်ကာ လိုင်းကျသွား၏။

မေမေ့အသံက တစ်ခုခုကို စိုးရိမ်တကြီး ပြောနေသံပါ။ ဒါမှမဟုတ် သူမကပဲ အပြစ်လုပ်ထားပြီး ကိုယ့်ဘာသာ စိတ်ထင်နေတာလား ...။

ကားအက်ဆီးဒင့်ဖြစ်တာကို မေးလိုက်တာလား .. မမေးဘူးလား...၊ သူမ နားကြားမှားခဲ့တာလား .. ဖုန်းကိုင်ရင်း တွေးလို့မရနိုင် ဖြစ်နေ၏။

ယွန်း ကပဲ စိတ်ပူပြီး မေမေတို့ကို ဖုန်းလှမ်းဆက်လိုက်သလား...၊

ဘာပဲဖြစ်ဖြစ် ဝန်ခံလိုက်ဖို့ ဆုံးဖြတ်ကာ ဖုန်းပြန်ခေါ်ဖို့ စိတ်ကူးမိ၏။





သို့သော် ဖုန်းကိုင်ရင်း ပိုက်၊မျက်ခုံးတွေ တွန့်ကုတ်သွားခဲ့သည်။

ထို့နောက် သူမလက်ချောင်းလေးက ဖုန်းစခရင်ပေါ်မှာ ပြေးလွှားလှုပ်ရှားနေခဲ့ပြီ ...။

ငါ ဖုန်းခေါ်ထားတာတွေပဲ ...၊

မနေ့ညက ခေါ်ထားခဲ့သည့်အချိန်တွေကိုပါ စစ်ကြည့်နေရင်း ပိုက်မျက်လုံးတွေ ပြူးကျယ်လာခဲ့သည်။

ပထမဆုံး သူ့ ရန်ကုန်ကို ဖုန်းဆက်ခဲ့၏။

ဟုတ်သည် ...၊ ညပိုင်းမှာ သူမ ဆက်ခဲ့တာ ဦးဦးဆီကို ...၊ မောင့်ကို စောင့်နေရင်း ပျင်းနေလို့ နောက်ထပ် မေမေတို့ဆီကို ထပ်ခေါ်ခဲ့၏။

ပြောခဲ့သည့်အချိန်တွေပါ အတိအကျ ရှိနေသေးသည်။ ပြီးတော့ ကိုမိုးစိုင်း ဆီကို သူမ ခေါ်ထားခဲ့၏။

စိမ်းသက်သော ဖုန်းနံပါတ်နဲ့ အချိန်ကို ကြည့်၍ ဒါဟာ မိုးစိုင်းနဲ့ ပြောခဲ့တဲ့အချိန်ပဲဆိုတာပါ အားလုံးကို ပီပြင်စွာ မှတ်မိလာခဲ့သည်။

ထို့နောက် ဘယ်နှစ်နာရီလဲ ...၊

ဒေါ်အုန်းခင်ကြီး ကို မြင်ပြီး သူမ မေ့လဲသွားပြီးမှ မောင့်ဆီက ဖုန်းဝင်လာသေးသည်။ အဲဒါ ရှိကို ရှိရမည်။

ဒါပေမယ့် မောင် ခေါ်ခဲ့တဲ့ကောလ်ကို ရှာမတွေ့ခဲ့ပေ ...။

မနေ့ညက သူမ ဆေးရုံပေါ်မှာ မေ့မြောနေခဲ့သည်။

သူမ သိနေတာက ဆေးရုံပေါ်မှာ မဟုတ် ...၊ သူမ မြဝတီမှာရှိနေခဲ့တာ ဖြစ်၏။ ဖုန်းကောလ်တွေက သက်သေပြနေခဲ့ပြီ ...။

ပိုက် ရင်ခုန်သံတွေ မြန်လာကာ ဘာမှန်းမသိသော အဖြစ်အပျက်တွေထဲမှာ ရှုပ်နေသူလို ဖုန်းကိုပဲ သဲကြီးမဲကြီး စိုက်ကြည့် ရှာဖွေနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သထုံဆေးရုံပေါ်မှာ ...၊ ပြီးတော့ မြဝတီမှာ .. သူမ ဘာတွေဖြစ်ခဲ့သလဲ ...၊

"ပိုက် .. ဘာဖြစ်လို့လဲ .."

မောင့်အသံကြားမှ ပတ်ဝန်းကျင်ကို သတိရ၏။ ဆတ်ခနဲ မော့ကြည့်မိကာ မောင့်ကို ပြောပြ မေးမြန်းဖို့ ရုတ်တရက် စိတ်ကူးဖြစ်သွားခဲ့၏။

ဒါပေမယ့် ပြောလို့လည်း ဘာမှထူးမည် မထင် ...။

ကိုယ့်ဘာသာ ကိုယ့်စိတ်ကူးကို လက်လျှော့လိုက်ရင်း မျက်နှာပြန်ငုံ့မိကာမှ ...

ဟင်!...

ပိုက် မျက်နှာလေး ဖျတ်ခနဲ ပြန်မော့လာတာ အလန့်တကြား ...၊

ဟိုလူကြီးနဲ့ မောင်တို့ နှစ်ယောက်ထိုင်နေသည့်နောက်မှာ ပြဒါးမှန်ကြီး ရှိနေသည်။ ထိုမှန်ကြီးထဲမှာ ...

"မောင်!..."

ပိုက် ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသည်။ ပြီးတော့ လူက ယိုင်သွားကာ နောက်ပြန်ခြေတစ်လှမ်း ဆုတ်သွားခဲ့၏။

မှန်ထဲမှာ ဟိုလူကြီးတစ်ယောက်ပဲ ထိုင်နေပြီး မောင့်ကို မတွေ့...၊

ဘုရား!...

မဟုတ်ဘူး .. အဲဒီလို မဟုတ်ဘူး ...၊

ပိုက် ရှာစ်ကိုယ်လုံး ခွန်အားမဲ့သလို ဖြစ်သွားကာ ခြေထောက်နဲ့ထိမိသည့်ခုံတစ်လုံးကို နောက်ပြန်လက်ထောက်ရင်း ကိုယ့်ကိုယ်ကိုယ် ထူမတ်ထားရသည်။

ပြီးတော့ မှန်နဲ့ မောင့်ကို အထပ်ထပ် ကြည့်သည်။





မှန်နဲ့ကပ်ကပ်လေးမှာ မောင်တို့ရှိနေကြတာ သူမ မျက်စိမှောက်တာ မဖြစ်နိုင် ...၊

ဒီလူကြီး ဒီနေရာကို တမင် ရွေးထိုင်လိုက်တာ ...၊

"ဘာဖြစ်ဖြစ် အမှန်အတိုင်းပေါ်တဲ့မှန်ကို ထောင်ကြည့်တာတောင် ကိုယ့်ပုံကို မမြင်သလို ဖြစ်နေတတ်တယ် .."

"မင်း ဘာတွေရှုတ်နေတာလဲကွာ .. နားငြီးလို့ပါ ...၊ မောင် အာရုံတွေ များကုန်လိမ့်မယ်"

"မင်းလည်း ခဏပဲ နေရမယ့် ဧည့်သည် .."

"မင်းက မြို့ထဲသွားမလို့လား .."

"မင်း သွားလို့ရတဲ့နေရာထိ ငါ လိုက်လို့ရမလား .."

"ဒီရက်ပိုင်းမှာ ကားတိုက်သေတဲ့လူနဲ့ .. မိုးကြိုးပစ်ခံရလို့သေတဲ့လူနဲ့ .."

"မင်း ဘာမှလုပ်လို့ မရပါဘူးကွာ .."

"လူတွေက ကိုယ့်အလုပ် ကိုယ်လုပ်ဖို့ပဲ သိတာ .. ကိုယ့်ရဲ့ ဘေးဝန်းကျင်ကို တစ်ချက်လေးမှ စိတ်ဝင်စား အကဲခတ်ရမှန်း မသိဘူး..."

မှန်ထဲမှာပေါ်နေသည့်လူကြီးကို ငေးကြည့်ရင်း ပိုက် ရဲ့ နှုတ်ခမ်းသားလေးတွေ သွေးဆုတ်ကာ ဖြူဖပ်ဖပ်လေး ဖြစ်လာခဲ့သည်။

ဒီလူကြီး တစ်လမ်းလုံး ပြောလာခဲ့တာ ကိုယ့်ကို သိစေချင်လို့လား ...၊

မဟုတ်ဘူး .. မောင် မဖြစ်နိုင်ဘူး ...၊ မောင်က ဘာဖြစ်လို့ သေရမှာလဲ ...၊

ကိုယ့်ခေါင်းကပတ်တီးကို ပြန်စမ်းကြည့်မိရင်း ဒါ အိပ်မက်လို့ပဲ တွေးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် သူမ ဆေးရုံပေါ်မှာ သတိလစ်နေတုန်းပဲ ရှိသေးသည်။

သူမရဲ့စိတ်တွေ ကယောင်ချောက်ချား လွင့်နေတာ .. မြင်ချင်ရာ မြင်နေတာ ..၊ ဒါ တကယ်မဟုတ်ဘူး ..။

ပါးပြင်ထက်သို့ မျက်ရည်တွေ အလိုအလျောက် စီးကျနေတာကို ပွတ်သုတ်မိရင်း ကိုယ့်လက်ကို ပြန်ထောင်ကြည့်မိပြန်သည်။

ဒီမျက်ရည်တွေလည်း သူမ အိပ်မက်ထဲမှာ ကျခဲ့ဖူးတာပဲ ..၊ ဒါ အိပ်မက် မက်နေတာပါ ..။

ထိုစဉ် ဖုန်းက ထမြည်လာ၏။ ဖုန်းကိုထောင်ကြည့်ရင်း နားမှာ ကပ်လိုက်မိတာလည်း စက်ရုပ်တစ်ရုပ်လို အသက်မဲ့လျက် ...

"ဟလို .. ဟလို .. ပိုက် လား ခင်ဗျာ .."

"... ... ... ..."

"ဟလို နားထောင်နေတာ ပိုက် လား .. တစ်ချက်လောက် အသံ ပေးပါ .."

"ဟုတ် .."

"ဟာ!... တော်သေးတယ်ဗျာ .. အခု ခင်ဗျား ဘယ်ရောက်နေလဲ မသိဘူး ..၊ ဒီမှာ ဖိုးကျင် ပြန်ရောက်လာပြီ .. ညီ ကို သထုံ ပို့ပေးခဲ့ တယ် .. သူ့မိန်းမနဲ့ ကျန်ခဲ့တယ်လို့ ပြောနေလို့ ..၊ မနေ့က နေ့လယ်ပိုင်း သူ ခင်ဗျားကို သွားကြိုမယ်ဆိုပြီး ကားငှားပြီး ထွက်သွားတာလေ ..၊ အဲဒါ တောင်ပေါ်ကို ဆယ်မိုင်လောက်ပဲ တက်ရသေးတယ်.. ကားကြီး နဲ့ငြိပြီး ပြုတ်ကျသွားတယ် .."

"... ... ... ..."

"သူ သိပ်လည်း နေမကောင်းတော့ ဒဏ်ရာပြင်းတာနဲ့ တစ်ခါ တည်း ပွဲချင်းပြီးပဲဗျာ .. ကျွန်တော်တို့ ဒါကို ရုတ်တရက် သတင်းပို့ဖို့





တောင် အင်အားမရှိကြပါဘူး .. ဒါပေမယ့် ဖိုးကျင် က သူ ဆုံးတော့ မရှိဘူးလေ .. အဲဒါ ညီ က လိုက်ပို့ပါဆိုလို့ သူ့ဆိုင်ကယ်လ်နဲ့ ခင်ဗျားဆီ ကို ပို့ခဲ့တယ် ပြောလို့ .."

"... ... ... ..."

"သူလည်း ညီ အလောင်းကို တွေ့ရမှ ရူးသလို ကြောင်သလို တောင် ဖြစ်နေတယ်ဗျာ .. ကျွန်တော်တို့တွေ တကယ်ကို ခံစားရပါ တယ် ..၊ အဲဒါတွေကို ခင်ဗျား သိအောင် ပြောပေးပါလို့ ညီ့ အမေက ဖုန်းဆက်လို့သာ ပြောပြရတာပါ .. ခုနကပဲ ရန်ကုန်က ဖုန်းလာတာ..၊ ကျွန်တော်တို့က ရန်ကုန်ကို လှမ်းအကြောင်းကြားတော့ ဟိုကနေ ခင်ဗျားကို ဖုန်းဆက်တာ ပြောလို့ မကောင်းလို့တဲ့ .."

"... ... ... ..."

"ပိုက် .. ကျွန်တော် ပြောနေတာတွေ ကြားပါတယ် နော် .. ညီ့ အမေက သူပြောတာတွေ ခင်ဗျား မကြားဘူးတဲ့ ..၊ အဲဒီကနေ လှမ်း ပြောပေးပါ ပြောလို့ပါ .. သူတို့လည်း လာနေပြီတဲ့ ..၊ ခင်ဗျား ကြား နေရတယ်ဆိုရင် ကျွန်တော့် ဖုန်းချမယ် နော် .."

ခဏတော့ စောင့်နေသေးကာ ဖုန်းချသွားသည့်အသံ နားထဲဝင် လာ၏။ ပိုက် ရဲ့မျက်လုံးတွေ ကြည့်နေလျက်နှင့် မမြင်သလိုဖြစ်နေ၏။ ကြားနေရပါလျက်နှင့် သူမမှာ ခံစားချက်မဲ့နေသည်။

"ပိုက် .."

သူမရှေ့ကို ညီ ရောက်လာကာ ဖုန်းနဲ့သူမကို စိုးရိမ်သည့်မျက်လုံး တွေနှင့် ကြည့်၏။

"ဘယ်သူဆက်တာလဲ ပိုက် .. ဘာပြောသွားလို့လဲ ..၊ သတင်းကောင်း ရဲ့လား .."



www.burmeseclassic.com

www.burmeseclassic.com



ပိုက် ရဲ့လက်ဖဝါးကို ဆုပ်ကိုင်သည်။

ပြီးတော့ နဖူးကို စမ်း၏။ အချစ်တို့နှင့် ထုံမွှန်းသော မောင့်လက်အစုံက နွေးနေလို့ပါ ..၊

ထို့ပြင် မောင့်မျက်နှာက မီးရောင်အောက်မှာ ဝင်းဖန့် ချောမွေ့နေ၏။ မောင့်ကို ပိုက် တမေ့တမော ငေးနေခဲ့မိသည်။

ပျော်ဆင်းရောက်ကွယ်သွားနိုင်သည့် ကမ်းစပ်က သဲအိမ်ကလေးကို မက်မော စိုးထိတ်စွာ ငေးကြည့်နေမိတာမျိုးလား ..၊

"ပိုက် .. မောင် မေးနေတာ ကြားရဲ့လား .."

"ကြားတယ် ..၊ ပိုက် ကြားပါတယ် မောင်ရဲ့ .."

စားသောက်ဆိုင်ထဲမှာဆိုတာ ပိုက် မေ့သွားခဲ့သည်။ မြဝတီကို ပိုက် ရောက်ခဲ့သော ဟိုတယ်လ်ပေါ်က ညမှာ မောင် ဝတ်ခဲ့သော ဂျက်ကက်လေးနဲ့ပဲမို့ ပိုက် နှုတ်ခမ်းလေးတွေ ပြုံးယောင်သမ်းလာခဲ့ရင်း မောင့်ရင်ခွင်ထဲ တိုးဝင်လိုက်မိ၏။

"ပိုက် ဒီမှာကြည့် .. မင်း ကြည့်လို့မရနေတဲ့ ဟိုဦးလေးက ပြန်သွားပြီ .. သူ ပေးခဲ့တာလေ .."

ရင်ခွင်ထဲမှာ ဖက်တွယ်နိုဝင်နေသည့် ပိုက် ရဲ့ပခုံးလေးကို အသာလေးဆွဲခွာပြီး ပိုက် လက်ထဲကို စာအိတ်လေးတစ်လုံး ထည့်ပေး၏။

"သူလည်း ပိုက် က မလိုလားတာကို သိရှာပါတယ် ..၊ ခုနလေးတင်ပဲ အဲ့ဒါ ကောက်ရေးသွားတာ .."

"ဘာတွေလဲ မောင် .."

"မသိဘူး .. မောင့်ကိုတော့ ပြောသွားတယ် ..၊ မင်းရဲ့ဇနီး မင်းကို တကယ်နားလည်သွားတယ်ဆိုရင် သူ့ကိုလည်း ခင်ခင်မင်မင်ဖြစ်လာမှာပါတဲ့ .. ဒါလေးတော့ ပေးပေးတဲ့ .."





ပိုက် က စာအိတ်လေးကို ငေးကြည့်နေပြီး ဖွင့်လည်း မဖွင့် ..၊ ကိုင်လည်း မကိုင် ..၊

"ရော့လေ .. ယူလေ .. ကြည့်တော့ ကြည့်လိုက်ပါကွာ .."

ပိုက် ကို ယူခိုင်းပြီး သူကိုယ်တိုင်ပဲ ဖွင့်ပေး၏။ အထဲမှာ သစ်ရွက်ခြောက်လေးတစ်ရွက်ကို မြင်လိုက်တာနှင့် ပိုက် ခေါင်းခါလိုက်မိသည်။

"ဟင့်အင်း .."

"ဟာ!... ပိုက် .."

လက်နဲ့ ဖိချလိုက်သဖြင့် စာအိတ်လေး လွင့်ကျသွားသည်။

ဒီသစ်ရွက်က ဘာသစ်ရွက်လဲ ..၊ ဘာတွေ ရေးထားသလဲ ..၊

ပိုက် ဘာကိုမှ စိတ်မဝင်စားတော့ပါ ..။

သူမမျက်ဝန်းတွေ မှန်ချပ်ကြီးဆီ ရောက်သွားခဲ့ပြီး ရင်ထဲမှာ လှိုက်ခနဲ နင့်၏။ မောင့်ကို အတင်းတိုးဝင် ဖက်တွယ်ကာ မှန်နဲ့လွတ်သွားတဲ့အထိ တရွေ့ရွေ့ ဆုတ်သွားစေခဲ့၏။

"ပိုက် နေဦး .. ခဏ ထိုင်ဦး .. ဘာဖြစ်သွားတာလဲ .."

"မောင့်ကို ချစ်တယ် .."

"ဟုတ်ပြီ .. ချစ်တယ် .. မောင်လည်း ချစ်တယ်လေ ..၊ ဆိုင်ထဲမှာ သူများတွေ ကြည့်ကုန်ပြီ .. ဟိုမှာ ခဏထိုင်မယ်လေ .."

"မောင်နဲ့ အတူတူနေမယ် .. မြဝတီကို ဆက်မသွားပါနဲ့ မောင်ရယ် .. ပိုက် တောင်းပန်ပါတယ် .."

"ပိုက် ရယ် .. ခုပဲ ရောက်နေပြီဟာ .. ကလေးလေးကျနေတာပဲ.."

ပိုက် ခေါင်းခါရင်း ငိုချလိုက်မိသည်။

"ဟော တွေ့လား .. မငိုရဘူး .. တိတ် .."

မောင့်အပြုံးတွေကို မော့မကြည့်ပေမယ့် သူမ သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကလေးဆိုးလေးတစ်ယောက်လို ပိုက် ကို ချစ်စနိုးပြုံး၍ လူတွေကိုလည်း မျက်နှာပူကာ ခပ်ဖွဖွ ပွေ့ပိုက်လာခဲ့၏။

ပြီးတော့ တတွတ်တွတ် ချော့နေရင်း ပိုက် ရဲ့မျက်ရည်တွေကို သုတ်ပေးနေခဲ့သည်။

"မင့်နဲ့တော့ .. မရှက်ဘူးလား ..၊ ဟိုမှာ ဆိုင်ထဲမှာ ချာတိတ်လေးတွေတောင် ကြည့်နေကြပြီ .."

မရှက်ဘူး ..၊

ဘယ်သူကြည့်ကြည့် .. ဘာတွေပြောပြော .. ဂရုမစိုက်ဘူး ..၊

နောက်ထပ်ပြီး ပိုက် ရဲ့စကားကို မောင် နားမထောင်သမျှ ပိုက်က ရူးနေရမှာပဲ မောင် ..၊

အဲဒါ မောင့်ကို ချစ်လို့ ..၊

မောင့်ကို ချစ်လွန်းလို့ ပိုက် ရူးသွားနိုင်တယ် ..၊

မောင် သိရဲ့လား..၊

သူတို့တွေ နားလည်လည် မလည်လည် သူတို့ဘာသာပဲ စဉ်းစားကြည့်ပါစေ ..၊

အချစ်ကြောင့် ဘယ်လိုရူးကြသလဲ ဆိုတာ ..၊

*လရောင်ကျူးရှင်*



www.burmeseclassic.com